# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍(သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဓမ္မပဒ(ဓမ္မပဒ-၁၂၉)


၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့။ 4, Sunday September 2016 (၈၆၇၄)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၂၈)ကြိမ်နှင့် (၂၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများတက်ရန် လာအိုနိုင်ငံသို့သွားရောက်မည်

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၈)ကြိမ်နှင့် (၂၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန်အတွက် မကြာမီကာလအတွင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထနေ့တွင် အဖွဲ့အစည်းအသီးသီးမှကိုယ်စားလှယ်များအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ –(၂၁)ရာစုပင်လုံ အောင်မြင်စွာကျင်းပပြီးစီး

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျေးဇူးတင်စကားတက်ရောက်ပြောကြား

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိများအဖြစ် တပ်မတော်ကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အစိုးရကိုယ်စားလှယ် ဒေါက်တာတင်မျိုးဝင်း၊ လွှတ်တော်ကိုယ်စားလှယ်ဒေါ်ရှီလာနန်တောင်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကိုယ်စားလှယ် ခွန်မြင့်ထွန်းနှင့် နိုင်ငံရေးပါတီကိုယ်စားလှယ် ဦးမြင့်စိုးတို့က ဆောင်ရွက်ကြသည်။

စတုတ္ထနေ့အစည်းအဝေးတွင် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက သဘောထားအမြင်များကို တင်ပြကြသည်။


**စာမျက်နှာ ၈ ကော်လံ ၁ သို့**





# ကြေးမုံ

## အနာဂတ်အရေးရှေးရှုဖော်ဆောင်

နေပြည်တော်တွင် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အထိ လေးရက်တိုင်ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ပထမအကြိမ်အစည်းအဝေးကြီး အောင်မြင်စွာကျင်းပ ပြီးစီးခဲ့လေပြီ။ ပထမအကြိမ်အစည်းအဝေးတွင် အစုအဖွဲ့ခုနစ်ဖွဲ့မှ တက်ရောက်လာသူ ၇၂ ဦးတို့က ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားအမြင်များကို တင်သွင်းခဲ့ကြပေသည်။

ကျင်းပခဲ့သည့်ညီလာခံကြီးသည် ငြိမ်းချမ်းရေးဖြစ်စဉ်၏ ပထမခြေလှမ်းသာဖြစ်သည်။ တင်ပြခဲ့ကြသည့် သဘောထားအမြင်များကို မှတ်တမ်းအဖြစ်စုစည်းပြီး ဆက်လက်ပြုလုပ်မည့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများနှင့် (၂၁)ရာစုပင်လုံ ဒုတိယအကြိမ်ညီလာခံ၌ ဆက်လက်ဆွေးနွေးပြီး ဆုံးဖြတ်ချက်ချမှတ်ကြမည် ဖြစ်သည်။ တင်ပြခဲ့သည့်သဘောထားအမြင်များကို မြန်မာနိုင်ငံ၏အနာဂတ်အရေးကို အလေးထားပြီး ဓမ္မဓိဋ္ဌာန်ကျကျ မှန်မှန်ကန်ကန် ဝိုင်းဝန်းသုံးသပ်ဆုံးဖြတ်ကြရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးခရီးလမ်းကို လျှောက်လှမ်းရာတွင် သတ်မှတ်ထားသည့် နိုင်ငံရေးလမ်းပြမြေပုံ ခုနစ်ဆင့်ထဲတွင် NCA လက်မှတ်ရေးထိုးခြင်းသည် ပထမအဆင့်ဖြစ်ပြီး လက်မှတ်ရေးထိုးပြီးမှသာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးနိုင်မည်ဖြစ်သည်။ သို့သော်လည်း အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်ထားသော အရပ်သားအစိုးရအနေဖြင့် သဘောထားကြီးစွာဖြင့် အားလုံးပါဝင်နိုင်ရေးကိုဦးတည်ကာ လက်မှတ်ရေးထိုးသောအဖွဲ့များရော၊ မရေးထိုးရသေးသောအဖွဲ့များပါ ပါဝင်ဆွေးနွေးခွင့်ပြုခဲ့ပေသည်။

ညီလာခံကျင်းပနေစဉ်ကာလအတွင်း ဆွေးနွေးတင်ပြခဲ့သမျှအကြောင်းအရာအားလုံးကို ပြည်သူလူထုတစ်ရပ်လုံး သိရှိဆုံးဖြတ်နိုင်အောင် ပွင့်လင်းမြင်သာစွာဖြင့် မခြွင်းမချန်ထုတ်လွှင့်ဖော်ပြပေးခဲ့သည်။ ပြည်သူလူထုအမြင်၊ ပြည်သူလူထုအသံများမှတစ်ဆင့် ငြိမ်းချမ်းရေးအတွက် စစ်မှန်သောရလဒ်များကို ဆောင်ကြဉ်းနိုင်မည်ဖြစ်သည်။ စစ်မှန်သော ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ဖော်ထုတ်ခဲ့ကြသည့် သဘောထားအမြင်များမှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အစုအဖွဲ့တစ်ခု၊ ပါတီတစ်ခု၊ လူမျိုးစုတစ်ခုတို့အတွက် ဖော်ထုတ်ခြင်းမဟုတ်ဘဲ ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် ဖော်ထုတ်ခြင်းဖြစ်ရမည်ကို သတိချပ်ရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် ခက်ခဲနက်နဲရှုပ်ထွေးသိမ်မွေ့သောကိစ္စရပ်ဖြစ်သည်။ ဒေသတစ်ခုငြိမ်းချမ်းရေးဆိုသည်မှာ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးနှင့်ဆက်နွှယ်နေပြီး နိုင်ငံငြိမ်းချမ်းရေးမှာ တစ်ကမ္ဘာလုံးငြိမ်းချမ်းရေးနှင့်ဆက်စပ်နေသည်။ နယ်စပ်ဒေသပြည်နယ်တို့၏ ငြိမ်းချမ်းရေးကို တစ်နိုင်ငံလုံးရှိပြည်သူများက စိတ်ဝင်စားလျက်ရှိပြီး နိုင်ငံအများက စောင့်ကြည့်လျက်ရှိသည်။ ထို့ကြောင့် တင်ပြခဲ့ကြသော သဘောထားအမြင်များသည် တစ်နိုင်ငံလုံး၏ သဘောထားအမြင်များနှင့် ထင်ဟပ်နေဖို့လိုမည်ဖြစ်သည်။

ယခုကျင်းပပြီးစီးခဲ့သော ညီလာခံကြီးမှာ အစကနဦးညီလာခံကြီးဖြစ်၍ တင်ပြခဲ့ကြသော သဘောထားအမြင်များမှာ ဆန္ဒစွဲများကင်းမည်မဟုတ်ချေ။ သို့သော်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးကို ပြည်သူလူထုတစ်ရပ်လုံးက စောင့်ကြည့်နေရာ သဘောထားအမြင်များ မည်မျှကွဲပြားခြားနားမှုရှိစေကာမူ နောင်ဆက်လက်ကျင်းပမည့် ဆွေးနွေးပွဲများတွင် ပြည်သူလူထု၏ ယုံကြည်မှု၊ ပြည်သူလူထု၏ထောက်ခံမှု၊ ပြည်သူလူထု၏လေးစားမှု ပိုမိုတိုးတက်ရရှိအောင် ဆက်လက်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားခြင်းဖြင့် ပိုမိုကောင်းမွန်သော ရလဒ်များ ပေါ်ထွက်လာမည်ဟု မျှော်လင့်ပါသည်။

ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူလူထုတစ်ရပ်လုံး မျှော်လင့်ထားသော၊ မျှော်မှန်းထားသော ငြိမ်းချမ်းရေးပန်းတိုင်၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအဖြစ်သို့ မနေးအမြန်ရောက်ရှိနိုင်မည်ဖြစ်သည်။ ယခုရရှိလာပြီဖြစ်သော အခွင့်အရေးသစ်သည် နှစ်ပေါင်း ၇၀ နီးပါးကြာမှ ရရှိလာသောအခွင့်အရေးဖြစ်သည်။ ရတောင့်ရခဲထိုအခွင့်အရေးသစ်ကို တိုင်းရင်းသားခေါင်းဆောင်များအားလုံးနှင့် တိုင်းရင်းသားပြည်သူအားလုံး လက်လွတ်မခံဘဲ ပြဿနာကို ပညာ၊ သတ္တိ၊ ဇွဲလုံ့လဝီရိယတို့ဖြင့် ညီညီညွတ်ညွတ်ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ဂုဏ်ယူဖွယ်ရာ ပြည်ထောင်စုနိုင်ငံကြီးအဖြစ်သို့ရောက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။ ။




## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံမှတ်တမ်းဓာတ်ပုံများ ပြသ

**မြင်းခြံ စက်တင်ဘာ ၃**

ပြည်သူများအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပနေခြင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံ ပင်လုံညီလာခံအား ပိုမိုသိရှိလာနိုင်ရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ၏မှတ်တမ်းဓာတ်ပုံများကို စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းက နံရံကပ်ဘုတ်များတွင် ပြသခဲ့ကြောင်း သိရသည်။

ထိုနံရံကပ်ဘုတ်များတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပနေသောဓာတ်ပုံများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် အဖွင့်မိန့်ခွန်းအပြည့်အစုံ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ကချင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့ပြောကြားခဲ့သည့် ကြိုဆိုနှုတ်ခွန်းဆက်စကားများကိုလည်း ပြသထားကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**




## (၂၁)ရာစုပင်လုံမှ...သည်

❖ ပြည်ထောင်စုကို
ညီအောင်ပြုမယ့်
ညီနောင်အများ
ဒို့မြန်ပြည်သား ...။

❖ ရှမ်း ကချင် ကရင် ကယား
စဉ်အမြဲလက်တွဲထား
မွန် ဗမာ ရခိုင်နွယ်ဖွား
ဒို့မြန်ပြည်သား ...။

❖ စိတ်ထားလည်းတူ၊ နှလုံးလည်းဖြူ
မူလည်းမကွဲ၊ လက်လည်းတွဲ
ပင်လုံအသဲ(သည်း)၊ ရဲရဲတောက်လာပြီ
ပြည်သူ့အာဇာနည်တွေ...။

❖ ပြည်သူကို ချစ်သည်...
တိုင်းပြည်ကို မြတ်နိုးသည်...
ငြိမ်းချမ်းရေးကို လိုလားသည်...
ဒီမိုကရေစီကိုမျှော်လင့်သည်...
အားလုံးလက်တွဲချီလို့
တစ်စိတ်ဝမ်းတစ်လက်ညီ
ပြည်ရေးကို ပြိုင်တူချီမကွဲ။

❖ ရဲရင့်တဲ့စိတ်ဓာတ်
ညီညွတ်တဲ့ အသိတရား
ရင်ထဲမှာ ရှိပြီးသား
စိတ်များလန်းဆန်း
ငြိမ်းချမ်းတဲ့ ပင်လုံလမ်း
ဖြောင့်ဖြူးတဲ့ပင်လုံလမ်းမှ
ဒို့ညီနောင်ခရီးသွားများတို့
ရှေ့သို့သာချီတက်ကြပါစို့...။ ။

(၂၁)ရာစု ပင်လုံညီလာခံသို့
ဂုဏ်ပြုလျက် . . .

သူဇာနွယ်(မျှာပုံ)


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အရင်တုန်းကဖြစ်ခဲ့တဲ့ကိစ္စတွေကိုပြန်လှည့်ကြည့်ပြီး အာဃာတတွေပွားနေမယ့်အစား၊ တစ်ဦးပေါ်တစ်ဦး သံသယတွေပွားနေမယ့်အစား ကျန်တဲ့အချိန်အတွင်းမှာ ဘယ်လိုကောင်းမွန်တဲ့ အမွေအနှစ်တစ်ခုကို ချန်ထားခဲ့မလဲဆိုတာကို စဉ်းစားကြပါ

နေပြည်တော် စက်တင်ဘာ ၃

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံနောက်ဆုံးနေ့၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် ကျေးဇူးတင်စကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ကျွန်မတို့ဒီညီလာခံကြီးဟာ ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။ ဖြစ်စဉ်တစ်ခုဆိုတာ အစဉ်တစိုက်လုပ်နေဖို့ အရာဖြစ်ပါတယ်။ ကျွန်မတို့ဟာ ဒီညီလာခံထဲမှာရောက်နေတဲ့အချိန်မှာပဲ ငြိမ်းချမ်းရေးကိစ္စ စဉ်းစားဖို့မဟုတ်ပါဘူး။ အစည်းအဝေးတွေကျင်းပနေချိန်မှသာ ငြိမ်းချမ်းရေးကို စဉ်းစားနေဖို့ မဟုတ်ပါဘူး။

တစ်ချိန်လုံး ကျွန်မတို့ဟာငြိမ်းချမ်းရေးကို ဘယ်လိုရအောင်ယူကြမလဲ၊ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးခိုင်ခံ့အောင်၊ ချမ်းသာအောင်လို့ ဘယ်လိုလုပ်ကြမလဲဆိုတာ အစဉ်တစိုက် ကျွန်မတို့စဉ်းစားနေကြရမယ့်ကိစ္စဖြစ်ပါတယ်။ အခု ဒီညီလာခံကြီးအတွင်းမှာ ဆွေးနွေးခဲ့တဲ့ အရာအားလုံးကို ပြည်သူလူထုသိနိုင်အောင်လို့ ကျွန်မတို့လွှင့်ပေးပါတယ်။ ဒီလိုလွှင့်ပေးခြင်းအားဖြင့် ပြည်သူလူထုဟာ ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးညီလာခံထဲမှာ မဖြစ်မနေပါဝင်ရမယ့် ပုဂ္ဂိုလ်များဖြစ်တယ်ဆိုတာကို နားလည်စေချင်တယ်။

ပြည်သူများအနေနဲ့ ကျွန်မတို့ငြိမ်းချမ်းရေးရဖို့ ဘယ်လိုအခက်အခဲတွေ ကျော်လွှားဖို့လိုမလဲဆိုတာကို နားလည်စေချင်ပါတယ်။ အခက်အခဲတွေရှိတယ်ဆိုတာသိမှ ဒီအခက်အခဲတွေကို ဘယ်လိုကျော်လွှားရမလဲဆိုတဲ့ အဖြေကို ကျွန်မတို့ရှာနိုင်မှာဖြစ်ပါတယ်။

အခုဆိုရင် အစုအဖွဲ့အသီးသီး ပုဂ္ဂိုလ်များအရ၊ အစုအဖွဲ့များအရ ပြောသွားတဲ့နေရာမှာ ဘယ်သူတွေဟာ အတိတ်ကို ပိုပြီးလှည့်ကြည့်တဲ့နေရာမှာ အားသန်သလဲ၊ ဘယ်သူတွေဟာ အနာဂတ်ကို မျက်နှာမူတဲ့ နေရာမှာ အားသန်သလဲဆိုတာလည်း ပေါ်လာပါလိမ့်မယ်။ ဒါပေမယ့်လည်း ဒါတွေက ထာဝရမဟုတ်ပါဘူး။

အခုချိန်မှာ အတိတ်ကိုလှည့်ကြည့်နေတဲ့ ပုဂ္ဂိုလ်များဟာ နောင်တစ်ချိန်မှာ အနာဂတ်ဘက်ကို လှည့်သွားတာလည်း ဖြစ်နိုင်ပါတယ်။ ဖြစ်ဖို့လည်း ကျွန်မတို့ မျှော်လင့်ပါတယ်။ အတိတ်ရဲ့ ချည်နှောင်မှုကို ကျွန်မတို့က ခံနေမှာလား။ အနာဂတ်ကိုသတ္တိရှိရှိနဲ့ရင်ဆိုင်ပြီးတော့ တည်ဆောက်သွားမှာလား ဆိုတာကိုကျွန်မတို့ တစ်ဦးချင်းတစ်ဦးချင်း ဆုံးဖြတ်ရမယ့်ကိစ္စဖြစ်ပါတယ်။

ဒီဆုံးဖြတ်ချက်ဟာ အစုအဖွဲ့တစ်ခုအတွက်လည်း မဟုတ်ပါဘူး။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းအတွက်လည်း မဟုတ်ပါဘူး။ တိုင်းရင်းသားလူမျိုးစုတစ်ခုအတွက်လည်း မဟုတ်ပါဘူး။ ကျွန်မတို့ ပြည်ထောင်စုကြီးအတွက်ဖြစ်တယ်ဆိုတာကို ကျွန်မတို့သဘောပေါက်ဖို့လိုပါတယ်။

ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးဆိုတာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့လည်း သက်ဆိုင်နေပါတယ်။ ဒါကြောင့်မို့ ဒီခန်းမထဲကဖြစ်စဉ်ကို တစ်ကမ္ဘာလုံးကလည်းစိတ်ဝင်စားကြပါတယ်။

ဒီလိုငြိမ်းချမ်းရေးရယူဖို့ဆိုတာ အင်မတန်မှ ခက်ခဲတဲ့ကိစ္စပါ။ အခြားနိုင်ငံတွေမှာလည်း အခက်အခဲတွေကျော်လွှားပြီး ငြိမ်းချမ်းရေးရယူကြတယ်။ အဲလိုရယူတဲ့အချိန်မှာဆိုရင် မုဒိတာပွားကြတယ်။ စိတ်ချမ်းသာကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူသားတွေထဲမှာဆိုရင် အချင်းချင်းဆက်နွှယ်မှုဆိုတာရှိတယ်။

တစ်နေရာမှာ ငြိမ်းချမ်းရေးရသွားပြီဆိုရင် ကျွန်မတို့နိုင်ငံအတွက် မျှော်လင့်ချက်ရသလို ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းရေးအောင်မြင်မယ်ဆိုရင် တခြားနိုင်ငံတွေအတွက်လည်း မျှော်လင့်ချက်ပေးရာရောက်ပါတယ်။ ဒါကြောင့် ကျွန်မတို့အားလုံး ကိုယ့်တာဝန်ဟာ ဘယ်လောက်ကြီးမားတယ်။ ဒီတာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ဖို့ အခွင့်အရေးဟာ ဘယ်လောက်ဂုဏ်သိက္ခာရှိတယ်ဆိုတာ မေ့လို့မဖြစ်ပါဘူး။ အခုဆိုလို့ရှိရင် ဒီညီလာခံဟာ ညီလာခံရဲ့ နိဒါန်းပဲဖြစ်ပါတယ်။ ပထမအစည်းအဝေးပါ။ ပထမအစည်းအဝေးပြီးရင် နောက်လည်း အစည်းအဝေးတွေလည်း လာဦးမှာပါ။ ကြားထဲမှာ လုပ်စရာတွေအများကြီးရှိပါတယ်။

အမျိုးသားအဆင့် ဆွေးနွေးပွဲများလုပ်ဖို့ဆိုတာဟာ ဒီညီလာခံပြီးတာနဲ့ အစည်းအဝေးပြီးတာနဲ့ စတင်ပြီး ပြင်ဆင်ရတော့မှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ CSO ဖိုရမ်တွေဖြစ်မြောက်ဖို့ စတင်ပြင်ဆင်ရတော့မှာဖြစ်ပါတယ်။ လုပ်စရာ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျေးဇူးတင်စကား ပြောကြားစဉ်။

အလုပ်တွေက အများကြီးပါပဲ။ ဒါပေမယ့် လုပ်ရကျိုးနပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့လုပ်နေတာက နိုင်ငံရဲ့အနာဂတ်အတွက် လုပ်နေတာဖြစ်ပါတယ်။ နိုင်ငံရဲ့အနာဂတ်ဆိုတာဟာ အင်မတန်မှကြာရှည်တဲ့ကာလကြီးပါ။ နိုင်ငံရဲ့အနာဂတ်မှာ ဒီနိုင်ငံရဲ့ အရိပ်ကိုခိုလှုံသွားရမယ့် ပြည်သူပြည်သားများဆိုတာလည်း မရေမတွက်နိုင်အောင် ရှိပါလိမ့်မယ်။ ဒီကမ္ဘာကြီး ဘယ်လောက်ကြာကြာခံနိုင်မလဲဆိုတာက ကျွန်မတို့တစ်ယောက်မျှ မသိပါဘူး။ ကမ္ဘာတည်သရွေ့ ကျွန်မတို့ မှီတင်းနေထိုင်သူများအားလုံး လုံခြုံဖို့အတွက်၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာဖို့အတွက် ကျွန်မတို့လုပ်နိုင်မယ်ဆိုလို့ရှိရင် ဒါဟာ ကျွန်မတို့လူဖြစ်ရကျိုးနပ်ပြီလို့ အားလုံးက ပြောနိုင်ပြီဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်မတို့ညီလာခံကို တက်ရောက်လာတဲ့ ကိုယ်စားလှယ်များအားလုံး ဒီညီလာခံရဲ့အောင်မြင်မှုမှာ ပါဝင်ရမယ့်ကိုယ်စားလှယ်အားလုံးဟာ လူဖြစ်ရကျိုးနပ်အောင် ကြိုးစားကြပါလို့ ကျွန်မတိုက်တွန်းချင်ပါတယ်။ ကျွန်မတို့ဟာ ဒီလောကကြီးလာသွားရတာဟာ တစ်ခဏလေးပါ။ ကျွန်မတို့အသက် ဘယ်လောက်ရှည်နိုင်မလဲ။ ကျွန်မသိသလောက် ကမ္ဘာ့အသက်အရှည်ဆုံး ပုဂ္ဂိုလ်ဟာ ၁၂၀ လောက်ဖြစ်ပါတယ်။ ၁၂၀ ဆိုတာ ဘာမှမဟုတ်ပါဘူး။

နိုင်ငံတစ်နိုင်ငံရဲ့ သက်တမ်းနဲ့စာလို့ရှိရင်၊ ကမ္ဘာကြီးရဲ့ သက်တမ်းနဲ့စာလို့ရှိရင် ၁၂၀ ဆိုတာ ဘာမှမဟုတ်ပါဘူး။ ကျွန်မတို့တွေ ကံကောင်းလို့၊ ကျန်းမာရေးကောင်းလို့ ၁၂၀ထိနေနိုင်တယ်ပဲ ဆိုပါဦးစို့။ ဒီ ၁၂၀ ဆိုတာ တစ်ခဏလေးပါပဲ။ ကျွန်မတို့လို အသက်ရောက်နေတဲ့သူတွေဆိုရင် ၁၂၀ ထိ နေဖို့ဆိုတာ သိပ်တော့မကျန်တော့ပါဘူး။ ဒီတော့ ကျွန်မတို့ဟာ ကိုယ်ရှိတဲ့ အချိန်လေးကို တန်ဖိုးရှိအောင် သုံးကြပါစို့၊ ကိုယ်ရှိတဲ့ အချိန်လေးကို အရင်တုန်းကဖြစ်ခဲ့တဲ့ ကိစ္စတွေကိုပြန်လှည့်ကြည့်ပြီး အာဃာတတွေပွားနေမယ့် အစား၊ တစ်ဦးပေါ်တစ်ဦး သံသယတွေပွားနေမယ့်အစား ကျန်တဲ့အချိန်အတွင်းမှာ ဘယ်လိုအာဃာတတွေပျောက်အောင်လုပ်မလဲ။

ဘယ်လို ဒီသံသယတွေကင်းစင်အောင်လုပ်မလဲ။ ဘယ်လိုကောင်းမွန်တဲ့ အမွေအနှစ်တစ်ခုကို ချန်ထားခဲ့မလဲဆိုတာကို စဉ်းစားကြပါစို့လို့ ကျွန်မက နေပြီးတော့ တိုက်တွန်းချင်ပါတယ်။ အခုကျွန်မတို့ညီလာခံအတွင်းမှာ တစ်ခါတလေ အထစ်အငေါ့လေးတွေဖြစ်တယ်။ မပြေလည်တဲ့ကိစ္စတွေရှိပေမယ့် ဒီညီလာခံဖြစ်မြောက်အောင်လို့ လုပ်ပေးတဲ့ပုဂ္ဂိုလ်တွေအားလုံးကို ကျွန်မ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်။

ဒီညီလာခံလုပ်ဖို့ အချိန်လည်းသိပ်ရှိခဲ့တာမဟုတ်ဘူး။ အချိန်သိပ်ရှိခဲ့တာ မဟုတ် ဒါဆို အချို့ကမေးမယ် ဘာလို့မြန်မြန်လုပ်လဲ။ ဘာလို့မစောင့်လဲဆိုရင် ဒါက စောင့်ရမယ့်ကိစ္စလည်းမဟုတ်ဘူး။ ကျွန်မတို့မှာရှိတဲ့ အချိန်ကိုလုပြီး လုပ်နေရတာပါ။ ရှိတဲ့အချိန်က လုပြီးလုပ်တယ်ဆိုတာက ကျွန်မတို့အတွက် လည်း မဟုတ်ဘူး။ ကျွန်မတို့အစိုးရအတွက်လည်း မဟုတ်ဘူး။

ကျွန်မတို့ အစိုးရဖြစ်ဖြစ်၊ ဘယ်အဖွဲ့အစည်းဖြစ်ဖြစ် ပြည်သူလူထုရဲ့ ထောက်ခံမှုမရှိရင် ဘယ်ကိစ္စကိုမှ အောင်မြင်အောင်လုပ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်ကျွန်မတို့က ပြည်သူလူထုရဲ့ ယုံကြည်မှု၊ ထောက်ခံမှု၊ ပြည်သူလူထုရဲ့ လေးစားမှုရအောင်လို့ ညီလာခံကြီးဖြစ်မြောက်အောင် အားလုံးကြိုးစား ဝိုင်းလုပ်ဖို့လိုပါတယ်။ ပြည်သူတွေက ကြည့်နေကြပါတယ်။ ပြည်သူတွေက နားထောင်နေကြပါတယ်။ ပြည်သူတွေက မျှော်လင့်နေကြပါတယ်။ ပြည်သူတွေက သုံးသပ်နေကြပါတယ်။

ဘယ်သူတွေဟာ ဘယ်လိုစိတ်ထားရှိတယ်၊ ဘယ်လိုပြဿနာတွေ ကျွန်မတို့တွေအားလုံး ကျော်လွှားရမယ်။ ဘယ်သူတွေက ကျွန်မတို့နိုင်ငံအတွက် အဓိကစေတနာထားပြီး ကြိုးစားမယ်ဆိုတာကို ပြည်သူတွေကဆုံးဖြတ်မှာပါ။ ကျွန်မတို့ဆုံးဖြတ်လို့ရတာမဟုတ်ဘူး။

လူတစ်ဦးရဲ့တန်ဖိုးဆိုတာ တစ်နေ့တစ်နေ့ပြောင်းနေပါတယ်။ ဘာလို့လဲဆိုတော့ နေ့တိုင်းနေ့တိုင်းက အခွင့်အရေးသစ်ပါ။ တစ်နေ့နေ့မိုးလင်းလာတာနဲ့ ကိုယ့်မှာ အခွင့်အရေးသစ်တွေရလာတာပါ။

ဒီအခွင့်အရေးသစ်တွေကို ထိုက်ထိုက်တန်တန်သုံးကြပါလို့ တိုက်တွန်းချင်ပါတယ်။ ဒီအခွင့်အရေးသစ်တွေကို ထိုက်ထိုက်တန်တန် သုံးခြင်းအားဖြင့် ကျွန်မတို့လိုချင်တဲ့ ပန်းတိုင်ကိုရောက်မှာပါ။

အခုပြောသွားတဲ့ ပွင့်ပွင့်လင်းလင်းဝေဖန်တာတို့၊ တိုက်ခိုက်တာတို့လည်း ပါသွားပါတယ်။ ဒီကိုယ်စားလှယ်တွေထဲမှာ ကျွန်မကလည်းဒီလိုဖြစ်တာဟာ ဘာမှကြောက်စရာမရှိဘူးလို့ ကျွန်မဒီလိုပဲယုံကြည်ပါတယ်။ စိုးရိမ်စရာမရှိဘူး။ ပြဿနာကို စိုးရိမ်စရာမရှိပါဘူး။ ပြဿနာမရှိချင်ယောင်ဆောင်နေရတာဟာ ဒါကသာ စိုးရိမ်စရာဖြစ်ပါတယ်။ ပြဿနာမရှိချင်ယောင်ဆောင်နေရင် ပြဿနာတွေဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့် သတ္တိရှိရှိနဲ့ ဒီပြဿနာတွေကို ရင်ဆိုင်မယ်။ ဖြေရှင်းနိုင်တဲ့ အရည်အချင်းတွေ မွေးထုတ်မယ်။ တစ်ဦးကိုတစ်ဦး ကူညီမယ်၊ ဖေးမမယ်။ တစ်ဦးရဲ့အမြင်တစ်ဦးက လေးစားမယ်၊ နားထောင်မယ်။ သဘောထားချင်း မတိုက်ဆိုင်ရင်တောင် ဘာကြောင့် မတိုက်ဆိုင်တဲ့ သဘောထားတွေရှိနေလဲ ဆိုတာ စဉ်းစားရမယ်။ ဒါမှကျွန်မတို့အားလုံး ညီညီညွတ်ညွတ်နဲ့ လိုချင်တဲ့ ငြိမ်းချမ်းရေးပန်းတိုင်ကို ရောက်နိုင်မှာဖြစ်ပါတယ်။

ကျွန်မ ဒီညီလာခံကြီးကို နေ့တိုင်းမတက်ဖြစ်ဘူး။ ဒါပေမယ့် ကျွန်မ ဒီဖြစ်စဉ်ကြီးကို အင်မတန်မှ အလေးထားပါတယ်။ ကျွန်မတို့အစိုးရက အဓိကအင်အားက ပြည်သူတွေလက်ထဲမှာရှိတယ်ဆိုတဲ့မှုကို အလေးထားပါတယ်။ အစိုးရအဖွဲ့ဆိုတာ ပြည်သူလူထုရဲ့ သဘောထားတွေကို လိုက်နာဖို့နဲ့ အလေးထားဖို့က အရေးကြီးပါတယ်။

ကျွန်မတို့ဟာ အစိုးရကောင်းတစ်ခု ဖြစ်အောင်ကြိုးစားနေပါတယ်။ (၂၁)ပင်လုံဟာ ၁၉၄၇ ခုနှစ်က ကျင်းပခဲ့တဲ့ပင်လုံလိုပဲ ကျွန်မတို့နိုင်ငံသမိုင်းမှာ ဂုဏ်ယူစရာ၊ ဝင့်ကြွားစရာ၊ အားတက်စရာ အခမ်းအနားကြီး၊ အခင်းအကျင်းကြီးတစ်ခု၊ ဖြစ်စဉ်ကြီးတစ်ခုဖြစ်ဖို့ ဝိုင်းဝန်းကြိုးစားကြပါလို့ပြောရင်း နိဂုံးချုပ်ပါတယ်။

# လျှော်ကြောင့် ပုဂံဒေသ ခရီးသွားလုပ်ငန်းကို ထိခိုက်မှုမရှိ

**ရန်ကုန် စက်တင်ဘာ ၃**

ပြီးခဲ့သည့် ဩဂုတ် ၂၄ ရက်က ချောက်မြို့ အနီးသို့ ဗဟိုပြုကာ ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းစေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများ ပျက်စီးမှုဖြစ်ပေါ်ခဲ့သော်လည်း ပုဂံဒေသ ခရီးသွားလုပ်ငန်းကို ထိခိုက်မှုမရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ပုဂံဒေသ ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းစာ ရှင်းလင်းပွဲတစ်ရပ် ကျင်းပပြုလုပ် ရှင်းလင်းခဲ့သည်။

ငလျင်ဘေးဒဏ်ကြောင့် ရှေးဟောင်းစေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများ ပျက်စီးခဲ့ပြီး ရှင်းလင်းရေးလုပ်ငန်းများ၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသော်လည်း ပုဂံဒေသသို့ ခရီးသွားဧည့်သည် ဝင်ရောက်မှု လျော့နည်းကျဆင်းသွားခြင်း မရှိဘဲ ခရီးသွားလုပ်ငန်းကို ထိခိုက်ခြင်းမရှိကြောင်း စက်တင်ဘာ ၃ ရက်က ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်တွင် ပြုလုပ်ခဲ့သော ပုဂံဒေသ ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းစာ ရှင်းလင်းပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပုဂံဌာနခွဲမှ ဦးသန်းထွဋ်အောင်က ပြောသည်။

"ခရီးသွားလုပ်ငန်းကို ထိခိုက်မှုရှိမလား စိုးရိမ်ကြပေမယ့် ထိခိုက်မှုမရှိဘဲ ပြည်တွင်းက ဧည့်သည်တွေဆိုရင် ပိုတောင်များလာပါတယ်။ ငလျင်ကြောင့် စိတ်ပူပြီး ပြည်တွင်းဧည့်သည်တွေလာတာ ပိုများလာပါတယ်။ အခုတော့ ရှင်းလင်းပြီးတဲ့ ဘုရားတွေကို ဝင်ခွင့်ပေးထားပါတယ်။ အန္တရာယ်ရှိတဲ့ မရှင်းရသေးတဲ့ ဘုရားတွေကိုပဲ ဝင်ခွင့်မပေးတာပါ" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ပုဂံဒေသ ခရီးသွားဧည့်သည် ဝင်ရောက်နိုင်မှုကို ယခုနှစ်တွင် ပြည်ပဧည့်သည် သုံးသိန်းကျော် ဝင်ရောက်ရန် မျှော်မှန်းထားပြီး ယခင်နှစ်က နှစ်သိန်းကျော် ဝင်ရောက်မှုရှိခဲ့ကြောင်း သိရသည်။ ယခု ဩဂုတ်လကုန်အထိ ဧည့်သည် တစ်သိန်းခြောက်သောင်းခန့် ဝင်ရောက်မှုရှိခဲ့ပြီး ယခင်နှစ်ကထက် ပိုမိုများပြားခဲ့သည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ထုတ်ပြန်သော စာရင်းများအရ သိရသည်။

ငလျင်ဘေးဒဏ်ကြောင့် ပုဂံဒေသ ဘုရားစေတီပုထိုးပေါင်း ၄၀၀ ခန့် ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်းသိရပြီး အလှူရှင်များ၏ လှူဒါန်းငွေများ၊ နိုင်ငံတကာ၏ ကူညီမှုနှင့် ပညာရှင်များ၏ နည်းပညာများနှင့်အတူ ပြန်လည်ပြုပြင် ထိန်းသိမ်းသွားမည်ဟု သိရသည်။

၀၀၁

## ဥတုရာသီ တောကိုမိုး၏

# ဂျီ(၂၀) အစည်းအဝေးတက်ရောက်ရန် သမ္မတအိုဘားမား တရုတ်နိုင်ငံသို့ရောက်ရှိ

**ဟန်ကျိုး စက်တင်ဘာ ၃**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် ဂျီ(၂၀)အစည်းအဝေးပွဲ တက်ရောက်ရန် တရုတ်နိုင်ငံ ဟန်ကျိုးမြို့သို့ စက်တင်ဘာ ၃ ရက်တွင် ရောက်ရှိခဲ့ကြောင်း သတင်းများအရ သိရသည်။

အမေရိကန်သမ္မတအိုဘားမားအနေဖြင့် ဇန်နဝါရီလတွင် ၎င်း၏ သမ္မတသက်တမ်း ကုန်ဆုံးမည်ဖြစ်သဖြင့် တရုတ်နိုင်ငံသို့ ယခုအကြိမ်ရောက်ရှိခြင်းသည် နောက်ဆုံးအကြိမ် ဖြစ်သည်။

တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ဟန်ကျိုးမြို့၌ သမ္မတအိုဘားမားနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တွေ့ဆုံရာတွင် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်ရန် ဆန္ဒရှိကြောင်း သမ္မတရှီကျင့်ဖျင်က ဆိုသည်။

ထို့ပြင် နှစ်နိုင်ငံအနေဖြင့် ပဋိပက္ခများ ဖြေရှင်းရာတွင် ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းခြင်းများကို ရှောင်ရှားပြီး နှစ်နိုင်ငံအပြန်အလှန် နားလည်မှု၊ ယုံကြည်မှုများရှိရန် လိုအပ်ကြောင်းနှင့် နှစ်နိုင်ငံရှိရင်းစွဲရင်းနှီးမှုများကို ပိုမိုဖြစ်ထွန်းစေရန် လိုအပ်ကြောင်း သမ္မတရှီကျင့်ဖျင်က တိုက်တွန်းပြောကြားခဲ့သည်။



ခေါင်းဆောင်နှစ်ဦး တွေ့ဆုံသည့် ဟန်ကျိုးမြို့သည် ၂၀၁၃ ခုနှစ်ကစပြီး တရုတ်-အမေရိကန် ဆက်ဆံရေးနှင့်ပတ်သက်သည့် အရေးပါသော ဆုံးဖြတ်ချက်၊ အမြင်၊ သဘောထားများ ချမှတ်နိုင်ခဲ့သည့် သမိုင်းဝင် အစည်းအဝေးပွဲများ ကျင်းပသည့် နေရာဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က ဆက်လက်ပြောကြားခဲ့သည်။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လုပ်ဆောင်ခဲ့သည့် ဆိုက်ဘာနှောင့်ယှက်မှုများ ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များ၊ အာဖရိကနိုင်ငံများတွင် အီဘိုလာရောဂါနှိမ်နင်းရေးနှင့် အီရန်နိုင်ငံ နျူကလီးယားအရေးတို့တွင် အရေးပါသောအောင်မြင်မှုများ ရရှိခဲ့ပြီးဖြစ်ကြောင်း သမ္မတရှီက ဆိုသည်။ အမေရိကန်နှင့်တရုတ်နိုင်ငံတို့သည် ဂျီ(၂၀)အစည်းအဝေး လုပ်ငန်းမူဘောင်နှင့်အညီ ပူးပေါင်းဆောင်ရွက်ရမည့်ကဏ္ဍများကို ချမှတ်ပြီးဖြစ်ကြောင်း သမ္မတရှီက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကူညီထောက်ပံ့မှုများကို တရုတ်နိုင်ငံအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်းနှင့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြင့်မားဆုံးနိုင်ငံများဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံ အသိုက်အဝန်း၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးမည့် ဂျီ(၂၀) အစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တာဝန်ရှိပါကြောင်း သမ္မတရှီက ဆက်လက်ပြောသည်။

တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အမေရိကန် အပါအဝင် အခြားသောအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ကာ ရလဒ်ကောင်းများ ထွက်ပေါ်လာစေရန် ယုံကြည်မှုအပြည့်ဖြင့် ကြိုးစားလုပ်ဆောင်မည်ဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

**ဆင်ဟွာ။**



# တူရကီတပ်ဖွဲ့များနှင့် ပီကေကေစစ်သွေးကြွများတိုက်ခိုက် တူရကီတပ်ဖွဲ့ဝင် ၁၁ ဦး သေဆုံး

**အန်ကာရာ စက်တင်ဘာ ၃**

တူရကီနိုင်ငံက မတရားသတင်းကြေညာထားသည့်ကာ့ဒ် အလုပ်သမားပါတီ (ပီကေကေ)မှ စစ်သွေးကြွများနှင့် တူရကီတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂ ရက်တွင် နိုင်ငံအရှေ့ပိုင်းရှိ ဗန်ပြည်နယ်နှင့် အရှေ့တောင်ပိုင်းမှ မာဒင်ပြည်နယ်များ၌ တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ တူရကီအစိုးရတပ်ဖွဲ့မှ စစ်သည် ၁၁ ဦး သေဆုံးခဲ့ကြောင်း မီလီယက်သတင်းစာ၌ ဖော်ပြသည်။

မာဒင်ပြည်နယ် ဒါဂီစစ်ခရိုင်အတွင်းရှိ တူရကီ စစ်စခန်းတစ်ခုအား စက်တင်ဘာ ၂ ရက်တွင် ပီကေကေအဖွဲ့မှ စစ်သွေးကြွများက တိုက်ခိုက်ခဲ့ရာ တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး ကျေးရွာစောင့်ပြည်သူ့စစ်အဖွဲ့ဝင် သုံးဦးနှင့် အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

တူရကီနိုင်ငံအရှေ့ပိုင်း ဗင်ပြည်နယ်ရှိ တောင်တန်းဒေသတွင် ပီကေကေ စစ်သွေးကြွများနှင့် တူရကီအစိုးရတပ်ဖွဲ့များအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ တပ်ဖွဲ့ဝင် ရှစ်ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့က ဒေသတွင်းသတင်းဌာနသို့ ပြောကြားသည်။

တူရကီနိုင်ငံအရှေ့တောင်ပိုင်းမှ ဟက်ကာရီပြည်နယ်ရှိ ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ)အဖွဲ့၏ အခြေစိုက်စခန်းများအား စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် တူရကီလေတပ် လေယာဉ်များက ဝေဟင်မှ မြေပြင်တိုက်ခိုက်မှုပေါင်း သုံးကြိမ်ပြုလုပ်ခဲ့ရာ ပီကေကေစစ်သွေးကြွ ၃၃ ဦး သေဆုံးပြီး ၃၀ ခန့်ထိခိုက်ဒဏ်ရာများ ရရှိသွားကြောင်း တူရကီစစ်ဦးစီးချုပ်ရုံးမှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လကတည်းက အီရတ်နိုင်ငံ မြောက်ပိုင်းနှင့် တူရကီနိုင်ငံအတွင်း၌ တူရကီတပ်ဖွဲ့ဝင်များနှင့် ပီကေကေစစ်သွေးကြွများ၏ လက်နက်ကိုင် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ တူရကီတပ်ဖွဲ့ဝင် ၆၀၀ ကျော်နှင့် ထောင်နှင့်ချီသော ပီကေကေ စစ်သွေးကြွများ သေဆုံးခဲ့ရပြီးဖြစ်သည်။ တူရကီတပ်ဖွဲ့ဝင်များက ပီကေကေစစ်သွေးကြွဦးရေ ၇၀၀၀ ကျော်ကို ချေမှုန်းသုတ်သင်ခဲ့ပြီးဖြစ်ကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။ ပီကေကေက ၁၉၈၄ ခုနှစ်တွင် ပထမဆုံး စတင်ခဲ့သော အစိုးရဆန့်ကျင်ရေး လက်နက်ကိုင် တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့သူဦးရေမှာ ၄၀၀၀၀ ကျော်ရှိပြီဖြစ်သည်။

ပီကေကေအဖွဲ့အား အမေရိကန်၊ ဥရောပသမဂ္ဂနှင့် တူရကီနိုင်ငံတို့က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် စာရင်းသွင်းထားသည်။

**ဆင်ဟွာ။**

# မြောက်ကိုရီးယားနိုင်ငံတွင် ရေကြီး၊ လူ ၁၅ ဦးပျောက်ဆုံးလျက်ရှိ

**ပြုံယမ်း စက်တင်ဘာ ၃**

တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော မြောက်ကိုရီးယားနိုင်ငံ နယ်စပ်ဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး လူ ၁၅ ဦးပျောက်ဆုံးလျက်ရှိကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာက သတင်းထုတ်ပြန် ကြေညာသည်။

တိုင်ဖွန်းလီအွန်ရော့ခ်၏ အကျိုးသက်ရောက်မှုအဖြစ် မြောက်ကိုရီးယားနိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသတွင် ဩဂုတ်နှောင်းပိုင်းမှစပြီး မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ မြောက်ပိုင်းရှိ ဟမ်ဂျောင်းစီရင်စုတွင် မိုးကြီးရေလျှံမှုများကြောင့် လူနေအိမ်ပေါင်း ၈၇၀၀ ကျော် ပျက်စီးခဲ့ရပြီး လူပေါင်း ၄၄၀၀၀ ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။

တရုတ်နိုင်ငံပိုင်မီဒီယာ၏ သတင်းထုတ်လွှင့်မှုအရ တရုတ်ကယ်ဆယ်ရေးလုပ်သားများက ရေစီးနှင့်မျောပါလာသော မြောက်ကိုရီးယားပြည်သူ သုံးဦးအား ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် ဝမ်ဘိုတွင် မြောက်ကိုရီးယားနိုင်ငံ၏ ရေကြီးရေလျှံမှုများ ဖြစ်ပွားမှုကို မှတ်တမ်းတင်ထားသည့် ဓာတ်ပုံတစ်ပုံကို ပို့စ်တင်ထားသည်။ အဆိုပါပုံတွင် ရေလွှမ်းမိုးနေသည့် အဆောက်အအုံများကို ရိုက်ကူးထားသည်။

**အင်န်အိတ်ချ်ကေ။**



# လစ်သူရေးနီးယားမှ ယူကရိန်းနိုင်ငံသို့ ခဲယမ်းမီးကျောက်များထောက်ပံ့ပေးအပ်

**ဗီလ်နီးယာ့စ် စက်တင်ဘာ ၃**

လစ်သူရေးနီးယားတပ်မတော်တွင် ကာလရှည်ကြာစွာ သုံးစွဲခြင်းမရှိသေးသော ပြောင်းဝအကျယ် ၅ ဒသမ ၄၅ မီလီမီတာရှိ ပြုပြင်မွမ်းမံမှုအမျိုးမျိုး ပြုလုပ်ထားသော ကလက်ရှနီကော့ဗ် အေကေ-၄၇ ရိုင်ဖယ်သုံး ကျည်အများစု အပါအဝင် ခဲယမ်းမီးကျောက် တန်ချိန် ၁၅၀ ခန့်အား ယူကရိန်းနိုင်ငံသို့ စက်တင်ဘာ ၂ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း လစ်သူရေးနီးယား ပူးတွဲစစ်ဦးစီးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

လစ်သူရေးနီးယားနိုင်ငံသည် ရုရှားနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်ပြီး နေတိုးအဖွဲ့ဝင်လည်းဖြစ်သည်။ ၂၀၁၄ ခုနှစ်အတွင်း ယူကရိန်းနိုင်ငံ၌ လက်နက်ကိုင်တိုက်ခိုက်မှုများဖြစ်စဉ်ကတည်းကပင် အမေရိကန်ဦးဆောင်သော မဟာမိတ်များအား ၎င်း၏ ပိုင်နက်နယ်မြေအတွင်းသို့ ပိုမိုဖြန့်ကြက်ထားခြင်းကို ကြိုဆိုခဲ့သည်။ ၎င်း၏ ပိုင်နက်နယ်မြေအတွင်းသို့ မည်သည့်ကျူးကျော်မှုကို မဆိုဟန့်တားရန်ရည်ရွယ်ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

ယင်းသို့ ခဲယမ်းမီးကျောက်များ ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ယူကရိန်းသည် အထီးကျန်မဟုတ်ကြောင်း မိမိတို့က သတင်းစကားပါးလိုက်ခြင်းဖြစ်ကြောင်း လစ်သူရေးနီးယားကာကွယ်ရေးဝန်ကြီး ဂျူအိုဇက် အိုလေကက်စ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် ၂၀၁၄ ခုနှစ်ကတည်းက ဖြစ်ပွားခဲ့သော ယူကရိန်းတပ်မတော်နှင့် ခွဲထွက်ရေးသမားများ၏ တိုက်ပွဲများကြောင့် လူပေါင်းကိုးထောင်ကျော် သေဆုံးခဲ့ပြီး ခွဲထွက်ရေးသူပုန်အဖွဲ့အား ရုရှားကစစ်လက်နက်ပစ္စည်းများ ထောက်ပံ့ပေးနေသည်ဟု အနောက်နိုင်ငံများမှ အစိုးရများနှင့်ယူကရိန်းနိုင်ငံတို့က ပြောကြားခဲ့သည်။

လစ်သူရေးနီးယားနိုင်ငံမှ ယူကရိန်းနိုင်ငံအား ယခင်လက်နက်ပစ္စည်းထောက်ပံ့မှုပြုလုပ်ခြင်းများသည် နိုင်ငံတကာလက်နက်ကုန်သွယ်မှု သဘောတူညီချက်အား ချိုးဖောက်ရာရောက်ကြောင်း ၂၀၁၅ ခုနှစ်အတွင်းက ရုရှားနိုင်ငံ၏တိုင်တန်းမှုအား လစ်သူရေးနီးယားနိုင်ငံက ပယ်ချခဲ့သည်။

**ရိုက်တာ။**

ဆောင်းပါး

# ကြေးမုံ ဖတ်ကြည့်

**မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှု ရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်းမှ ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။**

## ကျော်စောမင်း

### ၁။ ။မီဒီယာကို နေရာပေးပါ

အမျိုးသားကဇာတ်ရုံကြီးတွင် ကျင်းပသော ပွဲတစ်ပွဲဖြစ်ပါ၏။ အမျိုးသားကဇာတ်ရုံသည် ဇာတ်ပွဲ၊ သီချင်းဆိုပွဲ စသော ဖျော်ဖြေရေးပွဲများအတွက်သာ ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ဆုပေးပွဲ၊ စာတမ်းဖတ်ပွဲ၊ ပညာရပ်ဆွေးနွေးပွဲ စသည့် ပွဲမျိုးအတွက် ဒီဇိုင်းထုတ်မထားပါ။ ဤလိုဒုတိယအမျိုးအစားပွဲများ ကျင်းပလျှင် မီဒီယာအတွက် အထူးနေရာတစ်ခု စီစဉ်ပေးဖို့လိုသည်။ ကျွန်တော်ရည်ညွှန်းသောပွဲကြီးတွင် မီဒီယာများကို သီးသန့်နေရာပေးမှုမရှိခဲ့ပါ။ ထို့ကြောင့် ဓာတ်ပုံဆရာများက ဇာတ်ခုံအစပ်တွင် နေရာအပြည့်ယူပြီး ကျောက်ချကြိုးချည်နေထိုင်ကြသောအခါ ရှေ့ဆုံးသုံးတန်းသည် ဘာမှမမြင်ရတော့ပေ။ ရှေ့ဆုံးတန်းဆိုသည်မှာ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အထူးဧည့်သည်တော်များကို နေရာပေးရသည်ဖြစ်ရာ ထိုပုဂ္ဂိုလ်များမှာ ခြေထောက်ပင် ရဲရဲဆန့်မထုတ်ရဲလောက်အောင် အနေကျုံ့ရှာကြလေသည်။ တန်းစီမတ်တတ်ရပ် ဓာတ်ပုံရိုက်နေသူများကြောင့် ဘာကိုမှလည်း မမြင်ရ။ ဤကိစ္စတွင် စီစဉ်သူများကိုသာ အပြစ်တင်ရပါလိမ့်မည်။ မီဒီယာသမားများကို နေရာသတ်မှတ်ပေးရမည်။ ဘယ်နေရာကို မကျော်လွန်ရဆိုတာမျိုး ကန့်သတ်ပေးထားရမည်။ မြို့တော်ခန်းမတွင်လုပ်ခဲ့သော ပွဲတစ်ပွဲတွင်ဆိုလျှင် စကားပြောစင်ကို ဓာတ်ပုံဆရာနှင့် အသံဖမ်းဆရာ ၃၀ လောက်က ဝန်းရံထား၍ ပရိသတ်က စကားပြောသူကို မမြင်ရတော့။ သတင်းသမားသည် ကိုယ်တိုင်ကြားချင် အသံဖမ်းချင်သည်။ သတင်းဓာတ်ပုံသမားသည် အလှဆုံးပုံကို ကိုယ်တိုင်ရိုက်ချင်သည်။ ထို့ကြောင့် သူတို့အပြစ်မဟုတ်။ ပွဲစီစဉ်သူများ၏ အပြစ်သာဖြစ်သည်။ လွှတ်တော်ပွဲများ၊ အစိုးရပွဲများတွင် လူဦးရေကိုရော နေရာကိုပါ ကန့်သတ်ရခြင်းကို နားလည်နိုင်လောက်ပါသည်။

ကျွန်တော် အဓိကပြောချင်သည်မှာ ဤကိစ္စအဓိက မဟုတ်ပါ။ လွှတ်တော်တွင် သတင်းသမားများနေရာပျောက်သွားရခြင်းကိစ္စကို ပြောလိုရင်းဖြစ်သည်။ ယခင်အစိုးရ၏ အစပိုင်းများတွင် သတင်းသမားများအတွက် နေရာပေးခဲ့ဖူးသည်။ လွှတ်တော်တစ်ခုလုံးကို အပေါ်စီးမှ ရှင်းလင်းစွာမြင်ရသော နေရာဖြစ်၍ ပရိသတ်အတွက်လည်းအကျိုးရှိ တိုင်းပြည်အတွက်လည်း အကျိုးရှိသော သတင်းဓာတ်ပုံများထွက်ပေါ်လာခဲ့ဖူးသည်။ သို့သော် ထိုခေတ်ကောင်းလေးက ကြာကြာမခံ။ စကြံလမ်းပေါ် ပြန်အပို့ခံရသည်။ စကြံတွင် ဆင်ပေးထားသော ရုပ်မြင်သံကြားကို ဝိုင်းအုံကြည့်ပြီး "သတင်းယူ"နေရသည်။ အဘယ့်ကြောင့်နည်း။

လွှတ်တော်ကိုယ်စားလှယ်အချို့အတွက် သိက္ခာကျစရာဖြစ်သော ဓာတ်ပုံများပေါ်ထွက်လာ၍ ဖြစ်သည်။ အချို့က အိပ်ပျော်နေကြသည်။ အချို့က တယ်လီဖုန်းပွတ်နေကြသည်။ အချို့က ဘေးလူကိုယ်စား မဲပေးနေကြသည်။ အသရေပျက်စေမှုဖြင့်လည်း တရားစွဲ၍မရ။ သက်သေထင်ရှားရှိနေလျက်နှင့် မဟုတ်မမှန်လုပ်ကြံမှုဖြင့် တရားစွဲလျှင် စွဲသူရော လက်ခံကြားနာသူပါ အရှုးဖြစ်မည်။ ထို့ကြောင့် တာဝန်ရှိသူတို့က လွှတ်တော်၏ အသရေကို ဆယ်သည့်သဘောဖြင့် မီဒီယာခန်းကို ပြန်သိမ်းလိုက်ရတော့သည်။

ဤသည်ကကော မှန်သလားဆိုတော့ မမှန်ပေ။ ကင်းစစ်သည့်အခါ ကင်းစောင့်များတာဝန်မကျေသည်ကို တွေ့သည်ဆိုပါစို့။ ကင်းစောင့်ရဲဘော်တွေကို အရေးယူရမည့်အစား ကင်းစစ်အဖွဲ့ကို အရေးယူခြင်းနှင့် နှိုင်းယှဉ်ကြည့်ပါ။ မီဒီယာသမားသည် ကင်းစစ်သူဖြစ်သည့်အပြင် စခန်းတစ်ခုလုံးကိုပါ စစ်ဆေးသူဖြစ်၏။ တာဝန်မကျေသူ၊ ပေါ့ပျက်ပျက်နိုင်သူများကို ဖော်ထုတ်မည်သာဖြစ်၏။ သို့မှသာ အညံ့စားအချောင်သမားတွေ ညာဝါးဖြီးဖြန်းနေခြင်းဘေးမှ ကင်းဝေးမည်။ စတုတ္ထမဏ္ဍိုင်သည် ကျန်မဏ္ဍိုင်ကြီးသုံးခုမှ တိမ်းစောင်းယိုင်နဲ့မှုများကို ပြည်သူသိအောင် ဖော်ထုတ်ပေးခြင်းဖြင့် တိုင်းပြည်ကို တည့်မတ်ပေးရပါသည်။ တိုင်းပြည်ကို ကောင်းစေချင်သော စေတနာရှိလျှင် မီဒီယာကို နေရာမှန်ပြန်ပေးရပါလိမ့်မည်။

### ၂။ ။ဒီမိုကရေစီ

ဒီမိုကရေစီဆိုတာ ဘာလဲဟုမေးလိုက်လျှင် ရှည်ရှည်ဝေးဝေးတွေလျှောက်ပြောနေကြတာများသာ တွေ့ခဲ့ရသည်။ များရာစု majority က အုပ်စိုးခြင်းဟု ပြောခြင်းမှာလည်း ရာနှုန်းပြည့်မမှန်။ ဒီမိုကရေစီ ဆိုသည်မှာ နည်းရာစု minority ကများရာစု၏ အုပ်စိုးပိုင်ခွင့်ကို အသိအမှတ်ပြုရခြင်းနှင့် များရာစုက နည်းရာစု၏ ပြောရေးဆိုခွင့်ကို လေးစားရခြင်းဖြစ်သည်။ ရှင်းရှင်းလေးပါ။ ထို့ကြောင့် များရာစုသည် လုပ်ဆောင်ရေးသမားများ ဖြစ်သွားကြပြီး နည်းရာစုက ဝေဖန်ရေးသမားများဖြစ်သွားရခြင်းဖြစ်သည်။ နည်းရာစုကို opposition ဟု ခေါ်ကြရာ ထိုစကားလုံးကို အတိုက်အခံဟု ဘာသာပြန်သည်မှာလည်း မမှန်ပါ။ အတိုက်အခံဟု ဆိုလိုက်ခြင်းကြောင့် များရာစုက တင်သမျှအဆိုကို အတိုက်အခံလုပ်၍ ငြင်းပယ်တိုက်ဖျက်မည်ဟု အဓိပ္ပာယ်ပေါက်သွားစေသည်။ ဤအမြင်သည် လူတစ်ဦးချင်း၏ ပညာဉာဏ်အမြော်အမြင်ကို ကန့်သတ်လိုက်ရာကျသည်။ တိုင်းပြည်ကောင်းအောင်လုပ်လျှင် ထောက်ခံရမည်။ ကိုယ့်ပါတီကတင်သည့်အဆိုပင်ဖြစ်စေ အပြစ်မကင်း ညံ့ဖျင်းနေလျှင် ဝေဖန်တည့်မတ်ပေးရမည်။ သို့မှသာ ကိုယ့်ကိုမဲပေးထားသော မဲဆန္ဒရှင်များ၏ အားကိုးလောက်သော နိုင်ငံရေးသမားဖြစ်လာမည်။ အလွန်သေးသိမ်ညံ့ဖျင်းသော အဆိုကို ထောက်ခံခြင်းအားဖြင့် သူ့မဲဆန္ဒနယ်တွင် ထောက်ခံမှုလျော့ကျသွားလိမ့်မည်။ လူထုထောက်ခံမှုကျဆင်းလျှင် နောက်ရွေးကောက်ပွဲတွင် ပြုတ်မည်။ နိုင်ငံရေးတွင် အာဏာရရေးက အရေးပါသည်ဖြစ်ရာ ကိုယ်ကျိုးရှာအဆိုများကို များရာစုအင်အား အားကိုးဖြင့် ပြဌာန်းနေလျှင် တိုင်းပြည်ကို ဖျက်ဆီးရာကျတတ်သည်။ ဤလိုအဆိုမျိုးကို ကိုယ့်ပါတီကတင်သည့်တိုင် ဝေဖန်ထောက်ပြရဲမှ နိုင်ငံပြုသမား statesman ပီသပါမည်။

ဝေဖန်ဆွေးနွေးနေတုန်း အာဏာသုံး ရပ်တန့်ပစ်တာမျိုးတွေ၊ မိုက်ကရိုဖုန်းပိတ်ပစ်တာမျိုးတွေရှိလာခဲ့ပြီဆိုလျှင် ဤလိုလုပ်ရပ်သည် ဒီမိုကရေစီနည်းမကျဟု သိနိုင်ကြပါသည်။ လူထုတစ်ရပ်လုံးက ထိုအပြုအမူမျိုးကို ရွံမုန်းလာကြဖို့လိုသည်။ ဤလိုအပြစ်အနာများကို လူထုထံသို့ အသိပေးရန်မှာ မီဒီယာ၏ တာဝန်ဖြစ်ပါသည်။

### ၃။ ။ပြည်ထဲရေးရာ ခက်သည်သာ

ယနေ့ခေတ်ကား ထွေပြားသောခေတ်ဖြစ်သည်။ စက်မှုထွန်းကားလာ၍ ခေတ်သစ်ကာလ modern age ကို ရောက်လာသည်ဟု ဆိုကြ၏။ အီလက်ထရွန်နစ်နည်းပညာထွန်းကားလာသောအခါ ခေတ်သစ်ကျော်ကာလ post-modern age သို့ ရောက်လာခဲ့ပြီဟု ယူဆနိုင်ပါသည်။ (ကဗျာသမားများကတော့ ပို့စ်မော်ဒန်အပြီးတွင် ခေတ်ပြိုင် contemporary ကဗျာခေတ်ကို ရောက်သည်ဟု ရေးတတ်ပြောတတ်ကြသည်။ contemporary မှာ တစ်နေ့ချင်း တစ်ရက်ချင်း နာရီလက်တံနှင့်အပြိုင် ရှေ့သို့တိုးနေသောအချိန်ကာလသဘောကိုဆောင်ပါသည်။ ယနေ့ထွက်သည့် စာအုပ်စာမျက်နှာပေါ်မှ စာသည် လေးလုံးစပ်နဲ့ပဲရေးရေး contemporary ဖြစ်သည်။ temporary မှ လာသောကြောင့် ယာယီရွေ့သည့်သဘောနှင့် ဆက်နွယ်နေသည်။ အသစ်ဖြစ်ပေါ်မှုနှင့် ဆိုင်သည်။ မျက်မှောက်ကာလအကြောင်းကိုသာမက အရင်လအရင်နှစ်က အကြောင်းကိုပဲ ရေးရေး၊ ယခုမှရေးသောအသစ်ဆိုလျှင် contemporary ပင်။ ထို့ကြောင့် ခေတ်ပြိုင်ဟု ခေါ်ခြင်းဖြစ်သည်။ နည်းနိဿယကို ပြောခြင်းမဟုတ်။ ကာလစည်းကမ်းသတ်မှတ်ချက်ကိုသာ ပြောခြင်းဖြစ်၏။ သို့သော် ရေးသူတွင် ခေတ်နှင့်အတူ သစ်ဆန်းလာသော အမြင်ရှိရမည်။ ချစ်ဦးညို၏ လက်ဒီပချစ်သူ၊ နိုင်ဝင်းဆွေ၏ မဟူရာမေတ္တာတို့သည် အတိတ်ဟောင်းမှ ဇာတ်လမ်းများကို ရေးသော်လည်း အတိတ်ဟောင်းကိုရေးနှစ် (ဝတ္ထုဖော်ပြသည့်ကာလ) ၏ အမြင်ဖြင့် ရေးထားသောကြောင့် ထိုကာလအတွက် contemporary writing ပင်ဖြစ်သည်။ သိဒ္ဓတ္ထလှိုင်၏ ဇွန်လ မိုးရေများသည် ၁၉၇၀ ၏ ခေတ်ပြိုင်ကဗျာဖြစ်သကဲ့သို့ မောင်စိန်ဝင်း (ပုတီးကုန်း)၏ နေဆယ်စင်း လမင်းဆယ်ဆူတို့၊ မောင်ပန်းမွှေး၏ တစ်ခုသော ပန်းဥယျာဉ်တို့လည်း ၁၉၇၀ ၏ ခေတ်ပြိုင်ကဗျာများပင်။)

ခေတ်ဟောင်းက အဆိုအမိန့်တစ်ရပ်ကို ယနေ့ထိ လူတွေကြိုက်နေသေးလျှင်၊ ခေတ်ဟောင်းက ကဗျာတစ်ပုဒ် ကို (ဥပမာ ဇော်ဂျီ၏ ဗေဒါလမ်း) ယနေ့အထိ စွဲမက်နေကြသေးလျှင် ခေတ်မီသည်ဟု ခေါ်ပါမည်။

ဤအကြောင်းများ နောက်မှအကျယ်ရေးပါမည်။ ယခုတော့စာပေ၏ သက်ရောက်မှုတစ်ခုအကြောင်းရေးပါဦးမည်။ လွတ်လပ်ရေးခေတ်အပြီးတွင် လူငယ်များအကြား လွှမ်းမိုးမှုကောင်းလှသော အင်အားကြီးနှစ်ခုအနက် တစ်ခုမှာ လက်ဝဲစာပေဖြစ်သည်။ (နောက်အင်အားကြီးတစ်ခုက မျိုးချစ်ဝါဒစာပေဖြစ်သည်။)

လက်ဝဲစာပေ၏ ပင်မရေစီးမှာ အဖိနှိပ်ခံအခြေခံလူတန်းစားဘက်မှ ရပ်တည်ခြင်းဖြစ်သည်။ ဖိနှိပ်သူကိုတွန်းလှန်ရာတွင် အမြင်မှန်ရေးနှင့် အမြင်မှန်သူများ သွေးစည်းညီညွတ်ကြရေးဖြစ်သည်။ အလွန်လေးစားစရာကောင်းသော်လည်း ရေးသူက မစဉ်းမစားရေးပြီး ဖတ်သူက မဆင်မခြင်(ကိုယ်ပိုင်ဦးနှောက်မသုံးဘဲ)ဖတ်လျှင် အလွန်အန္တရာယ်ကြီးသည်။

မဟာမင်းလှမင်းခေါင်ဘွဲ့ခံဦးရွှန်း၏ ဥမ္မာဒန္တီပျို့သည် မြန်မာဂန္ထဝင်စာပေတွင် နာမည်ကြီးသည်။ ၁၉၆၀ ဝန်းကျင်ကဆိုလျှင် ကျွန်တော်ဆက်ပြောမည့် ပြည်ထဲရေးကိစ္စနှင့်ပတ်သက်သည့်စာပိုဒ်ကို ကိုးကားရေးသားသော အချစ်ဝတ္ထုများ ပလူပျံသလို ဝေစည်ခဲ့ဖူးသည်။

(သီးသန့်ထပ်ပြောနေရမည်စိုး၍ ကြုံတုန်းတစ်လက်စတည်းပြောလိုက်ပါဦးမည်။ ဥမ္မာဒန္တီက အလွန်လှသောကြောင့် သိဝိမင်းကြီးရူးသွားရသည်ဟု လူတိုင်း ကြားဖူးကြသိကြပါလိမ့်မည်။ ဥမ္မာဒန္တီ၌ ဤအစွမ်းရှိလျှင် တစ်ရွာလုံး၊ တစ်မြို့လုံး ရူးကြမည်သာ။ သိဝိရူးသွားရခြင်းက သူ့ရမက်ဇောကို ပညာဖြင့် မထိန်းနိုင်၍သာ ဖြစ်သည်။ ဥမ္မာဒန္တီသည် ဥမ္မာဒ+အန္တမှလာသည်။ ဥမ္မာဒမှာ ရူးသွပ်ခြင်း၊ အန္တမှာ အဆုံး။ ရူးသွပ်ခြင်းဘူတာသို့ ဆိုက်ရောက်စေနိုင်သူဟု ပြောလျှင်ရှင်းပါသည်။ ဘူတာဆိုသော စကားက ပါဠိစကား ဘူတမှ လာသည်။ အခြေစိုက်စခန်း Station ဟုဆိုကြပါစို့။ ဥမ္မာဒန္တီကို အကြောင်းပြု၍ မယ်ဥမ္မာတို့၊ ခင်ဥမ္မာတို့၊ လှဥမ္မာတို့၊ ဥမ္မာနွယ်တို့ကဲ့သို့ ဥမ္မာဘွဲ့ခံများ ပေါ်များလာသည်။ ဥမ္မာဒ ကသာ ရူးသွပ်ခြင်းဖြစ်ပြီး ဥမ္မာကတော့ အောင်မဲညိုဟု ခေါ်သည့် ပဲပင်မှ ပွင့်သည့် ပြာညိုညိုပဲပွင့်ကို ခေါ်ခြင်းဖြစ်ပါသည်။)

ဥမ္မာဒန္တီပျို့အကြောင်းဆက်ပါမည်။
ပျို့တစ်နေရာတွင်-
စစ်ရေးမက်ရေး၊ ရန်သူ့ဘေးကြောင့်
အပြေးအလွဲ၊ ဆွေမျိုးကွဲသား
ပြည်ထဲရေးရာ၊ ခက်သည်သာတည့်
အစာအစား၊ ထွားထွားမြည့်ကျေ
ပျက်စီးလေ၍ သေကျေဖောက်လွဲ
ငတ်မွတ်ကဲသော်
ပြည်ထဲရေးထက်၊ ဝမ်းရေးခက်၏
ထို့ထက်တစ်မူ၊ချစ်သောသူနှင့်
အတူတကွ၊ မပေါင်းရဘဲ
တမ်းတပူဆွေး၊ သူနှင့်ဝေးသော်
ပြည်ထဲရေးနှင့်၊ ဝမ်းရေးတို့ထက်
လွမ်းရေးခက်၏. . .

ဟုတွေ့ရပါမည်။ သိဝိမင်းကြီးရူးသွပ်ခန်းတွင် တွေ့မည်။ ဤစာပိုဒ်၏ အနှစ်ချုပ်မှာ ပြည်ထဲရေးမငြိမ်လျှင် ခက်သည်။ ငတ်မွတ်ခေါင်းပါးလျှင် ပိုခက်သည်။ ရည်းစားကွဲလျှင် ပြည်ထဲရေးနှင့် ဝမ်းရေးတို့ထက် လွမ်းရေးခက်သည် ဟူ၍ပင်။

ဤစာကို ကောက်နုတ်ချက် anecdote အဖြစ်သာထားလျှင် ဘာမျှအရေးမကြီး။ ကောက်နုတ်ချက်အဖြစ်မှ သွန်သင်ချက်၊ ဆုံးမစာ၊ စည်းမျဉ်း၊ ဆောင်ပုဒ် moral/motto/principle ဖြစ်လာလျှင် အန္တရာယ်ပေးလာနိုင်သည်။

ကျွန်တော်တို့တိုင်းပြည်နှင့် တိုင်းရင်းသားလူထုတစ်ရပ်လုံး ဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်နေသည်။ ငြိမ်းချမ်းရေးဆိုသည်မှာ ဉုံဖွလုပ်လို့ရသော အရာမဟုတ်။ ဖြစ်စေအမိန့်တော် လုပ်လို့ရတာ မဟုတ်။ တန်းတူညီမျှရေးမူကို အခြေခံပြီး ညီနောင်စိတ်ဓာတ်စစ်စစ်ဖြင့် အားလုံးက လျှော့နိုင်သမျှလျှော့ပေးသော စေတနာ၊ မေတ္တာတို့အပေါ်တွင် အခြေခံ၍ တည်ဆောက်ရသည်။ တိုင်းပြည်နှင့် လူထုအတွက် ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှ ငါတို့အချုပ်အခြာအာဏာ ဆက်လက်တည်တံ့လိမ့်မည်ဆိုသော အမြင်ရှိနေကြဖို့လိုသည်။ လက်ဝါးကြီးအုပ်ဝါဒ၊ ဗလအားကိုးဝါဒ၊ ငါနဲ့မတူ ငါ့ရန်သူဝါဒတို့ကို ပယ်သတ်နိုင်ဖို့ လိုသည်။ စစ်ကိုအကြောင်းပြု၍ မတရားကြီးပွားချမ်းသာလာခြင်းကို ရဲရဲစွန့်နိုင်ဖို့လိုသည်။ အချုပ်အားဖြင့်ဆိုရလျှင် တိုင်းပြည်ကို ဖြူစင်ရိုးသားဖြောင့်မတ်စွာ ချစ်ခင်တတ်ကြရန်ပင်။

ငြိမ်းချမ်းရေးတည်ဆောက်ပွဲကြီးလုပ်နေခိုက်မှာ ထမင်းဆာတာကို ရေးကြီးခွင်ကျယ်လုပ်နေသူများ၊ လွမ်းရေးခက်နေသူများ ရှိနေမည်သာဖြစ်သည်။ ရုပ်မြင်သံကြားအစီအစဉ်တွေမှာပဲ ကြည့်ကြည့်၊ လေလှိုင်းမှဂီတတွေ၊ တယ်လီဖုန်းဖန်သားပြင်မှ အရုပ်တွေ၏ အချစ်အလွမ်းအငိုအရှိုက် အညို့၊ အမြူတွေကြီးစိုးနေသည်။ ကိုယ့်ရွေးချယ်မှုပဲ ကိုယ်ကြည့်ချင်လို့၊ ကိုယ်လွမ်းချင်လို့၊ ကိုယ်"ပွား"ချင်လို့ ကိုယ့်သဘောနဲ့ကိုယ် လုပ်တာဟု နှုတ်လှန်ထိုးကြမည့် လူငယ်များသည် ကိုယ့်ကို ထိုရေပုပ်မြောင်းကြီးထဲ တွန်းချပြီး ပြည်ထဲရေးနှင့် ဝမ်းရေးတို့ထက် လွမ်းရေးခက်သောရေပုပ်စီးကြောင်းကြီးတွင် မျောပါနေစေခြင်း ပရိယာယ်ကို မြင်နိုင်ကြပါစေသတည်း။ ။

**ဒီမိုကရေစီဆိုတာ ဘာလဲဟုမေးလိုက်လျှင် ရှည်ရှည်ဝေးဝေးတွေ လျှောက်ပြောနေကြတာများသာ တွေ့ခဲ့ရသည်။ များရာစု majority က အုပ်စိုးခြင်းဟု ပြောခြင်းမှာလည်း ရာနှုန်းပြည့်မမှန်။ ဒီမိုကရေစီဆိုသည်မှာ နည်းရာစု minority က များရာစု၏ အုပ်စိုးပိုင်ခွင့်ကို အသိအမှတ်ပြုရခြင်းနှင့် များရာစုက နည်းရာစု၏ ပြောရေးဆိုခွင့်ကို လေးစားရခြင်းဖြစ်သည်။**



## ပြည်ထောင်စုစိတ်ဓာတ် အခြေခံ ပင်လုံညီလာခံ

# ပစ္စုပ္ပန်စွမ်းရည်

## တက္ကသိုလ်ဉာဏ

ဗုဒ္ဓမြတ်စွာသာသနာတွင် ကာလပိုင်းခြား အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ သုံးပိုင်းသတ်မှတ်ကာ တန်ဖိုးအရှိဆုံးနှင့် အသုံးချ၍ အကောင်းဆုံးကာလသည် ပစ္စုပ္ပန်ဟု ဟောကြားခဲ့ကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း အသိပင် ဖြစ်ပါသည်။ အတိတ်သည် ပြီးဆုံးသွားပြီဖြစ်၍ လက်တွေ့အကျိုး၊ လက်တွေ့အကောင်အထည်မဖော်နိုင်၊ ဖော်နိုင်ခွင့် မရှိတော့သောကာလဖြစ်သလို အနာဂတ်သည်လည်း မျှော်လင့်ရည်မှန်း(စိတ်ကူးစိတ်သန်း) သဖွယ်သာဖြစ်နေပါသဖြင့် လက်တွေ့လုပ်ဆောင်မှုမပြုနိုင်ပေ။ အထက်တွင် ဗုဒ္ဓမြတ်စွာ၏ ဒေသနာပါ ကာလသုံးပါးသည် လူသားတိုင်း သတ္တလောကကြီး၏ အကြွင်းမဲ့မှန်ကန်မှု ဖြစ်ပါသည်။

မြန်မာယဉ်ကျေးမှုဓလေ့တွင် ရှင်ပြုစဉ်က ရွှေထီးဆောင်းခဲ့သည်ဟု အတိတ်ကာလအပေါ် တင်စားချက်သည် မျက်မှောက်ပစ္စုပ္ပန်နှင့် ခြားနားနေရသလို ကြိုတင်မှန်းဆချက်များအပေါ် "လေထဲမှာ တိုက်အိမ်ဆောက်သလို" ဟူသည့်စကားမှာလည်း အနာဂတ်အတွက် အိပ်မက်ပင်ဖြစ်ရာ လက်တွေ့နှင့် ခြားနားချင်တိုင်း ခြားနားနေပေတော့သည်။

"ပစ္စုပ္ပန်"ဟူသည် လူတစ်ဦးချင်းစီ၊ အစုအဖွဲ့အလိုက်၊ ကျေးလက်တောရွာ၊ မြို့ပြမကျန် ပကတိ တန်ဖိုးအပြည့်ရှိသည့်အချိန်ကာလဟု သတ်မှတ်ဖော်ညွှန်းနိုင်ပါသည်။ ဤပစ္စုပ္ပန်ကာလကို (အချိန်ကို) ရွှေဖြင့်စက်၍ ဖလှယ်ခြင်းငှာ မစွမ်းပါ။ ရွှေဖြင့်ဝယ်၍ ဝယ်မရနိုင်သော အချိန်တိုင်း အချိန်တိုင်းတွင် လူသားတိုင်း အခြေခံအားဖြင့် "စား၊ ဝတ်၊ နေ" ရေးဟူသော မရှိမဖြစ်၊ မလုပ်မဖြစ် စွမ်းဆောင်ရသော အချက်သုံးချက်က ရှိနေနှင့်ပြီဖြစ်ပါသည်။ စားဝတ်နေရေးပြည့်စုံမှု၊ လုံလောက်မှု၊ ဖြည့်ဆည်းပေးနိုင်မှုသည် လူသားတိုင်း(နိုင်ငံသားတိုင်း) မရှိမဖြစ် လိုအပ်ချက်တစ်ရပ်ဟုဆိုက မလွဲနိုင်ပေ။ ဤအချက်သုံးရပ် ဖြည့်ဆည်း၊ ပြည့်စုံ၊ အတိုင်းအတာတစ်ခုထိ ခံစားနိုင်ရေးမှာ "နိုင်ငံရေး" နိုင်ငံအခြေအနေ လူမှုအဖွဲ့အစည်း၏ အရေးတစ်ရပ်၊ ဆောင်ရွက်ရမည့်ကိစ္စဖြစ်လာပါသည်။

"သမဂ္ဂ" ဟူသည် စုစည်းမှု၊ ညီညွတ်မှု၊ ပူးပေါင်းမှု၊ နားလည်နိုင်စွမ်းရည်ပေါင်းသော ပူးပေါင်းခြင်းတို့ကို ဗုဒ္ဓသာသနာအဆုံးအမတွင် သံဃာတော် (ဘုရားသားတော်) ဗုဒ္ဓ၏ သာသနာဝင် ရဟန်းတော်များကို သမဂ္ဂဟူသော ဝေါဟာရဖြင့် ညီညွတ်စည်းလုံးပေါင်းစည်းမှုကို မြွက်ဆိုခဲ့ပါသည်။

လူသားတိုင်းနားလည်ပြီး၊ နားလည်လျက်ရှိသော စည်းလုံးမှုသည်အင်အား၊ ညီညွတ်မှုသည်အား။ ထင်းစည်းကို ခွန်အားသုံး၍ ကျိုးစေသော်လည်း မရသလို၊ အစည်းပြေနေနှင့်ပြီဖြစ်သော ထင်းသားတစ်ချောင်းချင်းစီကိုမူ ခွန်အားသုံး လွယ်ကူစွာပင် ပိုင်းဖြတ်၊ ချိုးဖြတ်၊ ခုတ်လှဲခြင်းကို လွယ်လွယ်ကူကူ အချိန်တိုတွင်း ပြီးမြောက်အောင် ဆောင်ရွက်နိုင်သည်မှာ အားလုံးအသိပင်။

ယနေ့အမိမြန်မာနိုင်ငံတော် (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်) ပစ္စုပ္ပန်ကာလတွင် သမဂ္ဂသဘောဝင်လျက် အတွေးမြင်ကောင်းများရှိပါက ပစ္စုပ္ပန်စွမ်းရည် အမြင့်မားဆုံးသို့ ရောက်ရှိမည့် ရက်လနှစ် အနေအထားကို တွေ့နေရပါသည်။

ပွဲကိုင်ရှင်များသည် နိုင်ငံတော် အကျိုးစီးပွားသက်သက်ကို အခြေခံလျက် ဗဟိုအစိုးရ၊ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် အစိုးရအဖွဲ့များအနေဖြင့် ယန္တရားတစ်ရပ် ထူထောင်မောင်းနှင်လျက်ရှိပါသည်။ ထိုပွဲကိုင်ရှင်များ၏ အမြော်အမြင်ဖြင့် ပစ္စုပ္ပန်ဟူသော မျက်မှောက်တွင် သမဂ္ဂတည်းဟူသော စည်းလုံးညီညာသွေးစည်းမှုဝေခံစားနိုင်သည့် အခြေခံကောင်းကို ရယူစေကြကာ "နှစ်ဆယ့်တစ်ရာစုပင်လုံ"ဟူသော ငြိမ်းချမ်းရေးညီလာခံကြီးကို စနစ်တကျ ပီပီပြင်ပြင် အကောင်အထည်ဖော်နေပြီ ဖြစ်ပါသည်။

ပြည်သူကို အလေးထား၊ ပြည်သူ့သဘောဆန္ဒကို ရှေ့တန်းတင်၊ ပြည်သူ့အကြိုက်ကို သိရှိနားလည်သူတိုင်းသည် နယ်စပ်ဒေသနှင့် ကျေးလက်တောရွာ၊ တောင်ပေါ်မြေပြန့်၊ မြစ်ဝှမ်းချိုင့်ဝှမ်းဒေသများ နက်ရှိုင်းလှသော တောတောင်အနှံ့အပြားရှိ ပြည်သူဟု ပြည်သူပြည်သားဟု ခေါ်ဆိုအပ်သော တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ နှလုံးသားဆန္ဒမှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ ငြိမ်းချမ်းချစ်ခင်စွာ အေးအတူပူအမျှ၊ သဟဇာတဖြစ်ဖြစ်၊ စစ်ဘေးနှင့် ပူပင်ဘေးရန်ကင်းသော အခြေအနေကောင်းဖြင့် ဘဝကို နေထိုင်လိုကြောင်း၊ နေထိုင်ပါမည့်အကြောင်း ဖော်ညွှန်းပြဆို၊ ထုတ်ဖော်ကြပြီးဖြစ်ပါသည်။

အတိတ်၏ ခါးသီးမှုသည် သင်ခန်းစာကောင်းဟူ၍ သတ်မှတ်သင့်ကာ အနာဂတ်ကောင်းအတွက် အိပ်မက်သည်လည်း အခြေခံဉာဏ်ရည် ဉာဏ်သွေးမြင့်လျှင် မြင့်သလို၊ အတွေ့ကြုံကောင်းနှင့် အတတ်ပညာကောင်းများ စသည့် ခိုင်မာသော တော်ဖြောင့်မှန်ကန်သည့် အရည်အသွေးကောင်းများပေါ်မူတည်၍ အမြင့်မားဆုံး အနာဂတ်ဆီသို့ အကောင်အထည်ဖော်နိုင်မည့် သဘောဟု သတ်မှတ်ရပါမည်။

ယခုရက်ပိုင်းကာလတွင် ပြုလုပ်ကျင်းပခဲ့သည့် ၂၁ရာစု ပင်လုံညီလာခံ ငြိမ်းချမ်းရေးညီလာခံကြီးသည် မြန်မာပြည်၏ အနှစ်သာရအရှိဆုံး၊ အလိုအပ်ဆုံး လုပ်ငန်းစဉ်ကို ပွဲကိုင်ရှင်များ ဆောင်ရွက်နေခြင်းအပေါ် အရှေ့တောင်အာရှနိုင်ငံများ၊ ကမ္ဘာ့အင်အားကြီးနိုင်ငံများမှ ပုဂ္ဂိုလ်ကြီးများကပင် ဝိုင်းဝန်း ဝန်းရံ အကူအညီပေးကြကြောင်း သတင်းစာမျက်နှာပေါ်တွင် ထင်ထင်ရှားရှား တွေ့နေရပါသည်။ ထို့အပြင် ကုလသမဂ္ဂအဖွဲ့ကြီး၏ အတွင်းရေးမှူးချုပ်ကြီးပင်လျှင် ကမ္ဘာ့ရေးရာများကြားဗျာများနေရသည့်အထဲ ဤအကျွန်ုပ်တို့၏ "မဟာ (၂၁) ရာစုပင်လုံညီလာခံကြီး"သို့ လာရောက်ပါဝင်ဆင်နွှဲရုံမျှမက သမဂ္ဂဖြစ်စေသော စကားလုံးများဖြင့် စကားပြောခွင့်ကိုပါ တောင်းခံစီစဉ်နိုင်ခဲ့ရာ ပစ္စုပ္ပန်စွမ်းရည် အမြင့်ဆုံးအရှိန်ဟုန်သို့ ရောက်နေပြီဟု ဆိုချင်ပါသည်။ ဆိုရပါမည်။ တက်ရောက်ကြသည့် နိုင်ငံတကာအဖွဲ့အစည်းထုကလဲ မနည်းပါ။ သေးသေးဖွဲဖွဲလေးများကိုပင် များများစားစား အချိန်ယူကာ ညီရင်းအစ်ကိုများ ညှိနှိုင်းခဲ့ပြီးလည်းဖြစ်ပါသည်။ ပစ္စုပ္ပန်စွမ်းရည်မြင့်မားသည်ထက် မြင့်မားလိုလျှင် အမိနိုင်ငံအရေး၊ အမိနိုင်ငံပြည်သူ့ဆန္ဒ၊ နိုင်ငံတကာ အသိုင်းအဝိုင်း၏ ပေါင်းစည်းညီညွတ်စေလိုသော စေတနာ၊ လက်ရှိပွဲကိုင်ရှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ တည်ကြည်ဖြောင့်မှန်သော လုပ်ဆောင်ချက်များကို သေချာထင်ရှားပေါ်လွင်အောင် ကြည့်ရှုသိမြင်ပြီး မြန်မာ့အောင်ပွဲ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး အောင်ပွဲအဖြစ် ကမ္ဘာမှာ မြန်မာ၊ မြန်မာဟာ သမဂ္ဂပြည့်စုံတဲ့နိုင်ငံ၊ သမဂ္ဂအခြေခံသော ပစ္စုပ္ပန်စွမ်းရည် အမြင့်ဆုံးနိုင်ငံအဖြစ် ဖော်ထုတ်လျက် ပွဲကိုင်ရှင်များ၏ မြင့်မားသောဦးဆောင်မှုဖြင့် ထိပ်တန်းရောက် ငြိမ်းချမ်းချစ်ခင်ဖွယ် သစ္စာမေတ္တာဓာတ်များ လွှမ်းသော နိုင်ငံအဖြစ် ကိုယ့်နိုင်ငံသားများသာမက ကမ္ဘာတစ်ဝန်းက ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် ထင်ရှားမြင်တွေ့ကြားသိရပြီဖြစ်ပါသည်။ အဖွဲ့အစည်းအသီးသီး၊ ခံယူချက် စွဲကိုင်ချက်အသီးသီးဖြင့် ရပ်တည်နေထိုင်နေသူအားလုံးတို့သည် ပစ္စုပ္ပန်ကာလ၏ ဦးဆောင်သူ၊ တာဝန်ရှိသူအဖြစ် တာဝန်သိသိရပ်တည်ကာ သမဂ္ဂဖြစ်ရေးကို အဘက်ဘက်မှ ပံ့ပိုးမှုရှိချိန် အချိန်ကောင်း၊ အခါကောင်း၌ နောင်တစ်ချိန် အနာဂတ်မှာပင် ဖြစ်နိုင်ခြေ၊ ရနိုင်ခြေနည်းပါးလှသည့် စည်းလုံးပေါင်းစည်းမှု ငြိမ်းချမ်းရေးကို ကိုယ့်အချိန်၊ ကိုယ့်ကာလ၊ ကိုယ်တိုင်ပါဝင်လျက် (၂၁)ရာစုပင်လုံညီလာခံကြီးကို ရင့်ကော့ မျက်နှာပြုံးရွှင် မော့မော့စွင့်စွင့် ဝင့်ဝင့်ကြွားကြွားပါဝင်လျက် ညီညွတ်သူအဖြစ်ပါကာ သမိုင်း၏ ကြယ်ပွင့်များထဲက မှတ်တမ်းဝင် ကြယ်ပွင့်တစ်ပွင့်အဖြစ် လင်းလက်စေမည်မှာ ဧကန်အမှန်ဖြစ်ပါမည်။

ပစ္စုပ္ပန်စွမ်းရည်သည် ပစ္စုပ္ပန်ဟူသော မျက်မှောက်ကာလ At Present ဖြစ်ဆဲ ကာလလေးတွင်ပင် ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ဗုဒ္ဓသာသနာ၌ ယခုကောင်းမှ နောင်ကောင်းမည်။ ယခုပစ္စုပ္ပန်ကာလလေးကို အကောင်းဆုံးဖြစ်စေရန်အတွက် မြင့်မြတ်သော စာနာနားလည်ချစ်ခင်ဖေးမမှုနှင့် ဖြစ်ပေါ်တည်ရှိနေပြီး သဘာဝပထဝီအနေအထားအရ ပေါင်းစပ်စုစည်းနေထိုင်ကြလျက်ရှိပြီး လူသား(တိုင်းရင်းသားလူမျိုး) အားလုံးတို့သည် ရှေးရေစက်နှင့် အကြောင်းအကျိုးအခြေခံကာ ပေါင်းစည်းညီညွတ်ခြင်း သမဂ္ဂအားကိုးယူလျက် ပစ္စုပ္ပန်စွမ်းရည်ကို မိုးထိအောင် လှေခါးထောင်ကာ ကမ္ဘာ့အလယ်မှာ တင့်တယ်စွာ ပြကြပါစို့၊ ပြရမှာပါလို့. . .။

---

### ငြိမ်း ချမ်း ရေး ပန်း တိုင်

သားချင်းတွေစုစည်းတည်ထောင်တဲ့
ပြည်ထောင်စုကမ္ဘာတည်အောင်
ဒို့အားလုံးစွမ်းဆောင်. . . . .
ငြိမ်းချမ်းတဲ့ပြည်ထောင်အရေး
နွေးထွေးစွာဆွေးနွေးအဖြေရှာကြ. . . . .
အပေးအယူမျှတ
အဖေးအကူလှလှ
တန်းတူအညီအမျှ
ဒီမိုကရေစီနည်းကျ
ဖက်ဒရယ်ဘဝကျကျနန
အေးအတူပူအမျှ
ဒေသတွေလှလှပပ
အခြေကျ အနေလှစေဖို့
စစ်ဘေးဒုက္ခဟူသမျှ
လုံးဝမရှိရလေအောင်
စွမ်းဆောင်လို့ ကြိုးပမ်း
ငြိမ်းချမ်းရေးပန်းတိုင်
လှမ်းကိုင်ဖို့မဝေးတော့ဘူး
မနေးအမြန်အပြေးအမှန်လာခဲ့ပါ
ဒို့ သွေးရင်းသားချင်း. . . . .

ဆရာငြိမ်း



❊ **စီးပွားရေးမှ**

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့် ဘရူနိုင်းဘုရင်၏ မိဖုရားတို့သည် ဘုရင့်နန်းတော်အတွင်း၌ သီးခြားတွေ့ဆုံခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် Royal Regalia ဘုရင့်အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယနေ့ နံနက်ပိုင်းကလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်ဇနီး၊ တာဝန်ရှိသူများနှင့်အတူ ဘရူနိုင်းနိုင်ငံ၏မြို့တော်ရှိ အစ္စလာမ်ဘာသာဝတ်ပြုကျောင်း Masjid Sultan Omar Ali Saifuddin သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး ဘန်ဒါဆရီဘီဂါဝန်အနီး Kampong Ayes ရေပေါ်ရွာသို့ သွားရောက်ကာ Kampong Ayes Caltural and Tourism Gallery သို့ ရောက်ရှိလေ့လာကြသည်။**(ယာပုံ)**

**(သတင်းစဉ်)**





# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည်။



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံကျင်းပရေး ပူးတွဲကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

သတင်းစာ ရှင်းလင်းပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးပူးတွဲကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ဦးလှမောင်ရွှေ၊ ဦးဇော်ဌေး၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် စိုင်းကျော်ညွန့်တို့က ပြည်တွင်းပြည်ပသတင်းမီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

ညီလာခံကျင်းပမှုကို တိုက်ရိုက်ထုတ်လွှင့်သည့်အတွက် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအဖွဲ့အသီးသီး၏ ရပ်တည်ချက်ကို နိုင်ငံတကာနှင့် ပြည်သူအားလုံး ပွင့်လင်းမြင်သာစွာ သိရှိခွင့်ရခဲ့ကြောင်း၊ အနာဂတ်တွင် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကိုသွားရန်၊ ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးမှုဖြင့်သာ အဖြေရှာရန် အားလုံးက သဘောတူခဲ့ကြောင်း၊ နှစ်ပေါင်း ၆၀ ကျော်အတွင်း တိုင်းရင်းသားများ၏ သဘောထားရပ်တည်ချက်များကို ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် ပြောကြားခွင့်ရခဲ့ကြောင်း တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပရေး ပူးတွဲကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ပြီး အစိုးရအစုအဖွဲ့မှ ၁၅ ဦး၊ EAO အစုအဖွဲ့ မှ ၁၅ ဦး၊ နိုင်ငံရေးပါတီအစုအဖွဲ့မှ ၁၃ ဦး တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

❂ **ကျောဖုံးမှ**

ပတ်စတာနက်သည် ၁၃ ပွဲမြောက်အဖြစ် အောင်လအန်ဆန်နှင့် ထိုးသတ်ခြင်းဖြစ်ပြီး ပြီးခဲ့သည့် ၁၂ ပွဲတွင် ၁၁ ပွဲနိုင် တစ်ပွဲရှုံးနိမ့်ထားသည်။ အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ပြိုင်ပွဲများဆက်တိုက်ယှဉ်ပြိုင်လျက်ရှိပြီး တတိယအကြိမ်ထိုးသတ်မည့်ပွဲလည်းဖြစ်သည်။ အောင်လအန်ဆန်သည် မြန်မာနိုင်ငံ၌ ပထမဆုံးထိုးသတ်သည့်ပွဲကို မတ်လအတွင်းက ကျင်းပခဲ့ရာ အီဂျစ်နိုင်ငံသား မိုဟာမက်အလီကို အနိုင်ရခဲ့သည်။ ထို့ပြင် ဇူလိုင်လဆန်းပိုင်းက တရုတ်နိုင်ငံ၌ကျင်းပခဲ့သည့် ပြိုင်ပွဲတွင်လည်း အောင်လအန်ဆန်သည် ရုရှားနိုင်ငံသား ဘူတိုရင်ကို ထပ်မံအနိုင်ရရှိခဲ့သည်။ အောင်လအန်ဆန်သည် မူလကမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲ ထိုးသတ်ရန် လက်ရှိချန်ပီယံ ရုရှားနိုင်ငံသားကို ကမ်းလှမ်းခဲ့သော်လည်း ၎င်းမှာ ဝိတ်လျော့ခဲ့သောကြောင့် ယင်းအတန်းတွင် ထိုးသတ်ခွင့်မရတော့ပေ။

အောင်လအန်ဆန် ထိုးသတ်မည့် MMA ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၆ ရက်တွင် ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ယင်းသတင်းစာရှင်းလင်းပွဲ တက်ရောက်ရန် စက်တင်ဘာ ၄ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်သည်။

# ချေးငွေအစောဆုံးပေးဆပ်ခဲ့သော သမအသင်းများအား ဂုဏ်ပြု

**ဘားအံ စက်တင်ဘာ ၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် သမဝါယမဦးစီးဌာနမှ ပထမအကြိမ်မြောက် ချေးငွေအစောဆုံး တာဝန်ကျေပေးဆပ်နိုင်ခဲ့သောအသင်းများကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက ဘားအံမြို့ ပြည်နယ်သမဝါယမဦးစီးဌာနတွင် ဂုဏ်ပြုချီးမြှင့်ပွဲပြုလုပ်ခဲ့သည်။

ဘားအံမြို့နယ်အတွင်း ကျေးရွာနေပြည်သူများ၏ လယ်ယာစီးပွားရေးလုပ်ငန်းများအတွက်အထောက်အကူဖြစ်မည့် အခြေခံကျေးရွာသမဝါယမအသင်းစုပေါင်း ၁၆၃ သင်းဖွဲ့စည်းထားရှိပြီး ချေးငွေအစောဆုံး တာဝန်ကျေ ပေးဆပ်နိုင်ခဲ့သောအသင်းများတွင် တံတားဦးကျေးရွာ သုံးရာသီ စိုက်/ထွေအသင်းက ပထမဆု၊ ရှောက်ကုန်းကျေးရွာ နွေမိုးဆောင်း စိုက်/ထွေအသင်းက ဒုတိယဆု၊ ပျဉ်းကတိုးကုန်းကျေးရွာ ရွှေဝါထွန်း စိုက်/ထွေအသင်းက တတိယဆု၊ ဆင်ကျုံးကျေးရွာ ပြည့်ဝ(၁) စိုက်/ထွေအသင်းက စတုတ္ထဆုနှင့် မီးပုန်းကျေးရွာ မီးပုန်းစိုက်/ထွေအသင်းကပဉ္စမ ဆုရအသင်းတို့အား တစ်သင်းလျှင် ဂုဏ်ပြုဆုငွေ ခြောက်သောင်းစီ ချီးမြှင့်သည်။ အဆိုပါဂုဏ်ပြုဆုများကို ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးတို့က ပေးအပ်ကာ နှုတ်ဆက်စကားပြောကြားသည်။

**နေမျိုးလွင်(ဘားအံ)**

○ **မြန်မာယူ - ၁၉ မှ**

၃၂ မိနစ်တွင် ယူ-၁၉ အသင်း ဂိုးစရခဲ့ပြီး ရွှေကိုက သွင်းယူခဲ့သည်။ ဂိုးစရခဲ့သော်လည်း ဦးဆောင်ဂိုးကို မထိန်းနိုင်ခဲ့ဘဲ ၃၇မိနစ်တွင်ယူ-၁၆ အသင်းအတွက် ထက်ဖြိုးဝေ၏ ချေပဂိုးသွင်းယူမှုကို ခွင့်ပြုခဲ့ရသည်။ ၄၁ မိနစ်တွင် ယူ-၁၉ အသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး မြတ်ထွန်းသစ်က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမား အပြောင်းအလဲပြုလုပ်ခဲ့ပြီး ၅၉ မိနစ်တွင် ပြည့်စုံနိုင်က ယူ-၁၆ အသင်းအတွက် ဒုတိယချေပဂိုး သွင်းယူခဲ့သည်။ သရေဖြစ်ပြီး နောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၈၂ မိနစ်တွင် ဝေယံက အဝေးမှကန်သွင်းကာ ယူ-၁၉ အသင်းအတွက် အနိုင်ဂိုးရယူပေးခဲ့သည်။ ယူ-၁၉ အသင်းသည် အာဆီယံယူ-၁၉ ပြိုင်ပွဲ ယှဉ်ပြိုင်ရန်အတွက် အပြီးသတ်ရွေးချယ်ရန် ခြေစမ်းပွဲများ ကစားနေခြင်းဖြစ်သည်။

# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း အာရှခြေစစ်ပွဲတွင် နိုင်ပွဲဆက်

**ဘန်ကောက် စက်တင်ဘာ ၃**

ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသည့် အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(က) စတုတ္ထနေ့ပွဲများကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာအသင်းက ဂျော်ဒန်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး နိုင်ပွဲဆက်ခဲ့သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် နှစ်ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်ပြီး အနိုင်ဂိုးများကို ၁၇၊ ၃၄ မိနစ်တွင် ဝင်းစန္ဒာထွန်း၊ ၅၇ မိနစ်တွင် ကြည်ပြာလင်း၊ ၅၉ မိနစ်တွင် စန်းသော်သော်တို့က သွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် ထိုင်းအသင်းက သုံးပွဲကစား ကိုးမှတ်၊ လာအိုအသင်းက ပွဲကုန်လေးပွဲကစား ကိုးမှတ်၊ မြန်မာအသင်းက သုံးပွဲကစား ခြောက်မှတ်၊ ဂျော်ဒန်နှင့် ဂူအမ်အသင်းတို့က အမှတ်မရသေးပေ။ မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၅ ရက်တွင် အိမ်ရှင် ထိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**



# မျိုးကောင်းမျိုးသန့်မျိုးစေ့သုံးစွဲရေး ကွင်းဆင်းဆောင်ရွက်

**ထီးချိုင့် စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးမျိုးစေ့တာဝန်ခံ ဒေါ်ခင်သင်းကျော်သည် ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင် မြေ၊ မျိုး၊ ပိုးတာဝန်ခံများ၊ မြို့နယ်ဦးစီးမှူး ဦးဇော်ဦးနှင့် စိုက်ပညာရှင်များလိုက်ပါလျက် ထီးချိုင့်မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်မှုများပြုလုပ်ရာ ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ထီးချိုင့်မြို့နယ် ဒိုးပင်အုပ်စု မိချောင်းအိုက်ကျေးရွာခန်းမတွင် စပါးစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးမျိုးစေ့တာဝန်ခံ ဒေါ်ခင်သင်းကျော်က ရေဝတီမြစ်ရေကြောင့် မိုးစပါးပျက်စီးမှုအပေါ် အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေး နည်းလမ်းများ၊ ပျက်စီးမှုမရှိဘဲ ပုံမှန်ကောင်းမွန်သော စပါးခင်းများ အထွက်နှုန်းတိုးတက်ရေးအတွက် ပေါင်းမြက်နှိမ်နင်းရေး၊ သွင်းအားစုဓာတ်မြေဩဇာများ အချိန်ကိုက် အချိုးကျအသုံးပြုနိုင်ရေး၊ မျိုးကောင်း မျိုးသန့်မျိုးစေ့များသုံးစွဲရေး၊ မျိုးစေ့များကို ဆားရည်စိမ်နည်းစနစ်အသုံးပြုရေး၊ မျိုးစေ့နှုန်းထားမှန်ကန်စွာ အသုံးပြုရေးတို့ကို ညှိနှိုင်းဆွေးနွေးပြီး ခရိုင်ဦးစီးမှူး ဦးမောင်မောင်၊ ခရိုင်မြေ၊ မျိုး၊ ပိုးတာဝန်ခံတို့ကလည်း ကဏ္ဍအလိုက် နည်းပညာပေးဆွေးနွေးကြသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ဆောင်းရာသီစိုက်ပျိုးမည့် သီးနှံမျိုးလိုအပ်ပါက အချိန်မီတင်ပြနိုင်ရေး၊ ယခုအချိန်သည် မိုးစပါးများ ပေါင်းမြက်နှိမ်နင်းရေး၊ ပိုးမွှားကာကွယ်ရေး၊ သွင်းအားစုဓာတ်မြေဩဇာ အချိုးကျ ရောစပ်အသုံးပြုရေးတို့ကို ပြောကြားသည်။

ထို့နောက် ဒေါ်ခင်သင်းကျော်နှင့်အဖွဲ့သည် ဒိုးပင်ကျေးရွာနှင့် မိချောင်းအိုက်ကျေးရွာတွင် ဧရာဝတီမြစ်ရေကြောင့် ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများကို ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ထီးချိုင့်မြို့နယ် ကွင်းကြီးကျေးရွာတွင် မိုးစပါး GAP စနစ်ဖြင့် စိုက်ပျိုးထားသော ဆင်းကေရီ-၃ ဧက ၃၀ နှင့် မျိုးထုတ်ကွက် ဧက ၂၀ စိုက်ပျိုးထားမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ-ထီးချိုင့်)**

☐ ရှေ့ဖုံးမှ

## ပြည်သူများ၏လက်တွေ့ဘဝကိုမြှင့်တင်ပေး

အစိုးရအစုအဖွဲ့မှ ဦးအောင်ကြည်က စစ်ပွဲများသည် နိုင်ငံနှင့်နိုင်ငံသားများအပေါ်တွင် ပျက်စီးဆုံးရှုံးစေခဲ့ခြင်းဖြစ်သည့်အတွက် နောက်ထပ်ဆုံးရှုံးမှုများ ထပ်မံမဖြစ်ပေါ်စေရန် မိမိတို့အားလုံးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တက်ညီလက်ညီ အကောင်အထည်ဖော်နေကြခြင်းဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရန်အတွက် အခြေခံလိုအပ်ချက်မှာ ပြည်သူများ၏ လက်တွေ့ဘဝကို မြှင့်တင်ပေးနိုင်ရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် နိုင်ငံတော်ကဦးဆောင်ပြီး ပုဂ္ဂလိကဘက်ကလည်း တက်တက်ကြွကြွ ပါဝင်ရန်လိုအပ်ကြောင်း၊ ငြိမ်းချမ်းလာသည့်ဒေသများတွင် စီးပွားရေးလုပ်ငန်းအသစ်များတည်ဆောက်၍ အလုပ်အကိုင်အခွင့်အရေးများကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းအသစ်များ တည်ထောင်သည့်နေရာတွင် လူမှုရေးအရ တာဝန်ရှိမှုကိုလည်း လိုက်နာရန်လိုအပ်သကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ သယံဇာတပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးသွားရန် အရေးကြီးကြောင်း။

အဆိုပါဒေသများတွင် ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန်အတွက် တိုက်တွန်းစေ့ဆော်ပေးရမည်ဖြစ်သည့်အပြင် လုပ်ငန်းများကို ဒေသခံတိုင်းရင်းသားများက ကြိုဆိုလက်ခံနိုင်ကြရန်လိုကြောင်း၊ လက်နက်စွဲကိုင်ခဲ့သည့် လူငယ်များ၏ ပညာရေးအခွင့်အရေး၊ ကျန်းမာရေးအခွင့်အရေး၊ စီးပွားရေးအခွင့်အရေးများကိုလည်း ဖွင့်လှစ်ပေးရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းပြီးသည့်ဒေသများတွင် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိမည့် အလားအလာများသည်လည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ချိန်က ယမ်းငွေ့များနှင့် ဝေခဲ့သည့် နေရာများကို မီးခိုးတလူလူဝေနေသည့် စက်ရုံများ၊ အလုပ်ရုံများနှင့် အစားထိုးနိုင်ရန် မိမိတို့ကြိုးစားကြရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

### ရပိုင်ခွင့်များကို အပြည့်အဝကာကွယ်

ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးငိုင်ဆာခ့်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်ရှိခြင်း၊ အချုပ်အခြာအာဏာ(၃)ရပ် ပိုင်းခြားကျင့်သုံးခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးဖွဲ့စည်းခြင်း၊ ပြည်နယ်လွှတ်တော်ရှိခြင်းစသည့်အချက်များ ပါရှိရုံဖြင့် ဖက်ဒရယ်ဆိုင်ရာ သီအိုရီသဘောတရားများနှင့် ညီညွတ်သည့်ဖက်ဒရယ်စနစ်၏ ဝိသေသလက္ခဏာများပါရှိသည့် ဖွဲ့စည်းပုံဟုခေါ်ဆို၍ မရပါကြောင်း၊ မိမိတို့နိုင်ငံတွင် လိုအပ်နေသည်မှာ ပညာရှင်တစ်ယောက်၏ သဘောတရားကို ကိုးကား၍ တည်ဆောက်မည့်ဖက်ဒရယ်စနစ်မျိုးမဟုတ်ပါကြောင်း၊ လက်တွေ့ကျင့်သုံးရာတွင် တန်းတူညီမျှရှိပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသည့် ဖက်ဒရယ်စနစ်မျိုးကို လိုအပ်နေခြင်းဖြစ်ကြောင်း၊ လူနည်းစုများ၏ လူမျိုးရေး၊ ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များကို အပြည့်အဝကာကွယ်ပေးပြီး အာမခံချက်ရှိသည့် ဖက်ဒရယ်စနစ်မျိုးဖြစ်ပါကြောင်း။

တပ်မတော်ကို မြန်မာ့တပ်မတော်အဖြစ် ဖွဲ့စည်းခြင်းမပြုဘဲ တိုင်းရင်းသားလူမျိုးများ အချိုးတူပါဝင်၍ တန်းတူညီမျှသော အခွင့်အလမ်းရရှိသည့် ပြည်ထောင်စုတပ်မတော်အဖြစ် ဖွဲ့စည်းတည်ထောင်သင့်ပါကြောင်း၊ တပ်မတော်ကို အရပ်သားကာကွယ်ရေးဝန်ကြီး၏ လက်အောက်တွင်ထားရှိရမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုသာ ထမ်းဆောင်နိုင်ရန် အခြေခံဥပဒေအရ ကန့်သတ်ပြဋ္ဌာန်းပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတပ်ဖွဲ့များကို ပြည်နယ်အစိုးရလက်အောက်တွင်ထားရှိပြီး ပြည်နယ်အေးချမ်းတည်ငြိမ်ရေးတာဝန်ကိုရယူရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

### အခွန်ကောက်ခံရမည့် နယ်ပယ်ကို တိုးချဲ့ဆောင်ရွက်

တပ်မတော်မှ ဗိုလ်မှူးကြီး ကျော်စိုးဦးက တိုင်းဒေသကြီး(သို့) ပြည်နယ်အစိုးရအဖွဲ့အစည်းများအနေဖြင့် ဥပဒေနှင့်စီမံခန့်ခွဲရေးပိုင်းဆိုင်ရာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပြီး ကျွမ်းကျင်ဝန်ထမ်းများဖြင့်သာ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများအတိုင်း စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း၊ အခွန်ကောက်ယူရာတွင် အခွန်နှုန်းထားတိုးမြှင့်ကောက်ခံခြင်းထက် အခွန်ကောက်ခံရမည့် နယ်ပယ်ကို တိုးချဲ့ဆောင်ရွက်သင့်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများနှင့် အခြေခံလူတန်းစားများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် အထူးဂရုပြုဆောင်ရွက်သင့်ကြောင်း။

တန်းတူညီမျှမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် အခွန်စနစ်နှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုစနစ်များ ဖြစ်ထွန်းလာအောင်ဆောင်ရွက်သင့်ကြောင်း၊ အခွန်တိမ်းရှောင်မှုနှင့် အဂတိလိုက်စားမှုများမရှိစေရေးအတွက် အခွန်ကောက်ခံသူ ဝန်ထမ်းများအပါအဝင် အဂတိလိုက်စားမှုနှင့် ဆက်စပ်သူများကိုပညာပေးခြင်း၊ ထိန်းချုပ်ဟန့်တားခြင်းနှင့် ဥပဒေကြောင်းအရ ထိရောက်စွာအရေးယူခြင်းများ ဆောင်ရွက်သင့်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် အခွန်ဘဏ္ဍာငွေကောက်ခံရရှိမှု အချိုးအစားပမာဏ တူညီမှုမရှိနိုင်သည့်အားလျော်စွာ ပြည်သူလူထု၏ လူမှုစီးပွားဘဝ လိုအပ်ချက်များကို အချိုးညီစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် နှစ်စဉ်ပြည်ထောင်စုဘဏ္ဍာငွေမှ ခွဲဝေမှုကိုလိုအပ်သလို ထိန်းညှိဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးသည်။

### စားပွဲဝိုင်းဖြေရှင်းနည်းဖြင့် ဖြေရှင်း

လွှတ်တော်အစုအဖွဲ့မှ ဦးသိမ်းဆွေက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူကို ကတိပြုထားသည့်အတိုင်း တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ဦးတည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ၏ အရင်းအမြစ်များကို ဖယ်ရှားရန်၊ အာဃာတကင်းစင်ပြီး ပင်လုံစိတ်ဓာတ်ကို အခြေခံသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများမှတစ်ဆင့် ပြည်သူ့ဘဝလုံခြုံအေးချမ်းစေမည်ဖြစ်ကြောင်း၊ လွတ်လပ်ခြင်း၊ တူညီသောအခွင့်အရေးရရှိခြင်းနှင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရှိခြင်းများနှင့် ပြည့်စုံသော စစ်မှန်သည့်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်မည်ဖြစ်ကြောင်း။

UPDJC ၏ အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့ပါဝင်သော (၃)စုပါ အစုအဖွဲ့တွင် အတွင်းရေးမှူးအဖွဲ့၌ လွှတ်တော်ကိုယ်စားပြု ကိုယ်စားလှယ် တစ်ဦးပါဝင်ရန် တင်ပြခြင်းမှာ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးမှာ ပြည်သူက ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နီးကပ်စွာ ပူးပေါင်းပါဝင်လက်တွဲ ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ သို့မှသာ ဒုတိယအချက်ဖြစ်သော (၂၁)ရာစုပင်လုံ ပထမအကြိမ်အစည်းအဝေးကြီး အပြီးတွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်သော နိုင်ငံရေးဆွေးနွေးပွဲများ၊ လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ဆက်လက်ဆွေးနွေးကြမည်ဖြစ်သည့် အမျိုးသားအဆင့် ဆွေးနွေးပွဲများတွင် ပါဝင်လက်တွဲဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီး၊ (၂၁)ရာစုပင်လုံညီလာခံကြီး၏ ဆွေးနွေးပွဲအဆင့်ဆင့်များမှတစ်ဆင့် ရရှိလာသော အစီအစမ်များကို ရေးဆွဲဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အနာဂတ်တွင် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားအောင် အကောင်အထည်ဖော်နိုင်ရန်အတွက် သယံဇာတစီမံခန့်ခွဲခြင်းနှင့် ခွဲဝေမှုဆိုင်ရာ စီမံကိန်းများတွင် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုများ တိုးတက်အားကောင်းလာစေရန် လုပ်ဆောင်သင့်ပါကြောင်း ဆွေးနွေးသည်။

### မတူခြားနားမှုများ ပေါင်းစည်းထား

ပါဝင်သင့် ပါဝင်ထိုက်သူများမှ ဦးဇော်ဌေးက နိုင်ငံရေးအရကြည့်မည်ဆိုပါက လူမှုဘဝ၊ ယဉ်ကျေးမှု၊ နိုင်ငံရေးဝိသေသလက္ခဏာများကို အခြေခံ၍ အချိုးညီဖြစ်သင့်သည်ဆိုသည်ကို အများဆုံး စဉ်းစားတတ်ကြပါကြောင်း၊ နိုင်ငံကိုအလျားလိုက် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ စဉ်းစားချက်ဖြစ်ပါကြောင်း၊ အဆိုပါမေးခွန်းနှင့်ပတ်သက်သည့် အဖြေကိုရွေးချယ်ရာတွင် နိုင်ငံ၏ပထဝီဝင်အခြေအနေ၊ ပထဝီဝင်နိုင်ငံရေးအခြေအနေ၊ ပထဝီဝင် ဘောဂဗေဒအခြေအနေများကို ဆက်စပ်စဉ်းစားကြဖို့လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ မတူခြားနားမှုများ ပေါင်းစည်းထားသည့်အပြင် သမိုင်းကြောင်းတစ်လျှောက် ဒေသန္တရဖွံ့ဖြိုးရေးကို မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ခဲ့သည်ကို ထည့်သွင်းစဉ်းစားသုံးသပ်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ အချို့သော ပြည်နယ်များသည် ပထဝီကပေးသည့် ဖြစ်တည်မှုအခြေအနေအရ ဗဟိုအစိုးရ၏ ကူညီပံ့ပိုးမှုမဖြစ်မနေ လိုအပ်ပါကြောင်း၊ အချို့သော ပြည်နယ်များ


ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်


ဦးအောင်ကြည်


ဗိုလ်မှူးကြီးကျော်စိုးဦး


ဦးအေးမင်း

ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူညီချက် (Union Accord)ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုရာတွင် ပိုမိုလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

### စီမံကိန်းများကို ယာယီအားဖြင့် ရပ်ဆိုင်း

ထားဝယ်တိုင်းရင်းသားများပါတီမှ ဦးအေးမင်းက အခွန်နှင့်ဘဏ္ဍာငွေ ခွဲဝေမှုများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် တိကျစွာသတ်မှတ်ပြဋ္ဌာန်းထားသော ဝင်ငွေနှင့် အခွန်ခွဲဝေခံစားသင့်သည့် ရာခိုင်နှုန်းအချိုးအစားကို တိကျစွာသတ်မှတ်ရေးမှာ များစွာအရေးကြီးပါကြောင်း၊ အခွန်နှင့်ဘဏ္ဍာငွေ ခွဲဝေမှုအချိုးအစားကို ဥပဒေကဲ့သို့သော ခိုင်မာသည့် စည်းမျဉ်းများဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားများသည် သဘာဝတောတောင်ရေမြေများကို အမှီပြုပြီး သဟဇာတဖြစ်စွာ အသက်မွေးမှုပြုကြရသည်ဖြစ်ရာ ၎င်းတို့ဒေသများရှိ သဘာဝတောတောင်များအား အသုံးပြုခွင့်၊ ထိန်းသိမ်းစောင့်ရှောက်ခွင့် ရှိရမည်ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အကြောင်းပြုကာ မြေယာဧကသိန်းသန်းချီအား ထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းခြင်းကို အားမပေးပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အမည်ခံကာ သိမ်းယူထားသော မြေယာများ ပြန်ပေးရန်လိုအပ်ပါကြောင်း၊ ပြန်ပေးရန်လည်း အလေးအနက်တိုက်တွန်းလိုပါကြောင်း။

သဘာဝဓာတ်ငွေ့၊ သစ်တော၊ သတ္တုစသည့်အမျိုးမျိုးသော သဘာဝသယံဇာတကို သက်ဆိုင်ရာ ပြည်နယ်များအလိုက် ပြည်ထောင်စုအစိုးရနှင့် အချိုးညီစွာ စီမံခန့်ခွဲပိုင်ခွင့်ရရှိရေးသည် အရေးပါပါကြောင်း၊ ဗဟိုအစိုးရ၏ လိုအပ်ချက်တစ်ခုတည်းဖြင့် စီးပွားရေးစီမံကိန်းများ၊ စီမံချက်များကို မဖော်ဆောင်သင့်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်မှန်သော ငြိမ်းချမ်းရေးကို မရရှိမီစပ်ကြား တိုင်းရင်းသားဒေသများရှိ သယံဇာတတူးဖော်ထုတ်လုပ်သော စီမံကိန်းများ ထပ်မံခွင့်မပြုရန်နှင့် ရှိနှင့်ပြီး စီမံကိန်းများကို ယာယီအားဖြင့် ရပ်ဆိုင်းထားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

### ခေတ်နှင့်အညီပြင်ဆင်ဖြည့်စွက်

တပ်မတော်အစုအဖွဲ့မှဗိုလ်မှူးကြီး ဇော်ဝင်းထွန်းက အစိုးရအဆင့်ဆင့်အနေဖြင့် သယံဇာတအသစ်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် အသေးစိတ်တွက်ချက်ခြင်းများကို ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး တစ်ဆက်တည်းမှာပင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းများကိုလည်း အခြေအနေအရပ်ရပ်အပေါ် ချိန်ဆ၍ လုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မျက်မှောက်ကာလတွင် သယံဇာတစီမံခန့်ခွဲမှုနှင့် ခွဲဝေမှုများ ဆောင်ရွက်ရာတွင် မှန်ကန်မျှတရန်နှင့် လက်ရှိဖြစ်ပေါ်နေသော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဥပဒေများ လုပ်ထုံးလုပ်နည်းများကို ခေတ်နှင့်အညီ ပြင်ဆင်ဖြည့်စွက် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သယံဇာတဝင်ငွေမှရရှိသည့် ဝင်ငွေများကို အနာဂတ်မျိုးဆက်သစ်များအတွက် ရင်းနှီးမြှုပ်နှံရန်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရန်နှင့် သယံဇာတအပေါ် အခြေမခံသည့် နိုင်ငံ၏စီးပွားရေးလုပ်ငန်းများတွင် ဖြန့်ကြက်၍ ရင်းနှီးမြှုပ်နှံထားနိုင်ရန်အတွက် ကောင်းမွန်ပြည့်စုံသော သည် သဘာဝသယံဇာတ အရင်းအမြစ်များ ကြွယ်ဝနေသည့်အတွက် ဗဟိုအစိုးရ၏ ကူညီပံ့ပိုးမှုကို မှီခိုစရာမလိုဘဲ ရပ်တည်နိုင်အောင် ကြိုးစားသွားနိုင်သည့် အနေအထားမျိုးရှိပါကြောင်း၊ ထို့ကြောင့် အချိုးညီဖက်ဒရယ် သို့မဟုတ် အချိုးမညီဖက်ဒရယ်ဆိုသည့် မူသဘောကို ဦးစွာရွေးချယ်ရန် အရေးကြီးကြောင်း။

ဖက်ဒရယ်ဆိုသည်မှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် စသည့် ပိုင်းခြားကွဲပြားမှုကို ခွဲဝေခြင်းဖြစ်ပြီး တစ်ချိန်တည်းမှာပင် အဆိုပါပိုင်းခြားမှုများကို ပြန်လည်စုစည်းခြင်းဖြစ်သည့်အတွက် ဝိရောဓိအသွင်ဆောင်ပါကြောင်း၊ ဆန့်ကျင်ဘက်နှစ်ခုပေါင်းစည်းမှုအောင်မြင်ပြီး ဟန်ချက်တည်ငြိမ်ရေးအတွက် သော့ချက်မှာ ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါကြောင်း၊ မတူကွဲပြားသည့် ဒေသန္တရများ၊ လူမျိုးစုများ၏ ဝိသေသလက္ခဏာကို မြှင့်တင်ပေါင်းစည်းခြင်းမှတစ်ဆင့် ဘုံအမျိုးသားရေးဆိုင်ရာ ဝိသေသလက္ခဏာ National Identity ကို ခိုင်မာအောင် တည်ဆောက်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ အာဏာခွဲဝေမှု (Power Sharing)၊ အခွန်အကောက်ခွဲဝေရေး (Tax Sharing)၊ သယံဇာတခွဲဝေရေး (Resource Sharing) နှင့်တာဝန်သိ၊ တာဝန်ယူမှုခွဲဝေရေး (Accountability Sharing) လည်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

### အင်္ဂါရပ် (၇)ရပ်

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီမှ ခွန်စိုးမြင့်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၅၃ - (က) ကို ကြည့်ခြင်းအားဖြင့် ပြည်နယ်သစ်များဖွဲ့စည်းခွင့်ကို ပေးထားသလို ဖြစ်သော်လည်း ပုဒ်မ ၅၃ - (ဃ)၊ (င)၊ (စ) တို့သည် တိုင်းရင်းသားတန်းတူရေးကို ပြန်လည်အဟန့်အတားဖြစ်စေပါကြောင်း၊

၁၉၄၇ ခုနှစ် ဖ. ဆ. ပ. လ ပဏာမညီလာခံတွင် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေညှိနှိုင်းရေးဆွဲကြရာ၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များက လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဖွဲ့စည်းတည်ဆောက်ကြစဉ်က အင်္ဂါရပ် (၇)ရပ်နှင့် ပြည့်စုံသည့် တိုင်းရင်းသားလူမျိုးများကို ပြည်ထောင်စုဝင် ပြည်နယ်များအဖြစ် သတ်မှတ်ပေးရမည်ဟု သတ်မှတ်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းအခြေခံ အင်္ဂါရပ်(၇)ရပ်မှာ ပထဝီအနေအထားအရ နယ်နိမိတ်အထင်အရှားရှိခြင်း၊ ဗမာစကားနှင့် မတူသော ဘာသာစကားတစ်မျိုးတည်းရှိခြင်း၊ ယဉ်ကျေးမှုတစ်မျိုးတည်းရှိခြင်း၊ ရာဇဝင်အစဉ်အလာတစ်မျိုးတည်းရှိသော လူမျိုးစုဖြစ်ခြင်း၊ စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးနှင့် စီးပွားရေးလုံလောက်မှုရှိသော လူမျိုးစုဖြစ်ခြင်း၊ လူဦးရေ အတော်အတန်ရှိခြင်း၊ ပြည်ထောင်စုအဖွဲ့ဝင် ဒေသတစ်ခုအဖြစ် နေထိုင်လိုသောဆန္ဒရှိခြင်းတို့ ဖြစ်ပါကြောင်း။

မိမိတို့ပအိုဝ်းလူမျိုးသည် အထက်ပါဂုဏ်အင်္ဂါရပ်များနှင့် ပြည့်စုံသော လူမျိုးတစ်မျိုးဖြစ်သည့်အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရာတွင်လည်းကောင်း၊ နောင်ရေးဆွဲမည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်းကောင်း၊ လူမျိုးအမည်နာမနှင့် ပထဝီကိုပေါင်းစပ်အခြေခံထားသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်အဖြစ် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းကာ လက်ရှိပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို အခြေခံပြီး စာမျက်နှာ ၉ သို့ ❖

❖ **စာမျက်နှာ ၈ မှ**

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပအိုဝ်းလူဦးရေ ၄၀ ရာခိုင်နှုန်းကျော်ရှိသော အခြားမြို့နယ်များကိုစုစည်း၍ ပအိုဝ်းအမျိုးသားပြည်နယ်အဖြစ် ပြည်နယ်သစ်များ ပေါ်ထွန်းခွင့်ဥပဒေနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းပေးသင့်ပါကြောင်း ဆွေးနွေးသည်။

**သုံးနှစ်မှ ငါးနှစ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်**

တပ်မတော်အစုအဖွဲ့မှ ဗိုလ်မှူးကြီးနေလင်းထွန်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် NCA စာချုပ်ကိုအခြေခံ၍ မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်များကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဆောင်ရွက်ရပါကြောင်း၊ နိုင်ငံရေးရည်မှန်းချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှ လမ်းဖွင့်ပေးထားသည့် နိုင်ငံရေးလမ်းကြောင်းအတိုင်း ပါဝင်လျှောက်လှမ်းပြီး နိုင်ငံရေးလမ်းပြမြေပုံနှင့်အညီ DDR လုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း မဖြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ DDR/SSR လုပ်ငန်းစဉ်ကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ ငြိမ်းချမ်းရေးညီလာခံများကို သုံးနှစ်မှ ငါးနှစ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကိုဆောင်ရွက်ရာတွင် တပ်မတော်ကို မဏ္ဍိုင်ပြုပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**နိုင်ငံရေးနည်းဖြင့် ဖြေရှင်း**

တိုင်းရင်းသားကိုယ်စားလှယ် ဦးခက်ထိန်နန်က မိမိတို့နိုင်ငံသည် လွန်ခဲ့သည့်ခြောက်နှစ်ခန့်မှစ၍ အရေးကြီးသည့်နိုင်ငံရေးဖြစ်စဉ် ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းကို စတင်လျှောက်လှမ်းခြင်းနှင့်အတူ မရှေးမနှောင်းမှာပင် အရေးအကြီးဆုံးဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စတင်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် နှစ်ပေါင်း ၇၀ နီးပါး ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများအား အဆုံးသတ်နိုင်ရေးအတွက် နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့်မဖြေရှင်းဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန်အတွက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း အားလုံးပါဝင်နိုင်ခြင်းမရှိသေးသည့်အတွက် အချို့ဒေသများတွင် ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများမည်သို့ပင်လုပ်နေသော်လည်း သေနတ်သံမတိတ်ပါက ငြိမ်းချမ်းရေးခရီးသည် အလှမ်းဝေးသွားနိုင်သကဲ့သို့ လက်ရှိကျင်းပနေသည့် ညီလာခံနှင့်အတူ နောင်ကျင်းပမည့်ဆွေးနွေးပွဲများအပေါ်တွင်လည်း ယုံကြည်မှုအားနည်းစေနိုင်ပါကြောင်း၊ ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း အားနည်းစေနိုင်ပါကြောင်း၊ ထို့ကြောင့် အပစ်အခတ်ရပ်စဲရေးကို အရေးကြီးဆုံး ဦးစားပေးအဆင့်အနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်သည့် အခွင့်အရေးများအား အာမခံချက်အပြည့်အဝရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်ရန် အရေးကြီးပါကြောင်း၊ မှန်ကန်မျှတသည့် နိုင်ငံရေးဆွေးနွေးပွဲရလဒ်ရှိနိုင်ရန်အတွက် နိုင်ငံရေးဆွေးနွေးသည့်နေရာတွင် တစ်ဖွဲ့နှင့် တစ်ဖွဲ့ တစ်ဖက်နှင့်တစ်ဖက် ဖိအားပေးအကျပ်ကိုင်သည့်အနေအထားမျိုး မဖြစ်စေရန် လွန်စွာအရေးကြီးပါကြောင်း ဆွေးနွေးသည်။



ဦးဇော်ဌေး



ဗိုလ်မှူးကြီးနေလင်းထွန်း



ရဲဘော်မျိုးဝင်း



ဦးနိုင်ငံလင်း

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ပထမအစည်းအဝေးတွင် ပြောကြားခဲ့သည့် အဖွင့်မိန့်ခွန်းများ၊ ညီလာခံတက်ရောက်သူများစာရင်း၊ အစုအဖွဲ့အသီးသီးမှ တာဝန်ရှိသူ ၇၂ ဦး၏ သဘောထားတင်ပြချက်များ၊ ညီလာခံသို့တင်သွင်းသောအစီရင်ခံစာများ၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပသွားနိုင်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး ကျင်းပနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မှတ်တမ်းတင်ဆောင်ရွက်နိုင်ရန် ရဲဘော်မျိုးဝင်း၊ ဦးနိုင်ငံလင်းနှင့် ဦးခင်ဇော်ဦးတို့က ဖတ်ကြားတင်ပြကြရာ သဘာပတိ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က မှတ်တမ်းတင်ကြောင်းကြေညာသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကျေးဇူးတင်စကားပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကျေးဇူးတင်စကားကို စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် သဘာပတိ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်စကားပြောကြားရာတွင် အဖွဲ့အစည်းအသီးသီးက မိမိတို့၏အမြင်များကို တင်ပြသွားကြသည့်အပေါ်တွင် မတူကွဲပြားမှုများရှိသကဲ့သို့ တူညီမှုများလည်းရှိပါကြောင်း၊ အဖြေရှာနိုင်သည့် တောင်းဆိုချက်များရှိသကဲ့သို့ အဖြေနှင့်ဝေးနေသေးသည့် လိုအင်ဆန္ဒများလည်း ရှိကြပါကြောင်း၊ သို့သော် အရေးကြီးဆုံးမှာ မတူသည့်အချက်များတွင် သဘောတူညီနိုင်သည့်အချက်များကို အဖြေထွက်ရှိအောင် မည်သို့ညှိနှိုင်းမည်ဆိုသည့်အချက်ပင်ဖြစ်ပါကြောင်း၊ ပဋိပက္ခဖြေရှင်းရေး၏ အဓိကသော့ချက်မှာ မိမိ၏တောင်းဆိုချက်များထက် အကျိုးစီးပွားများအပေါ်တွင် ညှိနှိုင်းကြရမည်ဟု ပညာရှင်များရေးသားထားသည်ကို လေ့လာဖူးပါကြောင်း၊ မိမိတို့၏ တောင်းဆိုချက်များကို ဘာကြောင့်လိုချင်ရသည်ဟု ပြန်လည်မေးမြန်းကြည့်ပါက အကျိုးစီးပွားကဘာလဲဆိုသည်ကို မိမိတို့ ပိုမိုနားလည်လာနိုင်မည်ဖြစ်ပါကြောင်း။

ယခုညီလာခံကြီးအပြီးတွင် ယခုထက်ပိုမိုနက်နဲရှုပ်ထွေးသည့် ဆွေးနွေးမှုများ၊ ညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်သွားရဦးမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးမှုဖြစ်စဉ်ကို စနစ်တကျစီမံအကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးမှုမူဘောင်ကို အပြီးသတ်ရေးဆွဲရမည်ဖြစ်ပါကြောင်း၊ မူဘောင်ဆွေးနွေးသည့်အဆင့်တွင် ညှိနှိုင်းဆွေးနွေးစရာများ များစွာရှိဦးမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးဖက်များအကြား နိုင်ငံရေးဆွေးနွေးမှုမူဘောင်ကို သဘောတူညီမှုရမှ သက်ဆိုင်ရာလုပ်ငန်းကော်မတီများဖွဲ့စည်းပြီး အဆိုပါလုပ်ငန်းကော်မတီများက သက်ဆိုင်ရာကဏ္ဍအလိုက် လေ့လာအဖြေရှာမှုများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အမျိုးသားအဆင့်ဆွေးနွေးပွဲများကျင်းပသည့်အခါ ငြိမ်းချမ်းရေးဆိုသည့် အခြေခံမူကို လက်ထဲတွင် စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားရန် လိုအပ်ပါကြောင်း၊ တခြားနိုင်ငံများ၏ အတွေ့အကြုံ ဖြစ်စဉ်များကိုကြည့်မည်ဆိုပါက အဆိုပါဆွေးနွေးပွဲများ လုပ်သည့်အချိန်တွင် အတိတ်မှအမုန်းတရားများ ပြန်လည်နှိုးဆွပြီး လူမျိုးရေး၊ ဘာသာရေးပွတ်တိုက်မှုများ ပိုမိုအရှိန်မြင့်လာတတ်ပါကြောင်း၊ မိမိတို့၏တောင်းဆိုချက်များ လက်ဦးမှုရရှိရေးအတွက် အောက်ခြေလူထုကို လှုံ့ဆော်စည်းရုံးမှုများပြုလုပ်ပြီး ပဋိပက္ခဖြေရှင်းရေးထက် တစ်ဖက်နှင့်တစ်ဖက် ပိုမိုအစွန်းရောက်သည့် အမုန်းတရားများ ပိုမိုဖြစ်လာနိုင်သည်ကို သတိပြုရန်လိုအပ်ပါကြောင်း၊ ယခုညီလာခံမှ မိမိတို့တိုင်းပြည်၏အနာဂတ်ကို မည်သို့ ပုံဖော်မည်ဆိုသည့် သဘောတူညီချက်ချမှတ်ရန် အရေးကြီးသည့်စမှတ်တစ်ခုဖြစ်ပါကြောင်း၊ ယင်းစမှတ်၏နောက်တွင် စိန်ခေါ်မှုများ များစွာရှိပါကြောင်း၊ ယင်းစိန်ခေါ်မှုများကို ပဋိပက္ခဖြေရှင်းရေးအမြင်နှင့် ချဉ်းကပ်မည်ဆိုပါက မိမိတို့၏ သမိုင်းအမွေကို နောင်လာနောက်သားများ တသသနှင့် အသိအမှတ်ပြုမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ ပထမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း အကျိုးဆောင်အဖွဲ့က ကြေညာသည်။

**(သတင်းစဉ်)**



# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်လ်ဆုရှင် မစ္စတာ ကိုဖီအာနန် ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၃**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်လ်ဆုရှင် မစ္စတာ ကိုဖီအာနန်သည် အဖွဲ့ဝင်နှစ်ဦးနှင့်အတူ ယနေ့ညနေ ၃ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်လ်ဆုရှင် မစ္စတာ ကိုဖီအာနန်သည် ၎င်း၏ခရီးစဉ်အတွင်း ရခိုင်ပြည်နယ်နှင့် နေပြည်တော်သို့ သွားရောက်မည်ဖြစ်ပြီး ရန်ကုန်မြို့မှတစ်ဆင့် စက်တင်ဘာ ၉ ရက်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မန္တလေးစာတိုက်ကြီးတွင် ရှားပါးစာပို့တံဆိပ်ခေါင်းများရောင်းချ

**မန္တလေး စက်တင်ဘာ ၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၁၉၅၄ ခုနှစ်မှ ၂၀၀၄ ခုနှစ် ကာလအတွင်းထုတ်ဝေခဲ့သည့် စာပို့တံဆိပ်ခေါင်းများကို စက်တင်ဘာ ၂ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၂၂) လမ်း၊ လမ်း (၈၀) နှင့် (၈၁) လမ်းကြားရှိ မန္တလေးစာတိုက်ကြီးတွင် ရောင်းချရာ စာပို့တံဆိပ်ခေါင်းစုဆောင်းသူ တံဆိပ်ခေါင်းဝါသနာရှင်များနှင့် စာကြည့်တိုက်များ၊ စာသင်ကျောင်းများက စုဆောင်းဝယ်ယူကြကြောင်း သိရသည်။



အဆိုပါ ရောင်းချခဲ့သော စာပို့တံဆိပ်ခေါင်းများတွင် ပြည်သူသုံးနှင့် အစိုးရသုံး ရှားပါးတံဆိပ်ခေါင်းများ အပါအဝင် ၁၉၅၄ ခုနှစ်ထုတ် (၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထူးထုတ် တံဆိပ်ခေါင်း၊ ၁၉၆၄ ခုနှစ်ထုတ် ၄ှက်တံဆိပ်ခေါင်း၊ ၁၉၆၉ ခုနှစ်ထုတ် (၅) ကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်အထူးထုတ် တံဆိပ်ခေါင်း၊ ၁၉၇၁ ခုနှစ်ထုတ် (၂၅)ကြိမ်မြောက် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ အထူးထုတ် တံဆိပ်ခေါင်း၊ ၁၉၇၄ ခုနှစ်ထုတ် တိုင်းရင်းသားလူမျိုးစု အစဉ်သုံး တံဆိပ်ခေါင်း၊ ၁၉၇၅ ခုနှစ်ထုတ် ကမ္ဘာ့အမျိုးသမီးများနေ့ အထူးထုတ် တံဆိပ်ခေါင်း၊ ၁၉၇၆ ခုနှစ်ထုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ အထူးထုတ် တံဆိပ်ခေါင်း၊ ၁၉၇၆ ခုနှစ်ထုတ် နိုင်ငံတကာ စာတတ်မြောက်ရေးနှစ် (အသုံးလုံး)အထူးထုတ်တံဆိပ်ခေါင်းများအပါအဝင် တံဆိပ်ခေါင်း ၉၄ မျိုးကို ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(၀၀၂)**

# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၃** - ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခြောက်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သဖြင့် ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(ကြေးမုံ)**

# ပဋိပက္ခတွေကို ဘယ်သူကစပြီး သင်ပုန်းချေမလဲဆိုတာကို အဓိကထားလုပ်ဆောင်နေကြပါတယ်

## ကချင်ပြည်နယ်ရှမ်းမျိုးနွယ်စုရေးရာအဖွဲ့ကိုယ်စားလှယ် ဦးစိုင်းစန်းဝေ

တွေ့ဆုံမေးမြန်း - ရာမည၊ အေးအေးမြင့်၊ ဓာတ်ပုံ - ကိုထက်

နေပြည်တော်　　စက်တင်ဘာ　၃

**လွတ်လပ်ရေးရပြီးနောက်ပိုင်း နှစ်ပေါင်း ၇၀ နီးပါးမငြိမ်းချမ်းမှုများ၊ စစ်ပွဲများအဆုံးသတ်စေရန် ရည်ရွယ်လျက် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံကို နေပြည်တော်ရှိ MICC-2 ၌ ကျင်းပလျက်ရှိရာ ယနေ့တွင် စတုတ္ထနေ့သို့ပင် ခရီးပေါက်ခဲ့ပြီဖြစ်သည်။ ယနေ့ညီလာခံတက်ရောက်လာကြသော လူထုလူတန်းစားအလွှာအသီးသီးမှ ညီလာခံအပေါ် ရှုမြင်မှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**


> **တိုင်းရင်းသားအားလုံးက မေတ္တာနဲ့သစ္စာကို အခြေခံပြီးတော့ ညီညွတ်တဲ့ ပင်လုံစာချုပ်ကြီးကို ဆက်လက် သယ်ဆောင်သွားပါစို့**




ဦးစိုင်းစန်းဝေ



ဦးဟန်ညွန့်



မန်းကျော်နီ



ခွန်ဥက္ကာ



ဒေါ်အေးအေးမူ

### ဦးစိုင်းစန်းဝေ
### ရှမ်းမျိုးနွယ်စုရေးရာအဖွဲ့ကိုယ်စားလှယ်၊ ကချင်ပြည်နယ်

**မေး။ ။ဘယ်အဖွဲ့အစည်းကိုကိုယ်စားပြုပြီး အခုကျင်းပနေတဲ့ ညီလာခံကြီးကို တက်ရောက်ဖြစ်တာပါလဲ။**

ဖြေ။ ။ရှမ်းငါးမျိုးကိုကိုယ်စားပြုပြီးဖွဲ့စည်းထားတဲ့ ရှမ်းမျိုးနွယ်စုရေးရာအဖွဲ့(ကချင်ပြည်နယ်)ကို ကိုယ်စားပြုပြီး တက်ရောက်တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ညီလာခံတုန်းက တိုင်းရင်းသားကိုယ်စားလှယ်အနေနဲ့ တက်ရောက်ခွင့်ရရှိခဲ့ပါတယ်။ အခုညီလာခံမှာတော့ လေ့လာသူအဖြစ် တက်ရောက်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒီလိုတက်ရောက်တဲ့နေရာမှာ ပြည်နယ်အသီးသီးကို ကိုယ်စားပြု တက်ရောက်ကြသူတွေရဲ့ လိုအပ်ချက်၊ တင်ပြချက်တွေ၊ ခံစားချက်တွေကို ကြားသိခွင့်ရရှိခဲ့ပါတယ်။ အထူးသဖြင့် ပြီးခဲ့တဲ့ညီလာခံကနေ ပဋိပက္ခတွေကို ဘယ်သူကစပြီး သင်ပုန်းချေမလဲဆိုတာကို အဓိကထားလုပ်ဆောင်နေကြပါတယ်။

**မေး။ ။ အခုညီလာခံမှာတင်ပြတဲ့စာတမ်းအပေါ် ကျေနပ်မှုရှိပါသလား။**

ဖြေ။ ။အခုတက်ရောက်ခွင့်ရတာက လေ့လာသူအဖြစ်ဆိုတော့ ဝင်ရောက်ဆွေးနွေးခွင့်မရရှိခဲ့ပါဘူး။ စာတမ်းပဲ တင်သွင်းခွင့်ရရှိခဲ့ပါတယ်။ မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်မှာ အားလုံးစုပေါင်းပြီးပြုစုထားတဲ့ စာတမ်းကို တင်သွင်းတာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးနောက် ကချင်ပြည်နယ်ရဲ့ အခွင့်အရေးဆုံးရှုံးမှုတွေကို အခြေခံပြုစုထားတာပါ။ ကချင်ပြည်နယ်လို့ဆိုပေမယ့် ရှမ်းတွေအများစုနေထိုင်တာဆိုတော့ ရှမ်းမျိုးနွယ်စုတွေရဲ့ ကိုယ်စား လာရောက်တင်ပြခြင်းဖြစ်ပါတယ်။

**မေး။ ။သဘောတူလက်မှတ်ရေးထိုးနိုင်ဖို့ အချိန်အတိုင်းအတာအားဖြင့် ဘယ်လောက်ကြာမယ်လို့ထင်ပါသလဲ။**

ဖြေ။ ။ပညာရှင်တွေရဲ့ ခန့်မှန်းချက်တွေရှိပါတယ်။ နှစ်နှစ်ကနေ ငါးနှစ်လောက်ကြာနိုင်မယ်. . ဘာညာပေ့ါ။ ဒါပေမယ့် ဒီလိုလုပ်နိုင်ဖို့အတွက်ကတော့ အရွေ့တစ်ခုရှိကိုရှိမှုဖြစ်မယ်။ ရပ်နေလို့မရဘူး။ အကြိမ်ကြိမ်တွေ့ဆုံရမယ်။ ဒါမှအဆင်ပြေနိုင်မယ်။ ကနဦးအနေနဲ့ လွယ်တာတွေကိုအရင်ရှင်းကြရမယ်။ နောက်မှ ခက်တာတွေဘက်ကိုလှည့်ရမယ်။ အနောက်နိုင်ငံတွေမှာလည်း ဒီလိုဖြစ်စဉ်တွေရှိခဲ့တာပါပဲ။ သူတို့လည်း တဖြည်းဖြည်းချင်း စိတ်ရှည်စွာနဲ့ရှင်းခဲ့ကြလို့ ခုလိုငြိမ်းချမ်းစွာနေထိုင်နိုင်ကြတာဖြစ်ပါတယ်။

**မေး။ ။ သတ်မှတ်ထားတဲ့ အချိန်အတိုင်းအတာအတွင်းမှာ ရေးထိုးနိုင်မလား၊ အဲဒါကို ဘယ်လိုမြင်ပါသလဲ။**

ဖြေ။ ။ပြောရရင် အဓိကကတော့ ယုံကြည်မှုပေ့ါလေ။ ခဏခဏတွေ့ပြီး ယုံကြည်မှုတွေတည်ဆောက်သွားရမယ်။ ချက်ချင်းတော့ဖြစ်နိုင်မှာ မဟုတ်ဘူးလေ။ တဖြည်းဖြည်းချင်း လုပ်ဆောင်သွားရမှာ။ ဥပမာ -ရန်သူတွေဖြစ် နေတာတောင် မျက်နှာချင်းဆိုင်ပြုံးပြနိုင်ပြီဆိုရင် ဒါတစ်ဆင့်တက်သွားတယ်ပြောရမှာပဲလေ။

**မေး။ ။ ဒီညီလာခံကြီးကနေ ဒေသခံပြည်သူတွေအတွက်ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။ပြည်သူတွေ လိုလားတောင့်တနေတဲ့၊ မျှော်လင့်နေကြတဲ့ ငြိမ်းချမ်းရေးဆိုတာကြီးကို အပြန်ကျရင် ဒေသခံပြည်သူတွေကို ပြန်လည်ရှင်းပြနိုင်ဖို့ အကောင်းဆုံးဆိုတဲ့ စကားလုံးတွေကို ရှာဖွေတည်ဆောက်နေပါတယ်လို့ ပြောချင်ပါတယ်။

### ဦးဟန်ညွန့်(ဥပဒေ)
### သတင်းမီဒီယာကောင်စီဝင်

**မေး။ ။ ဒီနေ့ကျင်းပတဲ့ညီလာခံအပေါ် ဥပဒေပညာရှင်တစ်ယောက်အနေနဲ့ လေ့လာသုံးသပ်မိတဲ့သဘောထားအမြင်ကို ပြောပြပေးပါ။**

ဖြေ။ ။ ဒီနေ့ကျင်းပတဲ့ညီလာခံနဲ့ ပတ်သက်ပြီးတော့ ပထမမူလ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံက ညီညွတ်ရေးဆိုတဲ့ အဓိပ္ပာယ်ကိုဆောင်ခဲ့တယ်။ အဲဒီလိုစတင်ခဲ့တဲ့အတွက် ဒီကနေ့ (၂၁)ရာစုပင်လုံမှာလည်း သမိုင်းအမွေတွေကို ဆက်လက်ပြီးတော့ ဆက်ခံတယ်။ စာနဲ့ရေးတဲ့စာချုပ်ထက် မေတ္တာနဲ့ရေးတဲ့စာချုပ်၊ သစ္စာနဲ့ရေးတဲ့စာချုပ်က ပိုပြီးတော့ တန်ဖိုးကြီးမားတယ်လို့ မြင်ပါတယ်။ ယုံလည်းယုံကြည်ပါတယ်။ ဒီနေ့ညီလာခံမှာ မေတ္တာ၊ သစ္စာနဲ့ရေးတဲ့ စာချုပ်တွေကို ချုပ်ဆိုနိုင်ပါစေ။ အပေါ်ယံတင်ပြဆွေးနွေးနေတာထက် မေတ္တာအခြေခံ၊ သစ္စာအခြေခံရေးတဲ့ စာချုပ်တွေက ပိုပြီးတော့ခိုင်မြဲသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာလည်းပဲ တစ်ယောက်နဲ့တစ်ယောက် သဘောထား အမြင်မတူတာတွေ၊ ကွဲလွဲတာတွေ၊ ပြန်သွားတာတွေရှိကောင်းရှိနိုင်ပါတယ်။ အခက်အခဲတွေအားလုံးကို ဘာကြောင့်အောင်မြင်မယ်လို့ပြောနိုင်တာက တက်ရောက်လာတဲ့ သူတွေအားလုံးက မေတ္တာနဲ့ သစ္စာကိုအခြေခံထားလို့ပဲ ဖြစ်ပါတယ်။ အဲဒီတော့ တိုင်းရင်းသားအားလုံးက မေတ္တာနဲ့ သစ္စာကိုအခြေခံပြီးတော့ ညီညွတ်တဲ့ ပင်လုံစာချုပ်ကြီးကို ဆက်လက်သယ်ဆောင်သွားပါစို့လို့ ပြောချင်ပါတယ်။

### မန်းကျော်နီ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်

**မေး။ ။ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်အနေနဲ့ ဒီညီလာခံမှာ ဆွေးနွေးသူတွေရဲ့သဘောထားအပေါ်မှာ ဘယ်လိုများ ထင်မြင်မိလဲဆိုတာ သုံးသပ်ပေးပါ။**

ဖြေ။ ။ဒီညီလာခံမှာ မနေ့တစ်နေ့က ဆွေးနွေးသွားတဲ့ အယောက် ၆၀ ကျော်ရဲ့ဆွေးနွေးချက်တွေကိုပြန်ကြည့်မယ်ဆိုရင် အားလုံးက ငြိမ်းချမ်းရေးကိုလိုချင်ကြပါတယ်။ လက်နက်နဲ့နှစ်ပေါင်း ၆၀ ကျော် ၇၀ နီးပါးလုပ်ခဲ့ကြတာတွေကို သူတို့တစ်ယောက်မှ မကြိုက်ဘူးဆိုတာ ပေါ်လွင်နေပါတယ်။ ငြိမ်းချမ်းရေးအားဖြင့် ၁၉၄၇ ခုနှစ် ပင်လုံတုန်းက လွတ်လပ်ရေးရအောင် ယူနိုင်ခဲ့တယ်။ အခု (၂၁)ရာစုပင်လုံကျတော့ ငြိမ်းချမ်းရေးကိုရအောင်ယူပြီးတော့ တိုင်းပြည်တိုးတက်အောင်လုပ်ဖို့ဆိုတဲ့အမြင်ဘက်ကို အားလုံးသွားနေကြပါတယ်။ ကျွန်တော်တို့အားလုံးဟာ ငြိမ်းချမ်းရေးကိုမြတ်နိုးကြတယ်၊ လိုချင်ကြတယ်ဆိုတာမှန်ပါတယ်။ ဒါပေမယ့် Peace Level ဖြစ်ရုံနဲ့မရပါဘူး။ Peace Makerတွေဖြစ်အောင်လုပ်ရပါမယ်။ ငြိမ်းချမ်းရေးကို ရအောင်ယူနိုင်တဲ့သူတွေဖြစ်ရပါမယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီညီလာခံကို တက်ရောက်လာတဲ့ သူတွေအားလုံးဟာ နောက်လိုက်တွေမဟုတ်ကြပါဘူး။ ခေါင်းဆောင်တွေဖြစ်ပါတယ်။ ခေါင်းဆောင်တွေဆိုတော့ သူတို့အမြင်က (Collective Leadership) စုပေါင်းဦးဆောင်ပြီးတော့ သူ့လူမျိုး၊ သူ့ဒေသကိုဦးဆောင်ပြီးတော့ ငြိမ်းချမ်းရေးကို တကယ်လိုချင်ရင် ရကိုရမှာပါ။ ငြိမ်းချမ်းရေးရဖို့အတွက် ဘာတွေလုပ်ဆောင်ရမလဲဆိုရင် မိမိအုပ်စုတစ်စုအတွက်၊မိမိလူတစ်စုအတွက်၊ မိမိပြည်နယ်တစ်ခုအတွက်ဆိုတဲ့ အတ္တတွေကိုလျှော့ချနိုင်ရပါမယ်။ အဲလိုမလျှော့ချနိုင်ဘဲ ကိုယ်လိုချင်တာတွေပဲ ပြောနေမယ်၊ ကိုယ့်အကျိုးအတွက်ပဲပြောနေမယ်ဆိုရင် ငြိမ်းချမ်းရေးက ဖြစ်မလာနိုင်ပါဘူး။

အခုဖော်ဆောင်မယ့်ခေါင်းဆောင်တွေအားလုံးဟာ နိုင်ငံနဲ့ နိုင်ငံ့အကျိုးကိုမျှော်ကိုးပြီးတော့ ကိုယ့်အကျိုးကို လျှော့ပြီးတော့သွားမယ်ဆိုရင် အောင်မြင်မယ်လို့ ယူဆပါတယ်။ ပြန်သွားတဲ့အဖွဲ့တွေအနေနဲ့လည်း တစ်ဦးနဲ့တစ်ဦး နားလည်မှုလေးတွေလွဲသွားတယ်လို့ထင်ပါတယ်။ ဒါပေမယ့်ဒါတွေက ခွင့်လွှတ်လို့ရတဲ့ကိစ္စတွေပါ။ သူတို့ပြန်လာအောင် ကျွန်တော်တို့က ပြန်ခေါ်ကိုခေါ်ရပါမယ်။ မခေါ်လို့မရပါဘူး။ ခေါင်းဆောင်တွေအချင်းချင်း ပြန်တွေ့ပြီး ဆွေးနွေးမယ်ဆိုရင် နားလည်မှုတွေ ပြန်ရလာမှာပါ။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရဖို့ဆိုရင် ပြန်လည်တွေ့ဆုံပြီး ဆွေးနွေးခြင်းက အကောင်းဆုံးပါပဲ။ အဲသလိုပဲ ထင်မြင်မိပါတယ်။

### ခွန်ဥက္ကာ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် ဦးဆောင်နာယက

**မေး။ ။ ။ ဒီနေ့ကျင်းပတဲ့ညီလာခံမှာ ဆွေးနွေးချက်တွေနဲ့ ပတ်သက်လို့ လေ့လာသုံးသပ်မိတဲ့သဘောထားအမြင်ကို ပြောပြပေးပါ။**

ဖြေ။ ။အခုဒီဆွေးနွေးချက်တွေကို နောက်တစ်ကြိမ်လုပ်မယ့် ညှိနှိုင်းဆွေးနွေးမှုတွေမှာ မှီငြမ်းအသုံးပြုသွားမှာပါ။ ဒီညီလာခံဟာဆိုရင် Open to all ဖြစ်ပါတယ်။ All smile အားလုံးပျော်ရွှင်စေရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လုပ်တဲ့ ညီလာခံဖြစ်ပါတယ်။ လူတိုင်းကျေနပ်စေရမယ်။ ပြောချင်တာပြောလိုက်ရတယ်၊ ငါတော့ရင်ဖွင့်လိုက်ရတယ်၊ ငိုမယ့်သူကလည်း ငိုပြလိုက်ရတယ်၊ အော်တတ်တဲ့သူကလည်း အော်ပြလိုက်ရတယ် စသဖြင့် သူတို့ရင်ဖွင့်လိုက်ရတဲ့အတွက် ကျေနပ်မှုတွေတော့ရသွားတယ်။ ပါဝင်ခွင့်ရသွားတယ်။ အဲဒီပါဝင်ခွင့်က အလွန်အရေးကြီးတယ်။ မြန်မာပြည်ရဲ့အနာဂတ်ကိုဖန်တီးတဲ့နေရာမှာ ဖက်ဒရယ်ပုံစံပဲဖြစ်ဖြစ်၊ ဘယ်လိုပုံစံပဲဖြစ်ဖြစ်၊ ဒီမိုကရေစီပဲ ဖော်ဆောင်ဖော်ဆောင် တို့ပါဝင်ခွင့်မရဘူးဆိုတဲ့ ခံစားချက်က သိပ်ကြာနေပြီဖြစ်တဲ့အတွက် အခုညီလာခံမှာ ပါဝင်ခွင့်ရတဲ့အခါ သူတို့ရဲ့မှတ်တမ်းတွေပါဝင်သွားတဲ့အတွက် မြန်မာပြည်နဲ့ ပတ်သက်တဲ့ဆုံးဖြတ်ချက်တွေမှာ ငါတို့လည်း ပါဝင်ခွင့်ရတယ်ဆိုတဲ့မှတ်တမ်းက ဝင်သွားမှာဖြစ်ပါတယ်။ ပြောချင်တာပြောခွင့်ရတာက ဒီညီလာခံရဲ့ ထူးခြားချက်ပဲဖြစ်ပါတယ်။ အခုလိုနိုင်ငံတကာရှေ့မှာပြောခွင့်ရတဲ့အတွက် ပိုပြီးတော့ပြောသင့်ပါတယ်။ နိုင်ငံတကာကနေထင်တာက ကျွန်တော်တို့ Society က Close Society လို့ထင်တယ်။ အမှောင်ချထားတဲ့ လူ့အသိုင်းအဝိုင်းလို့ထင်ကြတယ်။ အခုညီလာခံကျင်းပလိုက်တဲ့အတွက် Open Society ပဲ၊ မြန်မာ့လူ့အဖွဲ့အစည်းဟာ ပွင့်လင်းမြင်သာလာပြီးတော့ တိုင်းရင်းသားတွေလည်းပဲ ပါဝင်ခွင့်ရတဲ့အတွက် Society ဟာ Change ဖြစ်သွားပါပြီ။ ဒီမိုကရေစီအခွင့်အရေးဖြစ်တဲ့လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်ဟာ အပြောမဟုတ်ဘဲ လက်တွေ့ဖြစ်နေပြီဆိုတာ ဒီပွဲကနေ သက်သေပြနေပါပြီ။

**မေး။ ။ အခုဒီဆွေးနွေးပွဲမှာ ဘယ်ဟာကိုအလေးထားဆွေးနွေးသင့်တယ်လို့ထင်ပါသလဲ။**

ဖြေ။ ။DDR၊ SSR ဆိုတာလည်း လုံခြုံရေးပါပဲ။ ဒါပေမယ့် လုံခြုံရေးချဉ်းကပ်မှုကတော့ နည်းနည်းကွာပါတယ်။ တပ်မတော်အစုအဖွဲ့နဲ့ အခြားအစုအဖွဲ့တွေကတော့ DDR ကိုလုပ်ခြင်းဖြင့် အပစ်အခတ်ရပ်စဲရေးကလည်း တည်ငြိမ်မယ်။ ငြိမ်းချမ်းရေးကလည်း ပိုမိုခိုင်မာမယ်ဆိုတဲ့အမြင်နဲ့ ချဉ်းကပ်ခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေဘက်ကရော၊ တချို့တိုင်းရင်းသားပါတီတွေဘက်ကရော စဉ်းစားတာက DDR က လက်အောက်ခံပြဿနာဖြစ်တယ်။ အဓိကက လုံခြုံရေးကဏ္ဍက အဓိကဖြစ်တယ်။ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကို ခဏထားပြီး Security Sector Reform က ပိုပြီး အဓိကကျတယ်။ မြန်မာပြည်ရဲ့လုံခြုံရေး၊ ကာကွယ်ရေးနဲ့ ပတ်သက်တဲ့ မူဝါဒအတွေးအခေါ် ပြောင်းနိုင်မှ ကျွန်တော်တို့ DDR အဆင့်ကို ကူးသွားနိုင်မယ်လို့ ထင်ပါတယ်။ ဒါဟာ ပညာရှင်အမြင်ဖြစ်ပါတယ်။ အခုလက်ရှိတာဝန်ယူနေတဲ့ အစုအဖွဲ့တွေကတော့ SSR ဟာ မြန်မာပြည်မှာ သိပ်မလိုသေးဘူး၊မြန်မာပြည်ဟာ လုံခြုံရေးချွတ်ခြုံကျနေတဲ့ တိုင်းပြည်မဟုတ်သေးဘူး၊ လုံခြုံရေးမူဝါဒတွေကောင်းနေသေးတယ်။ ဒါကြောင့် DDRကို သာ ပိုပြီးဦးစားပေးတယ်လို့ လက်ရှိတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေက သုံးသပ်ပါတယ်။ ဒါပေမယ့်လည်း အယူအဆရေးရာ အပိုင်းကတော့ အကြိတ်အနယ်ညှိရမယ့် သဘောရှိပါတယ်။ ဒါပေမယ့် ညှိနှိုင်းဆွေးနွေးမှုတွေကလည်း စားပွဲဝိုင်းမှာညှိနှိုင်းမယ်ဆိုရင်တော့ ခက်ခဲမှုမရှိပါဘူး။ အပစ်အခတ်ရပ်ထားပြီးတော့ အပြန်အလှန်လေးစားမှုနဲ့ နိုင်ငံရေးဆွေးနွေးပွဲမှာ လုံခြုံရေးဆိုင်ရာအယူအဆတွေကို ဆွေးနွေးရမယ်ဆိုရင်တော့ ဒါဟာပြဿနာမရှိပါဘူး။ စစ်မြေပြင်မှာထက်တော့ အများကြီးကောင်းပါတယ်။ အဖြေရတဲ့အထိ ညှိနှိုင်းသွားဖို့အတွက်လည်း စိတ်အေးလက်အေးညှိနှိုင်းနိုင်ပါတယ်။ ဒါဟာလည်း သုံးလေးနှစ်အတွင်းမှာ ရှင်းရှင်းလင်းလင်းဖြစ်သွားနိုင်ပါတယ်။

စာမျက်နှာ ၁၁ သို့ »»

# အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ နိုင်ငံရေးပါတီတွေကလည်း ဖက်ဒရယ်ကို ဘယ်လိုပုံစံနဲ့သွားမလဲဆိုတာပဲ ညှိနှိုင်းရမှာဖြစ်


ပဒိုစောကွယ်ထူးဝင်း


ဦးမင်းညို


ဦးဂျာဂွမ်


ဦးဆမ်ဆွန်နာ

**နေပြည်တော်  စက်တင်ဘာ ၃**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံညီလာခံကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ဩဂုတ် ၃၁ ရက်မှစတင်ကာ စက်တင်ဘာ ၃ ရက်အထိ လေးရက်ကြာကျင်းပခဲ့သည်။ အဆိုပါညီလာခံသို့ တက်ရောက်လာကြသည့် အဖွဲ့အစည်းအသီးသီးမှ ၎င်းတို့ရင်ဆိုင်ဖြတ်သန်းလာခဲ့ကြသည့် အတွေ့အကြုံများ၊ အနာဂတ်တွင်ဖြစ်စေချင်သည့် သဘောထားအမြင်များကို တင်ပြခဲ့ကြပြီး ယင်းတင်ပြချက်များ၊ အာလုံးလိုလားကြသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသူတချို့အား မေးမြန်းဖြစ်ခဲ့ပါသည်။

**ပဒိုစောကွယ်ထူးဝင်း (KNU မှ အထွေထွေအတွင်းရေးမှူး)**

**မေး။ ။ အခုသွားတဲ့လမ်းကြောင်းတွေက တစ်ဖွဲ့နဲ့တစ်ဖွဲ့မတူဘူးဆိုတော့ ဖက်ဒရယ်သွားမယ့်လမ်းကြောင်းမှာ ဘယ်လိုပုံစံတွေနဲ့သွားကြမလဲ။**

ဖြေ။ ။ ဒီညီလာခံရဲ့ရည်ရွယ်ချက်က အားလုံးပါဝင်သော၊ အားလုံးပိုင်ဆိုင်သော ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုကို စတင်ခြင်းဖြစ်တယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေအတွက် စလုပ်သွားမယ်။ ဒီညီလာခံမှာကျတော့ အဖွဲ့တစ်ခုချင်း တစ်ခုချင်းကနေ သူတို့ရဲ့ သဘောထားတင်ပြတာပဲဖြစ်တယ်။ အဲဒီသဘောထားရပ်တည်ချက်ကို အခြေခံပြီးတော့ နိုင်ငံရေးဆွေးနွေးပွဲမှာ သုံးသပ်သွားမှာပါ။ ပွင့်ပွင့်လင်းလင်းလည်းပြောကြတယ်။ ဘာမှကန့်ကွက်တာမရှိဘူး။ နားထောင်လို့ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ အဖွဲ့အစည်းရဲ့ရပ်တည်မှု၊ သဘောထားအမြင်တွေကို ပြောကြတဲ့အတွက် ကောင်းတယ်လို့ပဲ ပြောရမှာပါ။ ဖြစ်နိုင်တာ မဖြစ်နိုင်တာ၊ ဖြစ်သင့်တာမဖြစ်သင့်တာထက် ပြောချင်တာကိုပြောရတယ်။

ဖွဲ့စည်းပုံပြင်ဆင်ရေး မပြင်ဆင်ရေးမှာ လွှတ်တော်ပိုင်းက ပြင်နိုင်တာရှိသလို နိုင်ငံရေးဆွေးနွေးပွဲတွေကနေ ပြင်နိုင်တာလည်းရှိတယ်။ ပြင်တဲ့နေရာမှာ သူ့ရဲ့ရပ်တည်ချက်၊ သူ့ရဲ့အမြင်ကိုယ့်ရဲ့အမြင်တွေကို ညှိနှိုင်းသွားရမှာပဲဖြစ်တယ်။ အစိုးရဘက်ကလည်း ဖက်ဒရယ်ကိုသွားမယ်။ တပ်မတော်ဘက်ကလည်း ဖက်ဒရယ်ကိုသွားမယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ နိုင်ငံရေးပါတီတွေကလည်း ဖက်ဒရယ်ကိုသွားမယ်။ အဲဒီမှာ ဒီဖက်ဒရယ်ကြီးကို ဘယ်လိုပုံစံနဲ့ သွားမလဲဆိုတာပဲ ညှိနှိုင်းရမှာဖြစ်ပါတယ်။

**မေး။ ။ အစိုးရပိုင်းအနေနဲ့ရော ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး ဘယ်လိုရွှေ့သွားမယ်လို့ ထင်ပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ညီလာခံရဲ့ရည်ရွယ်ချက်ကိုက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ဖိတ်တယ်။ နိုင်ငံရေးပါတီတွေလည်း အားလုံးဖိတ်တယ်။ အထူးသဖြင့် ဖွင့်ပွဲမှာကျတော့ အကုန်လုံးပါဝင်ရေးဆိုတဲ့အခြေခံမှုနဲ့ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေရော ထိုးပြီးသားအဖွဲ့တွေရော ဖိတ်ကြားပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေမှာလည်း တစ်ဖွဲ့ချင်းစီရဲ့ သဘောထားအမြင်တွေကို အခုငြိမ်းချမ်းရေးတည်ဆောက်ရေးနဲ့ အနာဂတ်နိုင်ငံတော်တည်ဆောက်ဖို့အတွက် သဘောထားတင်ပြပိုင်ခွင့်ရှိတယ်။အဲဒါကြောင့် ဒီညီလာခံနဲ့ပတ်သက်ပြီး အားရကျေနပ်မိပါတယ်။ အရင်လက်မှတ်ရေးထိုးခဲ့တာ ရှစ်ဖွဲ့ရှိတယ်။ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေဆိုရင် အရင်ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ မတက်ဘူး။ အခုတက်လာတယ်။ အဲဒါကြောင့် ဒီလမ်းကြောင်းအတိုင်းဆက်သွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အစိုးရသစ်ကလည်း နိုင်ငံရေးဦးတည်ချက်ပေါ်မှာ အခြေခံတဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ ပြည်သူတွေလိုလားတာနဲ့အညီ ဆောင်ရွက်သွားမယ်လို့ ယုံကြည်ပါတယ်။

**ဦးမင်းညို (အခါတိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးပါတီ)**

**မေး။ ။ ဖက်ဒရယ်ကိုသွားကြမယ့်နေရာမှာ လမ်းကြောင်းတွေမတူဘူးလို့ သိရပါတယ်။ ဘယ်လိုမျိုးနေရာမျိုးမှာ ပေါင်းစည်းနိုင်မယ်လို့မြင်ပါသလဲ။**

ဖြေ။ ။ အဲဒါကတော့တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ ရင်လေးနေတဲ့အချက်ပါ။ အချိန်ပေးပြီး ဆောင်ရွက်မယ်ဆိုရင်တော့ လမ်းကြောင်းမှန်တစ်ခုကို ဖော်ဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ဒါပေမယ့် ဖော်ဆောင်မယ့်ဟာကတော့ လူတိုင်းရဲ့လိုလားချက်တွေ ပြည့်စုံချင်မှပြည့်စုံပါလိမ့်မယ်။ သာသည်နာသည်မရှိဘဲနဲ့ အားလုံးက ကိုယ့်ရဲ့အတ္တကိုလျှော့၊ ကိုယ်ရချင်တဲ့အရာ ၁၀၀ လောက်ရှိရင် ၆၀ လောက်ရယူနိုင်မယ်ဆိုရင် ကျေနပ်မယ်ဆိုရင် အောင်မြင်တဲ့လမ်းကြောင်းကို ဖော်ဆောင်သွားနိုင်မှာပါ။ အမှန်က သွားနေတယ်ဆိုတာထက် သဘောထားတွေကိုပြောနေကြတာပါ။ မသွားသေးပါဘူး။ သူ့သဘောထား ကိုယ့်သဘောထားကတော့ ရှိကြမှာပါ။ ညီလာခံလို့လဲဆိုတော့ တစ်နည်းအားဖြင့် ညှိနှိုင်းတာပေါ့။ လမ်းမှန်တစ်ခုကတော့ ပေါ်လာမှာပါ။ ဘယ်နေရာမှာ သွားဆုံမလဲဆိုတာတော့ မပြောတတ်သေးပါဘူး။

**မေး။ ။ အခုတင်ပြချက်အများကြီးကို အစုအဖွဲ့တွေက တင်ပြသွားပါတယ်။ ဒီတင်ပြချက်တွေထဲမှာ ဘယ်လိုမျိုးလိုအပ်ချက်တွေရှိနိုင်မလဲဆိုတာ သုံးသပ်ပေးစေချင်ပါတယ်။**

ဖြေ။ ။ ဒါကတော့ ကိုယ့်ရဲ့လူမျိုးအလိုက်၊ ပါတီအလိုက် လိုအပ်ချက်တွေကို၊ ကိုယ့်ရဲ့လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးရဲ့ လိုအပ်ချက်တွေကို ဘက်ပေါင်းစုံကနေ တင်ပြကြတာပါပဲ။ ကိုယ့်ရဲ့တင်ပြချက်ဟာ ကိုယ့်အတွက်ကောင်းတယ်ဆိုပေမယ့် အခြားအဖွဲ့အစည်းတွေအတွက် အခက်အခဲတွေဖြစ်ကောင်းလည်းဖြစ်နိုင်ပါတယ်။ ဒါက အားသာချက် အားနည်းချက်ရယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဘယ်လိုပဲပြောပြော ဒီအစည်းအဝေးမှာ ကိုယ့်ရဲ့ပါတီ၊ ကိုယ့်ရဲ့အမျိုးသားရေး၊ ကိုယ့်ရဲ့အဖွဲ့အစည်းအတွက် ဆန္ဒတွေနဲ့ လိုအပ်ချက်တွေကို လွတ်လွတ်လပ်လပ်တင်ပြခွင့်ရတဲ့အတွက် နောက်ဆုံးအဖြေတစ်ခုတော့ ရနိုင်မယ်လို့မျှော်လင့်ပါတယ်။

**မေး။ ။ နောက်ထပ်ခြောက်လတစ်ကြိမ်ကျင်းပမယ့် ငြိမ်းချမ်းရေးညီလာခံတွေအတွက် အခု (၂၁)ရာစုပင်လုံညီလာခံကနေ ဘယ်လောက်ထိအောင် အထောက်အပံ့ပေးနိုင်မယ်လို့ထင်ပါသလဲ။**

ဖြေ။ ။ အထောက်အကူအများကြီးပြုနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီညီလာခံရဲ့ ပွင့်လင်းမြင်သာမှုကို အခြေပြုပြီးတော့မှ နောင်ဆက်လျှောက်ရမယ့်လမ်းက ဘယ်လိုဆက်လျှောက်ရမယ်ဆိုတာ လမ်းကြောင်းပိုထင်ရှားလာမှာပါ။ တင်ပြချက်တွေအပေါ်မှာမူတည်ပြီးတော့ ဘယ်လမ်းကြောင်းကို ဘယ်လိုညှိမလဲဆိုတာ အဖြေမှန်ပေါ်လာမယ်လို့တော့ ယုံကြည်ပါတယ်။

**ဦးဂျာဂွမ် (ကချင်တိုင်းရင်းသားအစုအဖွဲ့)**

**မေး။ ။ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး ဘာတွေထပ်ပြီးညှိနှိုင်းသင့်တယ်လို့ ထင်သလဲ။**

ဖြေ။ ။ ကျွန်တော်တို့နိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ လိုလားချက်လိုအင်ဆန္ဒတွေကို သာတူညီမျှတဲ့စနစ်နဲ့ ပြည်ထောင်စုအနေနဲ့ လုပ်ပေးသွားရင် အဆင်ပြေမယ်လို့ထင်တယ်။

**မေး။ ။ တင်ပြချက်တွေအပေါ်မှာ ဘယ်လိုမျိုးလိုအပ်ချက်တွေရှိသလဲဆိုတာ သုံးသပ်ပေးပါဦး။**

ဖြေ။ ။ အခုတော့ တင်ပြချက်တွေကများနေပါတယ်။ လောလောဆယ် သုံးဖွဲ့လောက် ဖြစ်နေတယ်။ တပ်မတော်ကိုယ်စားလှယ်တွေက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကောင်းမွန်တယ်။ ဒီအတိုင်းပဲ ဖက်ဒရယ်စနစ်ကို ဆက်သွားမယ်လို့ တင်သွင်းတယ်။ တိုင်းရင်းသားအစုကတော့ ၂၀၀၈ ဖွဲ့စည်းပုံကို မယုံကြည်ဘူး။ အသစ်ရေးဆွဲချင်တယ်။ ၁၉၄၇ ပင်လုံစာချုပ်အရ တန်းတူညီမျှရေး အကန့်အသတ်မရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို လိုချင်ကြတယ်။ အစိုးရဘက်ကတော့ ကြားနေသဘောနဲ့တင်ပြကြတာလည်း တွေ့ရတယ်။

**မေး။ ။ အခုဆိုရင် ညီလာခံက ခြောက်လတစ်ကြိမ် ကျင်းပမယ်။ အခုလက်ရှိကျင်းပနေတဲ့ညီလာခံကနေ နောက်ကျင်းပမယ့် ညီလာခံကို ဘယ်လောက်ထိ လက်ဆင့်ကမ်းသယ်သွားနိုင်မလဲ။**

ဖြေ။ ။ နှစ်ရက်အတွင်း တင်ပြသွားတာတွေက ပြည့်စုံမှုရှိပါတယ်။ တိုင်းရင်းသားဘက်က တင်ပြတာလည်း အံ့ဝင်ခွင်ကျဖြစ်တယ်။ တိုင်းရင်းသားတွေဘက်က အမြင်နဲ့ပြောရရင် တပ်မတော်ဘက်က ၂၀၀၈ အခြေခံဥပဒေနဲ့ သွားချင်ပေမယ့် တိုင်းရင်းသားတွေအနေနဲ့ဆိုတော့ မအပ်စပ်ဘူးဆိုပြီး လက်မခံနိုင်ဘူးဖြစ်နေတယ်။ လာမယ့် ဒီဇင်ဘာမှာကျင်းပမယ့် ညီလာခံမှာ အခုတင်ပြထားတဲ့စာတမ်းတွေကို ခြုံငုံပြီးလုပ်သွားမယ်ဆိုရင် အဆင်ပြေသွားမယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်ပါတယ်။

**မေး။ ။ ဖက်ဒရယ်ကိုသွားမယ်ဆိုရင် ပထမဆုံးအနေနဲ့ ဘာလုပ်သင့်သလဲ။**

ဖြေ။ ။ အခုညီလာခံကျင်းပနေတဲ့အချိန်မှာပဲ နေရာအချို့မှာ တိုက်ပွဲတွေဖြစ်နေတယ်။ အဲဒါကိုကြည့်ပြီး တိုင်းရင်းသားတွေအနေနဲ့ ညီလာခံကို ယုံကြည်မှုအားနည်းနေတာကိုလည်း တွေ့နေရတယ်။ တကယ်ဆိုရင် အခုညီလာခံကျင်းပပြီဆိုတာနဲ့ တိုက်ပွဲတွေကို ရပ်စဲထားသင့်တဲ့အပြင် ယုံကြည်မှုလည်း တည်ဆောက်ထားသင့်တယ်လို့ မြင်ပါတယ်။

**မေး။ ။ လက်မှတ်ထိုးထားတဲ့အဖွဲ့တွေရှိသလို လက်မှတ်မထိုးထားတဲ့အဖွဲ့တွေရှိတယ်။ အဲဒီတော့ လက်မှတ်မထိုးရသေးတဲ့အဖွဲ့ကို ဘယ်လိုစည်းရုံးသင့်တယ်လို့ ထင်ပါသလဲ။**

ဖြေ။ ။ အခုတင်ပြသွားတဲ့စာတမ်းတွေပေါ်မှာ မူတည်တယ်လို့ မြင်ပါတယ်။ (၂၁)ရာစု ပင်လုံညီလာခံဖြစ်မြောက်ရေးကော်မတီအနေနဲ့ တိုင်းရင်းသားတွေ တင်ပြတဲ့ ဆန္ဒအပေါ်မှာ ဘယ်လောက်အလေးထားနိုင်သလဲဆိုတာနဲ့ ဘယ်လောက်ထိ အသိအမှတ်ပြုနိုင်သလဲဆိုတဲ့အပေါ်မှာ နည်းနည်းတော့ မူတည်မယ်ထင်ပါတယ်။

**ဦးဆမ်ဆွန်နာ (ကချင်ပြည်နယ်ဒီမိုကရေစီပါတီကိုယ်စားလှယ်)**

**မေး။ ။ ၁၉၄၇ ပင်လုံညီလာခံနဲ့ အခုလက်ရှိ (၂၁)ရာစုပင်လုံညီလာခံနဲ့ ဘယ်လိုကွာခြားသွားမယ်လို့ မြင်ပါသလဲ။**

ဖြေ။ ။ ၁၉၄၇ တုန်းကတော့ တိုင်းရင်းသားလူမျိုးအားလုံး ပါဝင်ခွင့်မရခဲ့ပါဘူး။ အဓိကအနေနဲ့ ကချင်၊ ရှမ်း၊ ချင်းတွေ အဓိကပါဝင်လက်မှတ်ရေးထိုးခဲ့တာပါ။ (၂၁)ရာစု ပင်လုံညီလာခံမှာတော့ တိုင်းရင်းသားစုံနိုင်သလောက်စုံအောင် စုစည်းရတဲ့အတွက်ကြောင့် ပိုပြီးအောင်မြင်မှုရရှိလိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။

**မေး။ ။ NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့သုံးဖွဲ့ကကော ဒီညီလာခံကြီးပြီးတဲ့အခါ တညီတညွတ်တည်းဖြစ်လာနိုင်မယ်လို့ မျှော်လင့်ထားပါသလား။**

ဖြေ။ ။ ဖြစ်လာမယ် မဖြစ်လာနိုင်ဘူးဆိုတာ မပြောနိုင်ပေမယ့် ကျွန်တော့်ဆန္ဒအရတော့ ဖြစ်စေချင်ပါတယ်။ တိုင်းရင်းသားတွေရဲ့ ပြည်နယ်တွေမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်တရားစီရင်ပိုင်ခွင့် အဲဒါတွေက ဖက်ဒရယ်စနစ်နဲ့ ကိုက်ညီပါတယ်။ ဒီစနစ်နဲ့သွားမယ်ဆိုရင်တော့ တိုင်းရင်းသားဒေသတွေမှာ လက်နက်စွဲကိုင်တော်လှန်မယ့်အကြောင်းမရှိတော့လောက်ဘူးလို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။

**မေး။ ။ ဆရာတို့ဒေသမှာ လက်ရှိအချိန်မှာ တိုက်ပွဲတွေဖြစ်နေတယ်လို့ ကြားသိရပါတယ်။ အဲဒီအပေါ်မှာ ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။ အဲဒါကတော့ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်နဲ့ ကိုယ်ပိုင်တရားစီရင်ပိုင်ခွင့်မရှိလို့ပါ။ ကိုယ်ပိုင်ဥပဒေကို ပြဋ္ဌာန်းပိုင်ခွင့်မရှိလို့ ဒီလိုပဋိပက္ခတွေဖြစ်ရတယ်လို့ ထင်မြင်ယူဆပါတယ်။ ပဋိပက္ခတွေက ခံစားနေရတာ နှစ် ၆၀ ကျော်လာတဲ့အတွက်ကြောင့် ဒီပင်လုံညီလာခံကျင်းပတဲ့အတွက် ပျောက်ကွယ်သွားမယ်လို့ ထင်ပါတယ်။

**တွေ့ဆုံမေးမြန်း- နိုင်လင်းကြည်၊ ခင်စုစုလှိုင်**

»» စာမျက်နှာ ၁၀ မှ

**ဒေါ်အေးအေးမူ (ကလေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

**မေး။ ။ ဒီနေ့ကျင်းပတဲ့ညီလာခံနဲ့ပတ်သက်လို့ လေ့လာသုံးသပ်မိတဲ့ သဘောထားအမြင်ကို ပြောပြပေးပါ။**

ဖြေ။ ။ ကျွန်မတို့နိုင်ငံရဲ့ အနေအထားအရ နှစ်ပေါင်း များစွာကတည်းက ဒီလိုဒုတိယအကြိမ် ပင်လုံညီလာခံမျိုး ဖြစ်သင့်တာကြာပါပြီ။ ကျွန်မတို့နိုင်ငံက လူမျိုးပေါင်းစုံနေထိုင်တဲ့နိုင်ငံဖြစ်လို့ ဖက်ဒရယ်ပြည်ထောင်စုကို သွားမှပဲဖြစ်မှာပါ။ ဒီလိုမဟုတ်ရင်တော့ ပြည်တွင်းစစ်က ဘယ်တော့မှငြိမ်းမှာ မဟုတ်ပါဘူး။ အခု ဒီ(၂၁)ရာစုပင်လုံ ဖြစ်မြောက်လာခြင်းအပေါ်မှာလည်း အတိုင်းမသိဝမ်းမြောက်မိပါတယ်။ အတိုင်းမသိလည်း မျှော်လင့်ထားပါတယ်။ အခု ဒီဆွေးနွေးချက်တွေအပေါ်မှာလည်း ရာနှုန်းပြည့်တော့မပြောနိုင်ပေမယ့် အများကြီးတော့မျှော်လင့်ထားပါတယ်။ ဒါ့အပြင် ကျွန်မတို့မှာလည်း ခေါင်းဆောင်ကောင်းတွေ ရှိနေပါတယ်။ မပါဝင်သေးတဲ့အဖွဲ့တွေလည်း သဘောပေါက်နားလည်ပြီး ပြန်လည်ပါဝင်လာနိုင်ဖို့ မျှော်လင့်ပါတယ်။

## သတ်မှတ်အမြန်နှုန်းထက်ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ် ၁၈ စီး ဖမ်းဆီးအရေးယူ

**နေပြည်တော်  စက်တင်ဘာ ၃**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် သတ်မှတ်အမြန်နှုန်းထက်ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ်များကို ဖမ်းဆီးအရေးယူလျက်ရှိရာ ယနေ့တွင် မော်တော်ယာဉ် ၁၈ စီးကို ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

သတ်မှတ်အမြန်နှုန်းထက် ပိုမိုအရှိန်ပြင်းမောင်းနှင်သော မော်တော်ယာဉ်များကို ယနေ့နံနက် ၇ နာရီမှ ညနေ ၅ နာရီအတွင်း အရှိန်နှုန်းတိုင်းတာစက်များ အသုံးပြု၍ တိုင်းတာစစ်ဆေးခြင်းကို ပလွေးလမ်းမကြီးတွင် ရဲအုပ်ဇော်လှိုင်ထွန်း ဦးစီး၍လည်းကောင်း၊ နေပြည်တော် တိုးဂိတ် (စီလမ်းဆုံ)တွင် အမြန်လမ်းရဲတပ်ဖွဲ့မှ ရဲမှူးရန်နောင်ဝင်း ဦးစီး၍ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့ဝင်များသည်လည်းကောင်း သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ၁၈ စီးကို ဖမ်းဆီးစစ်ဆေးပြီး ဇမ္ဗူသီရိမြို့နယ်မော်တော်ယာဉ်စည်းကမ်းတရားရုံးသို့ တရားစွဲတင်ပို့ခဲ့သည်။

ထိုသို့တရားစွဲတင်ပို့ရာ၌ အရှိန်နှုန်းလွန်ယာဉ် ၁၈ စီးအား နေ့ချင်းပြီး တရားစွဲတင် ဒဏ်ငွေချမှတ် အရေးယူသွားမည်ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

**သန်းဦး(လေးမျက်နှာ)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

# ဂျစ်ကန်ကန်သရုပ်ဆောင်ရတာလေးတွေကို နှစ်သက်ပါတယ်လို့ဆိုလာသူ

## မင်းသားသူရိယနှင့်ခဏတာ



မျိုးဆက်သစ်သရုပ်ဆောင်များအဖြစ် သရုပ်ဆောင်လောကသို့ တစ်ရှိန်ထိုးဝင်ရောက်လာခဲ့သည့် အနုပညာရှင်များထဲတွင် တီဗွီကြော်ငြာတစ်ခုတွင် ကလေးသရုပ်ဆောင်တစ်ဦးအဖြစ်မှစတင်ကာ ခန္ဓာကိုယ်ထဲသို့ အနုပညာပိုးစတင်ဝင်ရောက်ခဲ့သည်ဟု ဆိုခဲ့သည့် သရုပ်ဆောင် သူရိယလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ မျိုးဆက်သစ်သရုပ်ဆောင် သူရိယနှင့် ဆက်သွယ်မေးမြန်းထားသည်များကို ပရိသတ်ကြီးအား ပြန်လည်မျှဝေ ပေးလိုက်ပါသည်-

**ယခုလက်ရှိ အနုပညာလှုပ်ရှားမှု**

အခုရိုက်နေတာက "မနေ့ကဖြစ်သည်"ဆိုတဲ့ ဇာတ်ကားလေးပါ။ MRTV-4 က Tarus V ထုတ်လုပ်ရေးက ထုတ်တာပါ။ ဒီဇာတ်ကားလေးမှာ ကျွန်တော်နဲ့အတူ အလင်းရောင်၊ ဘုန်းရှိန်ထက်၊ အေးမြတ်သူ၊ ယွန်းယွန်း၊ သီရိစိုးမိုး၊ ဒေါ်ခင်မို့မို့အေးနဲ့ တခြားသရုပ်ဆောင်တွေ အများကြီးလည်းပါပါတယ်။ ဒါရိုက်တာက အောင်မြင့်ပါ။ တခြား ဇာတ်ကားတွေအနေနဲ့ကတော့ (၁၀)လပိုင်းထဲမှာ ရုပ်ရှင်ဇာတ်ကားကြီးတွေ ရိုက်ဖို့ရှိပါတယ်။ နောက်ပြီး "ရွာသား" ဇာတ်ကားကတော့ ထွက်ပြီးသွားပါပြီ။

**ရုံတင်ပြသပြီးတဲ့ ဖေ့စ်ဘုတ်ရွာဇာတ်ကားနဲ့ပတ်သက်ပြီး**

"ဖေ့စ်ဘုတ်ရွာ"ဇာတ်ကားထဲမှာ Facebook ခရေဇီ၊ ဖေ့စ်ဘုတ်သုံးရတာကို နှစ်သက်တဲ့ကောင်လေးတစ်ယောက်အဖြစ် သရုပ်ဆောင်ထားတာပါ။ ပရိသတ်တွေကလည်း ဖေ့စ်ဘုတ်သုံးနေကြတာပဲလေ။ လူအတော်များများလည်း သုံးနေကြတာဖြစ်တဲ့အတွက် ဒီကားလေးတင်တော့ Current လည်းဖြစ်တယ်။ ခေတ်နဲ့လည်း current ဖြစ်နေတဲ့အတွက် ဒီကားလေးကို ပိုအားပေးကြတယ်လို့ ထင်ပါတယ်။ ရုံမတင်ခင် ဖေ့စ်ဘုတ်မှာ ကြော်ငြာကတည်းက တော်တော် ပျံ့နှံ့နေခဲ့တာပါ။ ထင်တောင်မထင်ထားပါဘူး။ အဲဒီလောက် အားပေးကြလိမ့်မယ်လို့။ ဒါပေမယ့် အများကြီးအားပေးကြတဲ့အတွက် အလွန်ပဲဝမ်းသာပါတယ်။ ပျော်လည်း ပျော်ပါတယ်။

**ကိုယ်နဲ့လိုက်တဲ့ ကာရိုက်တာ**

ကာရိုက်တာအပိုင်းအနေနဲ့ကတော့ ဂျစ်ကန်ကန်နဲ့ သရုပ်ဆောင်ရတာမျိုးလေးတွေကို ပိုကြိုက်ပါတယ်။ ဖေ့စ်ဘုတ်ရွာတုန်းကဆိုရင်လည်း နည်းနည်း ဂျစ်ကန်ကန်လေးသရုပ်ဆောင်ထားပါတယ်။ တစ်ယောက်နဲ့တစ်ယောက်တွေ့တဲ့အခါ ဂျစ်ကန်ကန်ပုံစံလေးတွေ၊ ရည်းစားလုပ်တဲ့အခါ ဂျစ်ကန်ကန်ပုံစံလေးတွေ လုပ်ရတာပိုသဘောကျပါတယ်။

**သရုပ်ဆောင်ဖူးချင်တဲ့ကာရိုက်တာ**

မလုပ်ဖူးတဲ့ကာရိုက်တာတွေကတော့ အများကြီးပါပဲ။ အစပိုင်းတော့ ပေါ့ပေါ့ပါးပါးလေးတွေ၊ ဟာသဇာတ်ကားလေးတွေ ရိုက်ဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ comedy နဲ့ ဒရမ်မာအချိုးလေးတွေ ရိုက်ဖြစ်ပါတယ်။ အချစ်ဇာတ်ကားလေးတွေတော့ သိပ်မရိုက်ဖူးသေးပါဘူး။ အချစ်ဇာတ်ကားဆိုရင် 'မိန်းမနောက်ပိုး'ဆိုတဲ့ ဇာတ်ကားလေးတော့ ထွက်ထားတာရှိပါတယ်။ အဲဒါမျိုးလေးပဲ ရိုက်ဖူးပါသေးတယ်။

**အနုပညာသက်တမ်းတစ်လျှောက် အမှတ်ရဖြစ်ရပ်**

မှတ်မှတ်ရရ အမှတ်တရဖြစ်ရပ်တစ်ခုကတော့ ဟာသဖြစ်ရပ်လေးပါ။ ဖေ့စ်ဘုတ်ရွာဇာတ်ကားရိုက်တုန်းက မင်းသမီး ဆုအိမ့်စံကို ထမ်းပြီးရွာကိုပတ်ပြီးပြေးရတဲ့ အခန်းလေးပေ့ါ။ အဲဒါကို ၁၀ ခေါက် ၁၅ ခေါက်လောက် ရိုက်ရတော့ တော်တော်မောပါတယ်။ နောက်ပြီး အဲဒီနေ့မှာပဲ မခိုင်လေးကို ကုန်းပိုးရမယ့် အခန်းရှိတယ်။ မခိုင်လေးက အတင်းကျောပေါ်တက်ပြီး 'ကုန်းပိုး၊ ကုန်းပိုး'ဆိုပြီး လိုက်ပို့ခိုင်းတာတွေရှိတယ်။ တစ်နေ့ထဲနဲ့ အဲဒီလို ကုန်းပိုးရတဲ့ အခန်းတွေရိုက်ရတော့ အဲဒီနေ့က ဖျားတောင် ဖျားချင်သွားတယ်။ အဲဒီတုန်းက ရာသီဥတုကလည်း အယ်နီညိုရာသီဥတုနဲ့ဆိုတော့ နေကလည်းအရမ်းပူနေတဲ့အချိန်ပေ့ါ။

**အားကျခဲ့ရတဲ့ အနုပညာရှင်များ**

ရှေ့က စီနီယာသရုပ်ဆောင်တွေအကုန်လုံးက သင်ဆရာ၊ မြင်ဆရာတွေပါပဲ။ ရှေ့က ဝါရင့်သရုပ်ဆောင်တွေရဲ့ဇာတ်ကားလေးတွေကြည့်တယ်။ သူတို့လုပ်တာလေးတွေ အတုယူတယ်။ ကိုယ်ပိုင်ဟန်လေးတွေ လိုက်လုပ်ကြည့်တယ်။ သူတို့သင်ပြတာလေးတွေကိုလည်း မှတ်ထားတယ်။ ဒါရိုက်တာတွေ သင်ပြ ဆိုဆုံးမတာတွေကိုလည်း နားထောင်ပါတယ်။

**ပရိသတ်အတွက် စကားလက်ဆောင်**

ပရိသတ်တွေအားလုံး ကျန်းမာချမ်းသာကြပါစေ။ ကျွန်တော့်ဇာတ်ကားလေးတွေလည်း ထွက်လာတော့မှာပါ။ မကြာခင်က ထွက်ရှိခဲ့တဲ့ "ရွာသား" ဇာတ်ကားလေးကိုလည်း အားပေးကြပါဦးလို့ ပြောချင်ပါတယ်။

သူရိယသည် ယခုလ စက်တင်ဘာ ၂ ရက်တွင် Info9 မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိခဲ့သည့် 'ရွာသား'ဇာတ်ကားတွင်လည်း ဝါရင့်သရုပ်ဆောင်တစ်ဦးဖြစ်ပြီး မကြာမီကမှ အကယ်ဒမီဆုကြီးကို ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိခဲ့သည့် အကယ်ဒမီတက္ကသိုလ်ဝမ်းပုံနှင့် လိုက်ဖက်ညီစွာ သရုပ်ဆောင်ထားသည်။ 'ရွာသား' ဇာတ်ကားကို ဒါရိုက်တာပြည်ဟိန်းသီဟက ပုံဖော်ထားပြီး မင်းသား သူရိယနှင့်အတူ သွန်းဆက်၊ အကယ်ဒမီတက္ကသိုလ်ဝမ်းပုံ၊ ကျော်ထူး၊ ဧရာ၊ အုန်းသီးနှင့် သရုပ်ဆောင်များစွာက ပါဝင်အားဖြည့်ထားကြသည်။

ဖြိုးစန္ဒာမြင့်

## ရုပ်မြင်သံကြားအစီအစဉ်များ

[၄- ၉ -၂၀၁၆ (တနင်္ဂနွေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**ညနေပိုင်း**

၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-MRTV Entertainment Music

၆း၁၅ သတင်းစာဆရာ၊ စာရေးဆရာကြီး ဟံသာဝတီဦးဝင်းတင်(သို့) သံမဏိလူသား (အပိုင်း-၂)

၆း၃၀ မြန်မာရုပ်ရှင် "အိပ်မက်နတ်သမီး"

၈း၃၅ MRTV Entertainment Music

၈း၄၀ နိုင်ငံခြားရုပ်ရှင် "Benny And Babloo"

၁၀း၄၀ မြန်မာဗီဒီယိုဇာတ်လမ်း "တိုင်ပတ်နေတယ်"

**၅-၉-၂၀၁၆ (တနင်္လာနေ့) နံနက်(၀၀း၀၀)မှ (၀၆း၀၀) ထိကို အထက်ဖော်ပြပါအတိုင်း ပြသပါသည်။ နံနက် (၀၆း၀၀)မှ (၀၈း၄၀) ထိကို အမှတ်စဉ် (၁) မှ(၄) ထိ ပြသပါသည်။**

**နံနက်ပိုင်း**

**၀၈း၄၀ မြန်မာဗီဒီယိုဇာတ်လမ်း "တိုင်ပတ်နေတယ်"**

**၁၀း၁၀ နိုင်ငံခြားရုပ်ရှင်** "Benny And Babloo"

**နေ့လယ် (၁၂း၀၀) မှ(၀၄း၁၅) ထိကို အမှတ်စဉ်(၁)မှ(၄)ထိနှင့်(၇)ပြသပါသည်။**

**ညနေပိုင်း**

၄း၁၅ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ

၄း၃၀ ကာတွန်းအစီအစဉ် "Free Birds"

၆း၀၀ အစီအစဉ်ပြီး၏။

### MRTV-4

၅း၀၀ ပဌာန်းပါဠိတော် + ပရိတ် နိဒါန်း၊ မင်္ဂလသုတ်၊

၅း၄၀ "ဗုဒ္ဓသမီးတော်များ၏ ရင်တွင်းစကားများ"(အပိုင်း-၈)

၈း၀၀ Cartoon Series (English play Ground)

၅း၅၅ Weekly Sports Diary

၁၀း၁၅ ခေတ်သစ်ပျိုမေ

၁၁း၀၅ Star တို့ရဲ့လက်ရာ

၂း၂၀ World of Knowledge (Mega Factories:Bentley)

၄း၀၀ TPO Asian Tour Comcerts 2016

၅း၅၀ ရန်ကုန်မြင်ကွင်းကျယ် (The 17'Japanese Speech Contest 2016)

၆း၁၀ Health Fix

၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ ကတိစကား" (အပိုင်း-၅၄)

၇း၁၅ Fashion Week

၇း၄၀ MUSIC LIVE Tonight

၈း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၉၉)

၉း၀၀ Miss Myanmar International 2016 Grand Final Contest

၁၀း၃၀ MRTV-4 Stage

၁၁း၅၅ World of Knowledge (Mega Factories:Bentley)

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်

၇း၁၅ မေတ္တာပို့

၇း၂၅ ဓမ္မပူဇာတေး

၇း၃၀ ကိုယ်လက်လှုပ်ရှားအားကစား

၉း၁၀ World Wide Web

၉း၂၅ စာပေအလင်း စာပေသတင်း

၉း၄၅ အမှတ်တရနေ့ရက်လေးများ

၁၀း၁၀ သာယာသီကြွေး ခေတ်ဆန်းတေး

၁၀း၂၀ Guide For You

၁၀း၃၀ Cooking Art

၁၀း၄၅ မြန်မာသံစဉ်ချိုနားဝင်

၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာအသင်္ချေ အပိုင်း(၉၃)

၂း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး

၄း၃၅ ပျိုပျိုမေ

၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဖေဖေကြီးကိုချစ်တယ် အပိုင်း(၅၂)

၅း၄၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း

၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မစ္စကိုရီးယား အပိုင်း(၁)

၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်

၇း၃၅ Business News

၈း၃၅ ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်)(ခေတ်ဟောင်းတေးနှင့်ကာလပေါ်တေး) [ဝါသနာရှင်(ပထမတန်း)အဆင့်](အမျိုးသား)

၉း၃၅ ပြည်သူတို့ရဲ့စကားသံများ

၉း၅၀ ကဗျာရိပ်မြုံ"ဘယ်မိဘကမွေးရှက်အိုးကွဲ"

၁၀း၃၅ မြန်မာ့အသိုက်အဝန်းထဲမှအမျိုးသမီးများ

၁၁း၁၅ ဂီတတံခါးလေးဖွင့်ပါဦး

၁၂း၃၅ This Week's Special Interest

၁၂း၅၀ ဖျ/မည်းရုပ်ရှင်"ကိုယ်ရယ်၊တိုးရယ်၊စိုးစိုးရယ်" (ညွန့်ဝင်း၊ သန်းထွဋ်၊ ခင်သန်းနု၊ ပုလဲ) (ဒါရိုက်တာ-ဦးတင်မောင်)

၄း၁၅ ၂၀၁၆ ခုနှစ် ၂၂ ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊ အတီး၊ ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာရန်(အဆိုဘာသာရပ်)(ခေတ်ဟောင်းတေးနှင့်ကာလပေါ်တေး) [အခြေခံပညာ(၁၀-၁၅)အဆင့်] (အမျိုးသား၊ အမျိုးသမီး)

၄း၃၅ "အနုတ်(၁)မှအပေါင်း(၁)သို့"

၅း၃၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "အနှူးဘစ်"

၅း၅၀ "အရည် အသွေးမြင့်မား Japan Myanmar Steel Solutions မှ သံမဏိသံပေါင်များ"

၆း၁၅ "KARAOKE World Championship (KWC) Myanmar 2016" (LEVEL-1) (Group-2)

၇း၁၅ "သူ"(အပိုင်း-၁၈) (ပြေဇင်၊ မင်းသူ၊ ရဲမွန်၊ ဖူးစုံ၊ သဇင်၊မှုံနံ့သာ) (ဒါရိုက်တာ-ဘိုသန့်)

၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၉း၀၀ ပြည်တွင်းသတင်း -တစ်ခါကအနုပညာမှတ်တမ်းများ -(၁၉)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ(ဇာတ်တော်ကြီးပြိုင်ပွဲ) "သုဝဏ္ဏသာမဇာတ်တော်ကြီး" (ပထမဆု)(ဒုတိယပိုင်း)

# မော်ရင်ဟို အကောင်းဆုံးကစားသမား ရွေးချယ်ဝယ်ယူမှုပြုနိုင်ခဲ့သည်ဟု ပေါလ်စခိုးချီးကျူး

မန်ယူနည်းပြသစ် မော်ရင်ဟို၏ ပရီမီယာလိဂ်တွင် အသင့်သုံးနိုင်သည့် ကစားသမားများ ရွေးချယ်ဝယ်ယူတတ်မှုက ပရီမီယာလိဂ်ချန်ပီယံဆုကို ဆွတ်ခူးနိုင်သည်အထိ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မန်ယူကွင်းလယ်လူဟောင်း ပေါလ်စခိုးက ချီးကျူးစကား ဆိုလိုက်သည်။ ပေါလ်စခိုးက ဖာဂူဆန်နောက်ပိုင်း တာဝန်ယူခဲ့သူနည်းပြ မိုယက်စ်နှင့် ဗန်ဟားလ်တို့ နှစ်ဦးနှင့် မော်ရင်ဟိုကြားအဓိကခြားနားချက်မှာ ကစားသမား ရွေးချယ်ခေါ်ယူမှုအပိုင်းပင်ဖြစ်ကြောင်း သုံးသပ်သည်။



ပေါလ်စခိုးက "မော်ရင်ဟိုဟာ အရေအတွက်ထက် အရည်အချင်းရှိတဲ့ ကစားသမားတွေကိုသာ ဝယ်ယူခဲ့ပါတယ်။ ဒါက အသင်းအတွက် အကြီးမားဆုံး ပြောင်းလဲသွားမှုပါ" ဟု သုံးသပ်လိုက်သည်။

မိုယက်စ်နှင့် ဗန်ဟားလ်တို့နှစ်ဦးစလုံး မန်ယူအသင်းကို ပြုပြင်ပြောင်းလဲရန် ကစားသမားဝယ်ယူမှုအပိုင်းတွင် စိတ်တိုင်းကျ ငွေကြေးသုံးစွဲခွင့်ရခဲ့ကြသော်လည်း ပရီမီယာလိဂ်တွင် အသင့်သုံးနိုင်ခြင်းမရှိသည့် ကစားသမားများကို ခေါ်ယူခဲ့မှုက ရလဒ်ပိုင်းခြားနားသွားစေခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။ မိုယက်စ်လက်ထက်တွင် ဖယ်လိုင်နီ၊ မာတာတို့ကို ခေါ်ယူခဲ့ပြီး ဗန်ဟားလ်က ဒီမာရီယာ၊ ဖယ်လ်ကာအို၊ ရှဝိန်းစတိုင်ဂါ၊ ရိုမဲရိုး၊ ဒီပိုင်း၊ ရှနိုက်ဒါလင်နှင့် မာရှယ်လ်တို့ကို စျေးကြီးပေးကာ အားဖြည့်ခေါ်ယူခဲ့သော်လည်း သုံးရာသီအတွင်း ချန်ပီယံလိဂ်ဝင်ခွင့် တစ်ကြိမ်သာ ရရှိပြီး အမြင့်ဆုံးအဆင့် (၄) နေရာဖြစ်သော ရာသီသိမ်းနိုင်ခဲ့ သည်။ မော်ရင်ဟို ယခုနှစ်တွင် ဝယ်ယူခဲ့သော ကစားသမားလေးဦးမှာ အမ်ခီတာယန်၊ ဘိုင်လီ၊ အီဗရာဟီမိုဗစ်ချ်နှင့် ပေါ့ဘာတို့ဖြစ်ပြီး မန်ယူမှာ သုံးပွဲကစားသုံးပွဲနိုင်ရလဒ်ဖြင့် ရာနှုန်းပြည့်နိုင်ပွဲရယူနိုင်ခဲ့သည်။

ယခင်အာဆင်နယ် ကွင်းလယ်လူဟောင်း လင်ပါကပင် မိုဗစ်ချ်ကို ခေါ်ယူနိုင်ခြင်းက မန်ယူအသင်းအတွက် လွန်စွာအကျိုးရှိသည့် ကိစ္စတစ်ရပ်ဖြစ်ခဲ့ပြီး မိုဗစ်ချ်မှာ မတူညီသည့် လိဂ်အသီးသီးတွင် အမှတ်ပေးချန်ပီယံဆုကို ရယူနိုင်ခဲ့သည့် ကစားသမားဖြစ်ရာ မန်ယူအသင်း ယခုနှစ်မှာပင် ပရီမီယာလိဂ်ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်လိမ့်မည်ဟု မှတ်ချက်ပြုခဲ့သည်။ အီဗရာဟီမိုဗစ်ချ် ရောက်ရှိလာပြီးနောက်ပိုင်း ယခင်က တိုက်စစ်ပိုင်းဂိုးရရန် ခက်ခဲလေ့ရှိသည့် မန်ယူမှာ ပွဲတိုင်းဂိုးရခဲ့သည်။

# မန်စီးတီး၏ ချန်ပီယံလိဂ် လူစာရင်းတွင် ယာယာတိုးရေး မပါဝင်

မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် ၂၀၁၆-၁၇ ဘောလုံးရာသီ ချန်ပီယံလိဂ် ယှဉ်ပြိုင်မည့်အသင်းလူစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ကွင်းလယ်လူ ယာယာတိုရေးပါဝင်လာခြင်း မရှိခဲ့ကြောင်း သိရသည်။ ယာယာတိုရေး အပါအဝင် နိုင်ငံခြားကစားသမား ၁၇ ဦးအထိ ချန်လှပ်ခဲ့သော်လည်း နိုင်ငံရပ်ခြားကစားသမား ၁၈ ဦးအထိ အသင်းလူ စာရင်းတွင်ပါဝင်နေဆဲဖြစ်သည်။ မန်စီးတီးသည် အပြောင်းအရွှေ့နောက်ဆုံးပိတ်ရက်မှာပင် နိုင်ငံခြားသား ကစားသမားလေးဦးကို အသင်းမှထွက်ခွာခွင့်ပေးခဲ့ပြီး ဖြစ် သည်။

သို့သော် ချန်ပီယံလိဂ် စည်းမျဉ်းအရ အုပ်စုအဆင့် ပွဲစဉ်များ ယှဉ်ပြိုင်ပြီးနောက် ကစားသမားသုံးဦးအထိ လဲလှယ်ခွင့်ရှိရာ ဆဲလ်တစ်၊ ဘာစီလိုနာနှင့် မိုချန်ဂလာ ဘတ်တို့အား ရင်ဆိုင်အပြီးတွင် ယာယာတိုရေးကို ထည့်သွင်းကစားသွားမည်လားဆိုသည်ကို စောင့်ကြည့်ရမည် ဖြစ်သည်။ ယာယာတိုရေးမှာ ၂၀၁၀ ခုနှစ်တွင် ဘာစီလိုနာမှ မန်စီးတီးသို့ ပြောင်းရွှေ့ကြေး ပေါင်၂၄ သန်းဖြင့် ရောက်ရှိ လာပြီးနောက် မန်စီးတီး၏ အောင်မြင်မှုများတွင် အဓိက နေရာမှ ပါဝင်ခဲ့သူဖြစ်သည်။ ယာယာတိုရေးအား မန်စီးတီးသို့ ရောင်းချခဲ့သူမှာ ယခု မန်စီးတီးနည်းပြ တာဝန်ယူနေသူ ဂွါဒီယိုလာပင်ဖြစ်ပြီး မန်စီးတီးနှင့် ဂွါဒီယိုလာတို့ သဘောတူညီချက်ထုတ်ပြန်ပြီးကတည်းက ယာယာတိုရေးမှာ အသင်းပြောင်းရမည်ဟု သတင်းများထွက်နေခဲ့ခြင်းဖြစ်သည်။ ယာယာတိုရေးမှာ ဂွါဒီယိုလာလက်ထက် စတူအာဘူခါရက်အသင်းအား ငါးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ် တစ်ပွဲတွင်သာ ဝင်ရောက်ကစား ခွင့်ရခဲ့ပြီးနောက် မန်စီးတီးမှ ထွက်ခွာမည့် ကစားသမား အဖြစ် ထိပ်ဆုံးမှရေပန်းစားနေခဲ့သူဖြစ်သည်။ သို့သော် နွေစျေးကွက် ပိတ်သိမ်းချိန်အထိ မန်စီးတီးမှ ကစားသမား ၁၄ ဦးအထိ အငှားဖြင့်ဖြစ်စေ၊ အပြီးသတ်ဖြစ်စေ ပြောင်းရွှေ့သွားခဲ့ကြ သော်လည်း ယင်းစာရင်းတွင် ယာယာတိုရေး ပါဝင်ခဲ့ခြင်းမရှိသည်မှာ ဘောလုံးစျေးကွက်လေ့လာနေသူများကို မျက်စိလည်စေခဲ့သည်။

အစောပိုင်းက ယာယာတိုရေးမှာ အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့တော့ မည်ဟု ကောလာဟလများ ထွက်ခဲ့သေးသော်လည်း တိုရေးကိုယ်တိုင်က ၎င်းနှင့် မန်စီးတီးတို့ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ၂၀၁၇ ခုနှစ်အထိ မန်စီးတီးတွင်သာ ဆက်လက်ရှိနေ မည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ ဂွါဒီယိုလာရွေးချယ်ထားသည့် ချန်ပီယံလိဂ် ကစားသမားစာရင်းတွင် အသစ်ခေါ်ယူထားသည့် နိုင်ငံခြားသားကစားသမားများဖြစ် သော ဆာနီနှင့် ဂန်ဒိုဂန်တို့ အမည်များ ပါဝင်နေသလို ဒဏ်ရာပြဿနာကြောင့် ယခုထိ ပြန်လည်ကစားနိုင်ခြင်း မရှိသေးသည့် ကွန်ပနီ၊ အသက်(၁၉)နှစ်ရှိ တိုက်စစ်မှူး အီဟီနာချိုတို့လည်း ပါဝင်နေခဲ့ကြသည်။

# ဝီရှိုင်းယားဟာ ရည်မှန်းချက် နည်းပါသူပါ

အာဆင်နယ်ကွင်းလယ်လူ ဝီရှိုင်းယားအနေနဲ့ အခြားလိဂ်တွေက အသင်းတွေအများကြီး ကမ်းလှမ်းနေတဲ့ကြားက ဘုန်းမောက်လို ပရီမီယာလိဂ် အသင်းငယ်လေးကိုသာ အငှားနဲ့ ရွေးချယ်ပြောင်းရွှေ့ခဲ့တာဟာ သူ့ရဲ့ ရည်မှန်းချက်နည်းပါးမှုကို ပြသရာ ရောက်ကြောင်း အင်္ဂလန်ကစားသမားဟောင်း ပေါလ်စခိုးက ဝေဖန်လိုက် ပါတယ်။ ဝီရှိုင်းယားကို ကမ်းလှမ်းတဲ့ ပရီမီယာလိဂ်ပြင်ပက အသင်းတွေထဲမှာ ဗလင်စီယာ၊ ရိုးမားတို့လို အသင်းတွေ ပါဝင်ခဲ့ပေမယ့် ဘုန်းမောက်ကို သာ ရွေးချယ်ခဲ့တဲ့ သူ့ရဲ့ ရွေးချယ်မှုက မေးခွန်းထုတ်စရာလို့လည်း စခိုးက ဆိုပါတယ်။

စခိုးက ဝီရှိုင်းယားသာ ရည်မှန်းချက်ရှိသူဆိုရင် ပြောင်းမှာဖြစ်ပြီး ဘုန်းမောက်ကို ရွေးချယ်လိုက်တာက သူ့ရဲ့ ရည်ရွယ်ချက်ကြီးမားမှုမရှိတာကို ပြသရာရောက်တယ်လို့ ပြောပါတယ်။ ဒါပေမယ့် အာဆင်နယ်မှာဖြစ်စေ၊ ဘုန်းမောက်မှာဖြစ်စေ၊ ဘယ်အသင်း မှာပဲဖြစ်စေ ကိုယ့်ရဲ့လုပ်ဆောင် နိုင်စွမ်းကသာ အရေးကြီးဆုံးဖြစ်တယ်လို့တော့စခိုးက သုံးသပ်ပါတယ်။

# (၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

(၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စု ပတ်လည်ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပခဲ့သည်။

အုပ်စုပတ်လည်အမျိုးသမီးပွဲစဉ်များအဖြစ် အုပ်စု(က)မှ မကွေးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက (၇၉-၃၁)မှတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက (၇၈-၄၈)မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ခ)မှ ရှမ်းပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက (၇၁-၁၄) မှတ်ဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြသည်။

ဆက်လက်၍ အုပ်စုပတ်လည် အမျိုးသားပွဲစဉ်များအဖြစ် အုပ်စု(က)မှ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက (၉၄-၂၂) မှတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက (၆၆-၅၄)မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ခ)မှ မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက (၇၇-၅၃)မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ဂ)မှ နေပြည်တော်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက (၆၉-၄၉) မှတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများ၌ ကျင်းပလျက်ရှိသည်။


ယနေ့ညနေ (၃)နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ အုပ်စု(က) ကချင်ပြည်နယ်ဘောလုံးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအသင်းက ခုနစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌အုပ်စု(က)မှ မကွေးတိုင်းဒေသကြီးဘောလုံးအသင်းနှင့် ချင်းပြည်နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးဘောလုံးအသင်းက ရှစ်ဂိုး-လေးဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြသည်။

စက်တင်ဘာ ၅ ရက်တွင် ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ အုပ်စု(က) ကချင်ပြည်နယ် ဘောလုံးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးဘောလုံး အသင်းတို့သည်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ အုပ်စု(က)မှ မကွေးတိုင်းဒေသကြီးဘောလုံးအသင်းနှင့် ချင်းပြည်နယ်ဘောလုံးအသင်းတို့သည် လည်းကောင်း အသီးသီးယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်းသိရသည်။

■ မောင်မောင်ဇော်

မေလ့်သင်း-ရေးသားသည်

# အဂူရိုအား သုံးပွဲပယ် ပြစ်ဒဏ်ချမှတ်မည်ဟု အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်အတည်ပြု



အင်္ဂလန်ဘောလုံး အဖွဲ့ချုပ်(အက်ဖ်အေ)သည် မန်စီးတီးတိုက်စစ်မှူး အဂူရိုအား ပွဲချိန်အတွင်း ကြမ်းတမ်းစွာကစားခဲ့သည့်အတွက် သုံးပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ရာ ၎င်းအနေဖြင့် မန်ချက်စတာဒါဘီပွဲစဉ်ကို လွဲချော်ရတော့မည်ဖြစ်သည်။ အဂူရိုမှာ ဝက်စ်ဟမ်းနောက်ခံလူ ဝင်စတန်ရိဒ်အား ဘောလုံးယှဉ်ခေါင်းတိုက်ခဲ့ချိန်အတွင်း တံတောင်ဖြင့်တွတ်ခဲ့သည့်အတွက် ရိဒ်မှာ ဒဏ်ရာရရှိခဲ့၍ လူစားလဲခဲ့ရသည်။ ယင်းဖြစ်စဉ်ကို ကွင်းလယ်ဒိုင်ဖြစ်သူက မြင်တွေ့ခဲ့ခြင်း မရှိသော်လည်း ပွဲအပြီး ဗီဒီယိုအနှေးပြကွက်များတွင် ပြန်လည်ကြည့်ရှုခဲ့ရာ အဂူရိုမှာ အပြစ်ရှိကြောင်း အထင်အရှား မြင်တွေ ခဲ့ရပြီးနောက် အက်ဖ်အေက ပြစ်ဒဏ်တစ်ရပ်ချမှတ်ရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ပွဲပယ်ပြစ်ဒဏ်မှာ မန်စီးတီး နည်းပြ ဂွါဒီယိုလာအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်ပြီး မန်ချက်စတာဒါဘီကို အသင်း၏ ထိပ်တန်း ဂိုးသွင်းရှင် မပါဝင်ဘဲ ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။ အားကစားသုံးသပ်သူ ကာရေဂါက အဂူရိုအနေဖြင့် အနည်းဆုံး သုံးပွဲပယ်ပြစ်ဒဏ် ခံရနိုင်ကြောင်း အစောပိုင်းကပင် မျှော်လင့်ထားပြီးဖြစ်ကြောင်း စကိုင်းစပို့သို့ ပြောကြားခဲ့သည်။ အဂူရိုမှာ ယင်းသို့ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရသဖြင့် မန်ယူနှင့် စက်တင်ဘာ ၁၀ ရက်တွင် ယှဉ်ပြိုင်မည့် မန်ချက်စတာဒါဘီ အပါအဝင် စက်တင်ဘာ ၁၇ ရက်တွင် ယှဉ်ပြိုင်မည့် ဘုန်းမောက်နှင့် ပရီမီယာလိဂ်ပွဲစဉ်၊ စက်တင်ဘာ ၂၁ ရက် ဆွမ်ဆီးနှင့် ယှဉ်ပြိုင်မည့် အီးအက်ဖ်အယ်လ်ဖလား တတိယအဆင့် ပွဲစဉ်များကို လွဲချော်တော့မည်ဖြစ်သည်။

# မန္တလေးဆေးတက္ကသိုလ်တွင် ခန္ဓာကိုယ်ဆေးစိမ်မှုနည်းပညာသစ်အသုံးပြုနိုင်သော Cadaverie Surgical Training Centre ဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၃**

မြန်မာနိုင်ငံတွင် ပထမဆုံး ခန္ဓာကိုယ်ဆေးစိမ်မှုနည်းပညာသစ် အသုံးပြုနိုင်သော Cadaverie Surgical Training Centre ဖွင့်ပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ ရှိ ဆေးတက္ကသိုလ်(မန္တလေး) အောင်ပင်လယ်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့အစည်းဝင်များ တက်ရောက်ပြီး ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာခင်မောင်လွင်က ကျေးဇူးတင်စကားပြောကြားပြီး ခန္ဓာဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာလဘန်ခွန်က Cadaverie Surgical Training Centre ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ခန္ဓာကိုယ် လှူဒါန်းထားသောSilent Mentors များအား တက်ရောက်လာသူများက ပန်းစည်းများဖြင့် ဂါရဝပြုကြသည်။ ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်များသည် Cadaverie Surgical Training Centre အတွင်းရှိ ခန္ဓာကိုယ်သိုလှောင်ခန်းများ၊ ခွဲစိတ်သင်ကြားခန်းများအတွင်း ကြည့်ရှုခဲ့ကြသည်။

ယခင်က ခန္ဓာကိုယ်ဆေးစိမ်ရာတွင် ဖော်မလင်ဆေးရည်ကို အသုံးပြုခဲ့ပြီး ခန္ဓာကိုယ်မပုပ်မသိုးသော်လည်း အရောင်ညိုမည်းသွားပြီး တောင့်တင်းနေသဖြင့် ဒုတိယနှစ်ဆေးပညာ ကျောင်းသားများအား ခန္ဓာဗေဒပညာသင်ကြားရာတွင် အဆင်ပြေသော်လည်း ဆေးပညာ မဟာသိပ္ပံတန်းကျောင်းသားများ ခန္ဓာဗေဒခွဲစိတ်မှုသင်ခန်းစာတွင် တောင့်တင်းနေသဖြင့် အဆင်မပြေကြောင်း၊ ယခု ခန္ဓာကိုယ် ဆေးစိမ်မှုနည်းပညာသစ်သည် ခန္ဓာကိုယ်ကို မပုပ်မသိုး၊ အရောင်ပြောင်းလဲခြင်းမရှိ၊ တောင့်တင်းခြင်းမရှိဘဲ သက်ရှိခန္ဓာကိုယ်အတိုင်းဖြစ်သဖြင့် ဆေးပညာမဟာသိပ္ပံတန်း သင်ကြားရေးတွင် သက်ရှိလူနာကို ခွဲစိတ်ရသကဲ့သို့ လက်တွေ့ စမ်းသပ်နိုင်သဖြင့် ဆေးပညာသင်ကြားရေးတွင် များစွာအကျိုးရှိကြောင်း ခန္ဓာဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာလဘန်ခွန်က ရှင်းလင်းပြောပြခဲ့သည်။ ခန္ဓာကိုယ်ဆေးစိမ်မှု နည်းပညာသစ်သည် သေဆုံးပြီး ၂၄ နာရီအတွင်း ဆေးစိမ်ရပြီး ၂၄ နာရီကျော်ပါကဆေးစိမ်ရန်ခက်ခဲကြောင်း၊ ဆေးစိမ်မှုတွင် Formaldehyde, Isopropy alcohol, Glycerine, Phenol,Sodium Chloride စသည့် ဆေးငါးမျိုးအသုံးပြုရပြီး ခန္ဓာကိုယ်တစ်ခုအတွက် ကျပ် ၂၅၀၀၀၀ ကုန်ကျကြောင်း၊ ဆေးတက္ကသိုလ်(မန္တလေး)တွင် ခန္ဓာကိုယ်ပေါင်း ၁၀၀ ထားရှိနိုင်ပြီး လက်ရှိတွင် ခန္ဓာကိုယ် ၆၀ ဆေးစိမ်ထားရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ခြင်ဆေးဖျန်းခြင်းဆောင်ရွက်

**ကျွန်းလှ စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်စေရန် ခြင်ဆေးဖျန်းခြင်းကို ဩဂုတ် ၃၁ ရက်က အ-ထ-က ကျွန်းလှကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုခြင်ဆေးဖျန်းပေးခြင်းကို မြို့နယ်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ စာသင်ကျောင်းဆောင်များ၊ ဈေးများနှင့် ဘော်ဒါဆောင်များအား ဖျန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခြင်ဆေးဖျန်းရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ၊ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ လိုက်ပါကူညီ ဆောင်ရွက်ပေးကြကြောင်းသိရသည်။ **မျိုးဝင်းညို (ကျွန်းလှ)**

## ဘူးသီးတောင်မြို့နယ်အတွင်း ငါးသယံဇာတထိန်းသိမ်းရေး ငါးမျိုးစိုက်ထည့်

**ဘူးသီးတောင် စက်တင်ဘာ ၃**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်း ငါးသယံဇာတ ထိန်းသိမ်းရေး၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရေးနှင့် ဒေသတွင်း ငါးစားသုံးမှု ဖူလုံစေရေးအတွက် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှု၊ မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဘူးသီးတောင်မြို့နယ်အတွင်း ငါးလုပ်ငန်းဦးစီးဌာနမှ ရေချိုချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီက ဘူးသီးတောင်မြို့ ရွှေပြည်တန် အမြန်ရေယာဉ်ဆိပ်ကမ်း၌ ပြုလုပ်ခဲ့သည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာညွန့်ဝေက ငါးမျိုးစိုက်ထည့်ရခြင်းနှင့်ပတ်သက်၍ မိမိဒေသအတွင်း ငါးသယံဇာတ ထိန်းသိမ်းရေး၊ ငါးမျိုးပြုန်းတီးမှုကို ကာကွယ်ရေးအတွက် နှစ်စဉ်သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း၊ ပြန်လွှတ်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ သဘာဝရေပြင် ပင်လယ်မြစ်ချောင်းများတွင် ငါးမျိုးများ ပြုန်းတီးလာပြီး နောင်အနာဂတ်လူသားများ စဉ်ဆက်မပြတ် ငါးစားသုံးနိုင်ရေးအတွက် ငါးမွေးမြူရေးကို အလေးထားဆောင်ရွက်ပြီး လိုအပ်သည့်ငါးစားသုံးမှုကို ရေလုပ်ငန်းကဏ္ဍမှ ဖြည့်ဆည်း ပေးသွားရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ငါးမျိုးထုပ်များကို ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာညွန့်ဝေနှင့် တာဝန်ရှိသူများက ဘူးသီးတောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များထံသို့ အသီးသီးပေးအပ်ကြပြီး ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ရေချိုချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀၊ ယိုးဒယားငါးခုံးမကောင်ရေ ၁၀၀၀၀၊ တီလားပီးယားသားပေါက်ကောင်ရေ ၅၀၀၀ စုစုပေါင်း ရေချိုငါးသားပေါက်ကောင်ရေ ၂၅၀၀၀ကို တပျော်တပါး ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

**ဘူးသီးတောင် (ပြန်/ဆက်)**

## မိတ္ထီလာ ဖောင်တော်ဦးဘုရားပွဲတော် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဆုကြေးငွေများတိုးမြှင့် ချီးမြှင့်မည်

**မိတ္ထီလာ စက်တင်ဘာ ၃**

မိတ္ထီလာ သမိုင်းဝင်ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်တွင် ထည့်သွင်းကျင်းပမည့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဆုကြေးငွေများကို ယခင်နှစ်များထက် တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"ခါတိုင်းနှစ်တွေက ဖောင်တော်ဦးလှေပြိုင်ပွဲမှာ ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ် နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်း၊ နှစ်သိမ့်ဆု ကျပ်ခုနစ်သောင်း ချီးမြှင့်ခဲ့တာပါ။ ဒီနှစ်တော့ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်တဲ့ လှေအသင်းတွေ အနေနဲ့ ယှဉ်ပြိုင်ရကျိုးနပ်အောင် ဆုကြေးငွေကိုတိုးမြှင့်ပြီး ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်း၊ နှစ်သိမ့်ဆု ကျပ်တစ်သိန်း ချီးမြှင့်သွားမှာဖြစ်ပါတယ်" ဟု လှေပြိုင်ပွဲကျင်းပရေးကော်မတီဝင်တစ်ဦးက ပြောသည်။

နှစ်စဉ် ဖောင်တော်ဦးဘုရားပွဲတော်တွင် ထည့်သွင်းကျင်းပသည့် လှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် လှေအသင်းများအနေဖြင့် ပြိုင်ပွဲကာလမတိုင်မီကပင် လှေအသင်းသားများစုစည်း၍ လှေကျင့်လှော်ခတ်ခြင်းများကို နေ့စဉ်ပြုလုပ်ရပြီး ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပါက ချီးမြှင့်သည့်ဆုကြေးကို အသင်းသားများခွဲဝေယူရာတွင် အလွန်နည်းပါးသည့်ငွေကြေးသာ ရရှိခဲ့ကြောင်း၊ ယခုကဲ့သို့ ဆုကြေးငွေကို တိုးမြှင့်ချီးမြှင့်သည့်အတွက် ဝမ်းသာကျေနပ်ကြောင်း ယင်းလှေပြိုင်ပွဲတွင် နှစ်စဉ်ပါဝင်ယှဉ်ပြိုင်သည့် အုတ်နဲ့ဘုတ်ကျေးရွာမှ လှေပြိုင်ပွဲဝင်တစ်ဦးက ပြောသည်။

ယခုနှစ် မိတ္ထီလာသမိုင်းဝင် ဖောင်တော်ဦးဘုရားပွဲတော်အား စက်တင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက် (တော်သလင်းလပြည့်နေ့) အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## မိုးလေဝသနှင့် ဘူမိရူပဗေဒဆိုင်ရာ အာဆီယံဆပ်ကော်မတီ အစည်းအဝေး၊ ရန်ကုန်မြို့တွင် ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃**

ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်းများမှ ပညာရှင်များပါဝင်သည့် မိုးလေဝသဆိုင်ရာ စီမံကိန်းများ ဆွေးနွေးသည့် မိုးလေဝသနှင့် ဘူမိရူပဗေဒဆိုင်ရာ အာဆီယံဆပ်ကော်မတီ အစည်းအဝေး ရန်ကုန်မြို့တွင်ကျင်းပ၊ မြန်မာနိုင်ငံမှ အလှည့်ကျသဘာဝတိအဖြစ်ဆောင်ရွက်

ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်းအသီးသီးမှ ပညာရှင်များ ပါဝင်သည့် မိုးလေဝသဆိုင်ရာ စီမံကိန်းများ အကြောင်း ထည့်သွင်းဆွေးနွေးမည့် ၃၈ ကြိမ်မြောက် မိုးလေဝသနှင့် ဘူမိရူပဗေဒဆိုင်ရာ အာဆီယံဆပ်ကော်မတီ အစည်းအဝေးကို ဩဂုတ် ၂၉ ရက် နံနက်က ရန်ကုန်မြို့ ချထရီယမ်ဟိုတယ်တွင် ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံမှ အလှည့်ကျ သဘာဝတိအဖြစ် ဆောင်ရွက်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၊ တရုတ်နိုင်ငံ မိုးလေဝသအဖွဲ့အစည်း၊ ဂျပန်နိုင်ငံ မိုးလေဝသအဖွဲ့အစည်း၊ ကိုးရီးယားနိုင်ငံ မိုးလေဝသအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖိတ်ကြားထားသော ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မိုးလေဝသနှင့် ဘူမိဗေဒဆိုင်ရာ အာဆီယံဆပ်ကော်မတီ၏ အလှည့်ကျသဘာပတိဖြစ်သူ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဟာရင်နိုင်တီးယမ်က အလှည့်ကျသဘာပတိအဖြစ်ဆောင်ရွက်ကာ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

အာဆီယံအစည်းအဝေးများတွင် ကျင့်သုံးသည့် အလှည့်ကျသဘာပတိအဖြစ် သုံးနှစ်ဆောင်ရွက်ရသည့် အဆိုပါအစီအစဉ်အရ မြန်မာနိုင်ငံကိုယ်စားလှယ်သည် ၂၀၁၄ ခုနှစ်မှစတင်ကာ အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ရပြီး ယခုနှစ်တွင် ပြုလုပ်သည့် (၃၈)ကြိမ်မြောက် မိုးလေဝသနှင့် ဘူမိရူပဗေဒဆိုင်ရာ အာဆီယံဆပ်ကော်မတီ အစည်းအဝေးတွင်လည်း အလှည့်သဘာပတိအဖြစ် ဆက်လက်တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မိုးလေဝသနှင့် ဘူမိရူပဗေဒ အာဆီယံဆပ်ကော်မတီ၏ အစည်းအဝေးကို အာဆီယံနိုင်ငံများ၏ မိုးလေဝသနှင့် ဘူမိရူပဗေဒဆိုင်ရာ လုပ်ငန်းရပ်များ ဆွေးနွေးရန်အတွက်လည်းကောင်း၊ မိုးလေဝသနှင့် ဘူမိရူပဗေဒ အာဆီယံဆပ်ကော်မတီ၏ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ ချမှတ်ရန်လည်းကောင်း၊ အာဆီယံနိုင်ငံများ၏ ဆူနာမီ ကြိုတင်သတိပေးစနစ်များ ပြောင်းလဲတိုးတက်လာမှုများ၊ မိုးလေဝသရေဒါမှ ရရှိသော မှတ်တမ်းအချက်အလက်များ ပူးပေါင်းအသုံးပြုနိုင်ရေးနှင့် ရေဒါရေရှည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအား အပြန်အလှန် သိရှိနိုင်ရန်အတွက်လည်းကောင်း၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၊ တရုတ်နိုင်ငံ မိုးလေဝသအဖွဲ့အစည်း၊ ဂျပန်နိုင်ငံ မိုးလေဝသအဖွဲ့အစည်း၊ ကိုးရီးယားနိုင်ငံ မိုးလေဝသအဖွဲ့အစည်းတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် မိုးလေဝသဆိုင်ရာ စီမံကိန်းများ ဆွေးနွေးရန်တို့အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ဩဂုတ် ၂၉ ရက်မှ ၃၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ် သည်။

ယင်းသို့ အစည်းအဝေးပွဲများ ကျင်းပခြင်းဖြင့် နိုင်ငံတကာ ရာသီဥတုခန့်မှန်းရေး ဗဟိုဌာနများမှ ပညာရှင်များနှင့် အတွေ့အကြုံများ ဖလှယ်ခွင့်ရရှိမည်ဖြစ်ပြီး နိုင်ငံအချင်းချင်း ဗဟုသုတနှင့် နည်းပညာများ ဖလှယ် နိုင်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဖြင့် နည်းပညာဗဟုသုတများ လေ့လာခွင့်ရရှိစေခြင်း၊ ရာသီဥတုခန့်မှန်းရေး၊ သတင်းဖြန့်ဝေမှု၊ ခန့်မှန်းချက်များ အသုံးချမှုအခြေအနေများကို တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ကြောင်း အဆိုပါ အစည်းအဝေးပွဲမှ သိရသည်။

**ဆုနှင်းလဲ့**

## မူခင်းကျဆင်းရေးပညာပေးလှုံ့ဆော်

**လားရှိုး စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ဩဂုတ် ၃၁ ရက်က လားရှိုးမြို့ ရထားရဲတပ်ဖွဲ့၊ အမှတ်(၅)တပ်ခွဲက မြန်မာ့မီးရထားမှ ခုတ်မောင်းပြေးဆွဲနေသော သံလမ်းများတွင် ရထားကြိတ်မှု၊ ရထားတိုက်မှု၊ မီးရထားပေါ်၌ ခိုးဆိုးလုယက်မှု၊ အစရှိသည့်အမှုများဖြစ်ပွားနေပြီး မော်တော်ယာဉ်၊ လူ၊ တိရစ္ဆာန် ထိခိုက်သေဆုံးမှု များပြားနေသည့်အတွက် အဆိုပါဖြစ်စဉ်များ လျှော့နည်းကျဆင်းရေးအတွက် ပညာပေးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။

အဆိုပါမှုခင်းဖြစ်စဉ်များလျှော့နည်းကျဆင်းရေးအတွက် ရထားရဲတပ်ဖွဲ့၊ အမှတ် (၅)တပ်ခွဲ၊ လားရှိုးမှ တပ်ခွဲမှူး ဒုရဲမှူးတင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များသည် ရပ်ကွက်နယ်မြေမှူးများ၊ မြန်မာ့မီးရထားဝန်ထမ်းများနှင့် ပူးပေါင်း၍ လားရှိုးမြို့ ရပ်ကွက်(၉)နယ်မြေ (၃) ရှိ လားရှိုး-မန္တလေးရထားလမ်း၊ သံလမ်းကူးဂိတ်တွင် မော်တော်ယာဉ်၊ ဆိုင်ကယ်မောင်းနှင်သူများ၊ ခြေလျင်သံလမ်းဖြတ်လျှောက်သူများနှင့် ဘူတာဝန်းကျင် ခိုးဆိုးလုယက်မှုများမရှိစေရေး အသိပညာပေးဟောပြောခြင်း၊ ရထားဖြတ်သန်းချိန်များတွင် တန်းပိတ်မှုများတွင် ဖြတ်သန်းမမောင်းနှင်ရန်ဆိုင်ကယ်နှင့်မော်တော်ယာဉ်မောင်းများအား ပညာပေးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။ **စာဏီအောင်(လားရှိုး)**

# အရင်းစစ် အမြစ်မြေက

ကိုရင်ဩ
koyinau.mirrordaily@gmail.com

'ပြည်ကြီးတွင်ရစ် ဂန္ဓာလရာဇ်' ဟူ၍ စာမော်ကွန်းရှိပေသော တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ မင်းပရိသတ်စုံစုံညီညီ တွေ့ဆုံကြမည့် ပွဲကြီးတစ်ပွဲသည်ကား အရေအတွက်အားဖြင့် နှစ်ကျိပ်ရှိသော ဂျီ-၂၀ ဟု အမည်တွင်ရစ်သည့် ကမ္ဘာ့မိသားစု အုပ်စုကြီးတစ်ခု၏ ထိပ်သီးဆွေးနွေးပွဲပင် ဖြစ်လေ၏။

ကမ္ဘာတစ်ခွင်တစ်ပြင်၏ တစ်ပုံတစ်ခေါင်း အရေးအရာများကို ဆွေးနွေးကြမည့် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲကို တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပြီးလျှင် ယင်းနိုင်ငံ၏ လက်ရုံးကြီးဟု ဆိုအပ်သော ရှီကျင့်ဖျင်က တရုတ်ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူး ရာထူးတွင် တာဝန်ယူခဲ့ပြီး ချိန်နောက်ပိုင်း ဒုတိယအကြိမ်မြောက် နိုင်ငံတကာ ညီလာခံကြီးဟုလည်း ဆိုနိုင်သည်။

ဂျီ-၂၀ ဟူသည်ကား ကမ္ဘာ့ထိပ်တန်း စီးပွားရေး စွမ်းအားရှင် နိုင်ငံပေါင်း ၂၀ ဖြင့် ဖွဲ့စည်းထားသော နိုင်ငံတကာ 'ဖိုရမ်' ဖြစ်၏။ ဖိုရမ်ဟူသည်ကား ကျွန်ုပ်တို့ မြန်မာမှုနယ်ပယ်၌ 'ဟစ်တိုင်' ဟု သိရှိကြ၏။ ပစ္စုပ္ပန်အကျိုး၊ အနာဂတ်အကျိုး သယ်ပိုးရန် ရည်ရွယ်ချက်ဖြင့် လွတ်လွတ်လပ်လပ် တွေ့ဆုံဆွေးနွေး အဖြေရှာနိုင်ရန် ဂျီ-၂၀ ဟု အမည်တွင်လေသော ဆွေးနွေးရေး အုပ်စုကို ဖွဲ့စည်းထား၏။ အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများနှင့် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများက နိုင်ငံများ အချင်းချင်း စိတ်သဘောထား တိုက်ဆိုင်ညီညွတ်မှုရှိအောင် ဆွေးနွေးငြင်းခုံကြ၏။

ဤတွင်ရွေ့ကား ဂျီ-၂၀ အုပ်စု၏ ဖြတ်သန်းမှုသမိုင်းကြောင်းနှင့် ရှန်းကန်အားတို့ကို ကျွန်ုပ်ထောက်ဆကြည့်မိလေသည်။

၁၉၉၉ ခုနှစ်တွင် ဂျီ-၂၀ ၏ စုစည်းအား စတင်ခဲ့သည်။ ကမ္ဘာ့ဘဏ္ဍာရေး တည်ငြိမ်မှု ရရှိရေးအလို့ငှာ မူဝါဒပြဿနာများကို လေ့လာသုံးသပ်ချိန်ညှိနိုင်းရန် ယင်းအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ဂျီ-၂၀ ဟူသည်ကား အားကောင်းမောင်းသန် နိုင်ငံ ၁၉ နိုင်ငံနှင့် ဥရောပသမဂ္ဂ (အီးယူ) တို့ သမူဟပြု ပေါင်းစုရာ အဖွဲ့အစည်းပေတည်း။ အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘရာဇီး၊ ကနေဒါ၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ တောင်ကိုရီးယား၊ မက္ကဆီကို၊ ရုရှား၊ ဆော်ဒီအာရေဗျ၊ တောင်အာဖရိက၊ တူရကီ၊ ယူကေ(ဗြိတိန်)နှင့် အမေရိကန်ပြည်ထောင်စုတို့ ဒေါင်းတလူ မောင်းတလူ ပါဝင်ကြသည်ဖြစ်ရာ၏။

အကျိုးလိုက ပဓာန ဖွဲ့ကြများဗိုလ်လူဟူဘိသို့ပင် နိုင်ငံများ၏ စုစည်းအားဖြင့် ဂျီ-၂၀ ကို ထူထောင်ခဲ့ကြပြီးလျှင် ကမ္ဘာ့နိုင်ငံများ တွေ့ထိဆက်ဆံခြင်းမှတစ်ဆင့် ပြဿနာများကို ရင်ကြားစေ့နိုင်ရန် ကြိုးပမ်းလျက်ရှိကြကုန်၏။

ကမ္ဘာ့အသားတင် ထုတ်လုပ်မှု၏ ၈၅ ရာခိုင်နှုန်းခန့်၊ ကမ္ဘာ့ကုန်သွယ်မှု၏ ၈၀ ရာခိုင်နှုန်းခန့်၊ ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံခန့်ကို ကိုယ်စားပြုသည်ကား ဂျီ-၂၀ အဖွဲ့ကြီးပါပေတည်း။

သို့တစေ ဂျီ-၂၀ အုပ်စု၏ အဖွဲ့ဝင်ဖြစ်ရေး စံနှုန်းများသည် ဝေဖန်စရာအကြောင်းဖြစ်ခဲ့ရပြီးလျှင် ကမ္ဘာ့ရေးရာများတွင် အုပ်စုဖွဲ့ကာ လွှမ်းမိုးလိုသောအဖွဲ့၊ ဘောဂနေဖြင့် ပြည့်စုံသော နိုင်ငံများဖြင့် ဖွဲ့စည်းထားသော အဖွဲ့စသည်ဖြင့် အမျိုးသားရေးဝါဒီများက စွပ်စွဲပြစ်တင်ခဲ့ကြလေသည်။

**ရေးကြီးသုတ်ပျာ ဆွေးနွေးစရာကား**

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့၌ စက်တင်ဘာ ၄ ရက်မှ ၅ ရက်အထိ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးညီလာခံကြီးတွင် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး ဣန္ဒြေရင့်၊ မရင့်ကို စမ်းထောက်စူးစမ်းကြအံ့ဟု ကျွန်ုပ်တွေးဆမိ၏။

စက်မှုဖွံ့ဖြိုးပြီးနှင့် ထွန်းသစ်စ ဈေးကွက်တည်ရာ နိုင်ငံများပါဝင်သောအုပ်စု ဖြစ်ပေရကား ကမ္ဘာ့စီးပွားရေး ဝန်းကျင်အနေအထားကို တိတိပပ ဆွေးနွေးကြပေလိမ့်မည်။ ထို့အပြင် ပိုင်းခြား၍ သိရာသော နိုင်ငံရေးလက္ခဏာများနှင့် လုံခြုံရေးအရှုပ်အထွေးများကိုလည်း သွက်သွက်ဆွေးနွေးကြပေလိမ့်မည်။



တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့၌ ဂျီ-၂၀ ထိပ်သီးညီလာခံအတွက် ကြိုတင်ပြင်ဆင်နေစဉ်။
ဓာတ်ပုံ- www.news.cn

လုံခြုံရေးရှုထောင့်မှ ရှုလတ်သော် ယနေ့ကာလ ကျွန်ုပ်တို့၏ ကမ္ဘာကြီးတွင် ရတက်မအေးဖွယ်ရာ ဖြစ်ထွေများက ပြည်သူများအား မထောက်ထား မငဲ့ညှာဘဲ ပစ်ပစ်ခါခါ စိတ်ညစ်ညူးစေလျက် ဖြစ်ကုန်ရာသည်။

ဥရောပ၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရပ်ရွာငြိမ်းချမ်းရေး ပျက်သုဉ်းကုန်၏။ ဆီးရီးယားနှင့် အီရတ်တို့၌ ဆန့်ကျင်ဘက် အင်အားစုများ အချင်းချင်း ပွတ်တိုက်မှုများ ပြင်းထန်နေ၏။ ကမ္ဘာ့နိုင်ငံများ အချင်းချင်း ချစ်ခြင်း၊ မုန်းခြင်း၊ ကြောက်ခြင်း၊ မသိခြင်းတို့ကြောင့် အဂတိ(ဘက်လိုက်ခြင်း) လေးပါး ဖြစ်ပေါ်နေ၏။

ဤအခြေအနေများသည်ကား ငြိမ်းချမ်းရေးကို အလိုရှိအပ်သော ကမ္ဘာသူ၊ ကမ္ဘာသားတို့၏ စိတ်နှလုံး အေးချမ်းမှုကို ဖျက်လိုဖျက်ဆီး လုပ်ရာရောက်သည်ဟု ကျွန်ုပ်တွေးတောမိ၏။

တစ်ဖက်တွင် ကျင်းပချိန် တရွေ့ရွေ့နီးကပ်လာပြီဖြစ်သော အမေရိကန် သမ္မတရွေးကောက်ပွဲကြီး၏ အကြိုကာလတွင် သမ္မတလောင်းများဖြစ်လာမည့် ပုဂ္ဂိုလ်များ၏ ဝိရောဓိ (ဆန့်ကျင်ခြင်း)နှင့် ဝိဝါဒ (အငြင်း ပွားခြင်း)တို့ကို ကျယ်ကျယ်လောင်လောင် ကြားသိနေကြရလေသည်။

ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲသို့ ကြွရောက်ကြမည့် ကမ္ဘာလုံးထင်ရှားသော အမေရိကန် သမ္မတ ဘားရက်အိုဘားမား၊ တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်တို့ အပါအဝင် ကမ္ဘာ့ခေါင်းဆောင်များက အုပ်စုလိုက်တွေ့ဆုံခြင်း၊ တစ်ဦးချင်းအလိုက် တွေ့ဆုံခြင်းတို့ပြုလုပ်ကြကာ နှစ်နိုင်ငံအရေး၊ ဒေသဆိုင်ရာအရေး၊ နိုင်ငံတကာ အရေးတို့နှင့် ပတ်သက်၍ လောကနိယာမနှင့် ယှဉ်ကာ ဆွေးနွေးကြလိမ့်မည်ဟု ကျွန်ုပ်နိမိတ်ပုံထင်မိလေသည်။

အနောက်အုပ်စု၏ စီးပွားရေးဒဏ်ခတ်မှုများကြောင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေး ပိုမိုနီးကပ်သွားသော ရုရှားသမ္မတ ဗလာဒီမာပူတင်မှာလည်း ဂျီ-၂၀ အုပ်စု၏ အထူးဧည့်သည်တော်ကြီးတစ်ဦး ဖြစ်ပေလိမ့်မည်။

ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲကြီးတွင် ကိုယ်စီကိုယ်င အင်အားပြကြမည့် အခြားပုဂ္ဂိုလ်ကြီးများသည်ကား အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီ၊ ပြင်သစ်ဝန်ကြီးချုပ် ဖရန်ဆွာဟော်လန်းနှင့် ဗြိတိန်နိုင်ငံ၏ အဓိပတိ ထရေစာမေတို့ပင်တည်း။

ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန်နိုင်ငံ အနုတ်အသိမ်းပြုလုပ်ရန် ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ မေအား ဝိုင်းဝန်းမေးမြန်းကြလိမ့်မည်ဟုလည်း တွေးဆမိရာသည်။ ကမ္ဘာ့နိုင်ငံများအတွင်း စီးပွားရေးအရ အမျိုးသားရေးဝါဒဘက်သို့ ပိုမိုယိမ်းလာကြချိန်တွင် အီးယူမှ ဗြိတိန်နုတ်ထွက်ခြင်း၏ နောက်ဆက်တွဲ အကျိုးတရားများ မည်သို့ဖြစ်လာနိုင်သည်ကို တွေးဆနေကြချိန်လည်းဖြစ်ရာသည်။

**စီးပွားရေး မိုးကောင်းကင်**
**ကြည်လင်ဖို့အရေး**

ယခုနှစ် ဂျီ-၂၀ ထိပ်သီးညီလာခံ၏ ဦးတည်ချက် ဆောင်ပုဒ်မှာ ထုတိဩဘာ ကောင်းချီးစကားဆိုနေပုံမျိုး ဖြစ်သည်ဟု ဆိုရချိမ့်မည်။

"တီထွင်ဆန်းသစ်သော၊ လန်းဆန်းတက်ကြွသော၊ ကူးလူးဆက်နွှယ်သော၊ အားလုံးပါဝင်သော ကမ္ဘာ့စီးပွားရေးဆီသို့" ဟူသော ဦးတည်ချက်ဆောင်ပုဒ်မှာ ဂျီ-၂၀ ခေါင်းဆောင်များက ညွှန်းဆိုသော ထုတိဩဘာ မဟုတ်တုံလော။

ကမ္ဘာ့စီးပွားရေး မောင်းနှင်အား နေရာတွင် ရှိနေသော ဂျီ-၂၀ အုပ်စုမှာ ကမ္ဘာ့စီးပွားရေးကို စီမံခန့်ခွဲရာတွင် အရေးပါသော အခန်းကဏ္ဍမှ ရပ်တည်လျက်ရှိပေရာ ကမ္ဘာ့စီးပွားရေး မိုးကောင်းကင် ကြည်လင်ဖို့အရေး ဆွေးနွေးနိုင်မည့် အခွင့်အခါကောင်းကို သူတို့ရရှိလေပြီဟု ကျွန်ုပ်တွေးတောမိလေသည်။

ဆက်ဦးအံ့ -

"မယွင်းမှန်လှ၊ ဤလောက၌ လုံ့လမမူ၊ နတ်မကူဘူး၊ လူလည်းလုံ့လ၊ နတ်လည်းမ၏" ဟူသော မဃဒေဝ ဆုံးမစာနှင့်အညီ ကမ္ဘာ့စီးပွားရေးတိုးတက်အောင် ဂျီ-၂၀ အုပ်စုက ပေါ်လစီ(ဝါ) မူဝါဒချမှတ်ကာ အားထုတ်လျက်ရှိကြသော်လည်း အမျိုးသားရေး အကျိုးစီးပွားဝါဒ၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒတို့က စီးပွားရေးစုန်း၊ စီးပွားရေးပယောဂ၊ စီးပွားရေးအပင်း၊ စီးပွားရေးအဆိပ်တို့ပမာ နိုင်ငံအများကို ဒုက္ခပေးနေဆဲဖြစ်သည်ဟု ကျွန်ုပ်ရှုမြင်မိသော် လွန်အံ့မထင်နိုင်ပေ။

ကမ္ဘာ့နိုင်ငံများအတွင်း ဆူကြုံနိမ့်မြင့်ကွာဟနေချိန်တွင် လူ့ပယောဂကြောင့် ဖြစ်ရသော ဘေးဆိုးများ၊ သဘာဝကြောင့် ဖြစ်ရသော ဘေးဥပဒ်တိမ်တိုက်များက ကမ္ဘာ့မိုးကောင်းကင်ယံတွင် ဝေ့ဝဲလာသည်ကို တွေ့ရပြန်ရာ ကမ္ဘာ့ပြည်သူတို့ ထမ်းထားရသည့် ဧရာမ ပြဿနာအထုပ်အပိုးကြီးအောက်သို့ လျှောကျပါစေသားဟု ကျွန်ုပ် ဆုတောင်းမိလေသည်။

ယနေ့ကာလ လူ့ပယောဂကြောင့် ဖြစ်ရသော ဘေးဥပဒ်တစ်မျိုးကို သာဓကပြ ညွှန်းဆိုရလျှင် အိုင်အက်စ်အဖွဲ့ကို တွေ့မြင်နိုင်၏။ တိုက်ကြ၊ ခိုက်ကြ၊ မိုက်ကြနှင့် ငြိမ်းချမ်းရေးနှင့် ဝေးနေ၏။ နှလုံးသွေးပျက်ဖွယ်ရာ မြင်ကွင်းများက လောကတစ်ခွင်ပုံရိပ်ဆင်၏။ အလွဲအမှား သစ္စာထားမှုကြောင့် သတ်ကြ၊ ဖြတ်ကြ၊ ညှဉ်းကြရှိကြချေ၏။

ဤတွင်ရွေ့ကား ကျွန်ုပ်တို့၏ ကမ္ဘာကြီး လုံလုံလဲလဲ မရှိပါတကားဟု ဆင်ခြင်မိလေသည်။

လူ့ပယောဂကြောင့် ဖြစ်ရသော ဘေးဥပဒ်များသည် ရာသီဥတုပြောင်းလဲမှုမှသည် လူ့အခွင့်အရေးချိုးဖောက်မှုအထိ အကျုံးဝင်ပေလိမ့်မည်။

မအောင်မြင်သော စစ်အာဏာသိမ်းပွဲအပြီး တူရကီနှင့် အမေရိကန်ဦးဆောင်သော မဟာမိတ်အုပ်စုအကြား ဆက်ဆံရေး ရှုပ်ထွေးလာမှု ပြဿနာ၊ အရှေ့တရုတ်ပင်လယ်ကျွန်းစုများအရေး၊ ခရိုင်းမီးယားဒေသကို ရုရှားသိမ်းပိုက်ရာမှ ဖြစ်ပေါ်လာရသည့် ပြဿနာများ၊ ယူကရိန်းအရှေ့ပိုင်း စစ်မက်ဖြစ်ပွားနေမှု၊ မြောက်ကိုရီးယား၏ နျူကလီယနှင့် ပဲ့ထိန်းဒုံးကျည် အစီအစဉ်များအပေါ် အကြောင်းပြု၍ ဖြစ်ပေါ်လာရသည့် တင်းမာမှုများ စသည်တို့မှာလည်း လူ့ပယောဂကြောင့်ဖြစ်ရသော ပြဿနာများဖြစ်ပြီးလျှင် ဂျီ-၂၀ ခေါင်းဆောင်ကြီးများ ကိုယ်ဖိရင်ဖိ ဆွေးနွေးကြလိမ့်မည်ဟု မျှော်လင့်ရလေသည်။

ကမ္ဘာ့စီးပွားရေး မိုးကောင်းကင် ကြည်လင်ဖို့အရေး ပစိဖိတ်သမုဒ္ဒရာဖြတ် မိတ်ဖက်ပြုကုန်သွယ်ရေး သဘောတူညီချက် ပေါ်ထွန်းစေရန် သမ္မတ အိုဘားမားက ဂျီ-၂၀ ခေါင်းဆောင်များကို တိုက်တွန်းနားချမည်ဟုလည်း မျှော်လင့်ရလေသည်။

ထို့ပြင် တရုတ်နိုင်ငံကို အာရှအလယ်ပိုင်းနှင့် အရှေ့တောင်အာရှနိုင်ငံများနှင့် ချိတ်ဆက်ပေးမည့် "ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း" မူဝါဒမှတစ်ဆင့် ဒေသအတွင်းနိုင်ငံများ စီးပွားရေးအရ ပေါင်းစည်းအားကို ရယူဆောင်ရွက်ကြရန် တရုတ်သမ္မတရှီက ကျေညက်အောင် ဆွေးနွေးလိမ့်မည်ဟုလည်း ရှုမျှော်တွေးဆရပေသည်။

**အရင်းစစ် အမြစ်မြေက**

သစ်ပင်တစ်ပင်၏ အရင်းကို စိစစ်ရှာဖွေသောအခါ မြေ၌ရှိသော အမြစ်ကို တွေ့ရဘိသကဲ့သို့ပင် ပစ္စက္ခကာလ ကျွန်ုပ်တို့၏ ကမ္ဘာမြေတစ်လွှား ဖြစ်လာသမျှ အကောင်းအဆိုးတို့ကို စိစစ်သော် အကြောင်းအကျိုးတရားကို တွေ့ရပေအံ့။

ကမ္ဘာ့ခေါင်းဆောင်ကြီးများအနေဖြင့် မိမိ၏ နိုင်ငံတစ်နိုင်ငံတည်း 'ချမ်းသာသုခ' ရရန်မျှော်မှန်းဆောင်ရွက်ခြင်းထက် ကမ္ဘာ့နိုင်ငံများ ပရမ်းပတာ ကျရောက်တတ်သော 'ဝိနိပါတဘေး' မှ လွတ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းက သာလွန်မြင့်မြတ်ပေလိမ့်မည်။ ဝိနိပါတဘေး ဆိုသည်ကား ကံပစ်ချရာ ပရမ်းပတာ ကျရောက်မြဲ ဓမ္မတာဖြစ်သော ဘေးကြီးဟု ကျွန်ုပ်မှတ်သားရဖူးသည်။ ကမ္ဘာသူ ကမ္ဘာသားအပေါင်းတို့ ကျရောက်နိုင်သည့် စီးပွားရေးဘေးဥပဒ်၊ နိုင်ငံရေးဘေးဥပဒ်၊ လူမှုရေးဘေးဥပဒ်တို့ ပြွမ်းတီးသော လောကငရဲကို ဖြစ်ပေါ်စေနိုင်သည့် အကြောင်းတရားများကို ဂျီ-၂၀ ခေါင်းဆောင်ကြီးများက မှန်ကန်စွာ စိစစ်ရှာဖွေနိုင်မည်ဟု တွေးတောမိရင်း "အရင်းစစ် အမြစ်မြေက" ဟူ၍ ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

# ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲ ဥပဒေများစာရင်း

**နေပြည်တော် စက်တင်ဘာ ၃**

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေပေါင်း ၉၁၇ ခုအနက် ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုအား ပြည်ထောင်စုလွှတ်တော်သို့ ဩဂုတ် ၁၇ ရက်တွင် တင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ကျင့်သုံးဆဲ ဥပဒေ ၃၉၇ ခုအနက် ဝန်ကြီးဌာနအလိုက် တာဝန်ခံစီမံခန့်ခွဲရမည့် ဥပဒေများကို ဖော်ပြအပ်ပါသည်-

**ယမန်နေ့မှအဆက်**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက စီမံခန့်ခွဲသော ဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Judicial Officers Protection Act (India Act 18, 1850, Vol. I) | | |
| ၂။ | The Caste Disabilities Removal Act (India Act 21, 1850, Vol. XI) | | |
| ၃။ | The Legal Representative Suits Act (India Act 12, 1855, Vol. XI) | | |
| ၄။ | The Fatal Accidents Act(India Act 13, 1855, Vol. IX) | | |
| ၅။ | The Interest Act (India Act 32, (1839),28(1855), Vol. X) | ဘဏ္ဍာရေး | |
| ၆။ | The Hindu Window's Re-marriage Act (India Act 15, 1856, Vol. XI) | | |
| ၇။ | The Penal Code (India Act 45, 1860, Vol. XIII) | | |
| ၈။ | The Myanmar Divorce Act (India Act 4, 1869,Vol. XI) | | |
| ၉။ | The Evidence Act (India Act 1, 1872, Vol. XII) | | |
| ၁၀။ | The Special Marriage Act (India Act 3, 1872, Vol. XI) | | |
| ၁၁။ | The Contract Act (India Act 9, 1872, Vol. IX) | စိုက်/မွေး/ဆည် | |
| ၁၂။ | The Christian Marriage Act (India Act 15, 1872, Vol. XI) | | |
| ၁၃။ | The Oaths Act (India Act 10, 1873, Vol. XII) | | |
| ၁၄။ | The Married Women's Property Act (India Act 3, 1874, Vol. XI) | | |
| ၁၅။ | The Majority Act (India Act 9, 1875, Vol. XI) | | |
| ၁၆။ | The Specific Relief Act (India Act 1, 1877, Vol. XI) | | |
| ၁၇။ | The Legal Practitioners Act (India Act 18, 1879, Vol. XI) | ရှေ့နေချုပ်ရုံး | |
| ၁၈။ | The Kazis Act (India Act 12, 1880, Vol. XI) | | |
| ၁၉။ | The Trusts Act (India Act 2, 1882, Vol. IX) | ရှေ့နေချုပ်ရုံး | |
| ၂၀။ | The Transfer of Property Act (India Act 4, 1882, Vol. X) | စိုက်/မွေး/ဆည် | |
| ၂၁။ | The Powers of Attorney Act (India Act 7, 1882, Vol. IX) | စိုက်/မွေး/ဆည် | |
| ၂၂။ | The Suits Valuation Act (India Act 7, 1887, Vol. XII) | | |
| ၂၃။ | The Guardians and Wards Act (India Act 8, 1890, Vol. XI) | | |
| ၂၄။ | The Bankers' Book Evidence Act (India Act 18, 1891, Vol. XII) | ဘဏ္ဍာရေး | |
| ၂၅။ | The Partition Act (India Act 4, 1893, Vol. IX) | | |
| ၂၆။ | The Code of Criminal Procedure (India Act 5, 1898, Vol. XIII) | ရှေ့နေချုပ်ရုံး၊ ပြည်ထဲရေး | |
| ၂၇။ | The Myanmar Laws Act (India Act 13, 1898, Vol. I) | လွှတ်တော် | |
| ၂၈။ | The Code of Civil Procedure (India Act 5, 1908, Vol. XII) | | |
| ၂၉။ | The Limitation Act (India Act 9, 1908, Vol. XII) | | |
| ၃၀။ | The Yangon Insolvency Act (India Act 3, 1909, Vol. XI) | စီးပွား/ကူးသန်း | |
| ၃၁။ | The Anand Marriage Act (India Act 7, 1909, Vol. XI) | | |
| ၃၂။ | The Process Fees Act (India Act 1, 1910, Vol. XII) | ဘဏ္ဍာရေး | |
| ၃၃။ | The Official Trustees Act (India Act 2, 1913, Vol. IX) | | |
| ၃၄။ | The Administrator General's Act (India Act 3, 1913, Vol. XI) | | |
| ၃၅။ | The Hindu Disposition of Property Act (India Act 15, 1916, Vol. XI) | | |
| ၃၆။ | The Usurious Loans Act (India Act 10, 1918, Vol. X) | ဘဏ္ဍာရေး | |
| ၃၇။ | The Myanmar Insolvency Act (India Act 5, 1920, Vol. XI) | စီးပွား/ကူးသန်း | |
| ၃၈။ | The Succession Act (India Act 39, 1925, Vol. XI) | | |
| ၃၉။ | The Hindu Inheritance (Removal of Disabilities) Act (India Act 12, 1928, Vol. XI) | | |
| ၄၀။ | The Hindu Law of Inheritance Amendment Act (India Act 2, 1929, Vol. XI) | | |
| ၄၁။ | The Hindu Gains of Learning Act (India Act 30,1930, Vol. XI) | | |
| ၄၂။ | The Parsi Marriage and Divorce Act (India Act 3, 1936, Vol. XI) | | |
| ၄၃။ | The Arbitration ( Protocol and Convention) Act (India Act 6, 1937, Vol. XI) | **စီးပွား/ကူးသန်း** | |
| ၄၄။ | မူဆလင် လင်မယားကွာရှင်းရေးအက်ဥပဒေ (ဥပဒေအမှတ် ၁၄/၁၉၅၃ ခုနှစ်၊ အတွဲ-၁၁) | | |
| ၄၅။ | အထူးကာလစည်းကမ်းသတ်ဥပဒေ (နဝတဥပဒေအမှတ် ၉/၁၉၈၈) | | |
| ၄၆။ | ပြည်ထောင်စုတရားစီရင်ရေးဥပဒေ (နယကဥပဒေအမှတ် ၂၀/၂၀၁၀) | | |
| ၄၇။ | တရားရုံးများကိုမထီမဲ့မြင်ပြုမှုဥပဒေ (ပထစဥပဒေအမှတ် ၁၇/၂၀၁၃) | | |
| ၄၈။ | ၂၀၁၄ ခုနှစ်၊ စာချုပ်စာတမ်းများ ... | | |
| ၄၉။ | မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၅၀/၂၀၁၅) | | |
| ၅၀။ | တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၅၄/၂၀၁၅) | | |
| ၅၁။ | အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (ပထစဥပဒေအမှတ် ၅/၂၀၁၆) | စီးပွား/ကူးသန်း | |
| ၅၂။ | ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ (ပထစဥပဒေအမှတ် ၁၀/၂၀၁၆) | | |

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ (နယကဥပဒေအမှတ် ၂၁/၂၀၁၀) | | |

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ (နယကဥပဒေအမှတ် ၂/၂၀၁၀) | ပြည်ထောင်စု လွှတ်တော် | |
| ၂။ | ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (နယကဥပဒေအမှတ် ၃/၂၀၁၀) | | |
| ၃။ | အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ (နယကဥပဒေအမှတ် ၄/၂၀၁၀) | | |
| ၄။ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ (နယကဥပဒေအမှတ် ၅/၂၀၁၀) | | |
| ၅။ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ (ပထစဥပဒေအမှတ် ၃/၂၀၁၂) | | |
| ၆။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကိုပြင်ဆင်သည့်ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဥပဒေ (၂/၂၀၁၅) | | |

**နိုင်ငံခြားရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | ကမ္ဘာ့ကုလသမဂ္ဂ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေ (ဥပဒေအမှတ် ၄၁/၁၉၄၉ ခုနှစ်၊ အတွဲ - ၁) | | |
| ၂။ | သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ)အက်ဥပဒေ (ဥပဒေအမှတ် ၁၉/၁၉၅၄ခုနှစ်၊ အတွဲ - ၁၀) | | |
| ၃။ | ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ (ဥပဒေအမှတ် ၃/၁၉၇၇ ခုနှစ်) | အစိုးရအဖွဲ့ရုံး | |

**ဆက်လက်ဖော်ပြပါမည်။**

# ‘အောင်မြင်လိုစိတ်’

သုနောင်

မနေ့က ကိုယ်မသွားရင်မဖြစ်တဲ့ အလုပ်ကိစ္စကြောင့် မြို့ထဲကိုသွားဖြစ်တယ်။ အလုပ်ကိစ္စစကားပြောဆိုပြီး ပြန်လာချိန်ယခင်က အလုပ်အတူတွဲလုပ်ဖူးတဲ့ မိတ်ဆွေတစ်ယောက်နဲ့လမ်းမှာဆုံမိတယ်။ သူကလည်း အလုပ်ကပဲလာတာမို့ အချိန်မရကြောင်း၊ ဒါပေမယ့် စကားနည်းနည်းပြောချင်တယ်ဆိုပြီးလက်ဖက်ရည်ဆိုင်ခေါ်သွားတာနဲ့ ကွန်တော်လည်း လိုက်သွားမိတယ်။

လက်ဖက်ရည်ဆိုင်ရောက်တော့ သူစပြောတဲ့စကားကသူတို့ကုမ္ပဏီဝန်ထမ်းတွေအကြား မတည့်ကြကြောင်း၊ကုမ္ပဏီကလည်း မိန်းကလေးဦးရေများကြောင်း စတာတွေပြောပြီး ဘာလုပ်ရမလဲဆိုပြီးမေးလာပါတယ်။

ခက်ပြီ။ ကျွန်တော်က စာတောင်ဖြောင့်အောင် မရေးတတ်တဲ့သူ။ စာဖြောင့်အောင်မရေးတတ်တဲ့သူက လူတစ်ယောက်ချင်းစီရဲ့ ဘဝဖြောင့်ဖို့ ထပ်ဆင့်အကြံဉာဏ်ပေးရမယ်ဆိုတာဟာ အတော်ဂွတီးဂွကျနိုင်တဲ့ ကိစ္စရပ်ပါ။

နောက်ပြီး မိတ်ဆွေပြောလာတဲ့ အကြောင်းအခြင်းအရာက ကုမ္ပဏီတွေမှာ တွေ့ကြုံနေကျ ပြဿနာပါပဲ။ ဒီပြဿနာဟာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့ အတွေးအကြံ၊ဆင်ခြင်တုံတရားတွေနဲ့ သက်ဆိုင်နေသလို စီမံခန့်ခွဲသူနဲ့လည်း သက်ဆိုင်နေတတ်ပြန်ပါတယ်။

**ဝန်ထမ်းတွေကြားက ပွတ်တိုက်မှု**

ဒီကိစ္စဟာ အင်မတန်ရိုးရှင်းတဲ့ ကိစ္စတစ်ခုပါပဲ။ ယေဘုယျအကြောင်းဖြစ်မယ်ထင်ရတဲ့ အချက်နှစ်ခုကိုပြောချင်ပါတယ်။

တစ်က အတ္တစိတ်ပါ။

နှစ်က ညှိနှိုင်းယူမှု မရှိခြင်းပါ။

အမှတ်တစ်ဖြစ်တဲ့ အတ္တစိတ်ထဲမှာ ကိုယ်တစ်ဦးတည်းအောင်မြင်လိုစိတ် ပြင်းထန်တာနဲ့ ဒွန်တွဲအောင်မြင်လိုစိတ်ပါပဲ။ ဒီအချက်ဟာ တော်တော်ပြောရခက်သလို လိုက်နာဖို့လည်း မလွယ်ပါဘူး။ ဖြစ်တည်ရာ နယ်ပယ်ဒေသ၊ သူ့ရဲ့တွေးခေါ်နိုင်စွမ်းရည်၊ သူ့ရဲ့ ဗဟုသုတသိနားလည်မှု ဆိုတာတွေပါဝင်လာပြန်ပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးကိုကြည့်လိုက်ရင် အချို့သောကုမ္ပဏီတွေ အောင်မြင်လာကြတယ်။ အချို့က အောင်မြင်ပြီးမှ ကျရှုံးသွားရတယ်။ ဖြစ်ရပ်တွေအများကြီးပါ။ ဒီနေရာမှာ ဝန်ထမ်းတွေရဲ့ ကဏ္ဍကလည်း ပါဝင်လာပါတယ်။

အချို့သောကုမ္ပဏီတွေ နှစ်အနည်းငယ်အတွင်း အောင်မြင်လာတယ်ဆိုတာဟာ ဒွန်တွဲအောင်မြင်မှုပါပဲ။ ဝန်ထမ်းကြောင့် ကုမ္ပဏီအောင်မြင်လာတယ်။ ကုမ္ပဏီနာမည်အရှိန်ကြောင့် ဝန်ထမ်းအောင်မြင်လာတယ်။ ဥပမာပြောရရင် ဘာစီလိုနာအောင်မြင်လို့ မက်စီအောင်မြင်နေတာဖြစ်သလို၊ မက်စီအောင်မြင်လာလို့လည်း ဘာစီလိုနာအောင်မြင်လာတာပါပဲ။ ဘောလုံးသမားတွေဟာတစ်ကိုယ်တော် ထူးချွန်ဆုတွေ ရကောင်းမှ ရဖူးမယ်။ ဒါပေမယ့် ဘယ်အသင်းနဲ့ ဘယ်လောက် အောင်မြင်ခဲ့တယ်ဆိုတဲ့ မှတ်တမ်းတွေကြောင့်ပဲ သူတို့တန်ဖိုး တက်လာကြတာပါ။



ပြောရရင် ကုမ္ပဏီတွေကောင်းလို့၊ တော်လို့ စီအီးအိုတွေ အောင်မြင်လာတာ မဟုတ်ပါဘူး။ စီအီးအိုတွေ တော်လို့ ကုမ္ပဏီအောင်မြင်လာတာပါ။ ဒီအတွက် ဒွန်တွဲလုပ်ကိုင်နိုင်ဖို့လိုပါတယ်။ ဒွန်တွဲလုပ်ကိုင်မှုမှာ ညှိနှိုင်းခြင်းဆိုတဲ့ စိတ်ရှည်မှုတွေ၊ ဖွဲ့လုံ့လတွေပါဝင်လာပါတယ်။

ဒါပေမယ့် ကျွန်တော်တို့အများဆုံး ကြုံတွေ့ကြားသိနေရတာက နိုင်ငံတွင်းကုမ္ပဏီတွေမှာ ဝန်ထမ်းပိုင်းအရှုပ်အရှင်းပါပဲ။ မန်နေဂျာမကောင်းလို့၊ HR ကဘက်မမျှလို့ဆိုတဲ့အကြောင်းတွေပါပဲ။ ဘယ်သူက ဘယ်လိုလုပ်လို့စသဖြင့် အကြောင်းအရာတွေအပါအဝင် ခေါင်းဆောင်သူတွေရဲ့ အားနည်းချက်အချို့ကြောင့် မထွက်သင့်တဲ့ ဝန်ထမ်းတွေ ထွက်ခွာသွားရတာတွေရှိနေပါတယ်။

ဒါဟာ ဘာကြောင့်လဲဆိုတော့ မိမိတစ်ကိုယ်တော်နေရာရရေး၊ တစ်ကိုယ်တော်အခွင့်အရေးလိုချင်မှု၊ တစ်ကိုယ်တော်အောင်မြင်လိုစိတ်စတာတွေပါပဲ။ ကုမ္ပဏီတစ်ခုမှာ၊ အသင်းအဖွဲ့တစ်ခုမှာ တစ်ကိုယ်တော် အောင်မြင်ချင်တဲ့သူတွေများလာပြီဆိုရင် ကုမ္ပဏီအတွက်လည်း မကောင်းနိုင်ပါဘူး။

အဲ့ဒီလို အတ္တသမားတွေ (တစ်နည်း) တစ်ကိုယ်တော်အောင်မြင်လိုစိတ်ရှိသူတွေဟာ ဝန်ထမ်းအချင်းချင်းတွန်းတိုက်လာတတ်ပါတယ်။ ဒီတော့ မန်နေဂျာတွေ၊ ကုမ္ပဏီပိုင်ရှင်တွေနဲ့ HR တွေသိသင့်တာက

– **တိုက်ပါများရင် ပဲ့တတ်တယ်။**

– **ဝန်ထမ်းအချင်းချင်းမနာလိုရင် မသာဆိုတာတွေပဲဖြစ်ပါတယ်။**

နောက်တစ်ချက်က အများကြီးပြောစရာတော့ မရှိတော့ပါဘူး။ အထက်မှာ တစ်ဝက်နီးပါးလောက် ပါသွားပါပြီ။

**ညှိနှိုင်းမှုအလေ့အထ**

မြန်မာနိုင်ငံက လူတော်တော်များများက ညှိနှိုင်းလုပ်ဆောင်ရမှာကို ကြောက်ကြပါတယ်။ ကုမ္ပဏီတစ်ခုဆိုရင်လည်း အဲ့ဒီဝန်ထမ်းဟာ ကိုယ့်ရဲ့ဝယ်သူနဲ့ရော၊ ဝန်ထမ်းအချင်းချင်းရော၊ အထက်လူကြီးနဲ့ပါ ညှိနှိုင်းယူတဲ့အလေ့အထကို လုပ်ဆောင်သင့်ပါတယ်။ နောက်တစ်ခု အတ္တအောင်မြင်လိုစိတ်ကို ဖယ်ထားပြီး ဒွန်တွဲအောင်မြင်မှုကိုယူမယ်ဆိုရင် ကုမ္ပဏီအတွက်ရော ကိုယ့်အတွက်ပါ အကျိုးသက်ရောက်မှုကြီးကြီးတွေ ရလာမယ်ဆိုတာ ငြင်းပယ်လို့မရပါဘူး။ ဥပမာ samsumg ကုမ္ပဏီက စီအီးအိုကို lenovo ကုမ္ပဏီက လစာတွေအများကြီးပေးပြီး ဆွဲခေါ်သွားတာဟာအဲ့ဒီစီအီးအိုရဲ့ ဒွန်တွဲအောင်မြင်မှုကြောင့်ပါ။

ဒီတော့ ကျွန်တော်မိတ်ဆွေကိုပြောလိုက်ပါတယ်။ ခင်ဗျားကုမ္ပဏီဈေးကွက်ထဲမှာ ဦးဆောင်နေစေချင်ရင် အလုပ်ကြိုးစားတဲ့ ဝန်ထမ်းတွေလိုအပ်သလို ဒွန်တွဲအောင်မြင်မှုဆိုတာကို နားလည်နိုင်မယ့် ဝန်ထမ်းတွေလည်း လိုအပ်ပါတယ်လို့။

## မိုးနဲမြို့၌ပြည်သူများ၏ မြေကွက်များအထောက်အထားခိုင်မာစွာနေထိုင်နိုင်ရေး မြေငှားဂရန်များချထားပေး

**မိုးနဲ စက်တင်ဘာ ၁**

မြန်မာနိုင်ငံတစ်ဝန်းရှိ ရပ်ကွက်နှင့် ကျေးလက်နေ ပြည်သူများပိုင်ဆိုင်နေထိုင်သည့် အိမ်ခြံမြေကွက်များအား ပိုင်ဆိုင်မှုအထောက်အထား ကင်းမဲ့စွာ နေထိုင်ရခြင်းအစား ခိုင်မာသည့် တရားဝင်အထောက်အထား ( Legal Document )၊ မြေငှားဂရန် (Lease ) ရရှိခြင်းအားဖြင့် ကျေးရွာနေ ပြည်သူလူထုများ၏ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုများ ပိုမိုရရှိလာစေရန် ရည်ရွယ်ချက်ဖြင့် ကျေးလက်နေပြည်သူများ နေထိုင်ပိုင်ဆိုင်သည့် အိမ်ခြံမြေကွက်များကို ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် နမ့်မော်ဆွမ့်ကျေးရွာအုပ်စု ခုတ်စက်ကျေးရွာ လူနေအိမ်များအား ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီမံချက်များအရ မြေငှားဂရန်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီက နမ့်မော်ဆွမ့်ကျေးရွာအုပ်စု အခြေခံပညာ အလယ်တန်းကျောင်း သံလွင်ဆောင်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်းက မြေငှားဂရန်ထုတ်ပေးမှုနှင့် ပတ်သက်၍ အမှာစကားပြောကြားရာ နှစ်(၃၀) မြေငှားဂရန်ထုတ်ပေးရန် ကျေးရွာများ ရွေးချယ်ရာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး မြေပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းသည့် ကျေးရွာများကို ရွေးချယ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်း၊ မြို့နယ်မြေယာစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြေယာအရှုပ်အရှင်းကင်းသော အိမ်ခြံမြေပိုင်ရှင် ၂၀ ဦးအား မြေငှားဂရန်များ လက်ရောက်ပေးအပ်ခဲ့ပြီး ကျေးရွာအုပ်စုတာဝန်ခံ ဦးစိုင်းအုန်းကျော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

## တိုက်ကြီးမြို့နယ်တွင် မိုးစပါးပျက်စီးဧကများပြန်လည်စိုက်ပျိုးရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မျိုးစပါးတင်း ၁၁၆၀၀ ပေးအပ်

**တိုက်ကြီး စက်တင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီဖြစ်သည့် ဩဂုတ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်မှု လှိုင်မြစ်ရေကြီးရေလျှံမှုများကြောင့် မြို့နယ်အတွင်း ကျေးရွာအုပ်စု ၄၀ မှ မိုးစပါးစိုက်ပျိုးဧက ၄၀၃၇၈ နစ်မြုပ်ခဲ့ရာ မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မျိုးစပါးပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၃၀ ရက် မွန်းတည့် ၁၂ နာရီက စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လယ်သမားကိုယ်စားလှယ်များသို့ ရက် ၉၀ စပါး မျိုးတင်းပေါင်း ၁၁၆၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းနှင့်တိုင်းဒေသကြီး စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်ရှိန်၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့နှင့် ရေကြီးနစ်မြုပ်ပျက်စီးသွားသည့် ကျေးရွာအုပ်စု ၄၀ မှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လယ်သမားကိုယ်စားလှယ်များတက်ရောက်ခဲ့ကြောင်း သိရသည်။

**စန်းကလျာခိုင်(ပြန်/ ဆက်)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြောပွဲ ဟသ်ာတမြို့တွင်ကျင်းပ

**ဟသ်ာတ စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီက ဟသ်ာတမြို့ အ-ထ-က(၃) ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအကြောင်းကို ဒုရဲမှူးကြီး သိန်းလှိုင်က ဟောပြောပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက လူကုန်ကူးမှုအကြောင်း အကျယ်တဝင့်ရှင်းလင်းသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက မူးယစ်ဆေးဝါးအကြောင်း၊ ခရိုင်ကညနဦးစီးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်စည်းကမ်းများအကြောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ဟသ်ာတခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးသိန်းလှိုင်၊ ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတိုးဝင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၇၀၀)**

## မိုးစပါးစိုက်ခင်းပြုစုနည်းပညာပေးနှင့် ဓာတ်မြေဩဇာကြဲပက်ပွဲပြုလုပ်

**သထုံ စက်တင်ဘာ ၃**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း မျိုးသန့်မျိုးစပါးအနှံများ အောင်မြင်ဖြစ်ထွန်းမှု အားကောင်းလာပြီး စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကာ ဩဂုတ် ၃၁ ရက် နံနက်က သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်ရှိ ကွင်းအမှတ် (၅၈၅) ၌ မျိုးသန့်စံပြရွာအဖြစ်စိုက်ပျိုးထားသည့် ပေါ်ဆန်းရင်မျိုးသန့် မိုးစပါးစိုက်ဧကများတွင် တောင်သူ ပညာပေးစုပေါင်း ဓာတ်မြေဩဇာကြဲပက်ခြင်းနှင့် မိုးစပါးစိုက်ခင်းထိန်းသိမ်းပြုစုခြင်းဆိုင်ရာ နည်းပညာရှင်းလင်းခြင်းများ ပြုလုပ်ခဲ့သည်။

“တောင်သူတွေ ဒေသတွင်းမျိုးကောင်းမျိုးသန့်ကို အလွယ်တကူရရှိဖို့အတွက် ကျွန်တော်တို့ဌာနက နည်းပညာပိုင်းတွေပံ့ပိုးပေးပြီး လယ်ရှင်တွေနဲ့ ပူးပေါင်းကာ ဒီကလယ်တွေကို စပါးမျိုးသန့်ရွာအဖြစ် နှစ်စဉ်မျိုးသန့်စပါးရရှိအောင် စည်းရုံးဆောင်ရွက်ခဲ့ပါတယ်။ စပါးတွေ အနှံထွက်တဲ့အခါ ပိုပြီးအားကောင်းအောင် လိုအပ်တဲ့မြေဩဇာတွေ စုပေါင်းပြီးကျွေးတာပါ” ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစောခင်ကျော်မြင့်က ရှင်းလင်းပြောကြားခဲ့သည်။

သထုံမြို့နယ်တွင် မိုးစပါးစိုက်ဧကပေါင်း ၁၃၁၀၇၅ ဧကရှိပြီး တောင်သူများအား ပိုးသတ်ဆေးနှင့် မြေဩဇာ အသုံးပြုပုံများ၊ စပါးပြုစုထိန်းသိမ်းနည်းများကို ရှင်းလင်းပြသကာ တောင်သူများအသုံးပြုနိုင်ရန်တွက် ပိုးသတ်ဆေးဘူးများနှင့် မြေဩဇာများပေးဝေခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**



# လျှပ်စစ်ဓာတ်အားစီမံကိန်းများနှင့်ပွင့်လင်းမြင်သာမှု

ကြည်သာ(ဂွ)



နိုင်ငံတော်မှ ပြုလုပ်လျက်ရှိတဲ့ စီမံကိန်းကြီးများမှာ ပွင့်လင်းမြင်သာမှုရှိဖို့ အလွန်အရေးကြီးလှပါတယ်။ ပွင့်လင်းမြင်သာမှုမရှိခဲ့တာကြောင့် ပြဿနာအမျိုးမျိုးတက်ပြီး ရပ်တန့်ခဲ့ရသော စီမံကိန်းတွေမှာ အထင်ကရဖြစ်ခဲ့တဲ့ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းက သာဓကပြနေပါတယ်။

နိုင်ငံတကာမှာလည်း ဤကဲ့သို့ဖြစ်ရပ်များရှိခဲ့ပါတယ်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံ မဟာရပ်စတြ Maharashtra ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်ပါ။ The Enron Story အင်ရွန်ပုံပြင်လို့ လူသိများပါတယ်။ အင်ရွန်ဆိုတာ အမေရိကန်နိုင်ငံက အထင်ကရ ရေနံကုမ္ပဏီကြီးပါ။ အင်ရွန်ကုမ္ပဏီကြီးဟာ မဟာရပ်စတြပြည်နယ်မှာ ကွန်ဂရက်ပါတီက အာဏာရအစိုးရလုပ်နေတဲ့အချိန် ၁၉၉၂ ခု ဇွန်လမှာ သဘာဝဓာတ်ငွေ့ရည် L.N.Gကိုအသုံးပြုပြီး ၂၀၀၀-၂၄၀၀ မဂ္ဂါဝပ်တပ်ဆင်အားရှိတဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကို မွန်ဘိုင်းမြို့ရဲ့တောင်ဘက် ၂၅၀ ကီလိုမီတာအကွာမှာ တည်ဆောက်ဖို့ နားလည်မှုသဘောတူလွှာ MoUထိုးခဲ့ပါတယ်။

၁၉၉၃ ခုနှစ် ဧပြီလမှာ အင်ရွန်လိုမျိုး ရေနံကုမ္ပဏီကြီးနှစ်ခုဖြစ်တဲ့ GE နှင့် Bechtel တို့က ထပ်မံပူးပေါင်းပါဝင်ကြပြီး Dobhol Power Company (DPC) အမည်ရှိ လျှပ်စစ်ဓာတ်အားကုမ္ပဏီကြီးတစ်ခု ထူထောင်လိုက်ကြပါတယ်။ GE နဲ့ Bechtel တို့ရဲ့ရှယ်ယာကတော့ DPC မှာ တစ်ဦး ၁၀ ရာခိုင်နှုန်းစီပဲ ရှိပါတယ်။ ၁၉၉၃ ခု ဒီဇင်ဘာလမှာ DPC နဲ့ မဟာရပ်စတြပြည်နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ MSEB တို့ လျှပ်စစ်ဓာတ်အား အရောင်းအဝယ်စာချုပ်Power Purchase Agreement (PPA)ရေးထိုးနိုင်ခဲ့ကြပါတယ်။ DPC အနေနဲ့ ဓာတ်အားပေးစက်ရုံကို ပထမအဆင့် ၆၉၅ မဂ္ဂါဝပ်နဲ့ ဒုတိယအဆင့်ကို ၁၃၂၀ မဂ္ဂါဝပ်အဖြစ် အဆင့်နှစ်ဆင့်နဲ့ အကောင်အထည်ဖော်မယ်လို့ စီမံကိန်းရေးဆွဲခဲ့ပါတယ်။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ဒီ P.P.A ကို ၁၅ လကြာထိ လျှို့ဝှက်ထားခဲ့ကြတယ်။ နောက်ဆုံးသတင်းစာတစ်စောင်က ဖွင့်ချရေးလိုက်တော့မှ အများသိရတာပါ။ ပွင့်လင်းမြင်သာမှုမရှိတဲ့၊ သဘော၊ မရိုးသားတဲ့ သဘောကိုပြနေတာပါ။ ၁၉၉၅ ခုနှစ်မှာ ရွေးကောက်ပွဲပြီးလို့ ပြည်နယ်အစိုးရ ပြောင်းလဲသွားချိန်မှာတော့ အများပြည်သူကို ချပြခဲ့ရတော့ပါတယ်။

၁၉၉၅ ခု မတ်လကပြုလုပ်တဲ့ မဟာရပ်စတြပြည်နယ် ရွေးကောက်ပွဲမှာ အာဏာရကွန်ဂရက်ပါတီနဲ့ပြိုင်ဖို့ BJP နဲ့ Shiv Sena ပါတီနှစ်ခုဟာ မဟာမိတ်ဖွဲ့ခဲ့ကြပါတယ်။ ငါတို့တွေရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင် အင်ရွန်စီမံကိန်းကို အာရေဗီယမ်ပင်လယ်ထဲလွှင့်ပစ်မယ် We Will Throw The Enron Project into the Arabia Sea လို့ ကြိမ်းဝါးခဲ့ကြတယ်။ တကယ်ပဲသူတို့အနိုင်ရခဲ့တော့ ၁၉၉၅ ခု ဩဂုတ်လမှာ ဒီစီမံကိန်းကို ပိတ်ပစ်ဖို့ ပြည်နယ်အစိုးရက ဆုံးဖြတ်ခဲ့တော့တာပဲ။ ဆောက်လုပ်ရေးလုပ်ငန်းအားလုံး ရပ်ဆိုင်းသွားတယ်။ ဒီတော့ နိုင်ငံတကာက အေဂျင်စီတွေအပါအဝင် ဘက်ပေါင်းစုံက စီမံကိန်းပြန်စတင်ဖို့ ဖိအားမျိုးစုံပေးကြတော့တာပေါ့။ နိုဝင်ဘာလကျတော့ DPC နဲ့ ပြည်နယ်အစိုးရတို့ ထပ်မံညှိနှိုင်းဆွေးနွေးပွဲ (Re-negotiations) ပြုလုပ်ကြပြီး ၁၉၉၆ ခု ဇန်နဝါရီလမှာ အင်ရွန်ကို P.P.A အသစ်ထပ်မံရေးထိုးဖို့ ကမ်းလှမ်းခဲ့ပါတယ်။ ဒီ P.P.A က အရင်ကထက် ပိုဆိုးတယ်လို့သိရပါတယ်။ လွတ်လပ်တဲ့လေ့လာဆန်းစစ်တဲ့အဖွဲ့တွေရဲ့အဆိုအရ နောက် P.P.A မှာ မသမာမှု၊ ယိုဖိတ်မှုအက်ကြောင်းတွေရှိနေကြောင်း ထောက်ပြခဲ့ကြတယ်။ သူတို့ထောက်ပြခဲ့တဲ့ အကြောင်းအရာတွေမှာ စီမံကိန်းကုန်ကျစရိတ်ဟာ တခြားအလားတူ စီမံကိန်းတွေနဲ့စာရင် ပိုများနေတာမို့ ဓာတ်အားခဈေးနှုန်းကလည်း မြင့်မားလွန်းနေတယ်။ လျှပ်စစ်တစ်ယူနစ်ကို အိန္ဒိယရူပီးငွေ ၁ ဒသမ ၈၉ ထိရှိတယ်။ အခြေခံဝန်အားစက်ရုံ Base Load Plant အနေနဲ့မောင်းတဲ့ ဒီစက်ရုံကို အင်အားကြီးတဲ့စက်ရုံ High Capacity Plant အနေနဲ့ မောင်းရင် ဓာတ်အားစနစ်ရဲ့ မောင်းနှင်ရေးကုန်ကျစရိတ်က များပြားမယ်။ ဓာတ်အားစနစ်မှာ ဈေးနှုန်းအပြိုင်အဆိုင်နဲ့ ရောင်းဝယ်လုပ်ကြရင် ဓာတ်အားခဈေးနှုန်းကျနိုင်မယ်။ ဒီစီမံကိန်းထဲမှာ ကသုတ်ကရက် အဆီအငေါ်မတည့်တဲ့ အိန္ဒိယလူမျိုးများကို ပညာရေးပံ့ပိုးမှု အမေရိကန်ဒေါ်လာသန်း ၂၀ သုံးစွဲဖို့ ထည့်သွင်းရေးထားတာကလည်း အဖုအထစ်တစ်ခု ဖြစ်နေပြန်တယ်။

၁၉၉၃ ခုနဲ့ ၁၉၉၆ အကြားမှာ ဒီစီမံကိန်းနဲ့ပတ်သက်တဲ့ အငြင်းပွားမှုတွေကို တရားရုံးတွေရောက်တဲ့အထိ ဖြစ်ခဲ့ကြပေမယ့် ဘယ်သူကမှ အနိုင်မရခဲ့ပါဘူး။ ဒီလိုနဲ့ပဲ ၁၉၉၆ ခု မေလမှာ ပထမအဆင့်ဖြစ်တဲ့ ၆၉၀ မဂ္ဂါဝပ်တပ်ဆင်ပြီးတာမို့ ဓာတ်အားစတင်ပို့လွှတ်ပေးနိုင်ခဲ့တယ်။ ဒုတိယအဆင့်ကိုလည်း ဆက်လက်အကောင်အထည်ဖော်နေတာ ၂၀၀၂ ခုနှစ်မှာ ပြီးစီးနိုင်မယ့်အခြေအနေရှိပါတယ်။ စက်စလည်လို့ မီတာခစပြီးတောင်းတဲ့ ၂၀၀၀ ခု ဇန်နဝါရီလမှာစပြီး နိုင်ငံခြားငွေလဲလှယ်မှုမြင့်တက်ခြင်းနှင့်အတူ လောင်စာဆီ LNG ဈေးနှုန်းက တက်တော့ တစ်ယူနစ် ဈေးနှုန်း ၅ ဒသမ ၇၀ ရူပီး ဖြစ်သွားတယ်။ ဓာတ်အားအရောင်းအဝယ်စာချုပ် P.P.A မှာပါတဲ့ တစ်ယူနစ် ၂ ဒသမ ၂၀ ရူပီးထက် ပိုနေတာမို့ ရူပီးငွေ ၁၅၀ ကုဋေဆုံးရှုံးသွားတယ်။

၂၀၀၀ ပြည့်နှစ် ဩဂုတ်လရောက်တော့ မဟာရပ်စတြပြည်နယ် လျှပ်စစ်ဓာတ်အားကြီးကြပ်ရေးကော်မရှင် Maharashtra Electricity Regularity Commission MERC က ပြည်နယ်လျှပ်စစ်အဖွဲ့ MSEB ကို ဓာတ်အားရောင်းဝယ်ရေးကိစ္စတွေမှာ ဦးစားပေးအစီအစဉ် (merit of order) အရ တိကျစွာလုပ်ဖို့ ဖိအားပေးလာခဲ့ရတယ်။ (ဓာတ်အားစနစ်တစ်ခုမှာ ကုန်ကျစရိတ်အနည်းဆုံးသူကို အခွင့်အရေးပိုဦးစားပေးရပါတယ်) DPCရဲ့ ဈေးနှုန်းက မြင့်နေတော့ ဦးစားပေးခဲ့ရတဲ့အဆင့်မှာမရှိပါဘူး။ ဒီလိုနဲ့ ပြဿနာတွေရှုပ်ထွေးလာပြီး ပြည်နယ်လျှပ်စစ် ESB က DPC နဲ့ချုပ်ဆိုတဲ့ ဓာတ်အားအရောင်းအဝယ်စာချုပ်ကို ၂၀၀၁ ခုနှစ် မေလမှာ ရပ်ဆိုင်းလိုက်တာမို့ DPC စက်ရုံကိုလည်း ပိတ်ပစ်လိုက်ရတော့တာပါပဲ။ ၂၀၀၁ ခုနှစ် နိုဝင်ဘာလကျတော့ မဟာရပ်စတြပြည်နယ်အစိုးရဟာ DPC စက်ရုံ စီမံကိန်းရဲ့လုပ်ငန်းအဝဝကို စစ်ဆေးသုံးသပ်ဖို့ Godbole Committee ကော်မတီဆီကို တာဝန်ပေးရတဲ့အထိဖြစ်လာပြီး ၂၀၀၁ ခုနှစ် ဒီဇင်ဘာလမှာ အမေရိကန်နိုင်ငံက အင်ရွန်ကော်ပိုရေးရှင်းရဲ့ အိန္ဒိယစက်ရုံစီမံကိန်းဟာ လုံးလုံးပြိုလဲသွားတော့တာပဲ။

၂၀၀၄ နှစ် ကွန်ဂရက်ပါတီ တစ်ကျော့ပြန်မဲနိုင်ပြီး ပြည်နယ်အစိုးရဖွဲ့နိုင်တော့ ညှိနှိုင်းမှုတွေပြန်လုပ်ခဲ့တယ်။ ၂၀၀၅ ခုနှစ်မှာ DPC စက်ရုံကို နိုင်ငံတော်ပိုင် အမျိုးသားအပူစွမ်းအင်ကော်ပိုရေးရှင်း National Thermal Power Corporation NTPC နှင့် GAIL ကုမ္ပဏီတို့ ဖက်စပ် J.V အဖြစ် ပူးပေါင်းဆောင်ရွက်တဲ့ Ratnagirl Gas and power private Ltd (RGPPL) ကုမ္ပဏီကို လွှဲပြောင်းပေးခဲ့ပါတယ်။

ကုမ္ပဏီသစ် (RGPPL) ဟာ ပထမအဆင့်စက်ရုံကို ပြန်လည်မောင်းနှင်ရေးလုပ်နိုင်ခဲ့သလို ဒုတိယအဆင့်စက်ရုံကိုလည်း ၂၀၀၆ ခုနှစ် နှစ်လယ်ပိုင်းမှာ စတင်မောင်းနှင်နိုင်ခဲ့ပါတယ်။ စွမ်းအင်အနေနှင့် LNG အစား NAPHTHAကိုအသုံးပြုခဲ့ပါတယ်လို့ သိရပါတယ်။

ဒီအင်ရွန်ကုမ္ပဏီရဲ့ဖြစ်ရပ်ကို သုံးသပ်ကြည့်ပါက အိန္ဒိယနိုင်ငံရဲ့ငွေရေးကြေးရေးအဖွဲ့အစည်းများ The India Financial Institution နဲ့ အိန္ဒိယလူထုတွေဟာ ဒီအင်ရွန်ရဲ့ ၂၀၀၀ မဂ္ဂါဝပ်စက်ရုံကြောင့် ရူပီးငွေ ၁၁၀၀၀ ကုဋေ ဆုံးရှုံးခဲ့ရတဲ့ အဓိကလိုအပ်ချက်က အစိုးရရဲ့ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသောကြောင့် ဆိုတဲ့အဖြေပါပဲ။

ဒီတော့ မြန်မာနိုင်ငံက မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ၆၀၀၀ မဂ္ဂါဝပ်ကိစ္စမှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေးရဲ့ (၂၉) ရက်မြောက်နေ့ဖြစ်တဲ့ ၃၀-၉-၁၁ ရက်နေ့တွင် သဝဏ်လွှာပေးပို့ပြီး မိမိတို့အစိုးရလက်ထက်တွင် မြစ်ဆုံဆည်တည်ဆောက်ခြင်းကို မပြုလုပ်ဘဲ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါတယ်။ အဓိကအကြောင်းပြချက်က ကချင်ပြည်နယ်အတွက်သာမက မြန်မာနိုင်ငံအတွက်ပါ သဘာဝကပေးထားသော (Land Mark) ဖြစ်သည့် မြစ်ဆုံအလှပျောက်ကွယ်သွားနိုင်ခြင်းနှင့် မြစ်ဆုံဆည်ကျိုးပေါက်သွားပါက ဆုံးရှုံးမှုများ များပြားမှာကြောင့်လို့ အကြောင်းပြပါတယ်။ ဒီအချက်များအပြင် အများပြည်သူများကို ချမပြသေးတဲ့ အချက်များလည်း ရှိနိုင်ပါတယ်။ ဥပမာအားဖြင့် တမံတည်ဆောက်မယ့်နေရာရွေးချယ်မှု၊ တမံအမြင့်၊ တပ်ဆင်မှုအင်အား စတဲ့အချက်တွေနဲ့ စီမံကိန်းကုန်ကျစရိတ် စတာတွေနှင့် EIA, SIA အစီအရင်ခံစာတွေအပေါ်မှာ လက်ရှိစာချုပ်ချုပ်ဆိုထားတဲ့ CPI ကုမ္ပဏီနဲ့ တခြားလေ့လာတွက်ချက်ထားတဲ့ အဖွဲ့အစည်းတွေနဲ့ အမြင်မတူတာတွေရှိနိုင်တာမို့ နှိုင်းယှဉ်ပြီး အားသာချက်၊ အားနည်းချက်များကိုလည်း ပွင့်လင်းမြင်သာစွာ ရှင်းပြသင့်တယ်။ ပွင့်လင်းမြင်သာမှုမရှိရင် အရင်းအနှီးကြီးမားတဲ့ စီမံကိန်းကြီးတွေ တစ်ပိုင်းတစ်စနဲ့ ပြိုလဲတာတွေ ဖြစ်ပွားနိုင်ပါတယ်။

ယခုလောလောဆယ် ရန်ကုန်မြို့အနီးမှာ ၃၀၀ မဂ္ဂါဝပ်ရှိတဲ့ ဓာတ်အားပေးစက်ရုံကို ကာလတိုအတွင်း တည်ဆောက်ရေးကိစ္စမှာလည်း ပွင့်လင်းမြင်သာမှု မရှိခဲ့ရင် အင်ရွန်ကုမ္ပဏီကြီးရဲ့ ပုံပြင်လိုပဲ ပြဿနာတွေ ဖြစ်ပွားနိုင်ပါကြောင်း တင်ပြလိုက်ရပါတယ်။

(India Energy Group **၏** Know your Power **စာအုပ်မှ** The Enron Story **ကို မှီငြမ်းပါသည်)**

# မုံရွာမြို့တွင် စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်တံဆိပ်ခေါင်းအသုံးပြုခြင်းဆိုင်ရာ အသိပညာပေးဟောပြော

**မုံရွာ စက်တင်ဘာ ၃**

မြို့နယ်အခွန်ဦးစီးဌာနမှ မုံရွာမြို့နယ်အတွင်းရှိ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စတိုးဆိုင် လုပ်ငန်းရှင်များအား အခွန်တံဆိပ်ခေါင်းကပ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့နယ်အခွန်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာန အရာရှိ ဦးမျိုးမြင့်က ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်နှင့် အထူးကုန်စည်ခွန်များ အကြောင်းကို ရှင်းလင်းပြောကြားပြီး စားသောက်ဆိုင်၊ စတိုးဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များ၌ ငွေရှင်းဘီလ်များတွင် တံဆိပ်ခေါင်းကပ်ပြီး စားသုံးသူများထံမှ အခွန်ကောက်ခံမှုနှင့်ပတ်သက်ပြီး အခွန်ထမ်းပြည်သူများ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းပြောကြားပြီး ဟောပြောပွဲသို့ တက်ရောက်လာသော စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စတိုးဆိုင်လုပ်ငန်းရှင်များမှ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

မုံရွာမြို့နယ် အခွန်တံဆိပ်ခေါင်းကပ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်အခွန်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမြင့်နှင့် ဝန်ထမ်းများ၊ မုံရွာမြို့နယ်အတွင်းရှိ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စတိုးဆိုင် လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းဝေ(မုံရွာ)**



## မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ဝက်လက်မြို့နယ်၌ လှည့်လည်ပြသ

**ဝက်လက် စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းရှိ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ်များမှ ကင်းဝေးစေရန် ရည်ရွယ်လျက် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ဩဂုတ် ၃၁ ရက် နံနက် ၈ နာရီခွဲတွင် ဝက်လက်မြို့ ပေါ်လမ်းမများနှင့် နာရီစင်လမ်းဆုံ၌ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ငွေတို့ ဦးစီးလျက် က-လ-ရအမှတ်(၁၁) တပ်ဖွဲ့စုမှူး ဒုရဲမှူး လင်းနိုင်၊ လ-က-တ(၁၄)မှ ရဲအုပ် ဇော်မင်းသန့်တို့နှင့် ပူးပေါင်းလျက် တပ်ဖွဲ့ဝင်များဖြင့် မှုခင်းကျဆင်းရေး ပညာပေးခြင်းများ၊ လူကုန်ကူးမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ပတ်သက်၍ မှတ်တမ်းဓာတ်ပုံများ ပြခန်းများဖြင့် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အဆိုပါယာဉ်နှင့်အဖွဲ့သည် ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာနှင့် လှတောကျေးရွာတို့သို့ သွားရောက်ပြီး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **နန်းမြင့်(ဝက်လက်)**

# ကုသိုလ်တော်ဘုရားသို့လာရောက်သော ခရီးသွားဘုရားဖူး ဧည့်သည်များ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် တစ်လမ်းမောင်းစနစ် စတင်ကျင့်သုံး

**မန္တလေး စက်တင်ဘာ ၃**

ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးရှိသည့် မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားသို့ လာရောက်သော နိုင်ငံတကာခရီးသွားဧည့်သည်များ၊ ပြည်တွင်းဘုရားဖူးများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် တစ်လမ်းမောင်း စနစ်ကို စတင်ကျင့်သုံးလျက်ရှိသည်။

ကုသိုလ်တော်ဘုရားသို့ အရှေ့ဘက်မုဝင်ကာ အနောက်ဘက်သို့ထွက်သည့် တစ်လမ်းမောင်း စနစ်ပင်ဖြစ်သည်။ ယာဉ်မောင်းများ တစ်လမ်းမောင်းစနစ်ကို သိရှိရန် သင်္ကေတပြထားသကဲ့သို့ပင် ကြီးကြပ်ညွှန်ကြားပေးသူများ ထားရှိကာ စနစ်တကျသွားလာနိုင်အောင် ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းလုပ်ကိုင်၍ အကောင်းဆုံးသောနိုင်ငံများထဲတွင် ပါဝင်သည်ဟု မှတ်ချက်ပြုထားသည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်ဝင်ရောက်မှုနှုန်းကို ငါးသန်းအထိ သတ်မှတ်ခန့်မှန်းထားပြီး အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက်များမှ ၄ ဒသမ ၆၈ သန်း ဝင်ရောက်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၅ ဒသမ ၅ သန်းအထိ ဝင်ရောက်ရန် မျှော်မှန်းထားကြောင်း သိရသည်။

မန္တလေးမြို့သို့ လာရောက်လည်ပတ်ကြသော နိုင်ငံတကာမှ ခရီးသွားဧည့်သည်များမှာ (The world's biggest book)ကို အံ့ဩစွာ လေ့လာမှတ်တမ်းယူလေ့ရှိကြသည်။ ခရီးသွားဧည့်သည်များမှာ အကြီးဆုံးနှင့် အများဆုံးသော ပိဋကတ်သုံးပုံပါ ကျောက်စာများကို အထူးနှစ်သက်မှတ်တမ်းယူလေ့ရှိသည်။ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဟု ညွှန်းဆိုထားသော ကျောက်စာများသည် မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားအတွင်း၌ရှိသည်။ ထိုစေတီတော်မြတ်ကြီးကို မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ် ကဆုန်လဆန်း ၁၄ ရက်တွင် စတင်တည်ထားခဲ့သည်။

ထိုစေတီတော်မြတ်ကြီး၏ ဘေးဘက်တွင် ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဟု တင်စားထားသည့် ပိဋကတ်သုံးပုံ ပါဠိတော်ကျောက်စာပေါင်း ၇၂၉ ချပ်တည်ရှိသည်။ ထိုကျောက်စာများကို မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် စတင်ထွင်းထုခဲ့ရာ ၁၂၃၀ ပြည့်နှစ်တွင် ပြီးစီးခဲ့သည်။ မာတိကာအလိုက် ပိဋကတ်သုံးပုံ ကျောက်စာများမှာ သုတ္တန်သုံးကျမ်း၊ ကျောက်စာအချပ် ၄၁၀၊ ဝိနည်းငါးကျမ်း ကျောက်စာ ၁၁၁ ချပ်၊ အဘိဓမ္မာ ၇ ကျမ်းကျောက်စာ ၂၀၈ ချပ်၊ သမိုင်းကျောက်စာ တစ်ချပ်အဖြစ် ရေးထိုးကမ္ပည်းတင်ထားခဲ့သည်။ ကျောက်စာတစ်ချပ်လျှင် ဓမ္မစေတီတစ်ဆူနှုန်းဖြင့် တည်ထားခြင်းဖြစ်ရာ သပ္ပာယ်လွန်းလှသည်။ **တိမ်တမန်**

## မိုးစပါးရေနစ်မြုပ်သည့်ဒေသမှတောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစပါးတင်း ၇၇၀ ကျော်ပေးအပ်

**ပွင့်ဖြူ စက်တင်ဘာ ၃**

ရေနစ်မြုပ်၍ ထိခိုက်ပျက်စီးခဲ့သော မိုးစပါးစိုက်တောင်သူများအား မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး၏စီမံချက်ဖြင့်အညီ မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ဝင်း ကြီးကြပ်ဆောင်ရွက်၍ ပွင့်ဖြူမြို့နယ် ကံဆွယ်ကျေးရွာအုပ်စု ကံဆွယ်ကျေးရွာတွင် တောင်သူ ၁၁၈ ဦးတို့အား မျိုးစပါးတင်းပေါင်း ၇၇၀ ကျော်ကိုပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကံဆွယ်ကျေးရွာတွင် မိုးစပါးစိုက်တောင်သူများ ဇူလိုင်လအတွင်းက မိုးရွာသွန်းမှုများခဲ့ပြီး ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးမှုများခဲ့ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးပြီးကြောင်း၊ ၎င်းဒေသ၏ တောင်သူများတင်ပြချက်ဖြင့် မျိုးစပါးတင်းရေ ၇၇၆ တင်း၊ မိုးစပါးစိုက်ခင်းဧက ၆၀ အတွက် ပေးအပ်ခြင်းကို ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် တာဝန်ရှိ ဝန်ထမ်းများက တောင်သူ ၁၁၈ ဦးအား ဩဂုတ် ၂၈ ရက်က ပေးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကံဆွယ်အုပ်စု ကံဆွယ်ကျေးရွာမှာ ရေနစ်မြုပ်ပြီး မိုးစပါးတွေ အပျက်အစီးများတယ်လို့ တောင်သူတင်ပြလာတယ်။ တိုင်းဒေကြီး၊ ခရိုင်၊ မြို့နယ်များမှ စိုက်ပျိုးရေးဦးစီးဌာနများရဲ့ တာဝန်ရှိဝန်ထမ်းတွေနဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများ လက်တွေ့ကွင်းဆင်း ဆောင်ရွက်ခဲ့တယ်။ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး၏ စီမံချက်နဲ့ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ကြီးကြပ်ဆောင်ရွက်ပေးပြီး တောင်သူများအား မျိုးစပါးမျိုးတွေပေးခဲ့တယ်။ ဒါ့အပြင် ရေနစ်မြုပ်ဒေသများတွင် ကျရောက်တတ်သော ပိုးမွှားရောဂါအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပေးခဲ့ပါတယ်" ဟု ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေနစ်မြုပ်သည့် ဒေသများတွင် ပိုးမွှားရောဂါ ကျရောက်သည်ဟု ယူဆပါက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် အုပ်ချုပ်ရေးမှူးများသို့ ဆက်သွယ်နိုင်ရန် Call Canter ဖွင့်လှစ်ထားပေးမည်ဖြစ်၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **ဖွဲ့ထက်ရှင်**

## ပြည်သူ့စာကြည့်တိုက်တွင် ပန်းချီ၊ ပုံပြင်ပြောပြိုင်ပွဲများကျင်းပ

**ကျောက်ကြီး စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသူ၊ ကျောင်းသားများအား စာကြည့်တိုက်နှင့် ရင်းနှီးမှုရှိစေရန်၊ ကျောင်းစာအပြင် ပြင်ပစာပေဗဟုသုတများရရှိစေရန်အတွက် စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ပန်းချီပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲများ ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သော်ဇင်အောင်က ပြိုင်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။

ယင်းနောက် ကျောင်းသူ၊ ကျောင်းသားများအား နံရံကပ်စာစောင်ပြသခြင်း၊ စာဖတ်ဝိုင်းနှင့် စာအုပ်ပြပွဲများ၊ ပုံပြင်ပြောပြိုင်ပွဲများ၊ ပန်းချီပြိုင်ပွဲများ ပြုလုပ်ခဲ့သည်။ ပုံပြောပြိုင်ပွဲတွင် ဆုရရှိသူသုံးဦးနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူသုံးဦးကို ဆုများချီးမြှင့်ခဲ့ကြပြီး ဆုမရရှိသည့် ကျောင်းသူ၊ ကျောင်းသားများအား ဗလာစာအုပ်များ လက်ဆောင်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်ပြန်/ဆက်**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ပုဏ္ဏမီလမ်းနှင့် ပဲခူးမြစ်လမ်းတွင် အနေးယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးသန်းဦးတို့အဖွဲ့သည် ဩဂုတ်လနောက်ဆုံးပတ်တွင် လိုင်စင်မဲ့ဆိုက်ကားများအား ရှောင်တခင်စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ- ကိုကြီးစိုး (ဆိပ်ကမ်း)

## ကျန်းမာရေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ရန် အခြေခံကျန်းမာရေးဝန်ထမ်းများ နာဂဒေသသို့ရောက်ရှိ

**ခန္တီး စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ်များတွင် ကျန်းမာရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ အထူးအစီအစဉ်ဖြင့်စေလွှတ်သော မြို့နယ်ကျန်းမာရေးမှူး ဦးတင့်ခေါင်းဆောင်သည့် အခြေခံကျန်းမာရေးဝန်ထမ်းများသည် ချင်းတွင်းမြစ်ကြောင်းလမ်းမှတစ်ဆင့် အထူးအမြန်ရေယာဉ်ဖြင့် စက်တင်ဘာ ၁ ရက် ည ၁၀ နာရီက ခန္တီးမြို့သို့ရောက်ရှိလာကြကြောင်း သိရသည်။

ယင်းအဖွဲ့အား ဒေါက်တာထွန်းတင် (ညွှန်ကြားရေးမှူး၊ သဘာဝဘေးနှင့် တိုးချဲ့ ကာကွယ်ဆေးထိုး လုပ်ငန်း) ဦးဆောင်၍ ခန္တီးခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်စိန်နှင့် ဝန်ထမ်းများက နွေးထွေးပျူငှာစွာ ကြိုဆိုခဲ့ကြပြီး ခေတ္တတည်းခိုမည့် မြသိန်းတန်ဘုရား ဓမ္မာရုံသို့ ပို့ဆောင်နေရာချထားပေးခဲ့ကြသည်။

အဆိုပါ ကျန်းမာရေးအဖွဲ့တွင် ကျန်းမာရေးမှူးတစ်ဦး၊ သားဖွားဆရာမ ၂၇ ဦး၊ ကျန်းမာရေးကြီးကြပ် ၂၈ ဦး စုစုပေါင်း ၅၆ ဦးပါဝင်ပြီး လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာများအတွက် ၄၀၊ လေရှီးမြို့နယ်အတွက် ခြောက်ဦး၊ နန်းယွန်း-ဒုံဟီးမြို့နယ်အတွက် ၁၀ ဦးတို့အား သက်ဆိုင်ရာကျေးရွာများတွင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်ချက်အရ ဖြည့်ဆည်းပေးပြီး ၎င်းတို့အနေနှင့် တာဝန်ကျကျေးရွာများတွင် နေထိုင်၍ နာဂတိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အနီးကပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခန္တီးခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်စိန်၏ ပြောပြချက်အရ သိရသည်။

**(စန်းလွင်ဦး)**

# Heroes of ALBA

ASIA Language & Business Academy Co., Ltd. INNOVATION & EXCELLENCE

edexcel Approved Centre -95872

## Congratulations to our High Scorers on the 2016 IGCSE Exams!



| Su Than Thar Nyi | | Yoon Than Thar Set Aung | | Nang Hau Kim | | Thun Su Nyi Nyi | | Pyae Phyo Thu | | Oak Soe Khant | | Kaung Myat Naing | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| Accounting | A* | Biology | A* | Biology | A* | Biology | A* | Chemistry | A* | Chemistry | A* | Mathematics | A* |
| Biology | A* | Chemistry | A* | Chemistry | A* | Chemistry | A* | Mathematics | A* | Mathematics | A* | Physics | A* |
| Chemistry | A* | Mathematics | A* | Mathematics | A* | Mathematics | A* | Physics | A* | Physics | A* | Chemistry | A |
| ESL | A* | Physics | A* | Physics | A* | ESL | A | F.P. Maths | A* | F.P. Maths | A | ESL | A |
| Human Biology | A* | F.P. Maths | A* | F.P. Maths | A* | Human Biology | A | Biology | A | ESL | B | F.P. Maths | A |
| Mathematics | A* | ESL | A | Business Studies | A | Physics | A | English Language | C | Business Studies | B | Business Studies | B |
| Physics | A* | Human Biology | A | ESL | A | F.P. Maths | A | | | | | | |
| F.P. Maths | A* | English Language | B | | | English Language | B | | | | | | |

Center I - 66, Shwedagon Pagoda Road, Dagon Township, Yangon. Tel +95-1- 256021, 376236, 376314, 384055
Center II - 3-A, Shin Saw Pu Road, Sanchaung Township, Yangon. Tel +95-1- 534259, 09 73154742, 09 457196832
albasecondaryedu2015@gmail.com, admin@albaedu.com, www.albaedu.com

---

STARFISH Education

KAPLAN Certified Education Provider

Early Bird Discount 30 %
စက်တင်ဘာ (၅) ရက် စမည်။

— KAPLAN Test Prepration Program —

TOEFL® Test Preparation Course
IELTS® Test Preparation Course
Foundation Course [ IELTS / TOEFL ]



GENERAL ENGLISH
Sat & Sun
တန်းခွဲသစ်များ
Sep (3) စမည်။
Call Today
09 799905715
09 253179825

No. (3-B), Power Condo, Insein Road, Hledan, Kamaryut Tsp., Yangon, Myanmar
Ph: 09777264230, 09777264231 Website: www.starfishkcep.com.mm

---

ဦးကျော်ဇင်လင်း
(Treasury English)
-မည်သည့်ပုဂ္ဂလိကကျောင်း၌မျှ မသင်တော့ပါ။ပညာဒါနပရဟိတများ၊ဖိတ်ခေါ်နိုင်ပါသည်။၈၊၉၊ တက္ကသိုလ်ဝင်တန်း၊၊ဝိုင်းများ အတွက်အချိန်အနည်းငယ်ကျန် ပါသည်။ တက္ကသိုလ်ဝင်တန်း အတွက်၉တန်းကလေးယခုအချိန် စသင်၊ နွေရောက်လျှင်အရေးကြီး Essay, Letter, Grammar နှင့်တက္ကသိုလ်ဝင်တန်းသင်ရိုး တစ်ဝက်ပြီးမည်။ ၀၉ ၇၉၉ ၂၆၆ ၀၁၅၊ ၀၉ ၇၃၁ ၄၄၀၃၃

---

Teacher Oo (Chemistry)
၉တန်း ၁၀တန်း
Chemistry ဂုဏ်ထူးသီးသန့် ပြည့်စုံသော Teaching နှင့် Guide များဖြင့် အမှတ်ကောင်းစေပါမည်။
Ph:09-799681378
09-73070373

---

**မြေညီတိုက်ခန်းများရောင်းမည်**

၁။ လှိုင်မြို့နယ်၊ ဗဟိုလမ်းမပေါ်၊ ပေ(၁၃×၆၀)၊ မြေညီ+ထပ်ခိုးအပြည့်၊ ပြင်ဆင်ပြီး၊ ဆိုင်နှင့် စီးပွားရေးလုပ်ရန် သင့်တော် (ဘုရင့်နောင်လမ်းဆုံနှင့်ပါရမီစိန်ဂေဟာတို့ကြား)၊
ဈေးနှုန်း သိန်း(၁၂၀၀)
၂။ သဃ်န်းကျွန်းမြို့နယ်၊ AKK Shopping Mall အနီး၊ ဇဝနရပ်ကွက်၊ ဇဝနလမ်းမနှင့် သီရိဇေယျာလမ်းထောင့်၊ ပေ(၁၂×၆၀)၊ မြေညီထပ်၊ ပြင်ဆင်ပြီး၊ နေရာသန့်။
ဈေးနှုန်း-သိန်း(၇၅၀)
Ph:09-5183518, 09-43125719
အထက်ပါအခန်းများအား ကားနှင့်အလဲအထပ်ရသည်။

---

Victoria Hospital
Quality Care

မလေးရှားနိုင်ငံမှ
နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း
အထူးကုပါမောက္ခဆရာဝန်ကြီးက စက်တင်ဘာလ တွင် ခွဲစိတ်ကုသပေးမည့်အစီအစဉ်

High Tech ENT Head & Neck Surgery ONE STOP SOLUTION

- အသံဝင်ခြင်းနှင့် အသံကြိုးတွင် အသီးထသောရောဂါများကို Laser ဖြင့် ခွဲစိတ်ကုသပေးခြင်း။
- နားမကြားသည့်သူများအား ကမ္ဘာ့အဆင့်မြင့်နည်းပညာဖြင့် အမေရိကန်နိုင်ငံလုပ် အကြမ်းခံ၊ ရေစိုခံ အတွင်းနားအာရုံကြောနှီးဆွစက် Cochlear Implant ကို ဝါရင့် ကမ္ဘာကျော်မလေးရှားမှခွဲစိတ်ဆရာဝန်ကြီးဖြင့် ယုံကြည်စိတ်ချစွာ ခွဲစိတ်ပေးခြင်း၊ ခွဲစိတ်ပြီးသည့်အခါ ကျွမ်းကျင်စိတ်ရှည်သော စကားပြောလေ့ကျင့်ပေးသည့် ဆရာမဖြင့် စနစ်တကျသင်ကြားပေးခြင်း။
- နှာခေါင်းရောဂါများကို တီဗွီမှန်ပြောင်းဖြင့် အဏုစိတ်ခွဲစိတ်ကုသပေးခြင်း။
- လည်ပင်းကင်ဆာများကို လိုအပ်သလိုခွဲစိတ်ကုသပေးခြင်း။

စက်တင်ဘာလ(၂၄)ရက်နေ့တွင်ပြင်ပလူနာများကို ကြည့်ရှုပေးသွားမည်ဖြစ်ပြီး စက်တင်ဘာလ (၂၄ နှင့် ၂၅)ရက်နေ့များတွင် ခွဲစိတ်ကုသပေးမည်။

ခွဲစိတ်ကုသလိုသူများသည် ကြိုတင်စစ်ဆေးမှုများ ပြုလုပ်ရန်လိုအပ်ပါသဖြင့် စက်တင်ဘာလ (၁၉)ရက်နေ့ မတိုင်မီ လာရောက်တွေ့ဆုံရန်လိုအပ်ပါသည်။

လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးရန် လိုအပ်ပါသည်။

အသေးစိတ်စုံစမ်းမေးမြန်းလိုပါက - - - ၀၉၇၈၃၆၆၆၁၄၁ ~ ၁၄၄ -Extension: ၇၀၆၅ သို့ဆက်သွယ်နိုင်ပါသည်။

အမှတ် (၆၈)၊ တော်ဝင်လမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Website : www.victoriahospitalmyanmar.com
Facebook : www.facebook.com/WictoriyaGeneralHospital

---

Keen Cie Health Care Services 09-73076404 / 09-783934551
သင့်တော်သောနှုန်းထားဖြင့် အရည်အသွေးမီ ပြုစုမှုပေးခြင်း
အိမ်တိုင်ရာရောက်သူနာပြုဝန်ဆောင်မှုလုပ်ငန်း
(ရှုံးချိန်အတွင်းသာ)
အခန်း ကိုဝမ်း(၁၂)၊ပုလဲကွန်ဒို "ဗီ" ဆောင်၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်းမြို့နယ်။

---

**M.S Fashion**

Dress Making & Design Training

- အခြေခံ ( Blouses & Skirts)
- အဆင့်မြင့် (Wedding Dress , Patten Magic, Drapping)
- Fashion Illustration
- ပွဲထိုင်လက်ကိုင်အိတ် ၊Hand Made & Fancy များ

ခေတ်မီစင်တီမီတာနည်းဖြင့် သင်ကြားပေးသည်။
လစဉ်တန်းခွဲရှိသည်။
Designer - မမြတ်ဆုမွန် (ခ) မမြတ်သီတာခိုး
B.Sc (Chem) Q, Dip in B.D.S , Dip in Do Zo japan Fashion Design

လိပ်စာ ၁။ အမှတ် (၂၇၁)၊(၁၃)လမ်း၊ (၃)ရပ်ကွက်၊ ငွေကြာရံရိပ်သာ၊ တောင်ဥက္ကလာပမြို့နယ်။
၂။ အမှတ်(၂၆)၊ မြေညီထပ်၊ အင်းဝလမ်းနှင့် ကျောက်မြောင်းလမ်းထောင့် ၊ တာမွေမြို့နယ်။
ဖုန်း - ၀၉-၇၃၁၄၆၇၂၈၊ ၀၉-၇၈၆၂၅၂၄၁၁



# (၆၄) ကြိမ်မြောက် အဘအောင်မင်းခေါင် "ထွက်ပွဲ၊ အောင်ပွဲ၊ ပူဇော်ပွဲ"

## ဖိတ်ကြားခြင်း

(၆၄) ကြိမ်မြောက် အဘအောင်မင်းခေါင် "ထွက်ပွဲ၊ အောင်ပွဲ၊ ပူဇော်ပွဲတော်" သို့ ပဋ္ဌာန်းဆက်၊ ပါရမီဆက်၊ အကျိုးဆက်၊ အကြောင်းဆက် ရှိကြကုန်သော အဘ၏ သားသမီးများ မည်သူမဆို ကြွရောက်ပူဇော်ကြပါရန် ယောက်ကော်ဆရာလေးအမြွာညီအစ်မ မှ ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်/အချိန် • ၉-၉-၂၀၁၆ (သောကြာနေ့)၊ မွန်းလွဲ (၂း၀၀)နာရီ မှ ညနေ (၆း၀၀)နာရီအထိ။

နေရာ • မြေအမှတ်(၃၄)၊ မေတ္တာလမ်းထိပ်၊ ဝေဇယန္တာလမ်းမကြီး၊ မိကျောင်းကန်အပိုင်း (၂)၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၇၁၆၆၈၊ ၀၉ ၅၀၀၀၈၀၄၊ ၀၉ ၅၀၁၃၃၄၅

၈-၉-၂၀၁၆ ရက်နေ့ ညနေ (၆)နာရီအချိန်မှစ၍ အလင်္ကာဝတ်ရည် တီးဝိုင်းအဖွဲ့နှင့် နိုင်ငံကျော်အဆိုတော်ကြီးများ၊ လူရွှင်တော် 5 Star အဖွဲ့နှင့် ၉-၉-၂၀၁၆ ရက်နေ့တွင် ရုပ်ရှင်/ဂီတ အနုပညာရှင်များမှ ဖျော်ဖြေတင်ဆက်ပါမည်။ ၉-၉-၂၀၁၆ ရက်နေ့တွင် စတုဒိသာကျွေးမွေးဧည့်ခံပါမည်။

# ၂၀၁၇ ခုနှစ် (ဧပြီလ) တန်းခွဲသို့ ဂျပန်နိုင်ငံတွင် ပညာသင်ကြားရင်းအလုပ်လုပ်လိုသူများအတွက်



**Tokyo University of Social Welfare Myanmar Japanese Language Office** မှ အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူမှ စ၍ ကျား/မ မရွေးအသက်ခံမရှိ အဆင်ပြေချောမွေ့စွာ ဂျပန်နိုင်ငံရှိ မိမိ နှစ်သက်ရာမြို့များတွင် ပညာသင်သွားရောက်နိုင်ရန် စီစဉ်ပေးလျက်ရှိပါသည်။

**၂၀၁၇ (ဧပြီလ) တန်းခွဲအတွက် သွားရောက်ခွင့်များစတင်ဝန်ဆောင်မှုပေးနေပြီဖြစ်ပါကြောင်း မင်္ဂလာသတင်းကောင်းပါးအပ်ပါသည်။**

- ဆက်သွယ်ရန် -

တိုက်အမှတ် (A-3-2)၊ အခန်းအမှတ် (၁၀၂)၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၃၉၃၃၇၀၊ ၀၉ ၄၂၁၁၄ ၇၀၇၀ Email : tokyo.fukushi.myanmar@gmail.com

# Manpuku

JAPANESE BBQ **BUFFET STYLE**

| | |
|---|---|
| လူကြီး | 12,800 Ks |
| ကလေး (၃ပေခွဲ မှ ၄ပေ) | 7,000 Ks |
| ကလေး (၃ပေခွဲအောက်) | FREE |



**အဝသောက် 4,800Ks**
Promotion ရှိသေးတယ်နော်



(၁) သိန်းကျပ် သုံးစွဲတိုင်း **5,000 Ks Coupon** လက်ဆောင်ပေးနေပါသည်

ဆိုင်ဖွင့်ချိန် (3:00pm ~ 11:00pm) Last Order နောက်ဆုံးမှာကြားရန် (10:00pm)

အမှတ် (26/26B) အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရထားသံလမ်းအနီး။
Ph: 099 6155 5966, 099 6155 5977, 09 8300 426

# အင်္ဂလိပ်ဘာသာစကားသင်တန်း

**Cambridge** ရေး/ဖတ်/ပြော/ကြား
**IELTS Foundation**
မြေအမှတ်(၁၃၂)၊ ယမုနာလမ်း၊ (၃၄)သစ်တောမြောက်ဒဂုံ။
Ph:09 421124364

# Sakura Hospital

မည်သည့်ထိခိုက်ဒဏ်ရာ နှင့် အရေးပေါ်ကုသမှု မဆို
**ဆာကူရာဆေးရုံ** မှ
၂၄ နာရီ ဝန်ဆောင်မှုပေးနေပါပြီ။
Hot Line: 01-512 668, 09-264 668 038

# Super Cool

**Air Con** ရေခဲသေတ္တာ၊ အဝတ်လျှော်စက် တပ်ဆင်၊ ပြုပြင်၊ ရောင်းဝယ်၊ လဲလှယ်ခြင်းလုပ်ငန်း (အနီးဆုံးဆိုင်ခွဲသို့)

| | | |
|---|---|---|
| (၁) | မ/ဒဂုံမြို့နယ် | -09-5418836, 09-49594626 |
| (၂) | ရန်ကင်းမြို့နယ် | -09-73187375, 09-400407575 |
| (၃) | သာကေတမြို့နယ် | -09-420305462, 09-254179565 |
| (၄) | ကြည့်မြင်တိုင်မြို့နယ် | -09-256155553, 09-33338211 |
| (၅) | မ/ဥက္ကလာမြို့နယ် | -09-450013581, 09-49316140 |
| (၆) | မန္တလေး | -09-49252181, 09444042912 |
| (၇) | မရမ်းကုန်းမြို့နယ်၊ အထက်ဗဟိုလမ်း | - 09-5079115,09 73066696 |
| (၈) | လှိုင်မြို့နယ်၊ အင်းစိန်လမ်းမ | - 09-256223396, 09-47054581 |

**Hot Line : 01-706356**

မှတ်ချက် - Air Con Brand New အမျိုးမျိုးကို ကုမ္ပဏီမှုရင်းဈေးအတိုင်း အာမခံဖြင့်ရောင်းချပေးနေပါသည်။

# "ကားကန်ထရိုက်ပေးသည်"

ကယ်ဒီးနား၊ ပဲခြမ်း+ဖီလ်ဒါ (TAXI) CNG၊ အမှတ် (၅၂၀)၊ မိုးကုတ်လမ်း၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံ။
ဖုန်း-၀၉ ၅၁၂၄၀၀၆၊ ၀၉ ၇၈၃၅၂၄၅၅၂

# တိုက်ခန်းအမြန်ရောင်းမည်

ကျွန်းတောလမ်းနှင့် ဗားကရာလမ်းထောင့် ပဥ္စမထပ်၊ ၁၇ ပေ × ၆၅ ပေ၊ ပြင်ဆင်ပြီး AC ၃ လုံး၊ ကျွန်းလျှောထိုး၊ ကြိုးဖုန်းပါ။ သိန်း (၈၀၀)ကျပ်။ ဖုန်း-၀၉ ၄၃၁၃၀၁၇၀၊ ၀၉ ၄၂၀၉၁၁၃၄၆၊ ၀၉ ၂၅၂၅၄၁၁၅၅။

# ငှားမည် / ရောင်းမည်

- ရွှေသံလွင်ကွန်ဒို 60'x60' (3600 sqft) တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်။ (ငှား/ရောင်း)
- ရွှေဘုံသာအောက်လမ်း 20'x60' မြေညီထပ်၊ ပန်းဘဲတန်းမြို့နယ်။ (ငှားမည်)

ဆက်သွယ်ရန်- 09-960733478, 09-255855559, 09-30256755

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ သရေခေတ္တရာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၀၊ မြေကွက်အမှတ်(၂၀၀)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀×၆၀)ရှိပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်မှာ ဦးကျော်ဇံ(ISN-၀၃၂၇၃၃)[၁၂/အစန(နိုင်)၀၄၆၀၈၅]အမည်ဖြင့် ချပေးထားသောမြေကွက်ဖြစ်ပြီး ၎င်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်မိုးအောင်[၁၂/ဒဂရ(နိုင်)၀၀၀၇၉၉](ဘ)ဦးလှဖေက ၎င်းတစ်ဦးတည်း ပိုင်ဆိုင်ပြီး အပေါင်အနှံ့ အရှုပ်အရှင်း(လုံးဝ)ကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ် ပြုလုပ်ချုပ်ဆို သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဌေးဌေးဝင်း LL.B,D.I.L,WIPO(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၀၅၁)**
**အမှတ်-၃၁/ဘီ၊ ကျောက်မြောင်းဈေးလမ်း၊ မျိုးရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၉၅၀၃၇၅၅၈**




0% Charges နှင့်အတူ လစဉ် **ကျပ် (၇၅) သိန်းသွင်းရုံဖြင့်** BMW ၏နောက်ဆုံးပေါ်အဆင့်မြင့် **Luxury SAV BMW X5 Brand New** ကားကို ပိုင်ဆိုင်နိုင်ပါပြီ။

* ပေးသွင်းရန် သတ်မှတ်ထားသော အခွန်များအားလုံး အပါအဝင်
* (၃)နှစ် အာမခံနှင့်ထိန်းသိမ်းမှုစရိတ် အပါအဝင်

အရေအတွက်(၃)စီးသာ ကန့်သတ်ထားသည့်အတွက် Prestige Automobiles သို့ အမြန်ဆုံး လှမ်းခဲ့ဖို့ ဖိတ်ခေါ်အပ်ပါသည်။

**Yangon : 01 - 2306133**
**Mandalay: 09-788882089**

**Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.**
**Yangon** : No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon.
**Mandalay:** Shwe Man Taung Golf Club, Oo Boke Taw Quarter, Mandalay-Madaya Road, Aung Myae Tha Zan Township, Mandalay.
www.facebook.com/BMWPAC




Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05
Made In JAPAN
3 YEARS MAZDA WARRANTY







ရောင်းမည်
သဃ်န်းကျွန်းမြို့နယ်၊ မိုးရိပ်(၃)လမ်း၊(၆)လမ်း၊(၈)လမ်း၊(၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ (B.C.C ရရှိပြီး)
ဖုန်း-၀၉-၅၄၀၀၀၀၁၊ ၀၉-၇၃၀၉၅၆၇၇၊ ၀၉-၅၀၀၂၉၃၀

HLEDAN CENTRE
CONDO (600 Sqft)
1200 USD/ Month
09-963429399
09- 423696547

FARMER AUTO SHOWROOM
ပြခန်း(၁) - အမှတ်(၁၈)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကုန်။ ဖုန်း- ၀၉-၃၁၅၈၉၆၄၃၊
ပြခန်း(၂) - အမှတ်(၁၉)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၉-၇၃၂၅၂၄၃၈
နေပြည်တော် - အမှတ်(၅၈၇)၊ ရာဇဌာနီလမ်း၊ နေပြည်တော်။ ဖုန်း- ၀၉- ၇၃၄၉၁၀၂၃
မကွေး - နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ မကွေးမြို့။ ဖုန်း - ၀၉-၃၁၈၂၄၀၄၇
ရန်ကုန်နှင့်နယ်လိုင်စင် TAXI ကားနှင့် တခြားကားများကို အရစ်ကျဖြင့်ဝယ်ယူနိုင်ပါသည်




ရောင်းရန်/ငှားရန်ရှိသည်
အထူးလျှော့ဈေး(မြေညီ+မှန်ခန်း)
ပိုင်ရှင်ကိုယ်တိုင်တိုက်ခန်းသစ်ရောင်းမည်
ဈေးနှုန်း-ကာလပေါက်ဈေးထက် 20% လျှော့ရောင်းမည်။
(၁၂၈၀-သိန်း)အငှားတစ်လ(၁၀)သိန်း
- တောင်ဥက္ကလာ(၁၀)ရပ်ကွက်၊ ဗလ္လိကလမ်း၊ အသင့်နေထိုင်နိုင်
- အဆင့်မြင့်ပြင်ဆင်ပြီး BCC ကျပြီး၊ သိန်း(၁၅၀)ဖိုး ပြင်ဆင်ပြီး
- တိုက်ခန်းသစ် ပေ(20' x 60')(နှစ်ထပ်)၊ 2400Sqft-အမြင့် 17'
- Foundation-Pile စနစ်
သစ္စာလမ်းမကြီးမှ ပေ(၁၅၀)အကွာတွင်ရှိပြီး ရုံးခန်း၊ ဆိုင်ခန်းဖွင့်ရန် သင့်တော်သည်။ အိမ်စီးကားနှင့်လဲလှယ်နိုင်ပါသည်။
ဖုန်း-၀၉-၇၉၉၉၉၇၀၂၀၊ ၀၉-၇၉၉၉၉၇၀၂၈

ကျွန်တော်များ MMM 88Group အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီမှ တိုက်ရိုက် ငှားရမ်းမည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများရှိနေပါသည်။ လူကြီးမင်းတို့၏ လုံးချင်းအိမ်၊ ကွန်ဒို၊ တိုက်ခန်း၊ စက်မှုဇုန်မြေကွက်များကို ဝန်ဆောင်မှုပေးရန်ရှိနေပါသဖြင့် အမြန်ဆုံးဆက်သွယ်နိုင်ပါသည်။ အကျိုးတူကွန်ဒိုအထပ်မြင့်ဆောက်လိုသူများလည်း တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ Ph:09-452768885, 09-775688889

# ကြော်ငြာ

## ဒေါ်မျှင် (ခ/အနောက် သ/မ-ငြိမ်း)
## အသက်(၈၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ကညင်ချောင်းကြီးကျေးရွာနေ (ဦးစံညွန့်-ဒေါ်စန်းရွှေ)တို့၏သမီး၊ (ဦးစံအုပ်-ဒေါ်စိုး)တို့၏သမီးချွေးမ၊ ဦးလှမြင့် (တရားရုံးချုပ်ရှေ့နေ)-ဒေါ်သောင်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ (၉)လမ်း၊ အမှတ်(၉၀)နေ ဦးမြင့်ဆွေ (အချိန်ပိုင်း ကထိက၊ Journalism, NMDC, စက်ရုံမှူး-ငြိမ်း၊ (PPD)-ဒေါ်ဒေါ်လီ၊ ဦးနေဝင်း (M.A.I)-ဒေါ်မြမြဌေး၊ ဦးတင်မောင်ထွန်း-ဒေါ်သိန်းသိန်းဦး၊ ဦးကျော်စွာဝင်း-ဒေါ်ဝါဝါရွှေရည်၊ ဒေါ်နီနီထွန်း၊ ဗိုလ်ကြီး/ဗိုလ်မှူးသိန်းဆွေမြင့် (တတက-၁)-ဒေါ်ခင်သက်မော်တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွား၊ (ဦးထွန်း)၏ဇနီးသည် ၃-၉-၂၀၁၆ ရက် ညနေ ၃း၃၀နာရီတွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၆ ရက် ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်မြင့် (ဘိုကလေး)
**ဗိုလ်မှူး(ငြိမ်း)၊ ကြည်း-၆၂၇၄၊ ဗိုလ်သင်တန်းအမှတ်စဉ်(၇)**
**လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)**
## အသက် (၈၈)နှစ်

မြန်မာသံရုံး၊ လန်ဒန်မြို့မှ ပညာရေးသံမှူးဖြစ်သူ ဒေါက်တာဒေါ်သူဇာမြင့်၏ဖခင် ဦးစိန်မြင့် အသက်(၈၈)နှစ်သည် ၂၆-၈-၂၀၁၆ ရက် (သောကြာနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ**
**မြန်မာသံရုံး၊ လန်ဒန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွေးမြင့် (၈၆)နှစ်
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်ခွဲ၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၁၄၆)နေ ဦးထွေးမြင့် (ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန-ငြိမ်း) သည် ၂-၉-၂၀၁၆ (သောကြာနေ့) ညနေ ၆း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မြင့်လှိုင် (ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန)**
**နှင့် ဇနီး မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းဟောင်းများ အသင်းဝင် ဒေါ်ကြည်ကြည်စိန်(မဝါ) (ခရိုင်ဦးစီးအရာရှိ/ငြိမ်း) သည် ၂၈-၈-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြန်/ဆက်ဝန်ထမ်းဟောင်းများအသင်း**

## အထူးကျေးဇူးတင်ရှိခြင်း
## ဦးအောင်နိုင် (၇၄)နှစ်

၃၀-၈-၂၀၁၆ ရက်၊ ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ရက် (အင်္ဂါနေ့) ညနေ ၃း၄၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသော အမှတ်(၃)၊ Green Hill Villa စိမ်းလဲ့ကုန်းမြင့်ရိပ်သာလမ်း၊ မိုးကြိုးစံပြ (၂၁) ရပ်ကွက်၊ ပြင်ဦးလွင်မြို့နေ (အငြိမ်းစား သစ်တောမင်းကြီး ဦးထွန်းရင်နှင့် ဇနီး ဒေါ်မြင့်မြင့်)တို့၏သား၊ ဒေါ်အေးအေးကြူ၏ ချစ်လှစွာသောခင်ပွန်း၊ Dr.ချိုမမ၊ ဦးနေအောင်ချို၊ ဦးအောင်ကိုဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဦးအောင်နိုင် အသက်(၇၄)နှစ်၏ နောက်ဆုံးခရီးစျာပနကိစ္စအဝဝတွင် အကူအညီပေးခဲ့ကြသော ပြင်ဦးလွင် သင်္ချိုင်းသုခနာရေးကူညီမှုအသင်း၊ ရပ်နီးရပ်ဝေး ဆွေမျိုး မိတ်သင်္ဂဟများအားလုံး၊ ဖုန်းဖြင့်ဆက်သွယ်မေးမြန်း အားပေးနှစ်သိမ့်သူများ အားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သိန်း(ခ)ချောင်အင်ဟို
**အုပ်ချုပ်မှုဒါရိုက်တာ(အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက်)**
**ဒါရိုက်တာ(မြန်မာအရှေ့တိုင်းဘဏ်လီမိတက်)**
## အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၁) လမ်းနေ ဒေါ်ကြည်ကြည်သန်း (အုပ်ချုပ်မှုဒါရိုက်တာ၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်)၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သိန်း(ခ)ချောင်အင်ဟိုသည် ၁-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဂမုန်းပွင့်ကုမ္ပဏီလီမိတက်**

## ဒေါ်ခင်ညွန့်ဝေ (၇၂)နှစ်
**ကသာ(ကျောက်ဆည်)**
**B.A(Myanmar)**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ယင်းမာမြိုင်လမ်း၊ အမှတ်(၈၆/၂)နေ [ဦးထွန်းညွန့်-ဒေါ်မမလေး(ကသာ)]တို့၏ သမီးကြီး၊ ဦးမျိုးညွန့်(ဆည်မြောင်း-ငြိမ်း)-ဒေါ်နုနုဝင်း၊ ဒေါ်စန်းစန်းလဲ့ (စက်မှု-၂၊ ငြိမ်း) တို့၏ချစ်လှစွာသောအစ်မကြီး၊ ဦးစန်းမောင်(တရားလွှတ်တော်ရှေ့နေ)၏ဇနီး ဒေါ်ခင်ညွန့်ဝေသည် ၂-၉-၂၀၁၆ (သောကြာနေ့)တွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၆ (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်း ဒါယိကာမကြီး
## ဒေါ်ခင်စန်း (၈၇)နှစ်
**(စမ်းမာယာအုပ်ချုပ်သင်တန်းဆရာမကြီး)၊ မော်လမြိုင်**

မော်လမြိုင်မြို့နေ (ဦးတင်ညွန့်-ဒေါ်အေးမြင့်)တို့၏သမီး၊ (ဦးဂေါ်ယာ-ဒေါ်ခင်မြင့်)တို့၏ သမီးချွေးမ၊ (ဦးကိုကို)၏ ချစ်လှစွာသောဇနီး၊ ဒေါ်စိန်စိန်ဝင်း၊ (ဦးမောင်မောင်)၊ဒေါ်သန်းသန်းနွယ်၊ ဒေါ်ယုယုနွယ်၊ ဦးကျော်ဆန်းဦးတို့၏ မွေးသမိခင်၊ မြေး ၁၆ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၂-၉-၂၀၁၆ (သောကြာနေ့) နံနက် ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၂း၁၅ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်အေးညီး (၉၇)နှစ်
**(ထားဝယ်)**

ထားဝယ်မြို့၊ ဘုမ္မော်ရပ်၊ ဗိုလ်ဘထူးလမ်း၊ အမှတ်(၄၇၀)နေ (ဦးရုပ်အို-ဒေါ်မြသီး)တို့၏ သမီး၊ (ဦးရွှေခင်-ဒေါ်မိသွန်း)တို့၏ သမီးချွေးမ၊ (ဦးအောင်မြင့်)-ဒေါ်မြတ်မူ၊ ဦးမြလွင်-ဒေါ်ရီရီအေး၊ ဦးခင်မောင်အေး-ဒေါ်အုန်းမြ၊ ဦးတင်ညွန့်-ဒေါ်နုနုထွေး၊ ဦးဝင်းဗိုလ်-ဒေါ်ခင်ပြုံးတို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၅ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၃-၉-၂၀၁၆ (စနေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့ ဇဟာသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းနွဲ့
## အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈) ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ် (၄၂/က)နေ (ဦးထွဋ်-ဒေါ်သင့်)တို့၏ သမီး၊ (ဦးဘိုးမြင့်-ဒေါ်အေးခရာ)တို့၏ သမီးချွေးမ၊ [ဦးအောင်ဖေ (ပါလီမန်အတွင်းဝန်-ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဦးဘုန်းမြင့်-ဒေါ်သန်းအေး၊ ဒေါက်တာဝင်းမွန်-ဒေါက်တာခင်ဝင်းကြူ (ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ မော်လမြိုင်တက္ကသိုလ်)၊ ဒေါက်တာလှမြင့်-ဒေါက်တာဆွေဆွေအေး (ဒုပါချုပ်-ငြိမ်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၊ (ဦးအောင်မြင့်)၊ ဒေါက်တာစိုးဝင်း-ဒေါ်လေးလေးမြင့်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၃-၉-၂၀၁၆ (စနေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးထွေးမြင့် (၈၆)နှစ်
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ၈မိုင်ခွဲ၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၁၄၆)နေ (ဦးဖိုးသစ်-ဒေါ်ဂျမ်း) တို့၏ သား၊ (ဦးစံ-ဒေါ်အေးရင်)တို့၏ သားသမက်၊ (ဒေါ်ခင်မေခင်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးညွန့်ဦး)-ဒေါ်ဝါဝါလွင်၊ ဦးဝင်းမြင့်-ဒေါ်မို့မို့၊ Dr. မေကျော့နိုင်၊ဒေါ်မေချိုအေး၊ (ဦးမိုးဦး)-ဒေါ်လှလှဦး၊ ဦးမိုးလတ်ထွေး (Senior Marine Superintendent, MTM Ship Management Pte. Ltd, Singapore) - ဒေါ်စန်းစန်းဌေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးကိုးယောက်၊ မြစ်ခြောက်ယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး ဦးထွေးမြင့်သည် ၂-၉-၂၀၁၆ (သောကြာနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးအောင်အောင်
**(တေဇ-၂၇)၊ ကြည်း-၃၂၈၇၅**
## အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၅၄)၊ ၆(B)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်နေ ဦးသိန်းထွန်း-ဒေါ်ခင်ကြည်ကြည်တို့၏သားကြီး၊ မသီတာဦး၏ခင်ပွန်း၊ မရာပြည့်မယ်၏မွေးသဖခင်၊ ကိုစိုင်းလင်းအောင်-မနွယ်နွယ်သိန်းထွန်း၊ ဗိုလ်မှူးကျော်စွာသိန်းထွန်း-မချောကြည်ကြည်ခိုင်တို့၏ အစ်ကို၊ မယွန်းဝတီအောင်၊ မောင်မင်းသုတအောင်၊ မကြယ်စင်လင်းအောင်၊ မောင်အာကာမင်းထွဋ်တို့၏ ဘကြီး ဗိုလ်မှူးအောင်အောင်သည် ၁-၉-၂၀၁၆ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၆ (စနေနေ့) တွင် သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြစိန် (၈၃)နှစ်
**ကြီးကြပ်ရေးမှူး(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယား(၂)လမ်း၊ အမှတ်(၆၃၄)နေ (ဦးဖိုးကျစ်-ဒေါ်စိန်ပု)တို့၏သား၊ ကိုဆန်းမြင့်-မနွယ်နွယ်ဦး၊ ကိုထွန်းထွန်း-မနွယ်နွယ်ဝင်း၊ ကိုဝင်းခိုင်-မနီလာ၊ ကိုအောင်မျိုးလှိုင်-မမြမြမိုး၊ မခင်မြတ်နွယ်တို့၏ဖခင်၊ မသဇင်ဦး၊ မစပယ်ဦး၊ မောင်မျိုးမြင့်ကျော်၊ မောင်သီဟစိုး၊ မောင်အောင်မြတ်ဦး၊ မောင်ရဲရင့်ခိုင်၊ မဆုသီရိစံ၊ မောင်ထွဋ်ပိုင်မျိုးတို့၏အဘိုး၊ ဦးလှဝင်း-ဒေါ်စိုးကြည်တို့၏ဦးလေး၊ ဒေါ်ရင်ရွှေ၏ချစ်လှစွာသောခင်ပွန်း ဦးမြစိန်သည် ၂-၉-၂၀၁၆ (သောကြာနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၆ (ကြာသပတေးနေ့) တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယား(၂)လမ်း၊ အမှတ်(၆၃၄) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စိန်ဖူးတော် ဒါယိကာမကြီး
## ဒေါ်ယဉ်ယဉ်မော်(ခ)အန်တီဒေါ်လီ (၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးဘမော်-ဒေါ်စိန်းယဉ်)တို့၏သမီးထွေး၊ မိုကုတ်မြို့နေ (ဦးဘိုးရင်-ဒေါ်စိန်)တို့၏သမီးချွေးမ၊ [ဗိုလ်မှူးကြီးကျော်ဇော(စစ်သံမှူး-ငြိမ်း)-ဒေါ်လှလှမော်]၊ [ဒေါက်တာခင်မောင်ညိမ်း (ညွှန်ချုပ်-ငြိမ်း၊ ကျန်းမာရေးဦးစီး)]-ဒေါ်ခင်နုနု၊ [ဗိုလ်မှူးကြီးကျော်ငြိမ်း (ပညာရေးဝန်ကြီး-ငြိမ်း)-ဒေါ်မြမြမော်]၊ [ဦးခင်မောင်သိန်း (ပ-အင်ဂျင်နီယာ-ငြိမ်း၊ ကြယ်ငါးပွင့်)]-ဒေါ်ခင်အုန်းမြင့်၊ [ဦးခင်မောင်ညို (ဒုညွှန်ချုပ်-ငြိမ်း၊ ဘခရေ)]-ဒေါ်နီနီညွန့်တို့၏ညီမ၊ [ဦးခင်မောင်-ဒေါ်သီ(မိုးကုတ်မြို့)]တို့၏ညီမ၊ (ဦးလှစိန်-ဒေါ်အုန်း)၊ (ဦးတင်မောင်-ဒေါ်ခင်ကြည်ကြည်)၊ မိုးကုတ်မြို့နေ ဦးလေးမောင်-ဒေါ်ခင်သန်း၊ (ဒေါ်မြင့်မြင့်ဆွေ)တို့၏အစ်မ၊ ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်ကွန်ဒို (အေ)၊ အခန်း (၆၀၅)နေ [ဦးသုတ (ညွှန်ချုပ်-ငြိမ်း၊ မိုးဇလ)]၏ ချစ်လှစွာသောဇနီးသည် ၂-၉-၂၀၁၆ (သောကြာနေ့) နံနက် ၁၀း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီထိ တက္ကသိုလ်ရိပ်သာလမ်းနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးရွှေဝန်း (DGM-MOGE-ငြိမ်း) (၇၈)နှစ်
**(မာန်အောင်)**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ မျှော်တော်ဦးကျေးရွာနေ (ဦးရွှေမှိုင်း)၊ ဒေါ်မရွှေ၊ ဦးမောင်ပု၊ ဦးရွှေချမ်းတို့၏ညီ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၇)ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် (၁၈)နေ ဒေါ်ခင်လှကြည်(ခ)ဖြူဖြူ (စီးပွားရေးဘဏ်-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၃-၉-၂၀၁၆ (စနေနေ့) မွန်းလွဲ ၁၂း၃၄ နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၆(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးရန်နိုင်စိုး [B.Sc(Phy)] (၄၄)နှစ်
**ARIAN MARING SERVICE CO., Ltd**
**မန်နေဂျာ**

မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ (စီဗီလိုင်း)၊ အမှတ်(၃၂၆)၊ (၆၂) လမ်း၊ (၃၀×၃၁)လမ်းကြားနေ (ဦးစိုးဝင်း)-ဒေါ်ခင်ဝင်းစီတို့၏သား၊ ဦးသန်းဗိုလ်-ဒေါ်ခင်ဝင်းရီ၊ ဦးစိန်ဝင်း၊ (ဒေါ်ခင်သီတာ)၊ ဒေါ်ခင်ဝင်းမော်၊ ဒေါ်မိုးမိုးသူတို့၏တူ၊ ဒေါက်တာသောင်းထွန်းဦး (တွဲဖက်ပါမောက္ခ၊ ပထဝီဝင်ဌာန၊ စစ်ကိုင်းတက္ကသိုလ်)-ဒေါက်တာငုဝါဝင်း (တွဲဖက်ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ မန္တလေးတက္ကသိုလ်)တို့၏မောင်၊ မောင်သိုက်ဦးခန့်၊ မဆုရတီသိုက်တို့၏ ချစ်လှစွာသောဦးလေးသည် ၂-၉-၂၀၁၆ရက်တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးအောင်အောင်
**(တေဇ-၂၇)၊ ကြည်း-၃၂၈၇၅**
## အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၅၄)၊ ၆(B)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်နေ (ဦးမောင်ကြီး-ဒေါ်အမ)၊ (ညောင်ရမ်းထိပ်တင်ဘွား-ဒေါ်ငွေအောင်)တို့၏မြေး၊ ဦးသိန်းထွန်း-ဒေါ်ခင်ကြည်ကြည်တို့၏သားကြီး၊ ဦးဖေသန့်-ဒေါ်စန်းစန်းနွယ်၊ ဦးသိန်းဇော်-ဒေါ်သွဲ့သွဲ့ထွန်း၊ (ဒေါ်စန်းစန်းမြင့်)၊ ဦးသီဟ-ဒေါ်စန်းစန်းမြင့်၊ ဒေါ်အေးအေးမိုး၊ ဦးအောင်မြင့်ထွေး-ဒေါ်စန်းစန်းထွေးတို့၏တူ ဗိုလ်မှူးအောင်အောင်သည် ၁-၉-၂၀၁၆ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၆ (စနေနေ့) တွင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်နွယ်ဦးခိုင်
## အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၃၉)နေ ဦးခင်ထွန်း-(ဒေါ်မြင့်အေး)တို့၏ သမီးကြီး၊ (ဦးမြမောင်-ဒေါ်လှ)တို့၏ သမီးချွေးမ၊ ကိုစိုးသီဟ-မစိုးဝေမျိုး၊ ကိုဇော်မင်းညွန့်-မမျိုးသိမ့်သိမ့်ထွန်း၊ မောင်မင်းသူရထွန်းတို့၏ အစ်မကြီး၊ (ဦးသန်းစိုး)၏ဇနီး၊ မောင်မင်းခန့်သူ (အထက-၅၊ တာမွေ)၏ မွေးသမိခင်သည် ၃-၉-၂၀၁၆ (စနေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၆ (တနင်္လာနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းလှဖြူ (၇၆)နှစ်
**(တန်းပျဉ်းကြီး၊ မြောင်းဘွေ၊ မြောက်ဦး)**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ တန်းပျဉ်းကြီးရွာနေ ဦးညိုသာဖြူ-ဒေါ်လှစံဖြူတို့၏ သား၊ မြောက်ဦးမြို့၊ ညောင်ပင်ဈေးရပ်ကွက်နေ ဒေါ်ကျော့စိန်၏ချစ်လှစွာသောခင်ပွန်း၊ အမှတ်(၇၇)၊ မြေညီ၊ မလွကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဦးကျော်ထက်-ဒေါ်အေးကြွယ် (အဓိပတိစာသင်ဝိုင်း)၊ ဒေါ်အေးမေ(မြောက်ဦး စာတိုက်မှူး)၊ ဦးညွန့်အောင်(U.S.A)၊ ဦးထွန်းစိုး (U.S.A)၊ မော်လမြိုင်မြို့၊ ချောင်းစောက်ရပ်နေ ဦးဝင်းမြင့်ထွန်း (သတင်းတပ်ဖွဲ့)-ဒေါ်ဟန်မူယာသိမ့်တို့၏ဖခင်၊ ညဏ်ထူးပိုင် (B E , Mech, PTTEP)၊ ကံထူးလှိုင်(ဆေး-၂)၊ မင်းကောင်းခန့် (ရွှေနတ်တောင်-အထက)တို့၏ ချစ်လှစွာသော အဘိုးရှင်သည် ၃-၉-၂၀၁၆ ရက် နံနက် ၉ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ ရန်ကုန်၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၆ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ်-၇၇၊ မြေညီ၊ မလွကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၁၆ (သောကြာနေ့) နံနက် ၁၁ နာရီတွင် စိတ္တသုခကျောင်း၊ လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်စိုး (ကြာအင်းဆိပ်ကြီး)
## အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ (၆)လမ်း၊ အမှတ် (၁၅/ခ)နေ (ဦးဂွမ်စွန်-ဒေါ်အမာ)တို့၏ သားကြီး၊ ဗိုလ်ချုပ်တင်စိန်(ငြိမ်း)-(ဒေါ်မြမြစီ)၊ (ဦးတိတ်ကြည်)၊ (ဦးကြည်လှိုင်)-ဒေါ်စောကြည်တို့၏ အစ်ကိုကြီး၊ (ဒေါ်ငွေရင်)၊ ဒေါ်အေးအေးတို့၏ခင်ပွန်း၊ ဒေါ်လဲ့လဲ့ဝင်း၊ ဒေါ်ဝေဝေနှင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးတင်စိုးသည် ၂-၉-၂၀၁၆ ရက် ည ၇း၁၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စိန်ဖူးတော် ဒါယိကာမကြီး
## ဒေါ်ယဉ်ယဉ်မော်(ခ)အန်တီဒေါ်လီ (၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးဘမော်-ဒေါ်စိန်းယဉ်)တို့၏သမီးထွေး၊ မိုကုတ်မြို့နေ (ဦးဘိုးရင်-ဒေါ်စိန်) တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်ကွန်ဒို(အေ)၊ အခန်း (၆၀၅)နေ [ဦးသုတ (ညွှန်ချုပ်-ငြိမ်း၊ မိုးဇလ)]၏ ချစ်လှစွာသောဇနီး၊ (ဦးဇော်မင်း)-ဒေါ်နီလာသုတ၊ ဦးတင်ထွတ်-ဒေါ်နွယ်နီအုန်း၊ ဦးသန်းထွတ်၊ ဦးသိန်းလွင်-ဒေါ်ကေသီသုတ၊ Mr.Brock Montgomery-ဒေါ်အေးသီတာသုတတို့၏ ချစ်လှစွာသောမိခင်ကြီး၊ ကိုတေဇာအောင်-မခိုင်ဇာဝင်း၊ ကိုနေမျိုးကျော်(ခ)ကိုတေဇ-မအေးအိလွင်လွင်၊ ကိုကျော်မျိုးထွန်း-မကြည်သာညိုဝင်း၊ ဒေါက်တာလင်းလင်းဇော်မင်း၊ မောင်ညာဏ်ဇော်အောင်၊ David သုတတို့၏အဘွား၊ မချောသန့် ဖြူစင်၊ မဝင်းလက်လက်ထွန်းတို့၏ ဘွားဘွားကြီးသည် ၂-၉-၂၀၁၆ (သောကြာနေ့) နံနက် ၁၀း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ တက္ကသိုလ်ရိပ်သာလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လှမြင့် (၇၇)နှစ်
**စာတည်း(ငြိမ်း)၊ တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန**
**ရန်ကုန်တက္ကသိုလ်**
**စိန်မိုက်ကယ်ကျောင်း၊ ကန်တော့ခံဆရာမကြီး**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ (ဦးကိုကို-ဒေါ်သိန်း)တို့၏ သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ တိုက် (၂၀၃)၊ အခန်း (၁၃)နေ [ဦးတင်ညွန့် (ဥပဒေပညာရှင် အဆင့်-၁၊ ဗဟိုဥပဒေရုံး)]၏ဇနီး၊ (စိုးလွင်လွင်)-ဖြူဖြူဝင်း၊ မာမာအောင်၊ တိုးခင်ခင်-ရဲဝင်းသန်း၊ (မိုးသွင်သွင်)တို့၏ မိခင်၊ မောင်ဒေဝ၊ မရွှေအိမ်စည်၊ မသန့်သဇင်တို့၏အဘွားသည် ၃-၉-၂၀၁၆ (စနေနေ့) နံနက် ၄း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၅-၉-၂၀၁၆(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးယုဝင်း(ထားဝယ်) (၆၄)နှစ်
**(စံမတူငါးမုန့်)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃၃၈)၊ မြေညီထပ်နေ [ဦးလီရှောက်ဖူ(ခ)ဦးအရွှေ-ဒေါ်ငွေ]တို့၏သား၊ ဒေါ်မြင့်မြင့်မွှေး၏ခင်ပွန်း၊ (ဦးချောင်းယုံ)-ဒေါ်ခင်ဝင်း၊ ဦးကြည်ဝင်း-ဒေါ်မြဝင်း (မကာအို)၊ ဦးကြည်ဝင်း-(ဒေါ်ယဉ်ယဉ်ကြည်)၊ (ဦးမျိုးဝင်း)-ဒေါ်မြတ်မြတ်လွင်တို့၏ညီ/မောင်၊ ဦးအောင်သန်း-ဒေါ်မြတ်ဌေးတို့၏အစ်ကို၊ မသီဂီ၊ မောင်တေဇအောင်၊ မောင်ကေတုတို့၏ဖခင် ဦးယုဝင်းသည် ၃-၉-၂၀၁၆ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၆ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၁၆ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာအောင်သန်းထွန်း (O.T.S အမှတ်စဉ် ၇၃)
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
## အသက် (၅၆)နှစ်

မကွေးမြို့၊ ပွဲကြိုရပ်နေ (ဦးထွန်းတင်-ဒေါ်လှကြွယ်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးများရပ်ကွက်နေ ဒုတိယဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း)- ဒေါ်သန်းနွဲ့တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးများရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ် (၁၅/၁၆၀)နေ ဒေါ်ခိုင်ခိုင်မြင့်၏ချစ်လှစွာသောခင်ပွန်း၊ မပွင့်မြတ်မာ (BIT, NCC)၏မွေးသဖခင်၊ ဦးသိန်းအေးထွန်း (ဒုဦးစီးမှူး၊ က. ည. န၊ မကွေး)၊ ဒေါ်အေးအေးကြိုင် (ကွန်ပျူတာစိစစ်ရေးမှူး၊ က. ည. န၊ မကွေး)၊ ဦးဝင်းနိုင်ထွန်း(စင်ကာပူ)၊ ဒေါ်ကေသီမြင့် (ဓာတုဗေဒဌာနမှူး၊ ရွှေပြည်သာ၊ GTI)၊ ဦးဝင်းကျော် (3rd Engineer, F.G)-ဒေါ်စန္ဒာမြင့်၊ ဦးဝေလင်းအောင် (Chief mate, F.G)-ဒေါ်ပန်းနုဖြူတို့၏အစ်ကိုကြီး၊ မစိမ့်ဝတ်ရည်ထွန်း (Grade-8၊ ပညာနန်းတော်)၊ မောင်ဟိန်းဇေယျာအောင် (KG အထက-၃၊ မကွေး)၊ မောင်ကောင်းခန့်ကျော်(Grade-10-S၊ အထက-၂၊ မင်္ဂလာဒုံ)၊ မောင်ဝေယံကျော် (Grade-7-A၊ အထက-၂၊ မင်္ဂလာဒုံ)၊ မဖူးမြတ်သွယ် (Grade-7-D၊ အထက-၅၊ ဗိုလ်တထောင်)တို့၏ဘကြီးသည် ၃-၉-၂၀၁၆ (စနေနေ့) နံနက် ၂း၂၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နွယ်သာကီလမ်း နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်ငွေရီ (၅၅)နှစ်

ရခိုင်ပြည်နယ်၊ မြေပုံမြို့၊ တရုတ်တန်းရပ်ကွက်နေ (ဦးဦးသာစိန်-ဒေါ်မကြီး) တို့၏ သမီးချွေးမ၊ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ စကုက္ကျွန်း၊ (င/သမုတ်)ကျေးရွာနေ (ဦးချက်ကြီး-ဒေါ်ဒေါ်ငါးသာဖြူ)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှတ်(၆) နယ်မြေ၊ လက်ယက်စမ်းကျေးရွာ၊ အမှတ် (၂၈၂)နေ ဦးလှဝင်း၏ဇနီး၊ ဦးမြင့်နိုင်-ဒေါ်မာမာဆန်း၊ ဒေါ်ခင်ခင်မြင့်၊ ဦးအောင်ဆန်း၊ မတူးတူး၊ မစောမြတ်လှိုင်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ ဒေါ်မဇံဖြူ၊ ဒေါ်ခင်ပြုံးရီတို့၏ ယောက်မ၊ ဦးခင်မောင်ဦး၊ ဒေါ်ခင်ခင်စံ၊ ဒေါ်ခင်ခင်ဖြူတို့၏ အဒေါ်၊ ဦးဘညို-ဒေါ်မသိန်းတို့၏တူမ၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်ငွေရီ သည် ၂-၉-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂း၂၄နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၆ (ကြာသပတေးနေ့) နံနက်တွင် လက်ယက်စမ်းကျေးရွာ၊ အမှတ်(၂၈၂)၊ ဦးလှဝင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အောင်လအန်ဆန်နှင့် ပိုလန်နိုင်ငံသားတို့ ရန်ကုန်မြို့၌ ထိုးသတ်မည်

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

**ရန်ကုန် စက်တင်ဘာ ၃**

ကချင်တိုင်းရင်းသား MMA ကစားသမား အောင်လအန်ဆန် ယှဉ်ပြိုင်ထိုးသတ်မည့် ဘက်စုံကိုယ်ခံပညာသုံး MMA ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ကမ္ဘာ့ချန်ပီယံလုပွဲထိုးသတ်ရန်စီစဉ်ခဲ့သော်လည်း အဆင်မပြေခဲ့သောကြောင့် ပိုလန် MMA ကစားသမားနှင့်ထိုးသတ်မည်ဖြစ်သည်။

အောင်လအန်ဆန်သည် ယင်းပြိုင်ပွဲတွင် ပိုလန်နိုင်ငံသား ပတ်စတာနက်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

**စာမျက်နှာ ၇ ကော်လံ ၅ သို့**



**မတ်လအတွင်းက ရန်ကုန်မြို့၌ ထိုးသတ်ခဲ့သည့် MMA ပြိုင်ပွဲတွင် အောင်လအန်ဆန်ကို တွေ့ရစဉ်။**



# စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးနှင့် တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၃

**ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင့်နန်းတော်၌ ဘရူနိုင်းဘုရင်အား သွားရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စီးပွားရေးနှင့် ရင်းနှီး မြှုပ်နှံမှုများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြားသင်တန်းသားများ အပြန်အလှန်စေလွှတ်၍ လေ့ကျင့်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ဘရူနိုင်းဘုရင်က နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုများတွင် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်နှစ်ရပ်အကြား သင်တန်းသားများအပြန်အလှန်စေလွှတ်၍ လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကိုလည်း ကြိုဆိုပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

# မြန်မာ ယူ - ၁၉ အသင်း ယူ - ၁၆ အသင်းကို အနိုင်ရ

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

**ရန်ကုန် စက်တင်ဘာ ၃**

အာဆီယံ ယူ-၁၉ ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အသင်းနှင့် နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာယူ-၁၆ အသင်းသည် ယနေ့နံနက်ပိုင်းက သုဝဏ္ဏကွင်းတွင် ခြေစမ်းကစားရာ မြန်မာယူ -၁၉ အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အာဆီယံပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အသင်းသည် ယခုပွဲတွင်လည်း ကစားသမားများ စမ်းသပ်ပွဲထုတ်ခဲ့ပြီး အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းနှစ်သင်းသည် မြန်မာယူ-၁၆ အသင်း အာဆီယံ ယူ-၁၆ ပြိုင်ပွဲမယှဉ်ပြိုင်မီက ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ဖူးပြီး ယူ-၁၉ အသင်းက နိုင်ပွဲထပ်မံရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲအစတွင် ယူ-၁၆ အသင်းကပိုဖိကစားနိုင်ခဲ့သော်လည်း အဆုံးသတ်ဂိုးသွင်းအားနည်းမှုကြောင့် ဂိုးမရခဲ့ပေ။ **စာမျက်နှာ ၇ ကော်လံ ၁ သို့**



**ယူ-၁၉ အသင်းနှင့် ယူ-၁၆ အသင်းတို့ ခြေစမ်းကစားနေစဉ်။**

**မျိုးဆက်သစ်ရင်ပြင် အထူးကဏ္ဍအချပ်ပို ရှစ်မျက်နှာ ပါရှိ**

ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် မျိုးဆက်သစ်ရင်ပြင် အထူးကဏ္ဍ အချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။



မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ အထူးဂဏ္ဍ

စက်တင်ဘာ ၄၊ ၂၀၁၆ (တနင်္ဂနွေနေ့)

# အများအကျိုး ဆောင်ရွက်ရာဝယ်



ဆုဆုတာ

B.Sc Microbiology




သူ့အမည်က "ကိုတိုးတိုး"။ ကိုတိုးလို့လည်း အများစုက ခေါ်ကြတယ်။ ဒီအစ်ကိုကြီးဆယ်တန်း အောင်ပါလျက်နဲ့ တက္ကသိုလ်မှာဆရာတစ်ယောက်နဲ့ အငြင်းအခုံဖြစ်ကာ ဘွဲ့မရဘဲ ကျောင်းထွက်ခဲ့ရတယ်။ သူ့ကိုတချို့က တစ်ဖက်စွန်းရောက်လွန်းအားကြီးနေတယ်။ ဘုရားတရားကို လိုက်စားလွန်းပြီး ကြောင်တောင်တောင်ဖြစ်နေတယ်လို့ ပြောကြတယ်။ သူကလည်းသူပဲ။ အမျိုးတွေအိမ်လျှောက်သွားပြီးလူကြီးတွေကို ဘုရားကြောင်းတရားကြောင်းတွေ သွားဟောပြနေတော့ ဘယ်လူကြီးကကြိုက်မလဲ။ အဖေထက် သားတစ်လကြီးချင်နေသူကို ဘယ်သဘောကျလိမ့်မလဲ။ အခုလည်းကြည့်။ ကျွန်မတို့အိမ်ကို ညအချိန်ကြီးရောက်လာပြီး ဓမ္မစကြာဝတ်အသင်းဖွဲ့ချင်လို့ ဦးလေးသမီးကိုထည့်ပေးပါတဲ့လေ။ ဓမ္မစကြာရွတ်တာတော့ဟုတ်ပါပြီ၊ ဘယ်မလဲဝတ်ရွတ်ဖို့နေရာက။ တော်တော်ခွကျတဲ့လူပဲ။

ဟော. . . ကြားရပါပြီသတင်းတစ်ခု။ ရွာလယ်ကဓမ္မာရုံကြီးကိုပြုပြင်မယ်တဲ့။ ရွာလယ်ဓမ္မာရုံမှာရှိတဲ့ ဘုရားကလေးဖက်လေးတန် အကာအကွယ်မဲ့နေတယ်။ အမိုးတော့ရှိပါတယ်။ ကိုတိုးတိုးက ဓမ္မာရုံဂေါပကလူကြီးဆီသွားပြီး စာရင်းရှင်းတမ်းလုပ်တယ်တဲ့။ နှစ်ရှည်လများအောင်းနေတဲ့ ငွေစာရင်းကို သွားရှင်းပြခိုင်းတော့ ဘယ်ဂေါပကလူကြီးက ကြိုက်မလဲ။ ဂေါပကအိမ်နေ့တိုင်းသွားပြီးစာရင်းရှင်းတမ်းလုပ်နေတဲ့ကိုတိုးတိုးကို ဂေါပကလူကြီးက အမြင်ကပ်နေပြီလို့ကြားရတယ်။ လူငယ်ဖြစ်ပြီး ဆရာလုပ်ချင်နေတဲ့ ကိုတိုးတိုးကို လူကြီးတော်တော်များများက အမြင်ကပ်နေကြပြီ။ လူကြီးတွေဆိုတော့လည်း သိတဲ့အတိုင်းပဲလေ။ ဒါတွေကို ကိုတိုးတိုးကအရေးမလုပ်ပါဘူး။ ရွာထဲကိုအလှူငွေတွေကောက်၊ လုပ်အားပေးတွေခေါ်၊ ဓမ္မာရုံမျက်နှာစာနဲ့ ပတ်ဝန်းကျင်ကိုရှင်းလင်း၊ ရွာကလက်သမားလုပ်တတ်သူကိုခေါ်၊ လုပ်အားပေးတွေဆင်းဖို့ပြော၊ တချို့ကသဘောကျတယ်။ တချို့ကတော့ ဒီငကြောင် လျှောက်လုပ်နေတယ်။ ခွေးကျဝက်ကျ ကျရှုံးပြီး ဝိုင်းအဆဲခံရမှာ မြင်ယောင်သေးတယ်တဲ့လေ။ နှစ်ရှည်လများမပြုပြင်တဲ့ ဓမ္မာရုံကို ဘယ်သူကအာရုံပြု လှူမှာလဲဆိုပြီး အပြစ်တင်ကြတယ်။ အထင်နဲ့အမြင်လွဲပါပြီ။ လူငယ်ဦးဆောင်တာကို အလိုမကျပေမယ့် မိမိရပ်ရွာက ဓမ္မာရုံအတွက်ဆိုတော့ လှူလိုက်ကြတာများ ငါကဘာလှူမယ်၊ ငါကတော့ဘယ်လောက်လှူမယ်နဲ့ အလှူရှင်တွေပေါ်ပေါက်လာပါတယ်။ မျက်စိရှေ့ နှစ်လ၊သုံးလအတွင်းမှာပဲ ဓမ္မာရုံကြီး အမိုးအကာများ၊ ဓမ္မာရုံအတွင်းရှိသင့်တဲ့ပစ္စည်းများ အစုံအလင်နဲ့ ခမ်းနားထည်ဝါဖြစ်သွားပါတော့တယ်။ ဓမ္မာရုံကြီးကိုလည်း "ရောင်ခြည်ဦးဓမ္မာရုံ"လို့ အမည်နာမတပ်လိုက်ပါတယ်။ ဒီအစ်ကိုကြီး ဖြစ်မြောက်လိမ့်မယ်လို့မထင်မိဘူး။ အခုတော့ အားလုံးကချီးမွမ်းကြပါတော့တယ်။ ဒါပေမယ့် အပြစ်ပြောသူများလည်းရှိပါသေးတယ်။

ကိုတိုးတိုး ဦးဆောင်မှုနဲ့ ဓမ္မာရုံမှာ ကျွန်မတို့ဝတ်ရွတ်အသင်းဖွဲ့လေး ဥပုသ်နေ့တိုင်း ဓမ္မစကြာရွတ်ဖတ်ကြပါတယ်။ ဓမ္မစကြာရွတ်ဖတ်နည်းကို ရွာဦးကျောင်းဆရာတော်ဦးအဂ္ဂတက နည်းလမ်းမှန်စွာ သင်ကြားပေးပြီး ရွတ်ဖတ်ပူဇော်ကြပါတယ်။ ရွာဦးကျောင်းထိုင်ဆရာတော်ကြီး ဦးကောဝိဒက ဓမ္မစကြာစာအုပ် တစ်ယောက်တစ်အုပ် စီဝေငှပါတယ်။

ရောင်ခြည်ဦးဓမ္မာရုံတွင် ဝတ်ရွတ်ဖတ်တဲ့ မိန်းကလေးအယောက်နှစ်ဆယ်ဖွဲ့စည်းထားတဲ့ ကျွန်မတို့ ဝတ်ရွတ်အသင်းလေးကို "ရောင်ခြည်ဦးဓမ္မစကြာအသင်း" လို့ အမည်ပေးထားပါတယ်။

ဥပုသ်နေ့တိုင်းရွာလယ်ဓမ္မာရုံအတွင်းက လွင့်ပျံ့လာတဲ့ ဝတ်ရွတ်သံကို ကြားရသူအပေါင်း နှလုံးစိတ်ဝမ်းငြိမ်းအေးစေမှာအမှန်ပါပဲ။ ကိုတိုးတိုးကြောင့် ရွာလယ်ဓမ္မာရုံကြီးပြီးစီးသွားသလို ဝတ်ရွတ်အသင်းလေးပါ ဖွဲ့စည်းနိုင်ခဲ့ပြီ။

ထပ်ကြားရပြန်ပါပြီ သတင်းတစ်ခု။ ကိုတိုးတိုးက "ပရဟိတ" အသင်းတစ်သင်းဖွဲ့စည်းတည်ထောင်မယ်တဲ့ဗျာ။ "ပရဟိတ" ဆိုတာဘာလဲ၊ ကျွန်မကောင်းကောင်း မသိခဲ့ဘူး။ ရွာကလူအချို့ကတော့ ဒီကောင်လေးဘာထပ်လုပ်ပြန်ပြီလဲပေါ့။ ဓမ္မာရုံလည်း အများကောင်းမှုမို့ဖြစ်မြောက်တာ၊ ဒီတစ်ခါတော့ ဖြစ်မြောက်မယ်မထင်ကြပါဘူး။ လူတွေက ချီးမွမ်းဖို့သာဝန်လေးကြတာ ။ကဲ့ရဲ့အပြစ်တင်ဝေဖန်တာကိုတော့ ဝန်မလေးကြပါဘူး။ ရွာမှာရှိတဲ့လူတွေကို အသင်းတစ်ခုဖွဲ့စည်းမယ်ဆိုပြီး ကိုတိုးတိုးကလိုက်လံနှိုးဆော်ပါတော့တယ်။

လူငယ်အများစုသာအသင်းဝင်ကြပြီး လူကြီးတွေက သိတဲ့အတိုင်းပဲလေ။ လူငယ်လက်အောက်မနေလိုကြ။ အဖွဲ့ဝင်တော်တော်များများက လူငယ်လေးတွေများနေပါတယ်။ ကျွန်မတို့ ဝတ်ရွတ်အသင်းကတော့ တစ်ဖွဲ့လုံးပါကြပါတယ်။ မိန်းမပျိုလေးတွေနဲ့ ယောကျ်ားလေးတွေနဲ့ရှုပ်ရှုပ်ယှက်ယှက်ဆိုပြီး ဝေဖန်ကြပြန်တယ်။ အဖွဲ့သားတွေကို အစည်းအဝေးခေါ်၊ ရွာဦးကျောင်းထိုင်ဘုန်းကြီး ဦးကောဝိဒ၊ ရွာဦးကျောင်းဆရာတော် ဦးအဂ္ဂတ၊ ဦးသာသနနဲ့ ကိုတိုးတိုးတို့က ပြုလုပ်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေကို ပြောပြပါတယ်။ ပရဟိတဆိုတဲ့ အဓိပ္ပာယ်ကိုလည်း ရှင်းလင်းပြပါတယ်။ ပရဟိတဆိုတာ အတ္တဟိတဆိုတဲ့ မိမိအတ္တစိတ်ကိုဖယ်ရှားပြီး အများအကျိုး ကူညီလုပ်ဆောင်ပေးတာကို ခေါ်ဆိုတာဖြစ်ပါတယ်တဲ့။

အဖွဲ့သားတွေဆီက တစ်လတစ်ထောင်ကောက်ပါတယ်။ အဲဒီလို ပိုက်ဆံတွေကောက်တော့ ရွာကလူတွေက ဝေဖန်ကြပြီ။ ငွေတွေယူပြီး လစ်တော့မယ်ပေါ့။ လုံးဝမထင်မှတ်စရာပါပဲ။ ကောက်ခံရရှိလာတဲ့ ငွေတွေကိုစုကာ အလှူအတန်း မင်္ဂလာဆောင်တွေမှာ ဧည့်ခံကျွေးမွေးဖို့ ထမင်းဝိုင်းခုန်မြင့်တွေဝယ်ပါတယ်။ အသင်းသားတွေ တာဝန်ကျအစုဖွဲ့ကာ တာဝန်ယူပြီး လိုက်လံကျွေးမွေးပါတယ်။ ငှားရမ်းခဘယ်လောက်ရယ်လို့မသတ်မှတ်ဘဲ ပြန်လည်ချီးမြှောက်တဲ့ငွေကိုသာ ယူပါတယ်။ အသင်းဖွဲ့ကိုလည်း တစ်လတစ်ခါအစည်းအဝေးခေါ်ကာ လုပ်ဆောင်မယ့် အစီစဉ်တွေကို တိုင်ပင်ကြပါတယ်။ ရရှိလာတဲ့ငွေတွေကိုစုစာရင်းရှင်းတမ်းလုပ်ပါတယ်။ စာရင်းကိုတော့ကျွန်မတို့ ဓမ္မစကြာအသင်းခေါင်းဆောင် မပပမိုးကတာဝန်ယူပါတယ်။ ငွေကိုတော့ ဦးအဂ္ဂတ ကတာဝန်ယူထိန်းသိမ်းပါတယ်။ အသင်းအဖွဲ့အစည်းတစ်ခုဆိုတာ အမည်နာမရှိရမှာဖြစ်တဲ့အတွက် ဦးဇင်းသာသနာ့က သူ့ရွှေဘိုဘက်ရောက်ရှိတုန်းက ပရဟိတအသင်းလေးတစ်သင်းရဲ့အမည် မွန်မြတ်သူကို သဘောကျပြီး မွန်မြတ်စိတ်ထားလို့ပေးချင်ကြောင်းအဆိုပြုပါတယ်။ အသင်းသားတွေလည်း သဘောကျနှစ်ခြိုက်လို့ အသင်းအမည်ကို "မွန်မြတ်စိတ်ထား"လို့ ကင်ပွန်းတပ်လိုက်ကြပါတယ်။

တဖြည်းဖြည်းနဲ့ ကုသိုလ်ရေးကို ဝါသနာပါသူဘေးရွာမှလူငယ်လူရွယ်များလည်း စိတ်ပါဝင်စားကာ အသင်းဖွဲ့ထဲ ပါဝင်လာကြပါတော့တယ်။ မွန်မြတ်စိတ်ထားပရဟိတအသင်းလေးမှ သွေးလှူအဖွဲ့တွေဖွဲ့စည်းပြန်ပါတယ်။ အသင်းသားတွေရဲ့ မွန်မြတ်သောကုသိုလ်စိတ်ထားပေါင်းစုအားဖြင့် နာရေးကားလေးတစ်စီးတည်ထောင်လာနိုင်ပါတော့တယ်။ ရွာက အချို့လူတွေရဲ့ ကဲ့ရဲ့ရှုတ်ချမှုတွေကြားကမှ ကျွန်မတို့အသင်းလေးတဖြည်းဖြည်းအောင်မြင်လာပါပြီ။ တစ်ရွာလုံးကကျရှုံးမှာပဲလို့ အပြစ်တင်ကဲ့ရဲ့ထားတဲ့ ကိုတိုးတိုးလုပ်ဆောင်မှုက ရွာနီးနားကျေးရွာများအထိ အံ့သြဖွယ်ရာချီးကျူးစရာဖြစ်လာပါတော့တယ်။ ရွာထဲက ချမ်းသာတဲ့သူများကလည်း ပရဟိတအသင်းလေးကို ငွေများလှူဒါန်းကြပါတယ်။ စိတ်ပါဝင်စားတဲ့ လူကြီးအချို့လည်း ပါဝင်လာကြပါတော့တယ်။

သဘာဝဘေးအန္တရာယ်ကျရောက်တဲ့ဒေသတွေကိုလည်း ပရဟိတအသင်းလေးက သွားရောက်လှူဒါန်းမှုတွေပြုလုပ်ကြပါတယ်။ အခုဆိုရင် ကိုတိုးတိုး ဦးဆောင်တဲ့ ပရဟိတအသင်းလေး တစ်နှစ်ပြည့်ခဲ့ပြီ။ ဓမ္မစကြာဝတ်ရွတ်အသင်း၊ သွေးလှူအသင်း၊ သာရေးနာရေးလိုက်ပါအဖွဲ့ခွဲတွေနဲ့ သူ့တာဝန်နဲ့သူ ဟန်ချက်ညီညီ လျှောက်လှမ်းခဲ့တာ တစ်နှစ်တာပြည့်ခဲ့ပြီ။ နှစ်ပတ်လည်နေ့အနေဖြင့် တရားပွဲတစ်ညနဲ့ လူငယ်လူရွယ်တွေအသိပညာတိုးစေဖို့ စာပေဟောပြောပွဲတစ်ညပြုလုပ်ပါတယ်။ တစ်စတစ်စကျယ်ပြန့်လာတဲ့ မွန်မြတ်စိတ်ထားအသင်းလေးဟာ အလှူရှင်များကောင်းမှုနဲ့ အခုဆိုရင် နာရေးကားနှစ်စီး၊ လူနာတင်ကားနှစ်စီးနဲ့ မွန်မြတ်စိတ်ထားအသင်းလေးဟာ လူမှုအကျိုးပြုလုပ်ငန်းတွေကို ဆောင်ရွက်နေခြင်းကြောင့် ရွာနီးချုပ်စပ်သာမက ပုသိမ်ကြီးမြို့နယ်အထိ တစ်နယ်လုံးတကယ်အကျိုးပြုတဲ့ ပရဟိတအသင်းလေးဖြစ်လာပါတော့တယ်။

အခုလိုဖြစ်မြောက်အောင် အဓိကဆောင်ရွက်ခဲ့တဲ့ ကိုတိုးတိုးနဲ့ မွန်မြတ်စိတ်ထား ပရဟိတအသင်းတွင် စိတ်ရောကိုယ်ပါ တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်နေကြတဲ့ အသင်းသူအသင်းသား အဖွဲ့သားများကို စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ရွှေဟသာ်ဆရာတော်ဘုရားကြီး အဘိဓဇမဟာရဋ္ဌဂုရု ရေးသားထားတဲ့ "နောက် မဆုတ်ပါနှင့်" ဆိုတဲ့ ကဗျာလေးနဲ့ ဂုဏ်ပြုလိုက်ပါရစေ။

"နောက်မဆုတ်ပါနှင့်"

အများအကျိုး ရွက်သယ်ပိုးက  
ကျိုးမတည့်သည့် ကဲ့ရဲ့စကားဆိုတံ့ငြားလည်း  
အသွားမပျက် စိတ်မကွက်ဘဲ  
ဆက်လက်လမ်းမှန် အမြင်ဉာဏ်နှင့်  
ထက်သန်ပေါက်မြောက် အကျိုးရောက်အောင်  
မကြောက်မရွံ့ မတွန့်မတန့်  
အားထုတ်ဆန့်လော့  
မဖွဲ့မစောင်းကိုယ့်လမ်းကြောင်းကို  
စိတ်ကောင်းနှင့်ယှဉ် ရှေးရှုနှင်လော့။

## မျိုးဆက်သစ်ရင်ပြင် လူငယ်စာပေလက်ရာရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် "မျိုးဆက်သစ်ရင်ပြင်" အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာစသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။ ထိုသို့ရေးသားပေးပို့ရာတွင် စာမူများကို ခေတ်သစ်ရေးဟန်ဖြင့်ရေးသားနိုင်သော်လည်း ရေးသားသူ၏ ရည်ရွယ်ချက်၊ စေတနာ၊ တင်ပြပုံ၊ အကြောင်းအရာတို့ကို စကားပြေဖြင့်ဖြစ်စေ၊ စကားပြောဖြင့်ဖြစ်စေ (စကားပြေနှင့် စကားပြော မရောစေဘဲ) လိုရင်းတိုရှင်းရေးသားပေးပို့နိုင်ပါသည်။ လူငယ်လူရွယ်များ စိတ်ဝင်တစားရေးသားပေးပို့ကြသည့်အတွက် ကြေးမုံကကျေးဇူးအထူးတင်ရှိပါသည်။

ပေးပို့သောစာမူများမှာ များပြားသဖြင့် အဆိုပါလေးချက်နှင့်ကိုက်ညီပြီး ဆီလျော်အောင်ရေးသားသောစာမူများကို ဖော်ပြပေးသွားမည်ဖြစ်ပြီး ပေးပို့သော စာမူအားလုံးအတွက် အကြောင်းပြန်ကြားမပေးနိုင်သေးခြင်း၊ မဖော်ပြပေးနိုင်သေးခြင်းတို့ကို နားလည်ခွင့်လွှတ်စေချင်ပါသည်။

စာမူပေးပို့ရာတွင် အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကျောင်း၊ မိမိ၏ နှစ်သက်ရာဓာတ်ပုံတစ်ပုံ၊ စာမူကို ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားသော သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြု ဖော်ပြပါရှိရမည်ဖြစ်သည်။

**အထူးပန်ကြားလိုသည်မှာ စာမူများကို**

**mirrormyosathit@gmail.com**

**သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။** ဖော်ပြပါရှိသည့် စာမူခများကို အမှတ် (၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။ **(စာတည်းအဖွဲ့)**

**နေလင်းအောင်**
3rd B.D.S
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်
(ရန်ကုန်)

# ကျွဲအရာကို နွားဟုခေါ်ပါသည်

ဦးထွန်းခင် သူ့တူ စိုးပေကို ဆူဆဲနေတာကြားရတယ်။ ဟဲ့ကောင် နွားတဲ့။ နွားလိုအကောင်တဲ့။ ကြားရတဲ့ မိုးကြိုး စိတ်ထဲမကောင်းလိုက်တာ။ ဩော် ငါတို့နွားတွေရဲ့ အမည်နာမက လူလူချင်းနာအောင်ပြောဖို့အတွက် သုံးရတဲ့ အဆဲစကားလုံးဖြစ်နေပါလားလို့ ရင်နာနာနဲ့ တွေးမိတယ်။ သူသာလူစကားပြောတတ်မယ်ဆိုရင် ဦးထွန်းခင် အပါအဝင် လူတွေအားလုံးကို ဖြစ်နိုင်ရင် "နွား" ဆိုတဲ့ စကားလုံးကို အဆဲစာလုံးအဖြစ်မသုံးပါနဲ့လားဗျာလို့ မိုးကြိုး တောင်းပန်လိုက်ချင်တယ်။ နွားတွေရဲ့နာမည်ကို အဆဲစာလုံးအဖြစ် ပြောဆိုနေကြတာဟာ ရက်စက်လွန်းရာကျတယ်လို့ မိုးကြိုးမြင်တယ်။ ဩော် လူတွေ ငါတို့တွေရဲ့ ပေးဆပ်မှုကို အသိအမှတ်ပြုမှုပြုကြရဲ့လားလို့တွေးရင်း မိုးကြိုးစိတ်ထဲ သူ့ဘဝဇာတ်ကြောင်းကို ပြန်စဉ်းစားမိတယ်။ မွေးဖွားချိန်ကစလို့ ဒီနေ့အထိပဲဆိုပါတော့။

မိုးကြိုး အမိဝမ်းက ကျွတ်ကျွတ်ချင်းမှာ မြေပြောင်ပြောင်ပေါ်ကို ဘုတ်ခနဲကျတယ်။ မြေပေါ်ကို ခြေချခွင့်ရတယ်ဆိုရင်ပဲ မိုးကြိုးမတ်တတ်ရပ်ဖို့ ကြိုးစားတော့တာပဲ။ ဒါပေမယ့် မရပါဘူး။ မွေးမွေးပြီးချင်း နွားသားပေါက်လေးမှာ လုံလောက်တဲ့ခွန်အားမရှိသေးဘူးလေ။ ဟန်ချက်ညီအောင် မနေတတ်သေးဘူး။ အဲတော့ မတ်တတ်ရပ်တယ်ဆိုရင်ပဲ ချောနေတဲ့မျက်နှာပြင်တစ်ခုပေါ်ရပ်ရသလို ကားထွက်သွားလိုက်၊ ကိုယ့်ဝန်ကိုယ်မနိုင်ဘဲ ခွေကျသွားလိုက်နဲ့။ နောက်ဆုံးမောသွားရင် လက်လျှော့ပြီး ဝပ်နေရတော့တယ်။ ဒါပေမယ့် ခဏနေအမောပြေသွားပြီဆိုရင်ပဲ ပြန်ရပ်ဖို့ ကြိုးစားပြန်တယ်။ ဒီလိုနဲ့ နောက်ဆုံးမှာ မိုးကြိုး မတ်တတ်ရပ်နိုင်သွားတယ်။

ရပ်နိုင်သွားပြီဆိုတော့ မဖြစ်မနေနောက်တစ်ဆင့် တက်ရတော့တယ်။ ပြေးတာပေါ့။ မိုးကြိုးတို့ ငယ်ငယ်တုန်းက ပြေးတာက ခုအရွယ်ရောက်ပြီးမှပြေးတဲ့ပုံနဲ့ မတူဘူး။ ရှေ့ခြေနှစ်ချောင်း နောက်ခြေနှစ်ချောင်း စုံချချပြီး ခုန်ပေါက်ပြေးတာ။ မိုးကြိုးရဲ့ ကလေးဘဝဟာ သိပ်ကိုပျော်စရာကောင်းခဲ့တယ်။ ဗိုက်ဆာရင် အမေ့နို့ကိုစို့လိုက်၊ ပြေးလိုက်လွှားလိုက်၊ ခုန်လိုက်ပေါက်လိုက်။ ပင်ပန်းသွားရင် အမေ့နားကပ်ဝပ်ပြီး အိပ်ပျော်သွားလိုက်နဲ့။ ခုမှ စထိတွေ့ရတဲ့ သတ္တလောကကြီးထဲမှာ မိုးကြိုးရဲ့ဘဝဟာ ပျော်ရွှင်စရာတွေချည်းပဲ။ ဒါပေမယ့် အဲဒီဘဝဟာ သိပ်ပြီး မကြာရှည်လိုက်ဘူး။ မကြာခင်မှာပဲ ခန္ဓာရလာတယ်ဆိုကတည်းက ဝေဒနာရလာတာပဲဆိုတဲ့ သစ္စာတရားကို လက်တွေ့သိမြင်ခွင့်ရလိုက်တယ်။

အဲဒီနေ့က မိုးကြိုး အမေ့နားမှာ အေးအေးလူလူဝပ်နေတယ်။ ဝပ်နေတဲ့မိုးကြိုးဆီကို ဦးထွန်းခင်အပါအဝင် လူလေးငါးယောက် လျှောက်လာတယ်။ ပြီးတော့ မိုးကြိုးတင်ပါးကို ကြိမ်လုံးနဲ့ ခပ်ဆတ်ဆတ်လေးရိုက်ပြီးနှိုးတယ်။ မိုးကြိုးလည်း လန့်ပြီးပြေးမလို့အလုပ်မှာ လူတစ်ယောက်က မိုးကြိုးလည်ပင်းကို ဆွဲဖက်ထားလိုက်တယ်။ မိုးကြိုးပြေးလို့ မရတော့ဘူး။ နောက်ဆုံး သူတို့ဆွဲခေါ်တဲ့နေရာကို ယက်ကန်ယက်ကန်နဲ့ ပါသွားတယ်။

မိုးကြိုးကို တိုင်တစ်တိုင်မှာကပ်ပြီး ကြိုးတွေနဲ့ အထပ်ထပ်တုပ်နှောင်လိုက်တယ်။ ပြီးတော့ လူတစ်ယောက်က လည်ပင်းကိုဖက်ထားတယ်။ သူတို့ ဘာတွေလုပ်နေကြတယ်ဆိုတာ မိုးကြိုးနားမလည်ဘူး။ ဒါကြောင့် ရုန်းလည်း မရုန်းမိဘူး။ မကြာခင်မှာပဲ လူတစ်ယောက်က မည်းနက်ပြောင်ချောနေတဲ့ သစ်သားစူးချွန်တစ်ချောင်းကို ထုတ်လိုက်တယ်။ ပြီးတော့ မိုးကြိုးခေါင်းနားကို လျှောက်လာတယ်။ မိုးကြိုးမော့ကြည့်နေတုန်းမှာပဲ အဲဒီလူက လက်ထဲက သစ်သားချွန်နဲ့ မိုးကြိုးနှာခေါင်းပေါက်ထဲကို ထိုးလိုက်တယ်။ နာကျင်ခြင်းနဲ့အတူ မိုးကြိုးလန့်ဖျပ်သွားပြီး ဆတ်ခနဲ ရုန်းလိုက်တယ်။ ရုတ်တရက်ဆိုတော့ မိုးကြိုးကို ချုပ်ကိုင်ထားတဲ့လက်တွေ လွတ်ထွက်သွားတယ်။ မကြာပါဘူး။ ချက်ချင်းဆိုသလိုပဲ မိုးကြိုးလည်ပင်းကိုဖက်ပြီး ပြန်ချုပ်လိုက်ကြတယ်။ ပြီးတော့ စူးချွန်နဲ့လူက မိုးကြိုးဆီကို လျှောက်လာပြန်တယ်။ သူတို့ဘာလိုချင်တာလဲ၊ ဘာတွေလုပ်နေကြတာလဲ။ အပြေးအလွှားစဉ်းစားပေမယ့် အဖြေမရဘူး။ သေချာတာကတော့ မိုးကြိုးနှာခေါင်းထဲကို စူးချွန်ကြီးနဲ့ ထပ်ထိုးကြဦးမယ်။ စူးချွန်က နှာခေါင်းပေါက်နားရောက်လာပြီ။ မိုးကြိုး အားကုန်ရုန်းတယ်။ မလွတ်ဘူး။ နှစ်ယောက်ဝိုင်းဖက်ထားတဲ့လည်ပင်းက တုတ်တုတ်မှ မရွေ့ဘူး။ ရှေ့လည်းတိုးမရ၊ နောက်လည်းဆုတ်မရ၊ ဘေးဘယ်ညာလည်း ရွှေ့မရဘဲ ပိတ်မိနေတာမျိုး မိုးကြိုး မခံစားဖူးဘူး။ မိုးကြိုးတော်တော်တုန်လှုပ်နေမိပြီ။ အဲဒီအချိန်မှာပဲ စူးချွန်က မိုးကြိုးရဲ့နှာခေါင်းပေါက်ထဲကို စွပ်ခနဲထိုးဖောက်သွားတယ်။ စူးချွန်နဲ့အသားနုစ ထိတွေ့တဲ့အသိ၊ စူးချွန်ရဲ့တိုးအားကို တဒင်္ဂတင်းခံနေတဲ့ အပေါ်ယံလွှာရဲ့ကန်အား၊ အဲဒီအားကိုဆန့်ကျင်ပြီး အသားစိုင်ထဲ တစ်ဆုံးစိုက်ဝင်သွားတဲ့ စူးချွန်။ "ဖောက်"ဆိုတဲ့အသံကို တောင် ကြားလိုက်ရသလိုပဲ။ နာလွန်းလို့ မိုးကြိုးစိတ်ထဲမှာ နှာခေါင်းကို ထိုးလိုက်တာလို့တောင် သတိမရတော့ဘူး။ မြီးညှောင့်ရိုးကို ထိုးလိုက်သလို ခံစားလိုက်ရတယ်။ မိုးကြိုး အားကုန်ရုန်းပစ်လိုက်တယ်။ နာကျင်လွန်းတဲ့ခံစားချက်ကြောင့် ဖြစ်ပေါ်လာတဲ့အားနဲ့ ရုန်းလို့လားမသိဘူး။ ချုပ်ထားတဲ့လက်တွေ လွတ်ထွက်သွားတယ်။ တိုင်နဲ့ကပ်ချည်ထားတဲ့ ကိုယ်လုံးကကြိုးတွေကတော့ ခိုင်မြဲလှတာမို့ ထွက်ပြေးမရဘူး။ မိုးကြိုးအတော်ကို မောဟိုက်နေတယ်။

အမောပြေသွားတော့မှ ကိုယ့်အဖြစ်ကို ပြန်သတိမူနိုင်တော့တယ်။ မိုးကြိုးရဲ့နှာခေါင်းက စူးချွန်နဲ့ ထိုးခံထားရလို့ သွေးတွေတစက်စက်ထွက်နေတယ်။ စူးချွန်က နှာခေါင်းပေါက်နှစ်ပေါက်ကြားမှာ ကန့်ထားတဲ့ နံရံသားလေးကို ထိုးဖောက်လိုက်တာပါ။ နှာခေါင်းပေါက်နှစ်ခုကို ဆက်လိုက်တယ်ပဲဆိုပါတော့။ မိုးကြိုးလည်း ခုမှပဲ အားလုံးကို ဇာတ်ရည်လည်သွားတော့တယ်။ သူ့ကို နဖားကြိုးထိုးဖို့ ကြိုးစားနေကြတာကိုး။ အရင်တုန်းက အမေ့နှာခေါင်းမှာ ကြိုးကြီးတစ်ချောင်းရှိနေတာ သူနားမလည်ခဲ့ဘူး။ သူ့မှာ ဘာလို့မရှိလဲဆိုတာလည်း သူစဉ်းစားမရခဲ့ဘူး။ ခုတော့ မိုးကြိုးသိခဲ့ရပြီ။ သိခဲ့ရတာနဲ့ မကာမိအောင်လည်း အိပ်မက်တောင်မမက်ဖူးလောက်အောင် ဆိုးရွားလှတဲ့ နာကျင်မှုကို ခံစားလိုက်ရပြီ။

နာကျင်မှုက ဒါနဲ့တင်ပြီးမသွားသေးဘူး။ မိုးကြိုး ခြေကုန်လက်ပန်းကျသွားတော့ ဦးထွန်းခင်က ကြိုးတစ်ချောင်းယူလာတယ်။ မိုးကြိုးအမေရဲ့ နှာခေါင်းမှာ ထိုးထားတဲ့ကြိုးမျိုးပေါ့။ ကြိုးက ထန်းလက်ကရတဲ့လျှော်နဲ့ ကျစ်ထားတဲ့ နှစ်လွန်းတင်ကြိုး။ အလိမ်အလိမ်နဲ့။ မိုးကြိုးကို ချုပ်လိုက်ကြပြန်တယ်။ ပင်ပန်းသွားတဲ့ မိုးကြိုးလည်း ရုန်းဖို့မကြိုးစားမိတော့ဘူး။ ဦးထွန်းခင်က လက်ထဲကကြိုးကို ခုနကဖောက်ထားတဲ့အပေါက်ထဲ ထိုးထည့်လိုက်တယ်။ ကြိုးလွန်းအလိမ်တွေက လောလောလတ်လတ်ဖြစ်ထားတဲ့ ဒဏ်ရာအပေါက်ကို ခပ်ကြမ်းကြမ်းပွတ်တိုက်ပြီး ဝင်သွားတယ်။ မိုးကြိုး ဆတ်ခနဲရုန်းလိုက်မိပြန်တယ်။ နာကျင်တဲ့ဝေဒနာကို အကြိမ်ကြိမ်ခံစားနေရတော့ မတ်မတ်ရပ်နေဖို့တောင် အင်အားမရှိတော့ဘူး။ ဦးထွန်းခင်က နဖားကြိုးကို လည်ပင်းကကြိုးနဲ့ တွဲချည်လိုက်တယ်။ ပြီးတော့ မိုးကြိုးအနားက ထွက်သွားကြတယ်။ ဒီနေ့အဖို့ နောက်ထပ်နာကျင်စရာကိစ္စမရှိတော့ဘူး ဆိုတဲ့အသိက အဆိုးထဲကအကောင်းလို မိုးကြိုးကို စိတ်သက်သာရာရစေတယ်။ အဲဒီတစ်နေ့လုံး မိုးကြိုးအစားလည်း စားချင်စိတ်မရှိဘူး။ အိပ်လည်း အိပ်မရဘူး။ နှာခေါင်းကို စူးနဲ့အထိုးခံရတုန်းက နာလွန်းလို့ ကျတဲ့ မျက်ရည်စီးကြောင်း မစိုမခြောက်လေးနဲ့ ခွေခွေလေး မှိန်းနေမိတော့တယ်။

နဖားကြိုးထိုးခံရပြီးတဲ့နောက်ပိုင်းကာလတွေကတော့ နွားတစ်ကောင်ရဲ့ တကယ့်ဘဝပဲဆိုပါတော့။ လွတ်လပ်မှုဆိုတာ လုံးဝဆိတ်သုဉ်းသွားတယ်။ ဝပ်ချင်တဲ့နေရာလည်း ဝပ်လို့မရတော့ဘူး။ သွားချင်တဲ့နေရာလည်း သွားလို့မရတော့ဘူး။ စားချင်တဲ့ မြက်စိမ်းစိမ်းတွေလည်း လက်တစ်ကမ်းမှာမြင်နေရတာတောင် သွားစားလို့ မရတော့ဘူး။ သူ့နှာခေါင်းပေါက်မှာ ကြိုးတစ်ချောင်းနဲ့ ဖြစ်သွားပြီလေ။ သူ့ဘဝတစ်ခုလုံးကို ဒီကြိုးလေးတစ်ချောင်းနဲ့ ချုပ်ကိုင်လိုက်ကြပြီ။ ဒီကြိုးလေးတစ်ချောင်းနဲ့ သူ့ဘဝတစ်လျှောက်လုံးကို ထိန်းချုပ်ကြတော့မယ်။

နဖားကြိုးထိုးခြင်းကို အလူးအလိမ့်ခံရပြီးတဲ့နောက် နွားတစ်ကောင်ဘဝမှာ ဒီထက်ဆိုးရွားတဲ့ဝေဒနာမျိုး မရှိလောက်တော့ဘူးလို့ မိုးကြိုးထင်ခဲ့တယ်။ ဒါပေမယ့် မိုးကြိုး အထင်လွဲချော်ခဲ့ပါတယ်။ နဖားကြိုးထိုးခြင်းလိုပဲ အခံရဆိုးလွန်းတဲ့ နောက်ထပ်ဒုက္ခတစ်ခုကို မိုးကြိုး ထပ်မံကြုံတွေ့လိုက်ရပြန်တယ်။ အဲဒါကတော့ နွားသိုးလို့ခေါ်တဲ့ အရွယ်ရောက်လာတဲ့အချိန်မှာပေါ့။ နွားကလေးကနေ နွားသိုးဖြစ်တဲ့ အရွယ်ရောက်စနွားတစ်ကောင်ရဲ့ ထုံးစံအတိုင်းပဲ မိုးကြိုးလည်း ထက်သန်တက်ကြွနေခဲ့တယ်။ ဆန့်ကျင်ဘက်လိင် နွားမလေးတွေမြင်ရင် ကပ်ချင်တယ်။ ရောနှောထိတွေ့နေချင်တယ်။ နဖားကြိုးထိန်းချုပ်ထားတဲ့ လူတွေကိုလည်း အာခံချင်လာတယ်။ ကြိုးကိုဆွဲခေါ်ရင်လည်း မလိုက်ဘဲ ပေကတ်ကတ်လုပ်ချင်လုပ်နေတတ်သလို နောက်က ကြိမ်နဲ့ရိုက်မောင်းရင်လည်း ကန့်လန့်တိုက်ပြီး လိုက်မမီအောင် ဒုန်းစိုင်းပြေးပစ်တာမျိုးတွေလုပ်တယ်။ အဲဒါကြောင့်ပဲ နွားသိုးတစ်ကောင်ကို ထိန်းချုပ်တဲ့နည်းနဲ့ လူတွေက မိတ်ဆက်ပေးခဲ့ပြန်တယ်ဆိုပါတော့။

ဦးထွန်းခင်နဲ့ သူမမြင်ဖူးတဲ့လူတစ်ယောက် ရောက်လာကြပြန်တယ်။ ပြီးတော့မိုးကြိုးရဲ့ ခြေနှစ်ချောင်း၊ လက်နှစ်ချောင်းကို ကြိုးနဲ့ပူးချည်လိုက်တယ်။ မိုးကြိုးလည်း အေးအေးလူလူပဲ ဆက်ဝပ်နေပါတယ်။ နဖားကြိုးထိုးတဲ့ဒုက္ခကိုခံစားရပြီးတဲ့နောက် ဘာတစ်ခုမှဆိုးဆိုးရွားရွား ထပ်မကြုံခဲ့ရတော့ ကြောက်လန့်ဖို့လည်း သတိမရဘူး။ ခြေလက်တွေကို ကြိုးတုပ်ပြီးတော့ ဦးထွန်းခင်နဲ့ပါလာတဲ့ လူက မိုးကြိုးရဲ့ အဖိုအင်္ဂါက ဝှေးစေ့နှစ်လုံးကို သစ်သားချောင်း နှစ်ချောင်းနဲ့ ညှပ်လိုက်တယ်။ သစ်သားချောင်းနှစ်ခုကြားကနေ ဝှေးစေ့နှစ်လုံးက ပြူထွက်နေတယ်။ မိုးကြိုးစပြီးလှုပ်ရှားမိပေမယ့် ခြေလက်တွေကို ကြိုးတုပ်ထားလို့ ထမရဘူး။ သူကြည့်နေတုန်းမှာပဲ လူစိမ်းက သစ်သားချောင်းနှစ်ခုကြားက ဝှေးစေ့ကို တုတ်တစ်ချောင်းနဲ့ ခပ်ဆတ်ဆတ်ရိုက်လိုက်တယ်။ မိုးကြိုးစိတ်ထဲ အသူရာနက်တဲ့တွင်းကြီးတစ်ခုထဲ ခုန်ချလိုက်ရသလို ခံစားလိုက်ရတယ်။ နာကျင်လွန်းလို့ ရင်ထဲလှပ်ခနဲဖြစ်သွားတဲ့ ဝေဒနာနဲ့အတူ မျက်လုံးတွေပြာဝေသွားတယ်။ လန့်ဖျပ်ပြီး မိုးကြိုးထခုန်မိတယ်။ ဒါပေမယ့် မရဘူး။ ခြေလက်တွေကို ကြိုးတုပ်ထားလို့ မိုးကြိုးခန္ဓာကိုယ်ကြီးက မြေပေါ်မှာပဲ တရွတ်တိုက်လည်နေတော့တယ်။ ဒီလိုနဲ့ ဝှေးစေ့ကို တုတ်နဲ့ရိုက်လိုက်၊ မိုးကြိုးကရုန်းကန်လိုက်၊ ပြန်ငြိမ်သွားလိုက်၊ ထပ်ရိုက်လိုက်နဲ့။ နောက်ဆုံး ခဏခဏရိုက်ပါများတော့ နာကျင်ပေမယ့် မိုးကြိုးလည်း မရုန်းနိုင်တော့ဘူး။ နာကျင်တဲ့ဝေဒနာကို ကြိတ်မှိတ်ပြီးခံနေရတော့တယ်။ အချက်တော်တော်များအောင်ရိုက်ပြီးမှ ဦးထွန်းခင်တို့ ထွက်သွားကြတယ်။ မိုးကြိုးလည်း နဖားကြိုးထိုးခံရတုန်းကလိုပဲ ကိုယ်လက်မအီမသာနဲ့ မှိန်းပြီးကျန်ခဲ့တယ်။

နောက်မှသိရတာ အဲဒါ သင်းကွပ်တာတဲ့။ အဖိုသတ္တဝါတစ်ကောင်ရဲ့ ထက်သန်နိုးကြားမှုတွေကို ဖျက်ဆီးပစ်ခြင်းဆိုပါတော့။ အဲလို သင်းကွပ်ပြီးနောက်ပိုင်း မိုးကြိုးမှာ အရင်တုန်းကလို ကိုယ်စိတ်ထက်သန်မှုတွေ လုံးဝမရှိတော့ဘူး။ လူတွေကိုလည်း မဆန့်ကျင်ချင်တော့ဘူး။ ရန်လိုတိုက်ခိုက်ချင်စိတ်တွေလည်း မရှိတော့ဘူး။ နွားမလေးတွေနား ကပ်ချင်တဲ့ဆန္ဒတွေလည်း ကုန်ခန်းသွားတယ်။ တပ်မက်မှုဆိုလို့ ဗိုက်ဆာတဲ့အခါ အစာစားချင်တာတစ်ခုလောက်ပဲရှိတော့တယ်။ တခြားဘာကိုမှ ပြင်းပြင်းပြပြ မတောင့်တတော့ဘူး။ ပြင်းပြတဲ့ဆန္ဒတစ်ခုခုရှိမနေတော့တဲ့ ဘဝဟာ အသက်ရှင်နေရုံသက်သက်ပဲ။ မိုးကြိုးအတွက် လုံးဝအဓိပ္ပာယ်မဲ့သွားတယ်။ လူတွေဆွဲခေါ်ရင်လိုက်တယ်။ လူတွေရိုက်မောင်းရင်သွား။ လူတွေကကျွေးရင်စား။ လူတွေခိုင်းမှပဲ လှုပ်ရှားဖြစ်တော့တယ်။ လူတွေတစ်ခုခု မခိုင်းဘူးဆိုရင် သူ့ကိုချည်ထားတဲ့နေရာလေးမှာ စားမြုံ့ပြန်ရင်း ဝပ်ချည်းနေတော့တယ်။

နောက်ပိုင်းဘဝတွေကတော့ နဖားကြိုးထိုးတာ၊ သင်းကွပ်တာလို ပြင်းထန်ဆိုးရွားတဲ့ ဒုက္ခတွေမရှိတော့ပါဘူး။ ဒါပေမယ့် လူတွေခိုင်းသမျှ ပင်ပင်ပန်းပန်းအလုပ်တွေကိုတော့ နားရက်မရှိလုပ်နေရတော့တယ်။ အဲဒီနှစ်ခုက ကွာခြားသလား၊ တူတူပဲလားဆိုတာ မိုးကြိုးမစဉ်းစားတတ်ဘူး။ မိုးကြိုးတို့မှာ မနက်ဝေလီဝေလင်း အမှောင်ထုမကွဲခင်ကတည်းက လယ်ကွင်းထဲဆင်းကြရတယ်။ နေချစ်ချစ်တောက်ပူတဲ့နေ့၊ မိုးသဲသဲမဲမဲရွာတဲ့နေ့ ဘယ်နေ့မှာမှ မနားရဘူး။ နေပူပေမယ့်လည်း ကျောကော့ခံရတယ်။ မိုးရွာပေမယ့်လည်း အံကြိတ်ပြီး အချမ်းဒဏ်ကို အန်တုရတယ်။ နေပူလွန်းလို့ အရိပ်လေးမှာ နားနေချင်လည်း မရဘူး။ မိုးရွာပြီး ချမ်းအေးလွန်းလို့ အကာအကွယ်လေးအောက်မှာ နွေးနွေးထွေးထွေးနေချင်လို့လည်း မဖြစ်ဘူး။ နေပူပူအောက်မှာ ထွန်သွားတွေ မြေကြီးထဲ စိုက်ဝင်နေတဲ့ထွန်ကို ရွှေ့အောင်အားကုန်ရုန်းဆွဲရတယ်။ မိုးထဲမှာဆိုရင်တော့ ပိုဆိုးတာပေါ့လေ။ ပျစ်ခဲနေတဲ့ နွံထဲ ထွန်သွားတွေနစ်နေတဲ့ထွန်ကို ဆွဲရတဲ့အပြင် ခြေထောက်တွေကလည်း အဲဒီနွံတွေထဲမှာ အနုတ်အသိမ်းလုပ် လှမ်းရတယ်။ ပိုပင်ပန်းတာပေါ့။

လှည်းဆွဲရတဲ့အလုပ်ကတော့ လယ်ယာလုပ်ငန်းခွင်မရှိလည်း လုပ်နေရတဲ့အလုပ်ပေါ့။ လူတွေသွားချင်တဲ့နေရာ လှည်းနဲ့သွားတယ်။ လူတွေသယ်ပို့ချင်တဲ့ပစ္စည်း လှည်းနဲ့ပို့တယ်။ ဘယ်အလုပ်ပဲဖြစ်ဖြစ် ပင်ပန်းဆင်းရဲလွန်းလို့ ဘယ်ဟာက ပိုဆိုးတယ်ဆိုတာတောင် ပြောမပြတတ်ပေမယ့် လှည်းဆွဲရတဲ့ဒုက္ခကိုလည်း မိုးကြိုးပြောပြချင်သေးတယ်။ ဘာမှတင်မထားတဲ့ လှည်းအလွတ်တစ်စီးတောင်မှ တအားလေးလံတဲ့အထဲမှာ လူတွေက ကုန်ပစ္စည်းတွေကို အမို့အမောက်တင်ကြတယ်လေ။ တစ်ခါတလေ တင်ထားတဲ့ကုန်တွေရဲ့အမြင့်က အတော်အတန်သစ်ပင်တစ်ပင်အမြင့်လောက်တောင်ရှိတယ်။ အဲလောက် လေးလံတဲ့ဝန်ကို နွားနှစ်ကောင်မှာ ပခုံးထမ်းသယ်ရရှာတယ်။



လေးလံလှတဲ့ဝန်တွေကြောင့် ထမ်းထားရတဲ့ လှည်းထမ်းပိုးက မိုးကြိုးတို့ပခုံးကို အချိန်တိုင်းမှာ ပွတ်ချေနေတယ်။ မိုးကြိုးတို့ပခုံးတွေမှာ အရေခွံတွေလန်ပြီး နီရဲစုတ်ပြတ်နေတော့တယ်။ အပေါ်ကထမ်းထားရတဲ့ ပခုံးက လေးလံနာကျင်လှသလို အောက်ကလျှောက်နေရတဲ့ ခြေထောက်တွေကလည်း မသက်သာပါဘူး။

ကုန်တင်လှည်းတွေဆွဲနေရင်း အားပြတ်လဲတဲ့အခါတွေလည်းရှိတယ်။ မိုးကြိုးလည်းတစ်ခါ အားပြတ်လဲကျဖူးတယ်။ အဲတုန်းက ဆောင်းရာသီကြီးပေါ့။ သစ်ပင်တစ်ပင်အမြင့်လောက်ရှိတဲ့ ကောက်လှိုင်းထုံးတွေတင်ထားတဲ့ လှည်းကြီးကို မိုးကြိုးနဲ့ညီုနဲ့ ဆွဲကြရတယ်။ အလုပ်ပင်ပန်းတဲ့ဒဏ်ကြောင့်လားမသိဘူး။ အဲလိုလှည်းမျိုးသုံးလေးခေါက်သယ်အပြီး နောက်တစ်ခေါက်မှာ မိုးကြိုးမဟန်နိုင်ဘဲ လဲကျသွားတယ်။ မိုးကြိုးအားကုန်ထုတ်ပြီး ထပေမယ့် ဘယ်လိုမှမရဘူး။

ဒူးကွေးမှာရှိတဲ့ ကြွက်သားတွေကို ဓားနဲ့ဖြတ်ချခံထားရသလိုကို ညှစ်ထုတ်လိုက်တဲ့အားတွေက ခြေထောက်တွေဆီကိုမရောက်ဘူးဖြစ်နေတယ်။ နောက်ဆုံးမှာ မိုးကြိုးလက်လျှော့လိုက်ရတော့တယ်။ မိုးကြိုးလက်လျှော့ပေမယ့် မိုးကြိုးတို့လှည်းကို မောင်းလာတဲ့ စိုးပေက လက်မလျှော့ဘူး။ လှည်းပေါ်ကဆင်းလာပြီး မိုးကြိုးတင်ပါးကို ကြိမ်နဲ့တရွှမ်းရွှမ်းရိုက်ပြီး နှိုးတော့တာပဲ။ အကြိမ်ကြိမ်ရုန်းထပြီးမရလို့ လက်လျှော့ပြီး ဝပ်နေရပေမယ့် စိုးပေက အဆက်မပြတ်ရိုက်နေတော့ နာကျင်လွန်းလို့ အားစိုက်ပြီးထရပြန်တယ်။ နာကျင်လွန်းတဲ့ ဝေဒနာရဲ့စေ့ဆော်မှုကြောင့် မိုးကြိုးပြန်ရပ်နိုင်သွားတယ်။ ဒါပေမယ့် ခဏပါပဲ။ မိုးကြိုးပြန်လဲကျသွားတယ်။ စိုးပေလည်း ထပ်ပြီးရိုက်ပြန်တယ်။ ဒါပေမယ့် မိုးကြိုးမတတ်နိုင်တော့ဘူး။ ကြိမ်နဲ့ တရွှမ်းရွှမ်းရိုက်တဲ့ဒဏ်ကို ငုငုကြီးပေခံနေရတော့တယ်။


မိုးကြိုးအတွက် ခံရအခက်ဆုံးကတော့ ဖျားနာတဲ့ရက်တွေပါပဲ။ လူတွေလိုပဲ မိုးကြိုးတို့ တိရစ္ဆာန်တွေဆိုလည်း သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်မဟုတ်လား။ ဖျားတယ်နာတယ်ဆိုတာရှိတာပေ့ါ။ အဲလိုနေ့တွေဆို မိုးကြိုး အလုပ်မလုပ်ချင်ဘူး။ မိုးကြိုးက ပျင်းတဲ့နွားတစ်ကောင် မဟုတ်ပါဘူး။ ပုံမှန်နေ့တွေဆို ဘယ်လောက်လုပ်ရလုပ်ရ တမင်ပေကပ်နေတယ်ဆိုတာမျိုးလည်း မရှိခဲ့ဘူး။ ဒါပေမယ့် ဖျားတဲ့နေ့ဆိုရင်တော့ အလုပ်မလုပ်ချင်တာအမှန်ပဲ။ ကိုယ်လက်တွေ နာကျင်ကိုက်ခဲနေတဲ့အချိန်လေးမှာ ငြိမ်ငြိမ်လေး မှိန်းနေချင်တယ်။ ဒါပေမယ့် လူတွေက မိုးကြိုးဖျားနေတာ မသိကြဘူးလေ။ အင်း ပြောသာပြောတာပါ။ မိုးကြိုးဖျားနေမှန်းသိလည်း သူတို့က ခိုင်းတာပါပဲ။ မိုးကြိုးမှာ တစ်ကိုယ်လုံးနာကျင်ကိုက်ခဲနေတဲ့ကြားက များပြားလေးလံလှတဲ့ဝန်တွေကို တစ်နေကုန်ထမ်းပိုးရပြန်တယ်။ အဖျားရောဂါလည်း ဒီလိုနဲ့ပဲ ပျောက်ခဲ့ရပြန်တယ်။

အလုပ်တွေ ဘယ်လောက်ပဲ ပင်ပင်ပန်းပန်းလုပ်ရလုပ်ရ မိုးကြိုးမညည်းညူပါဘူးလေ။ နွားတစ်ကောင်ဘဝရောက်လာမှတော့ ဒါတွေက ရှောင်လွှဲလို့မရနိုင်ဘူးမဟုတ်လား။ ဒါပေမယ့် အဲဒီတစ်ခုတည်းသော တပ်မက်မှုဖြစ်တဲ့အစားအစာကို မိုးကြိုး ကောင်းကောင်းလေးစားချင်မိတယ်။ မိုးကြိုးတို့ နေ့တိုင်းစားနေရတာကတော့ ကောက်ရိုးခြောက်ပေ့ါလေ။ နေလှန်းပြီး နှစ်ရှည်လများလှောင်ထားတဲ့ ဝါဖျော့ဖျော့ကောက်ရိုးခြောက်က မိုးကြိုးတို့အတွက် ခံတွင်းမတွေ့လှဘူး။ တောထဲတောင်ထဲသွားတဲ့အခါ မြက်စိမ်းစိမ်းစိုစိုလေးတွေများတွေ့ရင် မိုးကြိုးတို့မှာ ခေါင်းမဖော်တမ်းကို စားကြတော့တာပဲ။ တစ်ခါတလေတော့ ဦးထွန်းခင်က မိုးကြိုးတို့အကြိုက် နှမ်းဖတ်၊ ပဲဖတ်၊ ဖွဲနု၊ ဆန်ကွဲလေးတွေ ကျွေးတတ်တယ်။ အဲဒါတွေကတော့ ရှားရှားပါးပါးစားရတဲ့ အစားအစာတွေပေ့ါ။ အဲဒါတွေစားရတဲ့အခိုက်အတန့်ဆို မိုးကြိုးတို့မှာ ပင်ပန်းဆင်းရဲလှချေရဲ့ဆိုတဲ့ ဒုက္ခတွေကိုတောင်သင်ပုန်းချေပြီး နွားဘဝဆင်းရဲဘုံမှာ ပျော်မွေ့နေကြပြန်တော့တယ်။

ဩော် ဒါကြောင့်လည်း နွားလို့ခေါ်တာပါလားလို့ မိုးကြိုး သံဝေဂရမိတယ်။ ဦးထွန်းခင် သူ့တူစိုးပေကို ဆဲတာကြားလို့ မိုးကြိုးမခံချင်ဖြစ်ပြီး တွေးမိတွေးရာ သူ့ဘဝဇာတ်ကြောင်းပြန်တွေးမိလိုက်တာ။ စေ့စေ့တွေးကြည့်တော့မှ သူတို့နွားတွေဘဝဆိုတာ တကယ်ကိုနုံချာလှပါလားဆိုတာ သိလိုက်ရတယ်။

ခုနက ဦးထွန်းခင် စိုးပေကို ဆဲလိုက်တယ်။ နွားတဲ့။ နွားလိုအကောင်တဲ့။ စိုးပေ မျက်ထောင့်နီကြီးနဲ့ ပြန်ကြည့်လိုက်တာကို မိုးကြိုးမျက်စိထဲ ခုမှပြန်ပေါ်လာတယ်။ ဩော် စိုးပေ တော်တော်စိတ်ဆိုးသွားတယ်ထင်ပါရဲ့။ ■

# မိုးနဲ့အပြိုင် ဘယ်သူနိုင်





မင်းညီညီ(ဘိုကလေး)

တဝေါဝေါရွာချလိုက်တဲ့မိုးနဲ့လေကြောင့် အိမတစ်ယောက် အိပ်ရာမှ လန့်နိုးလာတယ်။ ချမ်းစိမ့်စိမ့်ဖြစ်လာတာနဲ့ ခေါင်းရင်းကစောင်ကို ယူပြီးခြုံလိုက်တယ်။ အရှိန်ပြင်းပြင်းထိုးဆင်းလာတဲ့ မိုးပေါက်တွေနဲ့ အဆောင်သွပ်အမိုးရိုက်ခတ်သံက အိမအတွက် တေးသွားတစ်ပုဒ်လိုနားထောင်ကောင်းနေသလိုပါပဲ. . . ။

ဒီလိုညသန်းခေါင်ယံအချိန် မိုးအေးအေးနဲ့ အိပ်ရတဲ့ အရသာက ဘာနဲ့မှလဲလို့မရဘူးလို့ အိမ ထင်မိတယ်။ အတူတူနေ အဆောင်သူတချို့လည်း နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေကြလေရဲ့။ အပြင်မှာ တဝေါဝါတသောသောရွာနေတဲ့မိုးသံလေသံကိုထိုးဖောက်ပြီး အိမ နားထဲကို ညည်းသံသဲ့သဲ့တိုးဝင်လာတယ်။ အိမအာရုံစိုက်ပြီး နားထောင်ကြည့်တော့မှ ပီပီသသကြားလာရတယ်။ "အား. . . ကယ်ပါဦးအမေရယ်. . . ဗိုက်ထဲကအောင့်လိုက်တာ. . . " အသံက အိမရဲ့ခြင်ထောင်တစ်လုံးကျော်လောက်က အသံ။ မီးပိတ်ထားတော့ ဘယ်သူဘယ်ဝါဆိုတာ သဲသဲကွဲကွဲမမြင်ရဘူး။ ညည်းသံက အဆက်မပြတ်ထွက်လာနေတယ်။ ဘယ်သူပါလိမ့်ဆိုပြီး ဆက်နားထောင်နေမိတယ်။

အိမတို့ အမျိုးသမီးဘော်ဒါဆောင်မှာနေတာပါ။ အိမ အပါအဝင် မိန်းကလေးဆယ့်ငါးယောက်။ အားလုံး နယ်ကနေတက်လာပြီး အလုပ်လာလုပ်နေကြသူတွေချည်းပါ။ တချို့လည်း အထည်ချုပ်ဝင်လုပ်ကြ၊ တချို့လည်း ကုမ္ပဏီမှာဝင်လုပ်ကြရင်း အဆောင်လစာနဲ့ ထမင်းဖိုးချန်ပြီး နယ်ကမိသားစုဆီ လွှဲပေးနေကြရသူတွေပါ။

အိမ ဒီအဆောင်ကိုပြောင်းလာတာ တစ်လနီးနီးပဲရှိပါသေးတယ်။ ပထမနေတဲ့အဆောင်က လစာတိုးတောင်းလာလို့ ပြောင်းလာတာပါ။ အိမ ဒီအဆောင်ကို ပြောင်းလာပြီးမှသိရတာက အဆောင်သူမိန်းကလေး အချင်းချင်း မတည့်ကြတာပါ။ တစ်ယောက်နဲ့တစ်ယောက် မနာလိုအမုန်းထားပြီး စောင်းချိတ်ပြောဆိုနေကြတာကို နေ့စဉ်နဲ့အမျှ ကြားနေရသလို အဝတ်အစားအသုံးအဆောင်ပစ္စည်း ဟန်းဆက်ကအစ သူ့ထက်ငါသာအောင် ပြိုင်နေကြလေရဲ့။

မိန်းကလေးသဘာဝ လှချင်ပချင်ကြတာမှန်ပေမယ့် မိသားစုကိုပို့လို့ ပိုလျှံတဲ့ငွေလေးချွေတာသုံးပြီး ဝယ်လိုက်တဲ့ သက်မဲ့အသုံးအဆောင်ပစ္စည်းတွေက သူတို့ရဲ့စိတ်ကို လွှမ်းမိုးထားကြပါလားလို့မြင်မိပါတယ်။ အိမကတော့ ဘယ်သူကိုမှ မပြိုင်ပါဘူး။ နိုင်လို့လည်း အမုန်းကလွဲပြီး ဘာမှရတာမှ မဟုတ်တာလေ။ အဲဒီလိုအပြိုင်အဆိုင်တွေကို အနိုင်ရပြီး အမုန်းခံနေရသူကတော့. . အိမတို့အဆောင်က ထားထားပါ။ ထားထားက ကုမ္ပဏီတစ်ခုမှာ လုပ်တာပါ။ လစာလည်းကောင်းပြီး ဝတ်နိုင်စားနိုင်သလို အလွန်လည်းမောက်မာပါတယ်။

တစ်ဆောင်တည်းနေသူတွေအပေါ် မတူမတန်သလို ဆက်ဆံပြောဆိုတာကြောင့် ထားထားနဲ့ ဘယ်သူမှမတည့်ပါဘူး။ ထားထားက ဒီအဆောင်မှာနေတာ နှစ်နဲ့ချီနေပါပြီ။ ထားထားနဲ့မတည့်လို့ အဆောင်ပြောင်းသွားကြတဲ့ မိန်းကလေးတွေလည်းရှိတယ်လို့ အိမ ကြားဖူးပါတယ်။ အိမ ဒီအဆောင်ကိုရောက်စက ထားထားအပြုအမူကို မှတ်မိပါသေးတယ်။ "ဒီအဝတ်တွေက ဘယ်သူ့အဝတ်တွေလဲ. . ငါလုပ်ထားတဲ့တန်းမှာ လာမလှန်းနဲ့" ဆိုပြီး အိမ လှန်းထားတဲ့အဝတ်တွေကို ထားထားက ယူလွှင့်ပစ်လိုက်ပါတယ်။

"ထားထားရယ် တန်းအားနေလို့ လှန်းမိတာပါဟယ်" အိမတောင်းပန်သလိုပြောတော့ "အားအားမအားအားမလှန်းနဲ့၊ လှန်းချင်ရင် အခြားတစ်နေရာသွားလှန်း" ထားထားက ပြောဆိုပြီး ဆောင့်ဆောင့်အောင့်အောင့်ထွက်သွားပါတယ်။ အိမလည်း လွှင့်ပစ်ခံလိုက်ရလို့ ပေကျံသွားတဲ့အဝတ်တွေ ပြန်ကောက်လျှော်ရပါတော့တယ်။

နောက်တစ်ခါကျတော့ အိမဖိနပ်က ထားထားဖိနပ်ပေါ်ပိလို့ဆိုပြီး "ဒီဖိနပ်စုတ်က ဘယ်သူ့ဟာလဲ" မေးရင်း အိမ ဖိနပ်ကန်ထုတ်ခံလိုက်ရပါတယ်။ ဖိနပ်ချွတ်က အဆောင်သူအားလုံးစုချွတ်ရတာမို့ တိုက်မိရင်းပိသွားတာထင်ပါတယ်။ အိမ ဘာမှပြန်မပြောဘဲ သည်းခံလိုက်ပေမယ့် ထားထားကို အမြင်မကြည်ချင်သလိုတော့ ဖြစ်လာမိပါတယ်။

"အား. . . လုပ်ကြပါဦး. . အီး ကျွတ်. . ကျွတ်. . ကျွတ်" ညည်းသံက တဖြည်းဖြည်းပိုကျယ်လာပါတယ်။ ဝေဒနာကို မချိမဆန့်ခံစားနေရတဲ့အသံမျိုးပါ။ အိမ အသံကို သေသေချာချာ နားစိုက်ထောင်ကြည့်မှ ထားထားရဲ့ အသံဖြစ်နေပါတယ်။ အခြားအဆောင်သူတွေလည်း ထားထားအသံကြောင့် နိုးလာကြပေမယ့် တစ်ယောက်မှ မထကြပါဘူး။

အိမနဲ့ ဘေးချင်းကပ်အိပ်တဲ့ မမျိုးမျိုးလည်း နိုးလာတယ်။ "မမျိုးမျိုး ဘာဖြစ်လို့လဲ မသိဘူးနော်"။ "မသိပါဘူးအေ။ သူ့ဟာသူဘာဖြစ်ဖြစ်ထားလိုက်"။ မမျိုးမျိုးက ပြောပြီး တစ်ဖက်လှည့်အိပ်သွားပါတယ်။ မိုးသံလေသံနဲ့ အတူ ထားထား ညည်းညူသံကလည်း အိမနားထဲ တိုးဝင်လာနေပါတယ်။

အိမ မနက်အလုပ်ဆင်းရဦးမှာ၊ အိပ်ရေးပျက်လို့မရဘူး။ မမျိုးမျိုးပြောတာဟုတ်တယ်၊ မောက်မာတဲ့မိန်းမ။ သူ့ဟာသူဖြစ်ချင်တာဖြစ်ဆိုပြီး မိုးအေးအေးနဲ့ စောင်ခေါင်းမြီးခြုံပြီးကွေးနေလိုက်ပေမယ့် ဘယ်လိုမှ အိပ်လို့မပျော်ပါဘူး။ ငါသာ ထားထားနေရာမှာဆိုတဲ့ အတွေးက အိမကို အိပ်စက်ခွင့်မပြုဘူးဖြစ်နေပါတယ်။ မိသားစုနဲ့ဝေးတဲ့အရပ်မှာ အလုပ်လာလုပ်ကြရတဲ့ ဘဝတူအချင်းချင်းမှ ရိုင်းပင်းကူညီမှုမရှိရင် ငါ လူသားဆန်ပါ့မလား။


သူတော်တော်ခံစားနေရလို့ အကူအညီတောင်းနေတာ ကြားရက်နဲ့ မသိဟန်ဆောင်နေမိတဲ့ အိမ သူကိုယ်သူရှံ့လာမိတယ်။ အိမ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။အိပ်ရာကထပြီး ထားထားဆီသွားလိုက်မိတယ်။ "ထားထား. . ထားထား. . "အိမခေါ်တာကို ထားထား ပြန်ထူးဖို့ခွန်အားမရှိတော့ဘူးထင်ပါတယ်။ ဗိုက်ကို လက်နဲ့နှိပ်ရင်း အိပ်ရာပေါ် လူးလှိမ့်နေတယ်။ အိမလည်းဘာလုပ်ပေးရမှန်းမသိ။ အိမ မှတ်ဉာဏ်ထဲ လမ်းထိပ်က အိမ်နဲ့တွဲဖွင့်ထားတဲ့ ဆေးခန်းလေး ဖျတ်ခနဲဝင်လာတယ်။ "ထားထား. . ကြိုးစားပြီး ထကြည့်ပါလား၊ ငါ့ကိုကျောပိုး၊ ငါတို့ဆေးခန်းသွားကြမယ်" ထားထားကိုဆွဲထူ ကျောပိုးပြီး ဆေးခန်းထွက်ခဲ့တယ်။ မိုးကောလေပါ တဝေါဝေါရွာကောင်းနေတုန်းပါ။ လျှပ်စီးတွေကလည်း တဝင်းဝင်းလက်လို့၊ လျှပ်စီးလက်ရင် ကြောက်တတ်တဲ့အိမ. . အခုတော့ကြောက်နေဖို့ အချိန်မရတော့ဘူး။ မိုးတွေလေတွေကြား ထားထားကို ကျောပိုးရင်း အပြေးတစ်ပိုင်းလှမ်းနေမိတယ်။ အဆောင်နဲ့ ဆေးခန်းနည်းနည်းဝေးတာကြောင့် အိမ မောဟိုက်နေတယ်။ ထားထားကလည်း ကျောပေါ်မှာ ညည်းညူရင်းလိုက်ပါလာတယ်။ အိမကော ထားထားပါ မိုးတွေ စိုရွှဲလို့။ "ထားထား. . အားတင်းထားနော် . . ဆေးခန်းရောက်ပြီ" ထားထားကိုအားပေးစကားပြောနေမိတယ်။ ဆေးခန်းတံခါးကို တဒုန်းဒုန်းနဲ့အဆက်မပြတ်ထုပြီး. . .

"ဆရာမ. . . . ဆရာမ. . . . ဆရာမ. . လုပ်ပါဦး" အိမခေါ်ပြီး ခဏအကြာ ဆေးခန်းတံခါးပွင့်လာတယ်။ ဆရာမကိုမြင်လိုက်ရမှ အိမသက်ပြင်းချနိုင်ပါတော့တယ်။ တစ်ကိုယ်လုံးလည်း ခိုက်ခိုက်တုန်အောင် ချမ်းလို့ပေ့ါ။ ထားထားကတော့ ခုတင်ပေါ်မှာ ပက်လက်ကလေး။ "ကျေးဇူးပါပဲအိမ"ရယ်တဲ့။ မျက်ရည်တွေကြားက တိုးသဲ့သဲ့ ပြောတော့ အိမတစ်ကိုယ်လုံးနွေးထွေးသွားသလို ခံစားလိုက်ရတယ်။ အိမ ချမ်းမနေတော့ဘူး။ အိမ ချမ်းနေတာ အကုန်လုံးပျောက်သွားတယ်။ ထားထား လက်ကလေးကို ကိုင်လို့ ခေါင်းညိတ်ပြုံးပြလိုက်မိတယ်။ ပြီးတော့ ရွာချနေတဲ့မိုးနဲ့အပြိုင် အိမ ပါးပြင်ပေါ် မျက်ရည်တွေစီးကျလာတယ်။ အဲဒီမျက်ရည်တွေက အိမရဲ့ ညစ်ထေးတဲ့ စိတ်ရိုင်းတွေကို အနိုင်ရလိုက်လို့ကျလာတဲ့ ပီတိမျက်ရည်တွေပါ။ ကျပါစေ ဘယ်လောက်ကျကျ အိမ မသုတ်ဘဲ ထားလိုက်မိတော့တယ်။

မိုးတွေကလည်း ရွှဲရွှဲစိုနေသလို အိမ ပါးပြင်မှာလည်း မျက်ရည်တွေ ရွှဲရွှဲစိုလို့။ ။

# လောကအတွက် စာရေးချင်သည်

ကျော်သူရ(အဖျောက်)
B.A ( မြန်မာစာ )



(တစ်)

“ကလောင်တစ်ခုကို မွေးဖွားပျိုးထောင်ရခြင်း၊ ကလောင်နာမည်အခိုင်အမာရစေဖို့ အားထုတ်လုံးပန်းရခြင်း၊ ကလောင်နာမည်အခြေခိုင်အောင်စာများရေးသားရခြင်းတို့မှာ လွယ်ကူသောအလုပ်တစ်ခုမဟုတ်ပေ။ငွေရှိ၍လည်း မရနိုင်။ အာဏာရှိ၍လည်း မရနိုင်။ အပေါင်းအသင်းကောင်း၍လည်း မရနိုင်ပေ။ စာရေးဆရာတစ်ယောက်ဖြစ်ဖို့မှာ နှစ်ရှည်လများလေ့လာဆည်းပူးခြင်း စုတုပြုဆိုသော ကျင့်ထုံးအတိုင်းအားထုတ်ရခြင်းတို့ဖြင့် စာပေလောကတွင် ထိုကလောင်ကို တိုင်းသိပြည်သိဖြစ်အောင် မပြတ်ရေးသားရခြင်းအပြင် အသက်မွေးဝမ်းကျောင်းအလုပ်ဖြစ်လာဖို့မှာ အလွန်ပင်ခက်ခဲလှပါသည်။”

ဆရာထက်မြက်၏ “အတုအပသတိပြုပါ” ဆောင်းပါးမှ ကောက်နုတ်ချက်ဖြစ်ပါသည်။ လူတို့မည်သည် ကိုယ့်ရဲ့အတွေးအခေါ်အယူအဆ အမြင်သဘောထားများနှင့် ထပ်တူထပ်မျှဖြစ်တည်လာလျှင် ကိုယ်စိတ်နှလုံးရွှင်ပြုံး၍ သဘောမနောမွေ့လျော်ပြီး ကြည်နူးပီတိဖြစ်တတ်ကြသည်မှာ လူ့လောကဓမ္မတာပင်မဟုတ်ပါလော။ ဒီလိုတွေးပြီး ဒီလိုရေးနိုင်ရန် ရဲရဲတွေးပြီး ရဲရဲရေးနိုင်ဖို့ပဲ လိုသည်ဟု မှတ်ယူမိသည်။ အကြောင်းတရားများကို တော်တော်များများသိထားမှ ဖြစ်ပေါ်လာသည့် အကျိုးတရားကို အနီးစပ်ဆုံးမှန်ကန်အောင် ရှာဖွေနိုင်မည်ဟု ဆရာအောင်သင်း ပြောခဲ့ပါသည်။ ဒါကြောင့် ရဲရဲတွေးရဲရဲရေးနိုင်စေရန် စာပေဝမ်းစာအပြင် ကျင်လည်ရာဘဝအတွေ့အကြုံများပါစုံရန်လိုသည်။

သုတအပြင် မုတပါ ပြည့်စုံရန်လိုသည်ဟု ဆိုချင်သည်။ သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရားမှလွဲ၍ အသိဆုံးလူနဲ့ အတတ်ဆုံးလူ မရှိဘူးဟုဆိုသည်။ ကိုယ်ရှုမြင်သည့်အကြောင်းတရားများကို စာရေးပြီး လောကကောင်းကျိုးအတွက် ဆောင်ရွက်ကြသည်။အကြောင်းနဲ့ အကျိုးက ဆီလျော်မှုလည်းရှိတတ်ကြသည်။ ဆီလျော်မှုမရှိသည်များလည်း ရှိတတ်ကြသည်။ ယနေ့ နှစ်ဆယ့်တစ်ရာစု နည်းပညာပေါက်ကွဲသည့်ခေတ်ကြီးတွင် လော့ဂျစ်ဘာသာရပ်က ခေတ်စားလာသည်။

A မဟုတ်လျှင် B လား။ ဒီလိုမဟုတ်လျှင် ဟိုလိုလားဆိုသည်က ကျွန်တော်တို့ ဦးနှောက်ကို မုန်တိုင်းအမြဲဆင်နေစေသည်။ အပယိကအမြင်ပါ ကွာလို့သွားပြီး လျှော့တွက်၍မရ။ လေးလေးနက်နက် ရှုမြင်ရသေးသည်။

အဲသည်လိုမှမရှုမြင်လျှင် ဘာဖြစ်လာမည်နည်း။ဘာမှတော့ မဖြစ်ပါဘူး။ ဒါပေမယ့် တောင်းနဲ့သာပျော်ပိုက်ပြီး ကျန်ခဲ့ပါတော့ မဟော်ဂိုက်ဆရာရယ်လို့သာ ပြောရပေတော့မည်။

(နှစ်)

“စာရေးဆရာတွေစာရေးတော့ ပထမ ကိုယ့်ပတ်ဝန်းကျင်ကအကြောင်း၊ ကိုယ့်အကြောင်းတွေ ရေးကြတယ်မဟုတ်လား။ နောက်တော့မှ လောကအကြောင်း၊ တခြားအကြောင်းတွေ ရေးလာကြတာလေ” ဆရာမောင်သင်းထုံ(ကျောက်မဲ)၏ “အဖြစ်အပျက်အမှန်ကိုရေးရဲတာ . . . အဲဒါစာရေးဆရာ” ဆောင်းပါးမှ ကောက်နုတ်ချက်ဖြစ်ပါသည်။ ဟုတ်ကဲ့။ ကိုယ့်အကြောင်းကိုယ် မရေးချင်တာအမှန်ပဲဖြစ်ပါသည်။ ကိုယ့်အကြောင်းနည်းနည်းလေးမှမပါလျှင် စင်တော်ကအကောက်မခံရတော့ ကိုယ့်အကြောင်းအနည်းအကျဉ်းပါအောင် ရေးနေရပါဦးမည်။

သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကရယ်လို့ လောကသုံးပါးရှိသည့်အနက် သတ္တလောကအကြောင်းကို ဉာဏ်မီသရွေ့ ဦးနှောက်နဲ့ဆင်ခြင်တိုင်းထွာပြီး ရေးသားချင်သည့်ဆန္ဒအမှန်ဖြစ်ပါသည်။ဘာကြောင့်ရေးချင်ရသနည်း။ ဘဝ၏ကျေးကျွန်ဖြစ်နေရသည့်ဝါသနာကြောင့်လည်း ဖြစ်နိုင်သည်။ ရင်တွင်းနာကြောင့်လည်း ဖြစ်နိုင်သည်။ အဓိက ဒီအခြေခံအကြောင်းတရား နှစ်ချက်ကြောင့်ပင်ဖြစ်သည်။ ကောင်းပြီ။ ရင်တွင်းနာဆိုသည်မှာ ဘာကိုဆိုလိုသနည်း။ ရင်တွင်းနာဆိုသည်မှာ လောကကြီးမှာ မှောက်မှားနေသည့်အကြောင်းတရားများ၊ အဖြစ်အပျက်များကိုကြည့်ပြီး ဖြစ်ပေါ်လာသည့်ရင်တွင်းပဋိပက္ခတစ်မျိုးပင် ဖြစ်သည်။ ဘာကြောင့် ပဋိပက္ခဖြစ်ရသနည်း။ သာမန်ထက်ပိုမြင်လာခြင်း၊ သာမန်ထက်ပိုသိလာခြင်း၊ သာမန်ထက်ပိုတတ်လာခြင်းတို့ကြောင့်ဖြစ်ပါသည်။

ဥပမာဆောင်ပါမည်။ ဖိုးနီငယ်ငယ်က ငါးမျှားတံတစ်ချောင်းကိုထမ်းပြီး ချောင်းစောင်း(ဇောင်း)ကို သွားပါသည်။ မိခင်ကမြင်ပြီး “ဟဲ့ . . ကောင်လေး နင့်နားကို ငါးမျှားချိတ် ချိတ်လိမ့်မယ်။ အဲဒီလိုမသွားနဲ့”ဟု ပြောဆိုတားမြစ်ပါသည်။ မကြာပါ။ ဖိုးနီနားရွက်ကို ငါးမျှားချိတ်ကြီးချိတ်နေပါတော့သည်။ ဤဥပမာကိုပဲကြည့်ပါ။ မိဘဖြစ်သူက ဖြစ်လာမည့်အရေးကို ဖိုးနီထက် ကြိုမြင်နေသည်။ ပိုသိနေသည်။ ဤဥပမာကဲ့သို့ပင် စာရေးဆရာသည် ရင်တွင်းနာဖြစ်ပြီး စာရေးဖြစ်ပါသည်။

ရှုမြင်သည့်အကြောင်းအရာ၊ ရေးသားသည့်အကြောင်းအရာတွင် ကွဲပြားမှုရှိကောင်းရှိနိုင်သည်။ ပတ်ဝန်းကျင်၌မြင်တွေ့ရသော အကြောင်းအရာအဖြစ်သနစ်စုံကို ကြည့်ပြီး ဒါမတရားဘူး၊ ဒါတရားတယ်ဟော့လို့ဆိုပြီး ကိုယ်နိုင်သည့် အတတ်ပညာနှင့် ထုတ်ဖော်ပြောဆိုဝေငှခြင်းပင်ဖြစ်သည်။ ဤနည်းဖြင့် လောကအမှောင်ကို အလင်းရောင်ဖွင့်ပေးခြင်းဖြစ်သည်။

(သုံး)

“စာများများဖတ်ရင် ရေးစရာပေါ်လာတာပဲကွ။ ဖတ်တဲ့ စာထဲကအကြောင်းကို တိုက်ရိုက်ပြန်ရေးဖို့တော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် စာဖတ်နေရင်း ဖတ်ဖူးတဲ့အကြောင်းအရာတွေ တစ်ခုနဲ့တစ်ခုချိတ်ဆက်မိသွားပြီး ရေးစရာစိတ်ကူးသစ်တွေ ရုတ်တရက်ပေါ်လာတတ်တယ်” ဆရာကြီးမောင်ခင်မင်၏ “နှစ်လေးဆယ် ဘဝမှတ်တိုင်များ”စာအုပ်မှ ကောက်နုတ်ချက်ဖြစ်ပါသည်။ မှန်ပေသည်။ ပွင့်လင်းလာသော လူ့အဖွဲ့အစည်းနှင့်အတူ တစ်နေ့တစ်နေ့ လေ့လာစရာသတင်းဂျာနယ်တွေကလည်း များလာသည်။ အလျဉ်မီအောင်လည်း လိုက်ဖတ်နေရသည်။

သတင်းနှင့်နည်းပညာခေတ်ဆိုတော့ တစ်ရက်လေးမဖတ်ဖြစ်တာနဲ့ တစ်ခေတ်လောက်နောက်ကျသွားသည်ဟု ခံစားရသည်။ ဆင်မှာ ဆင်စာ၊ ဆိတ်မှာ ဆိတ်စာဆိုသလို လုပ်ငန်းတာဝန်တွေနှင့် မအားသည့်ကြားက ရသမျှရှိစုမဲ့စုအချိန်လေးကိုလုပြီး သတင်းတစ်ခု ဆောင်းပါးတစ်ပုဒ်ဖတ်လည်း မနည်းဘူး။ ရှုထောင့်တစ်ခု အတွေးအမြင်တစ်ခုရတယ်ဆိုပြီး အပြေးအလွှားဖတ်နေရသည်။ ဒါတောင် မတင်းတိမ်ချင်။ ဖြစ်နိုင်လျှင် စားချိန်၊ အိပ်ချိန်တွေပါ လျှော့ပြီး ဘာမျှမလုပ်ဘဲ စာချည်းထိုင်ဖတ်နေပစ်လိုက်ချင်သည်။

ယခုတော့ ပိုပြီးအားစိုက်လာရပြီ။ ခါတိုင်းလို ဖတ်ရုံနဲ့မပြီးတော့။ ကိုယ်တိုင်က စာရေးပြီဆိုမှတော့ သေချာအောင်၊ ရေရာအောင် အရင်ထက်နှစ်ဆတိုးပြီး ဖတ်မှတ်လေ့လာနေရတော့သည်။ ကိုယ်ရေးလိုက်သော အကြောင်းအရာနှင့်ပတ်သက်ပြီး စာရှုသူများထံ မက်ဆေ့(ချ်)လေးတစ်ခုတော့ ရတန်ကောင်းချည်ရဲ့ဆိုပြီး စေတနာကကိုယ့်ကိုအမြဲနှိုးဆော်နေသည်။ ဤသည်မှာ စာကို ဖြစ်ဖြစ်မြောက်မြောက်ရေးသူတိုင်း၏ ရင်ထဲကစေတနာနှင့် ရည်ရွယ်ချက်ပင်ဖြစ်လိမ့်မည်။ ခွင်းချက်တော့ရှိနိုင်ပါသည်။ ကိုယ်ရေးလိုက်သည့် ကဗျာတစ်ပုဒ်၊ စာတစ်ပုဒ်ကြောင့် စာရှုသူများ အမြင်မှား၊ အတွေးမှားမဖြစ်စေလိုသည့် စိတ်စေတနာကို ထားနေရသည်။

စာရေးသည့်အလုပ်က ပေါ့ပေါ့တန်တန်အလုပ်တော့မဟုတ်။ ပေါ့ပေါ့တန်တန်သဘောထားလျှင် ပေါ့ပေါ့တန်တန်ပဲ သွားပါလိမ့်မည်။ ဒါကြောင့် ထင်ပါသည်။ဆရာတက်တိုးက စာကို လက်လွတ်စပယ် တာဝန်မဲ့မရေးသားသင့်ဘူးလို့ ဆိုခဲ့သည်။ စာရေးသူတစ်ယောက်အနေဖြင့် ကိုယ်ရေးလိုက်သည့်စာအပေါ်မှာ တာဝန်ရှိသည်။ တာဝန်ကြီးသည်။ တာဝန်ယူနိုင်ရသည်။ “သေချာမှလုပ်။ မဝါးနဲ့။ မရောထွေးစေနဲ့။ စာဖတ်သူကိုညာမချနဲ့”ဟု ဆရာကြယ်နီက ဆိုခဲ့သည်။ ယနေ့ခေတ်တွင် စာရေးခြင်းနှင့်ပတ်သက်ပြီး ရေးစရာအကြောင်းအရာများက ပေါများလှသည်။ ရေးစရာအကြောင်းအရာပေါသလောက် အကျိုးမနည်းဖို့လိုမည်။

မိမိနာမည်ကြီးဖို့၊ မိမိထင်ပေါ်ဖို့၊ မိမိကောင်းစားဖို့လောက်သာတွေးပြီး စာရေးရန်မသင့်ချေ။ လောကကောင်းကျိုးကိုမျှော်ကိုးပြီး ရေးသည့်စာများဖြစ်ရန်လိုသည်။ ထိုသို့ဖြစ်စေရန်အတွက် အဖြစ်မှန်၊ အခြေအနေမှန်များကိုလည်း ရေးရဲဖို့လိုလိမ့်မည်။ ဒါမှ လောကအတွက် စာရေးရာရောက်ပေတော့မည်။

အမှန်တရားကိုရှေးရှုပြီးအနှောင်အဖွဲ့ကင်းကင်းဖြင့် တွေးခေါ်နိုင်ကြပါစေ။

■

**မိမိနာမည်ကြီးဖို့၊ မိမိထင်ပေါ်ဖို့၊ မိမိကောင်းစားဖို့လောက်သာ တွေးပြီး စာရေးရန်မသင့်ချေ။ လောကကောင်းကျိုးကိုမျှော်ကိုးပြီး ရေးသည့်စာများဖြစ်ရန်လိုသည်။ ထိုသို့ဖြစ်စေရန်အတွက် အဖြစ်မှန်၊ အခြေအနေမှန်များကိုလည်း ရေးရဲဖို့လိုလိမ့်မည်။ ဒါမှ လောကအတွက် စာရေးရာရောက်ပေတော့မည်။**

## စာဖတ်ကြစို့

စာကြည့်တိုက်ကို၊ သွားကာပဲကွယ်
စာဖတ်ကြစို့၊ သူငယ်ချင်းရယ်။
စာအုပ်စာပေ၊ လူ့မိတ်ဆွေမို့
စာအုပ်မျိုးစုံ၊ ဖတ်ပါကွယ်။
ဖတ်ပါမှတ်ပါ၊ သင်ယူပါမှ
ဆင်ခြင်ဉာဏ်လည်း၊ တိုးလာမယ်။
ကြောင်းကျိုးကိုပင်၊ သိစေပြီးတော့
ဗဟုသုတ၊ ကြွယ်စေမယ်။
အမိုက်မှောင်ကို၊ ဖယ်ကာရှင်းလို့
ဉာဏ်အလင်းလည်း၊ ထွန်းစေမယ်။
စာပေပညာ၊ ရင်မှာစွဲမှ
ထူးချွန်ကျော်ကြား၊ တိုးတက်မယ်။
လူပိုလ်အလယ်၊ ထည်ဝါပြီးတော့
အများသူငါ၊ လေးစားမယ်။
အသိပညာစုံ၊ ရင်မှာပိုက်ဖို့
စာဖတ်ကြစို့၊ သူငယ်ချင်းရယ်။

ချယ်ရီအောင်
ပထမနှစ် (RUSSIAN), YUFL

## ကြင်နာထွေးကူ ရေဘေးအလှူ

မြန်ပြည်တစ်ဝှမ်း ရေတွေလွှမ်းတော့
ရှင်လန်းမရှိ နေပန်းထိသို့
ညှိုးချည့်ခွေနွမ်း မြန်ပြည်ဝှမ်းက
ရေလွှမ်းပြည်သူ ထွေးမကူလို့
ရည်တူစိတ်ထား နှလုံးသားနှင့်
အားများဆင့်ဆင့်ပန်းနှယ်ပွင့်။

ချစ်ပန်းတွေပွင့် ပြုံးပန်းစွင့်လို့
ဝင့်ဝင့်ကြွားကြွား အစ်ကိုညီမများ
မနားအစဉ် ထွေးပွေ့ကြင်ကာ
ရေပြင်ပြည့်လျှံ တိုက်အိမ်ခြံထိ
အမြန်ပြေးကာပေးလှူရှာ။

သဒ္ဓါရေ့ထား မေတ္တာများနှင့်
ငွားငွားစွင့်စွင့် ပန်းနှယ်ပွင့်သည့်
ဆင်ဆင့်ဝေဆာ စေတနာကို
ဝေဆာအပြုံး ပီတိလုံးနဲ့
အပြုံးမြမြ နှလုံးလှဖြင့်
ပရစိတ်ထား ရင်ဝယ်ထားပြီး
ကဗျာဒီပန်း အသွင်ဆန်းနဲ့
မှတ်တမ်းရေးယူ ထွေးပွေ့ကူသည်
ကြည်ဖြူလက်ခံနိုင်ပါစေ။

အပြုံးဝေဝေ မေတ္တာတွေနှင့်
မနေမနား သစ္စာများနှင့်
ကမ်းဆင့်ကြင်နာ ထွေးကူရှာသည့်
ကမ္ဘာတည်သရွေ့မွှေးစေသော်။

ဇော်လင်း(မြို့သာ)

# ငြိမ်းချမ်းရေးအတွက် ရေးဖွဲ့သည့် မျိုးဆက်သစ်တို့ ကဗျာ

## ငြိမ်းချမ်းရေးတေးသံ

နှုတ်မှတိုးတိုးလေးရွတ်ချလိုက်တော့
စကားလုံးကသုံးလုံးတည်း
"ငြိမ်း… ချမ်း…ရေး…"
စိတ်အေးလက်အေးမအိပ်စက်နိုင်ခဲ့တာ
နှစ်ပေါင်းခြောက်ဆယ်ကျော်ကြာခဲ့ပြီး
တစ်မြေတည်းနေတစ်ရေတည်းသောက်
သွေးချင်းသားချင်းတို့ရဲ့
သွေးစက်ပင်လယ်ပြင်ကျယ်
မဟာပထဝီကြီးတောင်နာကျင်လို့အော်ဟစ်
မျက်ရည်မြစ်တွေအသွင်စီးဆင်းခဲ့ရ
ဒီမြေဟာ ငြိမ်းချမ်းရေးတေးသံတွေဆိတ်သုဉ်း
ယမ်းညှော်နံ့ကြားပြေးလွှားနေရတုန်းပါ
မနက်ဖြန်နေ့သစ်
ချစ်ခြင်းဖွဲ့နှလုံးသားတစ်စုံနဲ့
မာန်ဟုန်ပြင်းပြင်းစီးဆင်းလာတဲ့ မေတ္တာစမ်းရေ
ငြိမ်းချမ်းရေးတေးကို
ချိုးဖြူငှက်ကဆိုညည်းလျက်
မနက်ဖြန်တိုင်းဟာလှပခဲ့ပြီ။

ရာမညမင်းငြိမ်းချမ်း
ဥပဒေ(အဝေးသင်)၊ မော်လမြိုင်တက္ကသိုလ်

## ငြိမ်းချမ်းရေး

ပြည်တွင်းစစ်
ညီနောင်အချင်းချင်းဖြစ်သည့်စစ်
ဒီစစ်ကြောင့်စစ်သားတွေ ဘယ်လောက်သေပြီး
သူရဲကောင်းတွေ ဘယ်လောက်ဆုံးရှုံးနေပြီလဲ
ဒီစစ်ကြောင့် ပြည်သူတွေဒုက္ခရောက်ပြီး
အိုးအိမ်စွန့်ခွာ ဒုက္ခသည်တွေ
ဘယ်လောက်များရှိနေပြီလဲ
ဒီစစ်ကြောင့် သေဆုံးရသူအတွက်
ငိုကြွေးမျက်ရည်
ဘယ်လောက်များရှိနေပြီလဲ
ဒီစစ်ကြောင့်
ဒုက္ခတွေ ဘယ်လောက်များရှိနေပြီလဲ
ဒီစစ်ကြောင့်
ဒုက္ခိတတွေ ဘယ်လောက်များပြီး
သူတို့ဘဝတွေ ဘယ်လိုများရှိနေပြီလဲ
ဒီစစ်ကြောင့်
နိုင်ငံ ဘယ်လောက်ချွတ်ခြုံကျနေပြီလဲ
ကချင် ကယား ရခိုင် ချင်း…
အားလုံးဟာ သွေးချင်းညီနောင်များပါပဲ
ငြိမ်းချမ်းရေး ငြိမ်းချမ်းရေး
ပင်လုံနှင့်အတူ တို့ညီနောင်အပေါင်းတို့
ငြိမ်းချမ်းရေးဆီသို့ချီတက်ကြပါစို့။

ဟိန်းထက်ယံ
B.Sc (Geology)

## သွေးမြေကျသစ္စာများ

စစ်မဲ့ဇုန်ကာလကိုမျှော်ရင်း
ချိုးငှက်ဖြူဖြူလေ…
အတော်တောင်အိုစာနေ
သံလွင်ခက်က နွမ်းခြောက်
ယမ်းငွေ့အနံ့တွေ အတောင်မှာစွဲကပ်
နားခိုရာအရပ်မှာ
လုံ့သွားတွေ တွေ့တယ်။
ငြိမ်းချမ်းရေး ဒီစကားလုံးက
စားပွဲနဲ့စာအုပ်ထက်မှာ ပြီးဆုံးရင်း
ခြေတုတပ်တဲ့ သူရဲကောင်းတွေများလာတယ်။
ကျည်ဆန်ချက်နဲ့ ပုံးသင့်အလောင်းတွေ
ဦးတင်လည်ထပ်နေကြ
ဒီအရပ်မှာ ကျေးငှက်တေးသီသံတောင်
မကြားရတာကြာပြီ။
သူ့ဘက် ကိုယ့်ဘက်တွေနဲ့
ကြားထဲက မြေစာပင်ကို
မသိလိုက်မသိဘာသာ
နင်းချေဖိလိုက်မိရင်း
ဒီအရပ်မှာ သွေးနံ့ယမ်းနံ့တွေသင်းထုံလာ
ပန်းပွင့်တွေနေရာမရတော့ဘူး။
ရပ်လိုက်ကြပါ ရပ်လိုက်ကြပါ
စစ်ကိုရပ်လိုက်
စကားလုံးတွေနဲ့ မပြီးဆုံးမယ့်
ငြိမ်းချမ်းရေးကို
ပေးကြပါ ပေးကြပါ
ဒီချိုးငှက်ငယ်နဲ့ ဒီသံလွင်ခက်
ဤဒေသကိုကျရောက်တဲ့နေ့
သွေးမြေကျရင်း စောင့်ဆိုင်း။

လင်းသူ(ခရေတော)
ဒုတိယနှစ်(မြန်မာစာ)

## အားလုံးညီစေ ညီကြစေ

တို့ချစ်သောမြေ တို့တိုင်းပြည်သည်
မြစ်ချောင်းစိမ့်စမ်း သွယ်တောင်တန်းနှင့်
စိမ်းလန်းစိုပြေ သစ်တောအလှ
သယံဇာတ ပေါကြွယ်ဝသည်။
ချစ်မဝနိုင် တို့ပြည်ပိုင်ကို
မဆိုင်သူတွေ ဝင်ကာမွှေနှောက်
ဖွေရှာဖျက်ဆီး အခွံချည်းကျန်မှ
(တို့တွေ) မျက်ရည်မလျှံရအောင်
သွေးစည်းချစ်ကြည် တွဲလက်ညီလို့
ပြဖို့ချိန်မီတန်လေပြီ
နိုင်ငံချစ်စိတ် ပြည်ချစ်စိတ်။
တို့ချစ်သောမြေ တို့တိုင်းပြည်ဝယ်
ပြည်ထောင်စုဖွားတိုင်းရင်းသားတို့
အားလုံးပေါင်းစုယှဉ်တွဲပြုသည်
ပြည်ထောင်စုကြီးလှဝေစည်။
တို့ရဲ့သွေးရင်း ညီနောင်ချင်းတို့
အချင်းကများ စိတ်ချင်းခြားသော်
ဗျာများသောက ဖိစီးရရှာ
ပြည်ထောင်စုကြီးမချည့်ရှာ။
အက်ကွဲကြောင်းကြား ခြေချော်မများဖို့
တို့များတွဲလက် ကူကာယက်မည်
ခက်ခဲတွေကြားအမုန်းမပွားဖို့
တို့များသားချင်း စည်းလုံးခြင်းဖြင့်
ချစ်ခြင်းသက်သေပြသင့်ပြီ
အမျိုးချစ်စိတ် မျိုးချစ်စိတ်။
တို့ချစ်သောမြေ ပြည်ထောင်စုဝယ်
ထိုထိုစိတ်ထားအရင်းထားလို့
အားတင်းလျှောက်လှမ်း တွဲလက်ကမ်းရင်း
ဘယ်တမ်းမလျှော့ လုံ့လကျော့လျက်
ပန်းတိုင်ထိပ်ဆီ ဦးမော့ချီမည်
အားလုံးညီစေ ညီကြစေ။

ယုနွယ်
M.A(English), YUFL

## ငြိမ်းချမ်းရေးသို့ အိတ်ဖွင့်ပေးစာ

တစ်နေ့က အသံကြားတယ်
ငြိမ်းချမ်းရေးကြီး လမ်းထလျှောက်နေပြီတဲ့
သူလည်းနေမကောင်းတာကြာပေါ့
တဒက်ဒက်အသံတွေက သူ့ကိုယ်ပူချိန်ဆိုပဲ
ခက်ခဲတဲ့အကြောင်းက မညီညွတ်အကြောင်းကစ
ယုံကြည်မှုဆိုတာ ဘယ်အဖြေလဲ
မျက်လုံးစိမ်းတွေအောက်မှာ
ရှံ့ကြောက်တဲ့နေ့တွေလား
ကွယ်ပျောက်ပါစေတော့
ဖြူစင်တဲ့အပြုံးတွေပွင့်ရအောင်
တာဝန်တစ်ခုကို အသက်လိုရှက်ထားကြ
ယုံကြည်ရာအတွက်
အသက်စွန့်သူဟာ သူရဲကောင်း
လက်ဖမိုးတွေ လက်ဖဝါးတွေ ငြင်းရင်း
သွေးစည်းခြင်းဆိုတာ အရေးကြီးနေပေါ့။
ပြင်ဆင်ချက်မရှိတဲ့ နာကြည်းစရာတွေ
အဲဒီကလာတယ်
ကလေးအချို့ မိဘမဲ့ကုန်တယ်
လူကြီးအချို့ ပြုစုသူမဲ့ကုန်တယ်
ဘာအကျိုးအမြတ်လဲ
တိုးတက်စရာတစ်ကွက်ရှိလား
ထောက်ပြလိုက်စမ်းပါ
လက်တစ်ဆုပ်စာ ချမ်းသာမှုဆိုတာ
ကိုယ့်အိမ်ထဲက ရေချိုတွင်း
သူများခပ်မှာစိုးတဲ့သူတွေမှ မဟုတ်ကြတာ
အတူတကွ ညီတူမျှတာမို့
သေသေကျေကျေဆိုတာတွေ မေ့
ဖြေစရာအတွေးတွေနဲ့
အမှားတွေ အမှန်ထင်ဖို့လေ
ဘယ်အရာ ဘာနဲ့လဲရမယ် ပြောကြပါဦး
ငြိမ်းချမ်းရေးသို့ အိတ်ဖွင့်ပေးစာ။ ။

ဂျေစ်(မန္တလေး)

## မီးအိမ်ရှင်နှင့် ရွှေချိုးဖြူ

မြန်မာပြည်အေးချမ်းလို့
ဘေးမသန်းဝေဝေစည်။
ရွှေချိုးဖြူကူသံပေး
အေးငြိမ်းစေမည်။
မီးအိမ်ရှင်ဆီမခန်း
အလင်းတန်းဝေဝေဆာ
ထွန်းတောက်မည့်ပမာ။
မြန်ပြည်သာယာ
နေပမာရောင်ဝါလင်း။
ရွှေချိုးဖြူတေးသီကြွေးလို့
အေးငြိမ်းစေချင်။
အမှန်ပင်ကြုံလာမည်
စုံရာသီအမြဲတမ်း။
မြန်မာပြည် ကမ္ဘာထက်သို့
ထိုးတက်မည့်လမ်း။

တူစုံညီရွှေချိုးဖြူ
တကူကူကျူမည့်ဟန်။
မီးအိမ်ရှင် အမြဲတမ်း
လန်းဆန်းသည့်မာန်။
ငြိမ်းချမ်းရေးကဗျာတေး
အတွေးတို့ခက်ဖြာဝေ။
နောင်ကြုံလာအနာဂတ်
အမျိုးမြတ်ဖို့လေ။
ပြည်သူအများဖြူစင်ပေ
တူယှဉ်နေချိုးဖြူငှက်များ။
မီးအိမ်ရှင်လက်တွဲယှက်လို့
လှမ်းတက်မည့်အား။

မိုးယံဝင့်ထည်
B.Sc (Zoology)

## ငြိမ်းချမ်းပါစေ မြန်မာပြည်


တစ်ဦးနဲ့တစ်ယောက်
မုန်းခြင်းလည်း မရောက်ပေ၊
တို့တစ်တွေ မသိကြ
နောက်ကွယ်ကအော်သံ
အမိန့်ဟန်တွေကြောင့်
ပေးလိုက်သည့်တာဝန်
ဦးလည်မသုန်စတမ်း
အမိန့်ထမ်းရင်း
အမှားအမှန်မသိ၊
သူချလို့ ငါချ၊
ဒါက စစ်ပွဲပဲကွတဲ့။
သေချာစွာဆန်းစစ်။
ကိုယ်ချင်းစာဖြစ်ရင်

သူလည်းလေ ကိုယ့်လိုပဲ၊
တိုက်ခိုက်နေရတာပါပဲ။
တို့ရဲ့လက်တွေ ကျည်ဆန်မကောက်၊
ခဲတံကောက်မည်
သဘောတရားအရေးဆွေးနွေးမည်။
ကိုယ်လုပ်သမျှ
တစ်ဖက်သားမထိခိုက်စေရပါ။
သူ့ဘက်ကိုယ့်ဘက် မျှတတွက်
တစ်ဖက်သတ်မဆန်ရပါ။
ကိုယ်ယူသည့်အကျိုး မျှတပိုး
စေတနာကောင်းထားကာပေးဆပ်ပါ။

ဇွဲလေး
အင်္ဂလိပ်စာ(နောက်ဆုံးနှစ်)



သူဇာ
B.A (Myanmar)




ဆက်သွယ်ရေးနည်းပညာတွေ အားကောင်းလာတာနဲ့ အမျှ ကမ္ဘာကြီးဟာရွာကြီးပမာဖြစ်လာပြီး လူတိုင်းဟာ မျက်စိပွင့်နားပွင့်နဲ့ ဖြစ်လာတာ ၁၅၀၀ တန်ဆင်းကတ်တွေကို ကျေးဇူးတင်မိပါတယ်။ ခုဆိုသတင်းအချက်အလက်တွေက လိုချင်တိုင်းရှာလို့လွယ်ကူနေပြီ။ နေရာအနှံ့အပြားက ဖြစ်ပျက်နေတာတွေလည်း စက္ကန့်မလပ် တင်ပေးနေတဲ့သူတွေ ကျေးဇူးကြောင့် ခုဆိုလူငယ်တချို့ဟာ "ရေဘေးသင့်ပြည်သူများအတွက် အလှူခံပါတယ်ရှင်၊ ခင်ဗျာ"နဲ့ တကယ့်ကို ပရဟိတစိတ်နဲ့ လုပ်နေတာကို မြင်ရတာ လေးစားမိပါတယ်။

ဖေ့စ်ဘွတ်(ခ်)၊ ဂူဂဲ(လ်)၊ ယူကျူတွေကို တကယ်ကျေးဇူးတင်မိတယ်။ သူတို့ဆီမှာ လိုချင်တာသိချင်တာတွေ တကယ်ရှိတယ်။ ကျွန်မအတွက်တော့ တကယ်ကို အသုံးချလို့ကောင်းတဲ့ အရာတွေပဲ။ ကျန်းမာရေးအကြောင်းလား၊ ပစ္စည်းတစ်ခုခုလား၊ စားချင်တာလား၊ သွားချင်တာလား။ သိချင်တာရိုက်လိုက် တကယ်ကျလာတယ်။ ဖေ့စ်ဘွတ်(ခ်)စာမျက်နှာတွေ၊ အင်တာနက်ပေါ်တွေမှာ တင်ပေးတဲ့လူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ သူတို့တင်ပေးလို့ တချို့အကြောင်းအရာတွေ လွယ်ကူလျင်မြန်စွာ သိနိုင်တာလေ။ အရာအားလုံးကတော့ မြတ်စွာဘုရားရှင်ဟောကြားသလိုပဲ အကောင်းအဆိုးဒွန်တွဲနေတယ်။ သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင်ဘေးဆိုသလိုပဲ ထိန်းသိမ်းပြီး ဆေးလိုသုံးစေချင်တယ်။

၁၅၀၀ တန် ဆင်းကတ်တွေနဲ့အတူ ဟန်းဆက်တွေဟာ လူတိုင်းလက်ထဲ ရောက်လာပြီး ဆေးလိုမသုံးတတ်ကြတော့ ကလေးတို့သဘာဝ ပြေးလွှားဆော့ကစားရမယ့်အချိန်နဲ့ လူငယ်တွေရဲ့ အမြင်ချင်းနှီးနှောဖလှယ်စကားဆိုချိန်တွေကို လဲလှယ်လိုက်သလိုပဲ။ ရိုးရာကစားနည်းတွေလည်း မှေးမှိန်ပြီး တီဗွီအစီအစဉ်တွေမှာတောင် ကစားနည်းတွေကို ပြန်ပြနေရတယ်။ တကယ့်သက်ရှိဘဝမှာ မနေထိုင်ဘဲ ဂိမ်းထဲမှာ သူတို့လေးတွေရဲ့ဘဝကို နေထိုင်စေတယ်။ ခု (၁၂)နှစ် (၁၃)နှစ် ကလေးတွေကို အဲဒီကစားနည်းတွေ ကစားဖူးလားမေးကြည့်ရင် မကစားဖူးဘူးလို့ ဖြေမှာအမှန်ပဲ။ ခုဆို (ပိုကီမွန်ဂိုး)တဲ့ ဖုန်းတစ်လုံးကိုင်ပြီး လူကြီးလူလတ် လူငယ် လမ်းလျှောက်နေကြပြီ။ ဖုန်းပွတ်ချိန်နဲ့ မိသားစုစကားပြောချိန်တွေကို လဲလှယ်နေကြတယ်။ အချိန်တွေဟာ ပြန်တောင်းယူလို့မရပါဘူး။

လူငယ်တွေ (ပိုကီမွန်ဂိုး)ဆော့၊ အင်တာနက်တွေကို တလွဲသုံး အချိန်တွေဖြုန်းပြီးမနေသင့်ဘူး။ လူငယ်တွေဟာ နောက်ထပ်နှစ်တွေ အကြာကြီးနေရဦးမယ့်လူတွေပါ။ ယနေ့လူငယ်တွေဟာ နောင်အခါမှ ခေါင်းဆောင်လုပ်ရမှာ မဟုတ်ပါဘူး။ အခုကတည်းက ခေါင်းဆောင်တွေပါ။ လူငယ်တွေဟာ ကျွန်မတို့တွေရဲ့ သယံဇာတလေးတွေထဲကတစ်ခုပါ။ နောင်လာမယ့်နှစ်တွေမှာ ဖြစ်ပျက်လာမယ့် အကောင်းအဆိုးတွေရဲ့ အရသာကို အဓိကခံစားရမှာ လူငယ်တွေပါ။

သူတို့တွေ ဘယ်လောက်အရေးပါကြောင်း၊ ဘယ်လောက်တန်ဖိုးရှိနေကြောင်းကို ပြောပြပေးရမှာတော့ ယခုလူကြီးတွေရဲ့ တာဝန်တစ်ရပ်ပဲ။ အချိန်တန်ရင် သိမှာပါ၊ သူ့သမိုင်းသူရေးလိမ့်မယ်၊ အချိန်ကစကားပြောသွားလိမ့်မယ် ဆိုပြီးလွှတ်ထားလို့ မရဘူး။ ဟိုးကလေးဘဝတုန်းကတောင် ချိုမိုင်မိုင်၊ ရွှေဝါးလက်ခုပ်၊ ဖေဖေမေမေသင်ပေးခဲ့ရသေးတာပဲ။ သူတို့လေးတွေရဲ့ အတွေးအခေါ် အပြုအမူတွေ ဘယ်လိုရှိနေလဲ၊ ဘာတွေလုပ်နေလဲ၊ အကျိုးရှိတာတွေလုပ်နေလား၊ အကျိုးယုတ်တာတွေ လုပ်နေလား၊ အမြင်မတော်တာလေးတွေတွေ့ရင် ပြောပြပေးနေရဦးမှာက လူငယ်တွေနဲ့ နီးစပ်ရာမှာရှိနေတဲ့ လူကြီးတွေရဲ့တာဝန်လို့ ထင်တယ်။ ငယ်ရွယ်နုပျိုမှုရဲ့ အချိန်နဲ့အရသာကို အသက်ကြီးမှ ပြန်လိုချင်လို့ မရကြောင်းလေးတွေကို ကျွန်မတို့ရဲ့သယံဇာတလေးတွေဖြစ်တဲ့ လူငယ်တွေကို ပြောပြပေးကြပါ။

ယခုဆို ရေကြီးရေလျှံမှုတွေက မလိုချင်ဘဲ ရောက်ရောက်လာတယ်။ ဘာကြောင့်လဲ ပြောနေကြတယ်။ "ဥတုရာသီတောကိုမှီ"တဲ့ မှီစရာသစ်တောမရှိတော့လို့တဲ့။ သစ်တောမရှိအောင် တစ်နပ်စားဉာဏ်နဲ့ အပင်ခုတ်တာ လူတွေလေ။ ထိန်းသိမ်းရမှာလူတွေရဲ့တာဝန်မဟုတ်သလိုလို။ ဒီလိုသာ နောင်လာမယ့်နှစ်တွေမှာ ဆက်တိုက်ဖြစ်လာခဲ့ရင် ရင်လေးစရာပေ့ါ၊ အခုရေကြီးတဲ့နေရာပဲကြီးတာ၊ မကြီးတဲ့နေရာမကြီးဘူး။ အခုမကြီးတဲ့နေရာတွေ နောင်ဒီလိုသာ ဥတုရာသီတွေ ဆက်လက်မကောင်းတော့ရင် ရေမကြီးရင် ဘာတွေဖြစ်လာနိုင်လဲ။ အခုတစ်လော ဖတ်မိကြားမိတဲ့သတင်းတွေထဲမှာ "ငါးတွေဖမ်းရတာ အရင်လိုမလွယ်တော့ဘူး ငါးအကြီးတွေ အရင်လိုဖမ်းမရတော့ဘူး" တဲ့။ ပြန်ပြောတဲ့လူက ရှိတယ် "ဘယ်ရှိမလဲ ငါးကိုကြီးခွင့်၊ မွေးခွင့်တောင်မပေးဘူး ဖမ်းနေကြတာ၊ တချို့ငါးတွေဆို ဥတွေနဲ့လေ" တဲ့။ ကြားရတာ အခုတစ်လော ငါးပဲစားမိနေတဲ့ ကျွန်မအလွန်ဝမ်းနည်းသွားတယ်။ အလွန်ကို ပေါများခဲ့တဲ့ အရာတွေ ရှားပါးလာပါပေ့ါလား-. .

ရှေ့ခရီးဘယ်လိုဆက်ကြမလဲ. . .

ထိန်းသိမ်းကြပါ။ ဖွံ့ဖြိုးခွင့်ပေးကြပါ။

လူငယ်လေးတွေလည်း နောင်လာမယ့်နှစ်တွေမှာ ကောင်းမွန်စွာ ရပ်တည်နိုင်ဖို့ ခုတည်ရှိနေသေးတဲ့ လူငယ်တွေ အပါအဝင် တိုင်းပြည်ရဲ့ သယံဇာတလေးတွေ အရေးပါပြီး တန်ဖိုးရှိနေကြောင်းကို လူတိုင်းနားလည်သိရှိပြီး ဝိုင်းဝန်းထိန်းသိမ်းကြရင် ကောင်းမယ်လို့ လှိုက်လှဲစွာဖြင့် ဆုတောင်းမိပါတော့တယ်။

❖

# မေမေ့ခေါ်သံ မျှော်မိသည်

လှိုင်သွေး(ပျော်ဘွယ်)

အချိန်က မနက် ၉ နာရီ သံဃာတော်များ ဆွမ်းခံကြွသည့်အချိန်ဖြစ်လေသည်။

ကျွန်တော့်ဖုန်းမှ တီးလုံးသံများ ထွက်ပေါ်လာသည်။ ဖုန်းကို ကောက်ကိုင်လိုက်သည့်အချိန်တွင် 'သားလေး' ဟု ချိုသာစွာ အမျိုးသမီးကြီးတစ်ယောက်ရဲ့ အသံထွက်ပေါ်လာပါသည်။

ထိုအမျိုးသမီးကြီးကို ကျွန်တော်မသိ။ ဖုန်းနံပါတ်ကလည်း အစိမ်းသက်သက်။ ဒါလည်း ပြဿနာမရှိ။ အခုချိန်က ဖုန်းကတ်တွေ လမ်းဘေးဆန်ကောထဲ ထည့်ရောင်းနေတဲ့ခေတ်။ တစ်ထောင့်ငါးရာနဲ့ ဘယ်နားဝယ်ဝယ် လိုသလောက်ရနိုင်သည် မဟုတ်ပါလော။

ထို့ကြောင့် ဘယ်သူလဲ၊ ဘယ်ဝါလဲ ကျွန်တော်မေးမနေတော့ဘဲ တစ်ဖက်မှ အသံကို နားထောင်ရင်း "သား"လို့ ခေါ်လိုက်တဲ့အသံကြောင့် ကျွန်တော့်စိတ်တွေ လွန်ခဲ့သော အတိတ်ဆီပြန်ရောက်သွားခဲ့သည်။

××××××××××××

မေမေသည် ကျွန်တော့်ကို စကားပြောသောအခါ နာမည်တွေ အထူးအထွေခေါ်မနေတော့ဘဲ "သားလေး--သားလေး"လို့သာ ခေါ်ဝေါ်ခဲ့ပါသည်။

ယခုသည်ကား ထိုအသံမျိုးတွေ မကြားရ၊ ကျွန်တော့်နှလုံးသားမှာ တိတ်ဆိတ်ခဲ့တာ ရက်လတွေလည်း အတော်ကြာညောင်းခဲ့လေပြီ။ ကျွန်တော့်ရဲ့စိတ်တွေလည်း ကြွေလုလု ရော်ဝါရွက်တွေလို မလန်းဆန်း၊ ကြွေနွမ်းနေလေသည်။

"သာလေး--"လို့ ခေါ်မည့် မေမေကလည်း ဟိုး--အဝေးကြီး ထွက်ခွာသွားပြီလေ။ မေမေ--ပြန်မလာနိုင်တော့ပါဘူး။ ကျွန်တော့် မေမေ--ပြန်မလာနိုင်တော့ဘူး။ မူရင်းလောက် မိတ္တူဟာ မကောင်းနိုင်သလို၊ "မူရင်းကောင်းမှလည်း မိတ္တူကောင်းသည်"ဆိုတာလိုမျိုး။ မိတ္တူဟာ မိတ္တူပါပဲ မူရင်းဆိုတာတော့ ဖြစ်မလာနိုင်ပါဘူး။ ထို့ကြောင့် အစားထိုးလို့မရတဲ့ မေမေ့နေရာမှာ ကျွန်တော် ဘယ်သူ့ကိုမှ အစားမထိုးခဲ့ပါ။

ထိုးလို့လည်း ရမည်မဟုတ်။

အမေအရင်းက 'သားရေ'လို့ ခေါ်လိုက်တဲ့အသံနဲ့၊ အခြားသူတစ်ယောက်က 'သားရေ'လို့ခေါ်သော အသံဟာ စကားလုံးချင်းတော့ တူပါလိမ့်မယ်။ သို့သော်လည်း မေမေ့ရဲ့ခေါ်သံတွေလောက် ကျွန်တော့်နားထဲမှာ ပီတိတွေမဖြစ်၊ အားမရခဲ့ပါ။ မလန်းမဆန်း ပင်ပန်းနွမ်းနယ်နေတဲ့ ကျွန်တော့်ရဲ့ စိတ်တွေ၊ ဒီတစ်သက် မေမေ့ရဲ့ ခေါ်သံတွေနဲ့ ပြန်လည်နိုးကြားလန်းဆန်းနိုင်တော့မည် မထင်တော့ပါ။ မေမေ့ရဲ့ခေါ်သံတွေ တစ်ခါလောက်ဖြစ်ဖြစ် ကြားနိုင်ဖို့ နေ့ရှိသရွေ့ ကျွန်တော် မျှော်လင့်မိနေသည်။

××××××××××××

မေမေသည် ကျွန်တော့်အား 'သားလေးရေ--'လို့ ဘယ်တော့မှ ခေါ်နိုင်တော့မည်မဟုတ်။ ခေါ်စေဦးတော့၊ ကျွန်တော်မကြားနိုင်။ မေမေရေ--လို့ ကျွန်တော့် အော်ခေါ်သံတွေကိုလည်း မေမေဟာ ကြားချင်မှလည်း ကြားနိုင်ပါတော့မည်။ မေမေကြားသိနိုင်စေဦးတော့၊ ပြန်ထူးမယ်ဆိုလျှင်တောင် ကျွန်တော်က ကြားသိဖို့မလွယ်။ မေမေနဲ့ကျွန်တော်သည် ဘဝတစ်ခုကို ကျောချင်းကပ်လျက် လျှောက်လှမ်းနေသူပမာသာဖြစ်ပါသည်။

××××××××××××

"သားလေးရေ--သား၊ ဝင့်ဝါရှိလားကွယ် ခဏလောက် ခေါ်ပေးပါလား သူနဲ့တွေ့ချင်လို့" ဟု အသံထပ်ကြားတော့မှ လွင့်မျောနေတဲ့ ကျွန်တော့်ရဲ့ စိတ်တွေ သတိပြန်ဝင်လာခဲ့ပါသည်။

"ဟုတ်ကဲ့ အန်တီ၊ ဝင့်ဝါဖုန်းမဟုတ်တော့ဘူးခင်ဗျား။

သူနဲ့ ကတ်ချင်းခဏလဲထားတာ သူ့အခုကိုင်နေတဲ့ ဖုန်း-၀၉/----ကို ဆက်လိုက်ပါ"ဟု ကျွန်တော်ပြောပြီး ဖုန်းချလိုက်ပါတော့သည်။

ထိုမျိုးသမီးကြီးက မော်ဘီကလို့ နောက်မှ ဝင့်ဝါပြောပြလို့ ကျွန်တော် သိရပါသည်။ သည်လိုနဲ့ပဲ အဲဒီနေ့က အပြင်မှာ မိုးတွေရွာ စွေနေခဲ့ပါသည်။

'သားလေး'ဟု ခေါ်လိုက်၊ ကြားလိုက်တဲ့စကားလေးတစ်ခွန်းက ကျွန်တော့်ရင်မှာ လွှမ်းမိုးပြီး မိုးရေတွေလား၊ မျက်ရည်စတွေလား ဝေခွဲမရ။ ပါးပြင်က ပူနွေးနွေး စီးကျလာတဲ့အရာတွေကို လက်ဖမိုးနဲ့ အသာဖယ်ခွာ သုတ်ရင်း မေမေ့ရဲ့ခေါ်သံတွေ နားစွင့်နေမိပါတော့သည်။ ။

## မလေးတို့အိမ်

နံနက်စောစော ထကာကွယ်
ဖေဖေကြီးက ရေထမ်းတယ်။
ဆွမ်းချက်ကာရယ် ဆွမ်းတော်ကပ်
မေမေအလုပ် မပျက်ကွက်။
မလတ်ကလည်း ဝိုင်းကူတာ
ချက်ရေးပြုတ်ရေးမှာ။
ကိုကြီးဆင်းကာ စိုက်ခင်းလေး
နေ့စဉ်ရေလောင်းပေး။
ဟင်းသီးဟင်းရွက်ခူးရေးရယ်
ကိုငယ် အလုပ်ကွယ်။
ငယ်ပေမယ့်လည်း ချဉ်ပေါင်စည်းလေး
မလေး စီရီပေး။ ။

နီယွန်
B.Sc( zool:)

# ပို၍လှသော တနင်္ဂနွေနေ့ရက်များ



**ထက်နဒီလင်း**
BE(Mechatronics),
B.Sc(Maths)(MUDE),
Diploma In English(MUFL)

ဟိုးယခင်တုန်းက တနင်္ဂနွေနေ့ရက်များသည် ကျွန်မအတွက် အဓိပ္ပာယ်မရှိခဲ့ပါ။ ခုတော့ဖြင့် ရက်သတ္တပတ်ခုနစ်ရက်မှာ တနင်္ဂနွေဆိုသော နေ့ရက်လေးဟာ ကျွန်မ မြတ်နိုးရသော၊ ရင်ခုန်ရသော၊ ကြည်နူးရသော တနင်္ဂနွေနေ့ရက်လေးဖြစ်ခဲ့ပါပြီ။ ကျွန်မလို စာပေဝါသနာပါသော စာရူး ပေရူးသမားများအတွက် အခုဆို ကြေးမုံသတင်းစာမှ မျိုးဆက်သစ်ရင်ပြင်ကဏ္ဍဆိုပြီး လုပ်ပေးတဲ့အတွက် ကျွန်မအတွက်တော့ တနင်္ဂနွေဆိုသောနေ့ရက်တိုင်းဟာ ရင်ခုန်နှုန်း မြန်စေသောနေ့ပဲ ဖြစ်ပါတယ်။

ကျွန်မတို့လို နယ်မှ စာတိုက်ကိုစာမူပို့ရသော စာပေဝါသနာရှင်များအနေဖြင့် မိမိရေးထားသောစာမူလေးတစ်ပုဒ် စာပေတိုက်တစ်တိုက်မှာ ပါဖို့အရေး၊ သတင်းစာတစ်စောင်မှာ ပါလာဖို့အရေး ကြိုးစားရတာ လွယ်ကူတဲ့အလုပ်တော့မဟုတ်ပါ။ ကျွန်မတို့လို နယ်ကစာပေချစ်တဲ့သူတွေအတွက် စာပေကိုမြတ်နိုးလို့ စာရေးဆရာဖြစ်ဖို့ ကြိုးစားရတာ ပန်းခင်းလမ်းကို လျှောက်ရတာတော့ မဟုတ်ပါ။ အင်တာနက်လိုင်းမရှိသော၊ ဖုန်းလိုင်းမရှိသော ဒေသမှာနေပြီး ကိုယ့်ရဲ့စာမူလေးတစ်ပုဒ်ပါဖို့အရေး လှည်းတစ်တန်၊ လှေတစ်တန်၊ ကားတစ်တန်သွားရသော အကြောင်းလေးရေးထားသော ယခင်အပတ်တနင်္ဂနွေပါ လင်းစိမ်းရဲ့ "ကျွန်တော်နှင့် စာပေခရီး"ဆိုသော စာလေးထဲကအတိုင်းပါပဲ။ နယ်ကစာပေသမားတွေအဖို့ သူများထက် ပိုကြိုးစားရပါတယ်။

ကျွန်မအတွက်လည်း လင်းစိမ်းလိုပါပဲ။ သူကတော့ မိုးထဲရေထဲ စာမူသွားပို့ရသော သူ့အကြောင်းလေးရေးထားတော့ ကျွန်မလည်း ကျွန်မရဲ့စာမူပို့ရသော ချိုမြိန်ဒုက္ခကို တွေးမိပြီး ရယ်မိပါတယ်။ လင်းစိမ်းကတော့ စာတိုက်ကို လှည်းတစ်တန် လှေတစ်တန်နဲ့ စာမူပို့ရတယ်။ ကျွန်မကတော့ သူ့လောက်ဒုက္ခမများပေမယ့် ကျွန်မအဖြစ်ကတော့ ငိုရမလို ရယ်ရမလိုအဖြစ်ပါ။ ကျွန်မမိဘများရဲ့ကျေးဇူးကြောင့် ကျွန်မမှာ ဟွာဝေးဟန်းဆက်တစ်လုံး ပိုင်ဆိုင်ခဲ့ပါတယ်။ တနင်္ဂနွေနေ့ မတိုင်မီ စာမူပို့ဖို့အရေး ကျွန်မဟာ ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်လေတိုင်း အမေက သူခိုင်းတာကျ မလုပ်။ "ဒီဖုန်း လောက်ပဲ နှိုက်နေ၊ ဖုန်းပျက်မှ အေးမှာ" ဆိုပြီး အမေရဲ့ မြည်တွန်တောက်တီးခြင်းကို မကြာခဏ ခံရပါတယ်။ တစ်ညတော့ အမေဖြစ်စေချင်တဲ့အတိုင်း ကျွန်မရဲ့ ဟန်းဆက်လေးဟာ သုံးမရအောင် ပျက်သွားပါတော့တယ်။


> **ကျွန်မလို စာပေဝါသနာပါသော စာရူး ပေရူးသမားများအတွက် အခုဆို ကြေးမုံသတင်းစာမှ မျိုးဆက်သစ်ရင်ပြင်ကဏ္ဍဆိုပြီး လုပ်ပေးတဲ့အတွက် ကျွန်မအတွက်တော့ တနင်္ဂနွေဆိုသောနေ့ရက်တိုင်းဟာ ရင်ခုန်နှုန်းမြန်စေသောနေ့ပဲ ဖြစ်ပါတယ်။**

အဲနေ့ညဟာ ကျွန်မအတွက် ဘယ်တော့မှမေ့မရတဲ့ ညလေးပါပဲ။ ကျွန်မအနှစ်နှစ်အလလစောင့်ဆိုင်းခဲ့ရတဲ့ စာရေးဆရာမဖြစ်ချင်တဲ့ အိပ်မက်ကလေးအတွက် လမ်းစပေါ်တဲ့ တနင်္ဂနွေညပါ။ အဲနေ့က ကျွန်မဟာ အီးမေးလ်နဲ့ စာမူပို့ရန် အင်တာနက်ဖွင့်ပြီး စာမူမပို့ခင် ကြေးမုံရဲ့ ဖေ့ဘုတ်စာမျက်နှာကိုဝင်ပြီး တနင်္ဂနွေဆိုတော့ မျိုးဆက်သစ်ရင်ပြင်ကဏ္ဍမှာပါတဲ့ စာမူတွေကို ဖတ်မယ်ဆိုပြီး ဝင်ကြည့်လိုက်ပါတယ်။

စာမူတစ်ပုဒ်ပြီးတစ်ပုဒ် ဖတ်လာပြီးတဲ့နောက်မှာ ကျွန်မရဲ့မျက်စိရှေ့မှာ ကျွန်မရေးပို့လိုက်တဲ့ ကဗျာလေး မျိုးဆက်သစ်ရင်ပြင်ကဏ္ဍလေးမှာပါတာကိုတွေ့ပြီး ကျွန်မ ထခုန်ပြီး "အမေ အဖေ သမီးရေးတဲ့ကဗျာ ကြေးမုံမှာ ပါလာပြီ"လို့ ဝမ်းသာအားရနဲ့ အော်ခေါ်ပြီး ဖုန်းကိုပြမယ်လည်းလုပ်ရော ဖုန်းဟာ အဲအချိန်မှာပဲ အီးအိုင်စီဆိုလား ဘာလားမသိ လစ်သွားတယ်ဆိုပြီး နောက်နေ့မနက် ဖုန်းပြင်ဆိုင်ကိုပို့လိုက်ခါမှ သုံးမရအောင်ပျက်သွားခဲ့ပါတယ်။ ကျွန်မမှာ ကိုယ်ရေးတဲ့ကဗျာလေးပါလာလို့ အားတက်ပြီး ငါစာဆက်ရေးမယ်။ ငါဟာ မွေးကတည်းက မျက်စိတစ်ဖက်မမြင် မသန်စွမ်းဖြစ်ပေမယ့် အနုပညာရှင်ဖြစ်ချင်တဲ့ ငါ့အိပ်မက်လေးတွေ၊ စာရေးဆရာဖြစ်ချင်တဲ့ ငါ့အိပ်မက်လေးတွေ တရွေ့ရွေ့နဲ့နီးစပ်လာပြီဆိုကာ ထခုန်ပြီး ပျော်ရပေမယ့် ဖုန်းမရှိတော့ စာကဆက်ရေးလို့မရပါ။

ဒီလိုနဲ့ နှစ်ပတ်ကျော် သုံးပတ်လောက် စာမူပို့လို့မရပဲ လွန်ခဲ့တဲ့ရက်ကမှ အမေနဲ့အဖေက သုံးသောင်းခွဲတန် ယားဒိုး အဲလေ ယိုးဒယားလုပ်ဟန်းဆက်လေး ဝယ်ပေးလို့ အခုတော့ စာမူပို့လို့ရနေပါတယ်။ ဖုန်းနဲ့ စာရေးပြီး စာမူပို့ရတာ လွယ်တော့မလွယ်ပါ။ မျက်စိကတစ်ဖက်အားနဲ့ ကိုယ်ရေးချင်သော စာမူကို အခုဆို ဖုန်းအသေးလေးနဲ့ ပြူးပြဲပြီး စာရေးရပါတယ်။ ပို၍လှသော မနက်ဖြန်များကို ပိုင်ဆိုင်ဖို့၊ ပို၍လှသော တနင်္ဂနွေနေ့လေးများကို ရရှိဖို့ကြိုးစားရင်းနဲ့ စာများကို ဆက်လက်ရေးနေပါတယ်။ ။

# လက်စွပ်လေးရဲ့ဒိုင်ယာရီ



**နွယ်နေခြည်ထွန်း**
B.C.Sc (UCSY)

ကျွန်တော့်နာမည်က လက်စွပ်လို့ ခေါ်ပါတယ်။ ကျွန်တော့်ပုံစံက ပလက်တီနမ်အဝိုင်းကွင်းလေးမှာ လင်းလက်နေတဲ့ စိန်လေးတစ်လုံး တပ်ဆင်ထားပါတယ်။ တော်တော်များများကတော့ ကျွန်တော့်ကို ပလက်တီနမ်လက်စွပ်လို့ ခေါ်ကြပါတယ်။ ကျွန်တော်က ဘဝင်မမြင့်တတ်တော့ ကျွန်တော်တို့ရဲ့ အသိုင်းအဝိုင်းမှာ ကျွန်တော့်ကိုယ်ကျွန်တော် အများနဲ့တူတဲ့ လက်စွပ်တစ်ကွင်းလို့သာ သတ်မှတ်ထားပါတယ်။

တစ်နေ့မှာ ကျွန်တော်တို့ဆိုင်ကို စုံတွဲတစ်တွဲ ရောက်လာတယ်။ လက်ထပ်လက်စွပ်ကြည့်ချင်တယ်ဆိုလို့ အရောင်းဝန်ထမ်းမမက သူတို့ကို တစ်ကွင်းပြီးတစ်ကွင်း ထုတ်ပြတော့တာပေါ့။ ရွေးနေရင်းနဲ့ပဲ အဲဒီအမျိုးသမီးက ကျွန်တော့်ကို မှန်ဘောင်လေးကနေတစ်ဆင့် မြင်သွားပါလေရော။ ဖြစ်ချင်တော့ ကျွန်တော်က စုံတွဲလက်စွပ်မဟုတ်ဘူးဗျ။ ကျွန်တော့်မှာ အတွဲမရှိဘူးပေါ့ဗျာ။ ဆိုင်ကမမက အဲဒီလိုပြောပြပေမယ့် သူတို့တွေကလည်း အကြိုက်ချင်း တူသွားကြပြီး ကျွန်တော့်လိုပဲ နောက်တစ်ကွင်း လုပ်ပေးလိုက်ပါလို့ တောင်းဆိုလာကြပါတယ်။ Customer တွေရဲ့ဆန္ဒကို အမြဲတမ်းလိုက်လျောပေးတတ်တဲ့ ကျွန်တော်တို့ဆိုင်ကလည်း သဘောတူပေးလိုက်ရပါတော့တယ်။

ကျွန်တော် ရင်တွေအရမ်းခုန်တယ်ဗျာ။ ကျွန်တော်က အမျိုးသမီးတစ်ယောက်ရဲ့ လက်ချောင်းလေးမှာ နေထိုင်ရမယ်တဲ့လေ။ ပြီးတော့ ကျွန်တော့်ရဲ့ အတွဲလေးကိုလည်း မြင်တွေ့ရတော့မယ်။ ကျွန်တော် လုံးဝမမျှော်လင့်ထားတဲ့ အိပ်မက်တွေ အကောင်အထည်ပေါ်ပြီး ဖြစ်ခွင့်ရတော့မယ်။ ဒီလိုနဲ့ ကျွန်တော် အဲဒီအမျိုးသမီးရဲ့ လက်ချောင်းလေးမှာ အချိန်အတော်ကြာအောင် နေထိုင်ခဲ့ပါတယ်။ သုံးနှစ်လောက်ကြာလာတော့လည်း ကျွန်တော်နဲ့ တော်တော်လေးအသားကျ ရင်းနှီးလာတော့တာပေါ့။ တစ်ခါတလေတော့လည်း သူ ကျွန်တော့်ကို မေ့သွားတဲ့အခါတွေ ရှိတတ်တယ်။ ကျွန်တော် သတိထားမိတာ တစ်ခုတော့ရှိတယ်ဗျ။ သူတို့ရဲ့ အိမ်ထောင်ရေးက စိုစိုပြည်ပြည်ရှိလှတယ်တော့ မဟုတ်ဘူး။ နည်းနည်းတော့ ခြောက်ကပ်ကပ်နိုင်တယ်။ သူ့ရဲ့အမျိုးသားက သိပ်ကို အလုပ်ရှုပ်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်တဲ့ အတွက် အပြင်မှာဆို အလုပ်၊ အိမ်ပြန်ရောက်လာရင်တော့ မိန်းမကို ဂရုစိုက်ပြီး ချစ်ပေးရှာပါတယ်။ ဒါပေမယ့် ကလေးယူမယ်ဆိုတဲ့ကိစ္စကိုတော့ လက်ခံလာအောင် ဘယ်လိုမှ ပြောလို့မရဘူး။ အနှောင်အဖွဲ့မလိုချင်ဘူးဆိုတဲ့ အကြောင်းပြချက်ကို သူဘယ်လိုမှ နားလည်ပေးလို့မရခဲ့ဘူး။အဲဒါကိုတော့ ကျွန်တော်နားလည်လိုက်တယ်။

ဒီနေ့တော့ သူ ဘာလုပ်မယ်ဆိုတာ ကျွန်တော်သိနေတယ်။ သူသွားလေရာပါနေတဲ့ ကျွန်တော်ပဲဗျာ။ သူ ဘာတွေလုပ်နေတယ်။ ဘာတွေလုပ်ဦးမယ်ဆိုတာတွေကို သိနေတာ ဆန်းတော့လည်းမဆန်းဘူးပေါ့။ သူက တခြားအမျိုးသားတစ်ယောက်နဲ့ လက်ထပ်တော့မယ်လေ။ အဲဒီအမျိုးသားက သူ့ကို သိပ်ကြင်နာတယ်။ သိပ်ချစ်တယ်။ သူ့အလိုကျ အားလုံးကို လိုက်လျောပေးတတ်တယ်။ အဲဒီအချက်တွေကြောင့်ပဲ သူ အခုလို လက်ထပ်မယ်ဆိုတဲ့ အထိ ဆုံးဖြတ်လိုက်တာနေမှာပါ။ သူလိုချင်နေတာက မေတ္တာဆို ခုလက်ရှိ သူ့အမျိုးသား သူ့ကိုပေးနေတာက ဂုဏ်ပကာသနတွေဖြစ်နေတယ်။ သူ့ရဲ့ရွေးချယ်မှုကို ကျွန်တော်နားလည်ပေးနိုင်ပေမယ့် ကျွန်တော့်နေရာအတွက်တော့ သူစဉ်းစားပေးနိုင်မှာမဟုတ်ပါဘူး။ သူတို့လင်မယား ကွာရှင်းကြတော့မယ်ဆိုမှတော့ ကျွန်တော်က သူတို့အတွက် မလိုအပ်တော့ဘူးလေ။

ရုပ်ရှင်တွေထဲကလို ဒေါသနဲ့ ကျွန်တော့်ကို ပစ်ပေါက်ကြတော့မှာ။ သူ့လုပ်ရပ်တွေကို အစောကြီးကတည်းက ရိပ်မိနေတဲ့အတွက် ကျွန်တော် သူ့ကိုစကားတွေ အများကြီး ပြောနေခဲ့ပါတယ်ဗျာ။ တစ်ခါတလေတော့လည်း သက်မဲ့ဖြစ်ရတာ တော်တော်လေးတော့ အောင့်သက်သက်နိုင်တယ်ဗျ။ သက်မဲ့ပစ္စည်းမို့ တန်ဖိုးမထားချင်ကြဘူး။ သက်မဲ့ပစ္စည်းမို့ နေရာတကာကို ပေါ့ပေါ့တန်တန် အရွှေ့အပြောင်း လုပ်လိုက်နိုင်တယ်။ သက်မဲ့ပစ္စည်းမို့ မတော်တဆ ကျပျောက်သွားလည်း တန်ဖိုးမထားတတ်ကြတော့ဘဲ အလွယ်တကူ အသစ်ကိုအစားထိုးလိုက်ကြတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ခံစားနေရတာကိုတော့ ကျွန်တော် ပြောရမှာပဲ။

ကျွန်တော်တို့လို လက်စွပ်လေးတွေ နေစရာနေရာမမဲ့ရလေအောင် အိမ်ထောင်တစ်ခုကို ခိုင်မြဲအောင် ဖန်တီးပေါင်းသင်းကြပါဗျာ။ ခင်ဗျားတို့တွေရဲ့ သိက္ခာတွေ မာနတွေကို တန်ဖိုးကြီးတယ်လို့သတ်မှတ်ရင် ခင်ဗျားတို့ရဲ့ ကွဲကွာခြင်းတွေမှာ နေစရာနေရာမရှိဘဲ ရန်ဖြစ်တိုင်း ပစ်ပေါက်ခံနေရတဲ့ ကျွန်တော်တို့ဟာလည်း ကြီးမားတဲ့ တန်ဖိုးကြီးနဲ့ပါလို့ သက်ရှိပုဂ္ဂိုလ်တွေ သိနိုင်ပါလေစ။

## အလှမ်းကွာလို့ စိမ်းပါနဲ့

မြေပြန့်က ပိတောက်ဝါ။
ရွှေဆင်းပမာ။
စွဲငြိပွယ် ရနံ့ဖြာ
သတင်းမှာပျံ့မွှေး။
လူတကာသည်းခြေကြိုက်တယ်
ဖိုးထိုက်ပြီလေး။
အသွေးမြတ် ချယ်ရီ။
လှပန်းပန်းချီ။
အဆင်းက အနုနီ
ပန်းဝတ်ရည် ချိုစမ်း။
ဝေဆာဆာပွင့်လန်းကြတယ်
မောတို့စခန်း။
ပန်းပိတောက်နဲ့ချယ်ရီယှဉ်။
ပြိုင်တုကာယှဉ်။
ခွဲခြားလို့ ဘယ်မမြင်
ကိုယ်စီလျှင် တင့်ကြွား။
ရှေ့ပြည်မှာအပြိုင်ပေါက်တယ်
တောင်အောက်မြေခြား။ ။

ညာဏ်မိုး B.A(Eng )

## တစ်နေ့တော့

ရှုံးနိမ့်မှုတွေဆင့်ကဲလို့
ဒုက္ခတွေအသူရာ နက်စေဦးတော့
ရာသီတွေက လှိုင်းထန်
မုန်တိုင်းတွေခါခါ တိုက်စေဦးတော့
မမှုတဲ့ဖွဲ့မာန်တွေနှင့်
အားမလျှော့ပါစိတ်ကိုတင်းရင်း
အသိလေးနဲ့သာ ပုံမှန်လျှောက်
ကိလေသာဉာဏ်လေးပါ
ထပ်ဆင့်ကာဆင်ခြင်တောက်လိုက်ရင်ဖြင့်
ခန္ဓာမြေမခသေးသရွေ့ကတော့
အောင်မြင်မှုဆိုတာ
တစ်နေ့တော့ရောက်လာမှာပါ။

ရဲရင့်ထိုက်

## ပြန်ကောက်ယူရမည့်အရာ

ဘဝပြေးလမ်းပေါ်မှာ
သူသူ--------ငါငါ
မမောစတမ်းပြေး
ရုပ်ဝတ္ထုတွေနောက်လိုက်ရင်း
နံဘေးကလူတစ်ယောက်
ကျော်ဖြတ်ပြေးတော့
မသိမသာခြေထိုးလိုက်သပေါ့
ဘဝပြေးလမ်းပေါ်မှာ
မေတ္တာတရား၊ ကိုယ်ချင်းစာတရားတွေ
အမြင့်ကကျလာတဲ့ဖန်တစ်ခွက်လို
ကြေမွပျက်စီးလေပြီ
ဘဝပြေးလမ်းပေါ်မှာ
ငါသာလျှင်ပထမ
ငါသာလျှင်ပထမ
ဒါပေမယ့်----------မင်းမသိလိုက်တဲ့
စိတ်ဓာတ်ပိုင်းဆိုင်ရာတွေ
ဟိုး---------------အဝေး
လမ်းတစ်ဝက်မှာ ကျပျောက်ခဲ့ပြီလေ။

နွေကာရန်(မြစ်သား)

# ပြောင်းလဲပေးပါ



ရောင်နီ (အဖျောက်)
ဧဝရက်ကိုယ်ပိုင်အထက်တန်းကျောင်း


ပြောင်းလဲချိန်တန်ပြီဟူသော ကြွေးကြော်သံနှင့်အညီ ရာထူးအဆင့်အတန်းမခွဲခြားဘဲ လမ်းဘေးတွင် အမှိုက်ကောက်နေကြသောသူများကိုတွေ့ပြီး ကျွန်တော်ပီတိဖြစ်မိပါသည်။ ပြည်သူများစည်းကမ်းမဲ့အမှိုက်မချစေရန် အလုပ်နှင့် သက်သေပြလိုက်ခြင်းပင် ဖြစ်ပေသည်။ ကျွန်တော်ကိုယ်တိုင်လည်း အမှိုက်စွန့်ပစ်ရန်နေရာမဟုတ်သောနေရာတွင် အမှိုက်မပစ်မိစေရန်စောင့်ထိန်းနေသူတစ်ယောက်ဖြစ်သည်။ ခရီးသွားရင်း အအေးဘူးဝယ်သောက်မိပါက ထိုအအေးဘူးခွံသည် အိမ်သို့ပါလာတတ်သည်။ ထိုကဲ့သို့သော အမှိုက်ကောက်သူကကောက်နေသော်လည်း စည်းကမ်းမဲ့ အမှိုက်ချသူကချနေပါက မည်မျှပင်ကောက်ပါစေ အမှိုက်ချသူရှိသရွေ့ ပြန်လည်ရှုပ်ပွနေဦးမည်သာ ဖြစ်ပေသည်။

ကျွန်တော်လည်း ရံဖန်ရံခါ ခရီးသွားရင်းကားပေါ်မှ စည်းကမ်းမဲ့စွာဖြင့် လမ်းမပေါ်သို့ အမှိုက်ချနေသူများ၊ ကွမ်းတံတွေးထုပ်များ ပစ်ချနေသူများကို စိတ်မချမ်းမြေ့စွာ တွေ့ရသည်။ ထိုသို့မြင်တွေ့တိုင်း ကျွန်တော့်မှာ နေမထိထိုင်မထိဖြင့် ပါးစပ်ကပြောချင်သည်။ သို့သော် ကိုယ်နှင့်မသိသောသူကို တရားသွားချပါက သူက ဘုဘောက်ပြန်ပြောလျှင် အခက်။ ထို့ကြောင့် လူထဲက လူဖြစ်သောကျွန်တော်သည်လည်း အလကားနေရင်း ပြဿနာမဖြစ်ချင်။ ထို့ကြောင့် မမြင်သလိုပင် ရှောင်လွှဲနေရသည်။ တချို့သောသူတို့သည် ထိုကဲ့သို့သော စည်းကမ်းမဲ့ အမှိုက်ပစ်မှုကို စည်းကမ်းမဲ့မှုဟု သဘောမပေါက်ဘဲ လုပ်ရိုးလုပ်စဉ် စတိုင်တစ်ခုအဖြစ် လုပ်နေကြသည်ကို ကျွန်တော်ကိုယ်တွေ့ကြုံခဲ့ရသည်။

တစ်လောက ကျွန်တော် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်သို့ ဘွဲ့ဖောင်သွားတင်သည်။ အပြန်တွင် တပည့်မိန်းကလေးနှစ်ယောက်နှင့်တွေ့သောကြောင့် သူတို့စီးလာသော တိုရိုတာကားအဖြူလေးနှင့် ကျွန်တော်လမ်းကြုံလိုက်ခဲ့သည်။ တညင်းကုန်းလမ်းဆုံနားအရောက်တွင် စားပြီးသားဆီးထုပ်အခွံကို ကားပေါ်မှ ကျွန်တော့်တပည့်မလေးတစ်ယောက်က လမ်းမပေါ်သို့ လွှင့်ပစ်လိုက်သည်။ ထိုအခါမြင်မြင်ရာ ဆရာလုပ်ချင်သော ကျွန်တော့်ပါးစပ်က အငြိမ်မနေ။ ထိုသို့ စည်းကမ်းမဲ့အမှိုက်မချသင့်ကြောင်း ဩဝါဒ ခြွေလေ၏။ ထိုအခါ သူပြန်ပြောလိုက်သောစကားတစ်ခွန်းက အံ့အားသင့်ဖွယ် မမေ့နိုင်စရာ။ “ဆရာ အဲဒါရန်ကုန်စတိုင်” တဲ့လေ။ ထိုကဲ့သို့သော စည်းကမ်းမဲ့အမှိုက်ချခြင်းကို သူတို့စိတ်ထဲတွင်စတိုင်တစ်ခုအဖြစ် ထင်မှတ်နေသည်ကို ဝမ်းနည်းဖွယ်တွေ့မြင်ရသည်။ ထိုကဲ့သို့ မှတ်ထင်နေသူမျိုး ရန်ကုန်မြို့ကြီးတွင် ဘယ်လောက်များပြီလဲ။ တစ်ဆင့်တက်လျှင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဘယ်လောက်များပြီလဲ။ ကျွန်တော်မသိချင်။ သိလျှင် ပိုပြီးဝမ်းနည်းမိမှာ စိုးသောကြောင့်ဖြစ်သည်။

ရေကန်တစ်ကန်၏ အတိမ်အနက်ကို ကြာရိုးကြာစွယ်ကိုကြည့်လျှင် သိနိုင်သည်။ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုကို နိုင်ငံသားများ စည်းကမ်း ရှိ၊ မရှိကိုကြည့်ခြင်းဖြင့် သိရှိနိုင်သည်။ ယနေ့နိုင်ငံတကာကိုကြည့်လျှင် ထိပ်တန်းရောက်နေသော အမေရိကန်၊ ဂျပန်၊ စင်ကာပူ စသောနိုင်ငံများသည် တစ်ဦးချင်း၊ တစ်အိမ်ထောင်စုချင်းမှစ၍ တစ်နိုင်ငံလုံးအထိ စည်းကမ်းရှိကြသည်ကိုတွေ့ရသည်။ အနောက်တိုင်းကိုပဲကြည့်ကြည့်၊ အရှေ့တိုင်းကိုပဲကြည့်ကြည့် ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံနှင့်လူမျိုးများသည် စည်းကမ်းရှိကြသည်ကို အတုယူဖွယ်တွေ့ရှိရသည်။ ထို့ကြောင့် ကျွန်တော်တို့နိုင်ငံသည်လည်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် နိုင်ငံသားများစည်းကမ်းရှိရေးကို ထိပ်တန်းတစ်နေရာတွင် ထားဖို့လိုပေသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံ့ခေါင်းဆောင်ကြီးများက အားကြိုးမာန်တက် ဆောင်ရွက်နေချိန်တွင် ကျွန်တော်တို့ဘက်ကလည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ရန် စည်းကမ်းရှိ ပြည်သူများဖြစ်စေဖို့ စိတ်ဓာတ်လေးကစ၍ ပြောင်းလဲပေးပါဟု ပြောချင်ပါသည်။ ။

# အလုပ်ကို လေးစားပါ



ဆူးကေရီ(ဆေးဘက်)
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်
ဒုတိယနှစ်

ယနေ့နံနက် ထုံးစံအတိုင်း အိပ်ရာထနောက်ကျသည်။ ကျောင်းချိန်နီးနေပြီ၊ ထမင်းစားရန်အချိန်မရတော့၍ ကပျာကယာ ထွက်လာခဲ့ရသည်။ လမ်းထိပ်အရောက် ၁၂၄ ဘတ်စ်အလာ တက်လိုက်လာခဲ့သည်။

‘ဖော့ကန် ဖော့ကန်ဆင်းမယ့်သူပါလား’

ဖော့ကန်သည် ကျောင်းနှင့်မဝေးတော့၊ ကျွန်မဆင်းခဲ့သည်။ အချိန်ရှိသေးသည်။ တစ်ခုခုစားမှဖြစ်မည်။ ဘာစားရရင်ကောင်းမလဲဟု ကျွန်မစဉ်းစားနေသည်။

‘အစ်မရေ စံပယ်ပန်း စံပယ်ပန်း’

‘ဟာ ဘာလဲဟ ငါမှ စံပယ်မကြိုက်တာ’ စိတ်ထဲက ပြောခဲ့သည်။ လက်တွေ့တွင် ထိုစကားသည် သူ့ထံမရောက်ခဲ့။ သူ့ထံရောက်ခဲ့သည်ကား ဝေခွဲမရသော ကျွန်မအကြည့်များ၊ ယိုင်နဲ့နေသော သူ့ခြေထောက်များထံသို့။

အလွန်ငယ်ရွယ်သေးသော ကလေးငယ်လေး တစ်ယောက် စံပယ်ပန်းကုံးကိုင်၍ ပြုံးပြနေသည်။ အပြုံးတွေက ဖြူစင်လှသား။

‘ဝယ်မှာလားဗျ’

‘အင်း… ဘယ်လောက်လဲ’

‘၂၀၀ ပါ’

သူစံပယ်ပန်းဖြတ်ပေးသည်။ ပိုက်ဆံကိုလှမ်းယူသည်။

‘ကျေးဇူးတင်ပါတယ်’သူပြုံး၍ ပြောသည်။ ကျွန်မ စကားတစ်ခွန်းမှမပြောဖြစ်ခဲ့။ သူပေးသောပန်းကိုသာ လှမ်းယူလိုက်သည်။

ကျွန်မ ခြေလက်မသန်စွမ်းသူများနှင့် သူတို့ဘဝကို စိတ်ဝင်စားစွာ လေ့လာခဲ့ဖူးသည်။ ကျွန်မအရင်တွေ့ဖူးသူများနှင့်မတူ၊ သူ့မှာ တက်ကြွမှုအပြည့်ရှိသည်။ ယုံကြည်ချက်အပြည့်ရှိသည်။

‘ခဏ’

‘ဟုတ်အစ်မ ပြောပါဗျ’

‘မေးချင်တာလေးရှိလို့၊

မောင်လေးကျောင်းနေလားဟင်’

‘မနေဘူးဗျ၊ ကျွန်တော်အသက်မပြည့်သေးဘူး’

‘ဒါနဲ့ ဘာလို့စံပယ်ပန်းရောင်းတာလဲ’

‘ကျွန်တော် စံပယ်ပန်းတွေချစ်လို့ပါ’

‘အလို …စံပယ်ကို ချစ်တယ်’။ ကျွန်မအလွန်အံ့အားသင့်မိသည်။ ယောကျ်ားလေးတစ်ယောက်က စံပယ်ကိုချစ်တယ်တဲ့။ ‘မနက်ဆို စံပယ်ပန်းနံ့လေးနဲ့နိုးထရတာ ကျွန်တော်သဘောကျတယ်။ စံပယ်ပန်းလိုက်ရောင်းနေရတာလည်းပျော်တယ်။ ညနေ အမေ့ကိုပိုက်ဆံအပ်တဲ့အချိန်ကတော့ ကျွန်တော်အပျော်ဆုံးပေါ့။ ဒီစံပယ်ပန်းကပဲ ကျွန်တော်တို့ကို ထမင်းကျွေးနေတာလေ’။

အို… ဒီကလေးက သူ့အလုပ်နဲ့ပတ်သက်ပြီး နှစ်သက်ကျေနပ်နေလိုက်တာ၊ သူ့ကြည့်ရတာအမှန်ပင် လေးစားအားကျစရာကောင်းလှသည်။

သူ့အလုပ်သည် အမှန်တကယ် လေးစားဖွယ်မကောင်းလှ။ သို့သော် အလုပ်ပေါ်ထားရှိသည့် သူ့စိတ်ကြောင့် သူ့အလုပ်သည်ပင် ဂုဏ်ရှိနေသယောင်။

ယနေ့လူအတော်များများသည် ဘဝရပ်တည်ရန် အလုပ်လုပ်ကိုင်ရာ၌ ဝါသနာကြောင့်မဟုတ်ဘဲ ဝမ်းစာအတွက် လုပ်နေကြသည်ကများသည်။ ထိုအလုပ်နှင့်ပတ်သက်၍ လေးစားမှု၊ ဂုဏ်ယူမှုတို့မရှိ။ သူတို့အလုပ်လုပ်မည်၊ ပိုက်ဆံရမည် သည်ထက်မပို၊ မိမိအလုပ်ကို လေးစားမှုမရှိ။ သို့အတွက် အများ၏လေးစားခြင်းကိုလည်း ခံရလိမ့်မည်မဟုတ်။

တစ်ချိန်က ဆရာဆုံးမဖူးသည်ကိုပင် သတိရမိသည်။ အဝတ်လျှော်သည်မသည် အဝတ်လျှော်ရန် အမြဲအချိန်မှန်ရောက်လာတတ်သည်။ အဝတ်ကိုပြောင်အောင်လျှော်သည်၊ ဘယ်တော့မှပြီးစလွယ်မလုပ်၊ ချိန်းသည့်ရက်အတိုင်း မပျက်မကွက် အမြဲရောက်လာသည်။ ထိုသို့ သူ့အလုပ်အပေါ် လေးစားသည့်အတွက် သူသည် အဝတ်လျှော်သည်မပင် ဖြစ်စေကာမူ သူ့အား လူအများလေးစားကြသည်။ ကျွန်မဆရာသည်ပင် လေးစား၍ နမူနာယူဖွယ်အဖြစ် ဆုံးမခဲ့ခြင်းဖြစ်သည်။

ကျွန်မတို့သည်လည်း ကျွန်မတို့အလုပ်အပေါ် အမှန်ပင် လေးစားသင့်သည်ကို ကျွန်မနားလည်သဘောပေါက်လာသည်။

ထိုကလေးလေး ကျွန်မရှေ့က ထွက်သွားသည်။ ယိုင်နဲ့စွာလျှောက်နေသည့်သူ့ကို ကျွန်မငေးကြည့်နေမိသည်။

ကျွန်မလက်ထဲက စံပယ်ပန်းနံ့ ခပ်သင်းသင်းကို စိတ်ကျေနပ်သည်ထိ ရှူရှိုက်လိုက်သည်။

‘ဩော်… ဒီလိုကျတော့လည်း စံပယ်ကမွှေးသားဟ’

## စာပေဖတ်ဖို့ သွားကြစို့… တို့ခေတ်လူငယ်များ

ခေတ်လူငယ်တွေ စာပေဘက်သို့
လိုက်စားသည့်တွင်…
ခေတ်လူငယ်အချို့ အပျော်ဘက်သို့
လိုက်မမှားအောင်…
အစိုးရသစ်တက်သည့် ခေတ်ဝယ်
ဆရာကောင်းများ အကြံပြုမှုကြောင့်
စာကြည့်တိုက်ကြီး ဝေးသည့်ကွင်းမှ
အများပြည်သူ လူငယ်လူထု
စာအုပ် စာပေ ဖတ်ရလေအောင်
ထင်သာ မြင်သာ မြို့လယ်ကောင်မှာ
စွယ်စုံတိုက်ကြီး ဖွင့်လိုက်ပြီတဲ့။
ဝမ်းသာစကား တို့ကြားစဉ်ဝယ်
ထိုထိုစကား လူငယ်များသို့
ကြားသိစေရန် စိတ်မှရွယ်လျက်
ဤကဗျာကို အရင်းပြု၍
ရေးသားဖော်ပြ ပေးလိုက်ပါ၏။
မြန်မာ့သမိုင်း တို့မရိုင်းအောင်
ခေတ်သစ်သမိုင်း တို့ရေးနိုင်အောင်
ပြောင်းရွှေ့ဖွင့်လှစ် ဗိမာန်သစ်သို့
စာပေဖတ်ဖို့ သွားကြစို့
တို့ခေတ်လူငယ်များ…။ ။

ကန်ညီနောင်ရွှေဗျိုင်း(ဒိုက်ဦး)
ပထမနှစ်မြန်မာစာ(အဝေးသင်)

## ပေါင်းစည်းခြင်း

အကြောင်းတရားတွေကို
ခေါင်းစားရင်း အဖြေရှာ
အသေအချာ သိမြင်ဖို့တော့လိုပြီ။
တကွဲတပြားနဲ့
“နွားကွဲတော့ ကျားဆွဲ”သတဲ့
“အသားထဲက လောက်မထွက်”ကြပါနဲ့
“စည်းရိုးတွေ မဖောက်ဖျက်”ကြပါနဲ့
“ကြောက်တတ်တော့ နစ်ခါသေ”မယ်
စိတ်ဇာလတွေ စွန့်ပစ်ချိန်တန်ပြီ။
ထင်းတစ်ချောင်းတည်းနဲ့ကျိုးမှာပေါ့
ထင်းအစည်းတော့ မချိုးနိုင်ဘူး
လက်လေးချောင်းနဲ့ အားမပြည့်
ငါးချောင်းရှိမှ အားပြည့်မယ်
“ပေါင်းစည်းခြင်း”တွေခေါင်းမော့ထား။
တစ်ယောက်အားနဲ့မရဘူး
နှစ်ယောက်အားက အရမ်းနည်းတယ်
လူတစ်စုနဲ့မရသေးဘူး…
ဆွဲတဲ့လူကဆွဲ…
တွန်းတဲ့လူက တွန်း…
ထမ်းတဲ့လူက ထမ်း…
ချောက်နှုတ်ခမ်းက အိုအေစစ်လေး
တစ်ပြေးတည်း တစ်ညီတည်း
တစ်စိတ်တည်း တစ်ဝမ်းတည်း
လမ်းသစ်အပေါ် ရောက်အောင်တင်မယ်
တစ်မျိုးသားလုံးရဲ့ …
“ပေါင်းစည်းခြင်း”လက်တွေမြဲကြရင်
တို့နိုင်ငံလေး မကျိုးသေးဘူး
တို့နိုင်ငံလေး အားပြည့်မယ်။
ကမ္ဘာအရပ်ရပ်က တိုးတက်နေချိန်မှာ
တို့လက်တွေ ချိုးဖျက်မထားကြပါနဲ့
နှလုံးသားတွေ ဝှက်မထားကြပါနဲ့
အနာဂတ်မှာ လှပဖို့…
တို့ပြည်ထောင်စုနိုင်ငံလေး
“ပေါင်းစည်းခြင်း”နဲ့ ရှေ့ဆက်စို့။

ရှင်လင်း(ပုတီးကုန်း)

## လဝါခေါင်

မိုးနံ့သင်းသင်း
မြစ်တွင်းပြည့်လျှံ
ကောင်းကင်ယံထက်
ထွန်းလက်တင့်တယ်
ကြယ်သရဝဏ်
အမွန်အမြတ်
နက္ခတ်ချိန်ညီ
သိဟ်ရာသီနှင့်
အမီပွင့်လန်း
ခတ္တာပန်းရှင့်
အသင့်လှူဒါန်း
ရည်မှန်းသည့်ပွဲ
မဲချကုသိုလ်
ထိုထိုလှူရန်
စာရေးတံဟု
မှတ်ရန်သိလော…။

ဆလံအလကာ